www.burmeseclassic.com

ရွှေမြို့သိမ်းစာပေ

# လုံမ

အချစ်များဖြင့် ဖွဲ့သီအပ်သော



(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ဧပြီလ၊ ၂၀၁၄ ခုနှစ်။

ထုတ်ဝေသူ
ဦးဖြိုးကျော်သူ (၅၀၁၈) (ရွှေပြည်သိမ်းစာပေ)
အမှတ် ၂၂၁ (၄)လွှာ၊ ဗိုလ်မြတ်ထွန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးအေးလွင် (၂၅၅၉) (ရွှေပဒေသာပုံနှိပ်တိုက်)
အမှတ် (၃၃)၊ ကျိုတော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
ယုဝ

အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

၈၉၅. ၈၃

လုံမ.

အချစ်များဖြင့်ဖွဲ့သီအပ်သော / လုံမ။ - ရန်ကုန်။
ရွှေပြည်သိမ်းစာပေ၊ ၂၀၁၄
၂၄၀ စာ၊ ၁၂ × ၁၈ စင်တီမီတာ
(၁) အချစ်များဖြင့်ဖွဲ့သီအပ်သော

BURMESE CLASSIC

# လုံမ

## အချစ်များဖြင့်ဖွဲ့သီအပ်သော

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"ထည်ဝါခံ့ညားက သမီးကိုလက်ထပ်ချင်လို့တဲ့"

"ရှင်"

စက်ရုံပိတ်ရက်မှာ အဝတ်လျှော် အိမ်သန့်ရှင်းရေးလုပ်၊ ရေမိုးချိုး ခေါင်းလျှော်ပြီး ဆံပင်တွေကို သဘက်စောင်နှင့် သုတ်နေသည့်အချိန်မှာ အမေပြောလိုက်သည့် စကားကြောင့် သျှင်မင်းအိမ် အံ့ဩသွားမိ၏။

သဘက်စောင်ကို ရင်ဘတ်မှာ လွှားတင်လျက်၊ ဟင်းချက်ဖို့ ကြက်သွန်သင်နေသော အမေ့နားမှာ သုတ်ခနဲ ဝင်ထိုင်လိုက်မိသည်။

"ထည်ဝါခံ့ညားဆိုတာ အဖေလုံခြုံရေးဝန်ထမ်းလုပ်နေတဲ့ သူဌေး ဦးအံမင်းရဲ့သားကိုပြောတာလားအမေ"

"အင်းပေါ့၊ အဲဒီအိမ်မှာ လူပျိုလူလွတ်ဆိုလို့ သူတစ်ယောက်ရှိ တော့တာ၊ သမီးလည်းသိပါတယ်၊ ငယ်ငယ်ကဆို သိပ်အစသန်တာ၊ သမီး ခဏခဏငိုခဲ့ရတာမဟုတ်လား၊ သမီးငိုတာကိုကြည့်ပြီး သူသဘောကျ ခဲ့တာလေ"

သျှင်မင်းအိမ် ခေါင်းညိတ်ပြမိသည်။ မမှတ်မိစရာမရှိပါ။

ထိုအချိန်က ငါးနှစ်ခြောက်နှစ်သမီးအရွယ်လောက်ဆိုပေမယ့်၊ အခုထိ သူတို့မိသားစုနှင့် မကင်းနိုင်သေး၍ ပြည်ဖုံးကားမျှမေ့ပစ်လိုက်ဖို့

www.burmeseclassic.com



အခွင့်အရေးမသာသေးပေ။

ဦးအံမင်းက အစိုးရဝန်ထမ်းအကြီးအကဲမို့ ပြောင်းရွှေ့သည့် *နေရာတိုင်း ဖေဖော့ကိုခေါ်သည်။ ခြံစောင့်၊ မာလီ၊ အိမ်သန့်ရှင်းရေး* အကုန်လုပ်ရ၏။ မေမေကတော့ အိမ်အကူမိန်းမတစ်ယောက်နှင့်အတူ ထိုအိမ်ကြီးရဲ့ထမင်းချက်။

သူတို့လိုလူတန်းစားတွေအတွက် ယုံကြည်ရသည့် ဝန်ထမ်းကောင်း ရဖို့ အရေးကြီးသည့်အတွက် အဖေနှင့် အမေကို လုံးဝလက်မလွှတ်ပေ။

''သမီး''

''ရှင် အမေ''

''သမီးကို စနောက်ပြီး ငိုခိုင်းခဲ့တာကို ပြန်သတိရနေတာလား''

''ငယ်တော့ ငယ်သေးပေမယ့် အမေတို့ ပြန်ပြန်ပြောပြနေလို့ မှတ်မိသလိုပါပဲ အမေ၊ သူဆယ်နှစ်သားအရွယ်မှ နိုင်ငံခြားမှာ ကျောင်းသွားထားလိုက်မှ သမီးအငိုရပ်သွားရတာမဟုတ်လား၊ ငိုရမှန်းကို မသိတော့တာ အခုထိပဲ၊ ကလေးလေးဘဝနဲ့ ပြန်မလာပါစေနဲ့တော့လို့တောင် ဆုတောင်းမိခဲ့တယ်ထင်တယ်''

ဒေါ်အေးခင် ခေါင်းညိတ်ကာ ရယ်မိသည်။ ကြက်သွန်လှီးနေသော ဓားကိုအောက်ချကာ

''မပီကလာ ပီကလာနဲ့ သမီးဆုတောင်းတာကိုကြားပြီး ဦးအံမင်းတို့ မိသားစုတောင် ရယ်ခဲ့ကြတယ်၊ တကယ်တော့ သူတို့တွေက အခုထိ အမေတို့ရဲ့ကျေးဇူးရှင်ပါ၊ သမီး မောင်လေးကိုကိုယ်ဝန်ရတော့ သူတို့နောက်ကို မလိုက်နိုင်တော့ဘူး၊ သမီးကိုကျောင်းထားရမှာနဲ့ ကိုယ်ဝန်ကလရင့်လာတာနဲ့ဆိုတော့ အမေတို့ အိမ်ငှားနေခဲ့တယ်။ ဒါပေမဲ့ သမီးအဖေကို သူတို့အလုပ်ဆက်ခန့်ထားခဲ့တာပဲ၊ အခုထိ သမီးမောင်လေးနဲ့ ညီမလေးရဲ့ ပညာရေးစရိတ်ကိုလည်း ထောက်ပံ့ပေးတယ်။ အမေ သွေးဆုံးမီးယပ်ကိုင်သလိုဖြစ်နေတဲ့ရောဂါအတွက် ကျန်းမာရေးကုန်ကျစရိတ်လည်း



သူတို့ပဲ လိုအပ်တာထောက်ပံ့ပေးနေတာ''

''အဲဒါတွေကို အကြွေးမှတ်ထားပြီး အခုလူကို အကြွေးနဲ့ သိမ်းထားတဲ့လားအမေ''

''အဲဒီသဘောမဟုတ်ပါဘူး၊ တကယ်လို့ အဲဒီသဘောဆိုခဲ့ရင်တောင် အမေတို့ ဝမ်းသာရမှာမဟုတ်လား သမီး။ အခြေအနေက မိုးနဲ့မြေပါ၊ အခုဆို သူတို့က မြန်မာနိုင်ငံမှာ အချမ်းသာဆုံးစာရင်းဝင်၊ လုပ်ငန်းတွေ အများကြီးပိုင်နေတဲ့သူဌေးတွေပဲ၊ သူတို့နဲ့အဆင့်အတန်းတူ ဂုဏ်ဒြပ်တူမိန်ကလေးတွေထဲကမှ''

''အဲဒါပိုပြီး မယုံချင်စရာကောင်းတာအမေ၊ ဘာလို့ သူတို့ရဲ့ အလုပ်သမားဝန်ထမ်းရဲ့သမီးနဲ့ လက်ထပ်မယ်လို့ ပြောတာတဲ့လား၊ သူ့သတင်းတွေက အင်တာနက်မှာ၊ ဂျာနယ်တွေမှာ၊ ပွပြန့်နေတာပဲ၊ ဟိုမင်းသမီးနဲ့ ဟိုမော်ဒယ်နဲ့၊ ဘယ်လုပ်ငန်းရှင်အမျိုးသမီးနဲ့ ညအတူအိပ်လို့ ဟိုတယ်မှာချိန်းတွေ့လို့၊ နိုင်ငံခြားခရီးစဉ်အတူတူ ခေါ်သွားလို့နဲ့၊ ကောင်းသတင်းဆိုတာ တစ်ခုမှမရှိဘူး''

''အဲဒါကတော့ အပင်မြင့်လေ၊ လေတိုက်လေဆိုတဲ့ ဆိုရိုးစကားရှိကယ်မဟုတ်လား၊ ကောလာဟလဆိုတာ တကယ်ဟုတ်ချင်မှ ဟုတ်တတ်တာ သမီးရယ်၊ အခုက သမီးကိုတရားဝင် ခမ်းခမ်းနားနားလက်ထပ်ယူမှာပါ၊ သူ့မိဘတွေက သမီးအဖေကို သေသေချာချာပြောလိုက်တာတဲ့ သမီး''

''သမီးကတော့ မယူနိုင်ဘူး အမေ''

''ဟဲ့ ... သမီး၊ ဘယ်လိုပြောလိုက်တာလဲ''

သမီး ဝမ်းသာအရလက်ခံမယ်လို့ ထင်ထားတာ။ သမီးက ဒီခြံဆင်းရဲတဲ့ဘဝကို စိတ်ကုန်နေတာမဟုတ်ပါလား။

ထည်ဝါခံ့ညားတဲ့လို ချမ်းသာရင်ကောင်းမှာပဲလို့ အာကျစကားတွေလည်း ခဏခဏပြောခဲ့ဖူးသည်။ သျှင်မင်းအိမ်အကြိုက်လဲတဲ့ဖို့ အိမ်ခန်း

www.burmeseclassic.com



ထဲဝင်သွားတော့ နောက်ကနေ တောက်လျှောက်လိုက်သွားမိသည်။

"သမီး အပြောင်အပျက်ပြောတာလား"

"တကယ်ပြောနေတာ၊ တစ်သက်လုံး အောက်လက်ငယ်သား ဝန်ထမ်းလို အနှိမ်ခံနေရမယ့်ဘဝမျိုးနဲ့ သမီး မနေချင်ဘူး"

"သမီးမှာ ယူချင်တယ်၊ မယူချင်ဘူး ငြင်းရမယ့် အခွင့်အရေး ဘူးသမီး။ ကိုယ့်တဝ ကိုယ်နားလည်ရင် ဒီလိုလူမျိုးက လက်ထပ်ခွ တောင်းတာ ဂုဏ်တောင်ယူရဦးမှာ"

"အမေ၊ အမေ့သမီးကို အငယ်အနှောင်း နံပါတ်ဘယ်လော ဖြစ်ဖြစ် အမေမြင်ရက်သလား။ ဒီလိုနာမည်ဆိုးနဲ့ ကျော်ကြားနေတဲ့သူ တကယ်လက်ထပ်စေချင်တာလား အမေ"

"အဲဒီနာမည်ဆိုးဆိုတာ ညည်းကိုယ်တိုင်မြင်တဲ့ သိတဲ့အရာ လားသျှင်မင်း၊ ငါတို့ဘဝတစ်ခုလုံး၊ ပြောင်းလဲပေးနိုင်တဲ့လူမျိုးကို အမည် စက်စွန်းထင်နေတဲ့ လူတစ်ယောက်ဆိုရင်တောင် မိသားစုအတွက် ညည် ဝမ်းသာအားရ လက်ခံရမှာပဲ"

"သမီးမှာ ချစ်သူရှိတယ်အမေ"

"ဟင်"

အကျိုးလဲပြီးသွားသော သျှင်မင်းအိမ် ကိုယ်လေးကို ဒေါ်အေးခ ဆွဲလှည့်ပစ်လိုက်သည်။

"ဟို စံမင်းညွှန့်ဆိုတဲ့ကောင်လေးကိုပြောတာ မဟုတ်လား။ အဲ ကောင်လေးက ညည်းအတွက် ဘာအသုံးကျလို့လဲ၊ ငါတို့မိသားစုအတွက် ရော ဘာအားကိုးရမှာမို့လဲ သျှင်မင်း"

"သမီးနဲ့ လက်ထပ်ဖို့ဆိုပြီး ငွေကြေးမတတ်နိုင်လို့ မလေးရှာ ကို အောက်လမ်းကနေသွားခဲ့တာပါ အမေ"

"အဲဒီတော့ တော်တော်အသုံးကျနေတာယ်ပေါ့၊ သူ့အိမ်ကို ငွေ ဘယ်လောက် ပို့ပြီးပြီလဲ၊ ညည်းအတွက်ရော ဘယ်လောက်စုဆောင်းပြီး



လဲ"

"ဟို ... အဲဒါ"

သျှင်မင်းအိမ် ပြောစရာမရှိပါ။ ထွက်သွားတည်းက စာမလာ သတင်းမကြား နှစ်နှစ်နီးပါးတောင်ရှိနေပြီ မဟုတ်ပါလား။

"ဟဲ့ ... ပြောလေ"

"အောက်လမ်းကသွားလို့ အဖမ်းအဆီးခံနေရလို့ အဆက် အသွယ်မလုပ်နိုင်တာဖြစ်မှာပါအမေ၊ သူကြိုးကြိုးစားစားလုပ်ချင်လို့ ထွက် သွားခဲ့တာပါ"

ဒေါ်အေးခင် နှုတ်ခမ်းအစုံမဲ့ကျသွားကာ

"ကြိုးကြိုးစားစား၊ ညည်းပေးတဲ့ ဆင်ခြေကကောင်းတော့ ကောင်းသားပဲ၊ ဒါပေမဲ့ တစ်ရပ်ကွက်တည်းနေတာအေ့၊ သူ့အကြောင်း ငါမသိဘဲနေမလား။ အားကစားမှာ ထူးချွန်လို့ဆိုပြီး အစိုးရအလုပ်ရတယ်၊ လစာလည်းကောင်းကောင်းရရဲ့နဲ့ သူ့လက်ကြောတင်းခဲ့သလား၊ ဘဝင် တွေမြင့်ပြီး အောက်ခြေလွတ်တာနဲ့ အလုပ်ပါပြုတ်ရောမဟုတ်လား၊ မိဘ လည်း လုပ်ကိုင်မကျွေး ဟေးလားဝါးလားပဲ လုပ်နေတတ်တဲ့သူက ညည်း အတွက် အားကိုးရမလား ညည်းမစဉ်းစားတတ်ဘူးလား"

"လူငယ်ဆိုတော့လည်း ဒီလောက်တော့ရှိမှာပေါ့ အမေ၊ သူများ တွေထက်စာရင် အသောက်အစား လောင်းကစားကင်းလို့ တော်ပါသေး တယ်၊ သူ့ကို ပေါ့ပေါ့လျော့လျော့လို့ ဝေဖန်ကြပေမယ့် ပျော်ပျော်နေတတ် တာမျိုးပါ"

"အမယ်လေး ... ဘယ်လောက်တန်ဖိုးရှိတဲ့ကောင်မို့ ညည်း က ကာကွယ်ပေးနေတာလဲ၊ ဒီမယ်သျှင်မင်း နှုတ်ခမ်းပွဲချင်းမီးမလောင်ဖို့ မစဉ်းစားနဲ့၊ ပြာပုံထဲကခွေး ပြာပုံထဲပဲ တိုးချင်တာမျိုးမလုပ်နဲ့ အဖေ အမေရဲ့မျက်နှာကိုကြည့်၊ ညည်းမောင်လေးနဲ့ ညီမလေးရဲ့ မျက်နှာကို ကြည့်၊ တို့တစ်မိသားစုလုံးရဲ့ဘဝတွေ ပြောင်းလဲမှာကို ညည်းအနစ်နာ

www.burmeseclassic.com



မခံရဲဘူးလား။ ဒီအဖေ ဒီအမေက သူများအိမ်မှာ တစ်သက်လုံးကျွန်ခံပြီး ပေးဆပ်လာခဲ့တာကို ညည်းကျေးဇူး ပြန်မဆပ်နိုင်ဘူးလား''

မေးခွန်းတွေလား။ အမိန့်တွေလား သျှင်မင်းအိမ် မခွဲခြားတတ်တော့ပါ။ သူမဘက်က သေချာရေရောသော ဆင်ခြင်ပေးစရာလည်းမရှိ။ အခုနေ စံမင်းညိုသာ သူမအနားမှာရှိနေလျှင်တော့ စွန့်စားသင့်တာ စွန့်စား၊ တိုင်ပင်သင့်တာ တိုင်ပင်လို့ရဦးမည်။

အခုတော့ စံမင်းညိုက ဘယ်ဆီရောက်နေလဲ။ အလုပ်လုပ်မည်ဆိုပြီး ထွက်သွားလိုက်တာ အစအနပင်ပေါ်မလာတော့။

အမေက သူမငြိမ်သက်နေတာကို ဒေါသဖြစ်သွားဟန်ဖြင့်

''မိဘကျေးဇူးကိုဆပ်ဖို့ ညည်းအဲလောက်တောင် အဖြေပေးရခက်နေလား သျှင်မင်း''

''တခြားနည်းလမ်းနဲ့ ကျေးဇူးပြန်ဆပ်လို့မရဘူးလား အမေ''

''စံမင်းညိုကို မျှော်လင့်နေသေးလို့လား သျှင်မင်း၊ သူပြန်လာတော့ရော ထည်ဝါခံ့ညားထက်သာအောင် ထားနိုင်မှာလား၊ ဟိုက ငါတို့မိသားစုအတွက် တိုက်တစ်လုံး၊ ကားတစ်စီး၊ လုပ်ငန်းတစ်ခုပေးမယ်၊ ညည်းကိုလည်း အိုးပိုင်အိမ်ပိုင် တင့်တောင့်တင့်တယ်ထားမယ်''

''အဲလို မက်လုံးပေးနေတာ ရိုးရောရိုးသားရဲ့လား အမေ၊ သူတို့လိုလူမျိုးတွေက အမြတ်အစွန်းမကျန်ဘဲ ရင်းနှီးမြှုပ်နှံဖို့ စိတ်ကူးတတ်ကြတာမဟုတ်ဘူး''

''ညည်းက တန်ဖိုးဘယ်လောက်ကြီးနေလို့ နစ်နာမှာကြောက်နေတာလဲ၊ ကိုယ့်သားသမီးကို တန်ဖိုးချပြီး မပြောချင်ပါဘူး၊ ဒါပေမဲ့ ဒီလိုလူမျိုးကို ဆင်ခြေပေး ငြင်းပယ်နေတာ အံ့ဩလွန်းလို့ပါ၊ တကယ်ဆို ညည်းဝမ်းသာအားရ လက်ခံသင့်တာ''

အမေ့အတွေးနှင့် အမေတော့ဟုတ်မှာပေါ့လို့ စောဒကတက်မနေချင်တော့။ အဖေ အလုပ်ကပြန်လာမှ တကယ်ဟုတ်သလားဆိုတာ



သေသေချာချာ မေးကြည့်ရဦးမည်။ ဟိုငယ်စဉ်က မြင်ဖူးတွေ့ဖူးသော ထည်ဝါခံ့ညားဆိုသည့် လူရဲ့ပုံရိပ်က ခပ်ဝါးဝါးပါ ...။

✤ ✤ ✤

www.burmeseclassic.com

# အခန်း (၂)

''ဟုတ်လို့လားဟယ်၊ နှင်ပြောတာ''

သန္တာကျော်ရဲ့ မေးခွန်းက မယုံသင်္ကာ။ ဖယ်ရီကားလာဖို့ အချိန်လိုသေးတာမို့ မှတ်တိုင်မှာလူမစုံသေး၍ စကားပြောရတာတော့ အေးအေးဆေးဆေးဖြစ်နေသည်။

''ငါက ညာပြောပါ့မလား တကယ်ပါဆို''

''မှန်းစမ်း ...နှင်က ထူးထူးခြားခြား ထင်ထင်ပေါ်ပေါ်ကြီး လုနေတာမျိုးလည်း မဟုတ်ပါဘူး။ ရွက်ကြမ်းရေကျိုကြည့်ကောင်းရုံပါပဲ၊ အဆိုတော်တွေ၊ မော်ဒယ်တွေ၊ မင်းသမီးတွေ၊ သူဌေးသမီးတွေ ဝိုင်းဝိုင်းလည်နေတဲ့သူက နှင့်ကိုရွေးချယ်တယ်ဆိုတော့ ဟုတ်မှ ဟုတ်ရဲ့လား၊ ကေန္တ သူ့မှာဟိုပိုးဒီပိုးတွေဝင်ပြီး ရောဂါရနေလို့ အနီးကပ်ပြုစုဖို့ မိန်းမယူချင်တာများလား''

သန္တာလွင်ပြောမှ ကြက်သီးတောင်ထမိသည်။ သန္တာလွင်ပြောသလို ဟုတ်များဟုတ်နေမလားပင်မသိ။ ဒါပေမဲ့ သူမ ခပ်လေးလေး ခေါင်းယမ်းမိလျက်။

''ဟိုနေ့က ဂျာနယ်ထဲ တွေ့မိလိုက်တာတော့ လတ်လတ်ဆတ်ဆတ် အကောင်းပကတိကြီးပါ၊ တက်သစ်စမင်းသမီးလေးနဲ့ ဘာဘာ



ညာညာ မဟုတ်ရပါဘူးဆိုတာ ဖြေရှင်းထားတာလေ၊ တကယ့်ကို သူတော်ကောင်းကြီးအတိုင်းပဲ''

''ဒါကတော့ သူတို့လို လူမျိုးတွေက ဟန်ဆောင်ကောင်းတာကိုး၊ တဲ့၊ လူရှေ့သူရှေ့တော့ သူတော်ကောင်းလိုနေမှာပေါ့၊ ပြည်သူ့ချစ်ဖတ်ဖြစ်နေကြတာကိုး၊ ဒီလိုသိက္ခာဆယ်ကြမှာပဲ၊ မဟုတ်ရင်နောက်ကြောင်းများဖဝင်အလှန်ခံရတာနဲ့ သူတို့ဘဝ မြေကြီးထဲစုန်းစုန်းမြုပ်သွားမှာ''

''ငါလည်း အဲဒီလူ ငါ့ကို လက်ထပ်ချင်တယ်ပြောတာ မသင်္ကာဘူး။ ဘယ်လိုအကြောင်းကြောင့် လက်ထပ်ချင်တာလဲ၊ ဘာကြောင့် သူတို့အလုပ် သမားဝန်ထမ်းရဲ့သမီးကို လက်ထပ်မယ်ပြောတာလဲ၊ သူနဲ့ငါက ချစ်သူတွေလည်းမဟုတ်၊ အမြဲမြင်တွေ့နေကြတဲ့သူတွေလည်း မဟုတ်၊ သူ့မိဘတွေကအစ သဘောတူနိုင်တာ အံ့ဩစရာပဲ''

''အေးဟဲ့''

သန္တာလွင်လည်း သူမလိုပင် စဉ်းစားခန်းဝင်သွားသည်။ ထမင်းချိုင့်ပါသောဆွဲခြင်းလေးကို ဘက်ပြောင်းကိုင်ပြီး သူမလက်ကိုလာဆွဲကာ

''ဘာပဲဖြစ်ဖြစ် အဲဒီလူကို လက်တော့လက်ထပ်သင့်တယ် ထင်တယ်''

''ဘာဖြစ်လို့လဲ''

''ချမ်းသာတယ်လေ၊ တို့လိုလူတန်းစား မမျှော်မှန်းရဲ စိတ်ကူးမယဉ်ရဲလောက်အောင်ကို ချမ်းသာတယ်၊ မြန်မာနိုင်ငံတွင်းမှာ အချမ်းသာဆုံးစာရင်းဝင်က လက်ငါးချောင်းတောင်ပြည့်ရဲ့လား မသိဘူး။ အဲဒီထဲမှာ သူတို့ပါတယ်ဆိုတာ နည်းတဲ့ဟိတ်ဟန်လား။ အိမ်မှာဆိုလည်း လုံခြုံရေးဝန်ထမ်းက အလုည့်ကျ ဆယ်ယောက်လောက်ရှိတယ်၊ မာလီက သုံးယောက်၊ ထမင်းချက်က သုံးယောက်၊ အဝတ်လျှော်သန့်ရှင်းရေးက သုံးယောက်၊ စက်ရုံတွေမှာ ဝန်ထမ်းတွေဆိုတာလည်း နည်းတာမဟုတ်ဘူး၊ အခု ငါတို့လုပ်နေတဲ့ အထည်ချုပ်စက်ရုံကလည်း သူတို့ရှယ်ယာပါ

www.burmeseclassic.com



သေးတယ်ဆို''

''ဒီနိုင်ငံတွင်းမှာ သူတို့နဲ့ လွတ်ကင်းတဲ့လုပ်ငန်းဆိုတာ မရှိသလောက်ပဲဆိုတော့ ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ ဒါပေမဲ့ ငါကတော့ အထင်လည်းမကြီးဘူး၊ စိတ်လည်း မဝင်စားဘူး၊ သူ့သတင်းက ကောင်းတာနဲ့ မကောင်းတာဆို မကောင်းတဲ့သတင်းက ပိုများနေတာ၊ တို့လိုဆင်းရဲသားရပ်ကွက်ထဲ မူးပြီးရမ်းရမ်း လုပ်ပဲသတ်သတ် ဘယ်သူ့မှ အကျယ်တဝင့်အရေးလုပ်မနေဘူး၊ သူကတော့ ဘယ်နေရာမှာ ဘယ်သူ့ကို အနိုင်ကျင့်လို့၊ မော်ဒယ်မင်းသမီးလေးကို ပါးရိုက်လိုက်လို့၊ ဘယ်သူကိုတော့ စပွန်ဆာပေးပြန်ပြီနဲ့ ဟိုးလေးတကြော်ကြော်ပဲ''

''ငါ့မှာ စံမင်းညံ့ရှိနေတာ၊ အဲဒီကိစ္စ ငါလက်ခံလို့ဖြစ်မလား''

သန္တာလွင် နှာခေါင်းရှုံ့သွားသည်။ သျှင်မင်းကို အစတည်းက စံမင်းညံ့နှင့် သဘောမတူခဲ့တာ။

အားကစားဘက်မှာ ထူးထူးချွန်ချွန်လေးဖြစ်တာကို သူ့ကိုယ်သူ အဟုတ်မှတ်ပြီး ဘဝင်မြင့်ကာ ဆောင့်ကြွားကြွားမို့ အမြင်ကတ်စရာ ကောင်းလွန်းလို့ပါ။

''အဲဒီကောင်နဲ့ကတော့ လက်ထပ်ဖို့အထိ စိတ်ကူးမထားသင့်ဘူး သျှင်မင်း၊ ဘာမဟုတ်တဲ့ အားကစားဘက်မှာ ထူးချွန်တာလေးနဲ့ မြောက်ကြွ မြောက်ကြွဖြစ်နေတာ၊ လူက တစ်မတ်တန် အီးတစ်ကျပ်တန် ရှူချင်တဲ့ဟာမျိုး''

''နင်ပြောတာကလည်း ရွံ့စရာကြီးဟယ်''

''လူကလည်း ရွံ့စရာပါ၊ ဂျစ်ကန်ကန် မိုက်ကန်းကန်းနဲ့ လူကြီးလူကြီးမှန်းမသိ၊ ကလေးလည်း ကလေးမှန်းမသိ၊ ကြီးနိုင်ငယ်ညှဉ်း စိတ်က ရှိသေးတယ်၊ သူကရော ရပ်ကွက်ထဲမှာ ဘာကောင်းသတင်းရှိလို့လဲ၊ ဟိုလူ ဒီလူနဲ့ စိန်ခေါ်ချရတာနဲ့ ရပ်ကွက်ရုံးရောက်တာလည်း ခဏခဏ၊ တကယ်ဆို ထည်ဝါခံ့ညားထက် နာမည်ပျက်ကပိုဦးမယ်''





''အင်း''

သျှင်မင်းအိမ် ခပ်တွေတွေဖြစ်သွားရသည်။ သန္တာလွင်ပြောတာလည်း မမှား။ စံမင်းညံ့က သူမကို ချစ်တတ်တာတစ်ခုကလွဲလျှင် နာမည်ကောင်းလက်မှတ် ဘာမှမရှိပေ။

မိဘတွေက စီးပွားရေး မပြေလည်သော်လည်း သူကတော့ မင်းသားရှူးလောက်အောင် ဆောင့်ကြွားကြွား ဂျစ်ကန်ကန် မိုက်တိမိုက်ကန်းပင်။

''သန္တာလွင်''

''ဘာလဲ''

''လူတစ်ယောက်နဲ့ တစ်ယောက်လက်ထပ်တာ မရင်းနှီးဘဲ မချစ်ဘဲနဲ့ဆိုရင် ပြည့်တန်ဆာသာသာ ခံစားမှုမျိုးဖြစ်လိမ့်မယ် ထင်တယ်''

''ဟဲ့ ...ဘယ်လိုအပြောကြီးလဲ''

''ကိုယ့်ချစ်သူနဲ့ဆို လက်ပဲကိုင်ကိုင်၊ ပါးပဲနမ်းနမ်း၊ ဘာပဲလုပ်လုပ် ကြည်နူးနေမှာပဲလေ၊ ဘာမှ ရင်းနှီးစပ်ယှက်မှုမရှိတဲ့သူနဲ့ အတူနေရမယ်ဆိုတာက စားတဲ့အချိန် အိပ်တဲ့အချိန် သူ့ရဲ့ဝတ္တရားတွေလုပ်ပေးရတဲ့အချိန်တွေမှာ ကြည်နူးပျော်ရွှင်မှုမရှိ ရင်ခုန်လှိုက်လှဲမှုမရှိဘဲ တာဝန်ကျေခံထားမှုမျိုးပဲ ဖြစ်မနေနိုင်ဘူးလား၊ သို့ပေးကမ်းထောက်ပံ့သလောက် ပြန်ပေးဆပ်နေရမှာ၊ အခုက ငယ်ကြောက်လိုဖြစ်နေခဲ့ရတဲ့အတွက်ပိုဆိုးတယ်၊ သူ့ကြောင့် ငါငယ်ငယ်က အမြဲတမ်းငိုခဲ့ရတယ်''

''သူက နင့်ထက် အသက်သုံးလေးနှစ်ကြီးတယ်နော်''

''ငါးနှစ်လောက်ဖြစ်မယ်၊ ငါသူငယ်တန်းမတက်ရခင်လေးမှာ သူဆယ်နှစ်ပြည့်လို့ နိုင်ငံခြားမှာ ကျောင်းသွားတက်နေတာ၊ ဟိုက ပြန်လာတော့ ဒီမှာမိဘအရှိန်အဝါနဲ့ လူတွင်ကျယ်လုပ် မိုက်တွင်းနက်နေတာပေါ့''

မကျေနပ်ချက်များဖြင့် ထည်ဝါခံ့ညားက သူ့ပါးစပ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ပြောမလွတ်။ ထိုအချိန်မှာ စက်ရုံဖယ်ရီကားရောက်လာပြီမို့ သူမနှင့် သန္တာလွင် အပြေးအလွှား အလုအယက်ကားပေါ်တက်လိုက်ကြသည်။ လုယက်တိုးခွေ့တာ ကျင့်သားရနေတော့ ဘေးခုံတန်းမှာ နေရာရကြသည်။

''သျှင်မင်း''

''ဟေ့ ဘာလဲ''

''ဟိုမှာကြည့်စမ်း၊ ကားအကောင်းစားကြီးလှလိုက်တာ၊ တော်ရုံ သူဌေးမျိုးက အဲလိုကားမျိုးစီးနိုင်မှာ မဟုတ်ဘူး''

သန္တာလွင် မေးငေါ့ပြရာကြည့်လိုက်တော့၊ မီးပွိုင့်မှာ သူမတို့ ဖယ်ရီကားနှင့် ယှဉ်လျက်ရပ်ထားသော ကားကြီးက ရုပ်ခနဲရွေ့ခန်းကား မှန်ချပ်လေးလျှောကျသွား၏။

''ဟယ် ... အမိုက်စားတော့''

စတိုင်လ်မိသော ယောကျ်ားတစ်ယောက်၊ ဟန်ပါပါ စီးကရက် ခဲရင်း သူမတို့ကို မော့ကြည့်လိုက်တာမို့ အကြည့်ချင်းဆုံကာ နှုတ်ဖျားက လွှတ်ခနဲထွက်သွားသည်။ ပိရိသေသပ်သောနှုတ်ခမ်းများက ဆွဲဆောင်မှု ရှိကာ၊ အနက်ရောင်ပြောင်နေသော ကုတ်အင်္ကျီကို ဝတ်ထား၍ မီးခိုးရောင်နှင့် အဖြူရောင်စပ်ထားသော နက်ခ်တိုင်တို့ကြောင့် လူကြီး လူကောင်းဆန်သည်ဟု ထင်ရသည်။

''ဟယ် ... နမြောလိုက်တာ''

မီးစိမ်းပြ၍ ကားတွေလျှောခနဲ ထွက်သွားတော့ သူ့ကားက သူမတို့ ကားနောက်မှာကျန်ခဲ့၍ သန္တာလွင်လွှတ်ခနဲ ပြောသည်။

''ဟဲ့ ... ကားဘေးချင်းရှောင်ရင် နင့်ခေါင်းကြီးပါသွားဦးမယ်''

သန္တာလွင်လည်ပင်းလိမ်ကာ ထိုကားနောက်က ပါမပါကြည့် နေ၍ ဆိတ်ဆွဲကာ သတိပေးလိုက်ရသည်။

''ဟယ် ... ဟယ် ပါလာတယ်တော့ အမိုက်စားဟယ်၊ လူနဲ့ ကားနဲ့လိုက်တယ်''



''ကားမောင်းလာမှတော့ လိုက်မှာပေါ့''

''ဩော် .. တချို့က ပိုက်ဆံသာချမ်းသာတာ ရုပ်ကဆိုးတယ်၊ ရုပ်ချောပြန်တော့လည်း ကားက မဖြစ်ညစ်ကျယ် တန်ဖိုးနည်းဆိုတော့ ကြည့်လို့မကောင်းဘူးဟ၊ ဒီလူက လူရောကားရော ကြည့်လို့ကောင်း တယ်''

''မိန်းမ ရူးမနေနဲ့၊ မတန်မရာ စိတ်ကူးယဉ်ရင် ရူးသာကြီး ရောက်သွားလိမ့်မယ်''

''တို့ဘဝက ဒါမျိုးတွေကို စိတ်ကူးယဉ်ပြီး အသက်ရှင်နေရတာ လက်တွေ့ဘဝက ဆိုက်ကားသမားနဲ့ပဲ ဆုံနိုင်မယ်လေ၊ အဲဒါကြောင့် ဘာပဲဖြစ်ဖြစ် ထည်ဝါခံ့ညားနဲ့ လက်ထပ်လိုက်လို့ နင့်ကိုပြောနေရတာပေါ့၊ နတ်ရေကန်ထဲ ခုန်ချသလို နင့်ဘဝ ချက်ချင်းပြောင်းလဲသွားမှာ''

''အချစ်မပါဘဲ အိမ်ထောင်ရေးက နိဗ္ဗာန်ဘုံမဟုတ်ဘဲ ငရဲ ခန်းဖြစ်မှာကို ငါတွေးကြောက်တယ်သန္တာ၊ သူတို့ အသိုက်အဝန်းနဲ့ ဘယ်လိုမှ သဟဇာတဖြစ်မှာမဟုတ်ဘူး၊ ထမင်းကြမ်းကို ဆားဖြူးစား လိုက်ချင်တယ်၊ အနှိမ်ခံဘဝမျိုးနဲ့ ညိုးညိုးငယ်ငယ် အလုပ်အကျွေးပြုစု နေရတဲ့ ဘဝမျိုးနဲ့တော့ မနေချင်ဘူး''

''အေးလေ၊ ဒီလိုကြီးဖြစ်မှာဆိုရင်တော့ ကိုယ်ချင်းစာပါတယ်၊ ဒါပေမဲ့ နင်တစ်ခုစဉ်းစားရမှာက မပြည့်စုံတဲ့မိသားစုအတွက် နင့်ဘဝကို ရင်းသင့်တယ် ဆိုတာပဲ''

သျှင်မင်းအိမ် ငြိမ်ကျသွားခဲ့သည်။ ဒီလိုတွေရမည်ဆိုလျှင်တော့ မိသားစုအတွက်မို့ ဘဝကိုရင်းရလျှင်တောင် နောင်တရလိမ့်မည်မဟုတ်ပေ။

ဒါပေမဲ့ ထည်ဝါခံ့ညားဆိုသည့်လူကို အခုနေတွေ့တောင် မှတ်မိ မည်မဟုတ်။ တစ်ခါတစ်ရံ ဂျာနယ်တွေထဲမှာ တွေ့ဖူးသောရုပ်က ယောင်ဝါးဝါး မှတ်မိနေသော ငယ်ငယ်က ပုံစံမျိုးမဟုတ်တော့ဘဲတော့ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား"

ခုနက ကားပေါ်ကလူ။ အဲဒီလူကတော့ ဂျာနယ်ထဲတွေ့ဖူးသေ[illegible] ထည်ဝါခံ့ညားပုံစံနှင့် ဆင်သလိုလို။

ဒီလူ့ ထည်ဝါခံ့ညားများလား။ ဟင့်အင်း မဟုတ်လောက်ပ[illegible]

သူမတို့ရဲ့ လိင်သဘာဝစက်မှုဇုန်ဘက်ကို ဘယ်လိုလုပ်လာမှ[illegible] လဲ။ သူအပြင်ထွက်ရင် နောက်ကဘော်ဒီဂက်တွေ သက်တော်စောင့်တွေ[illegible] အများကြီးပါတတ်တာ။ ဒီလိုတခမ်းတနား ကြီးကြီးကျယ်ကျယ်နေတ[illegible] သည့်လူမျိုးက သူမလို အညတရမိန်းကလေးနှင့် လက်ထပ်ချင်သည်[illegible] တာ ဟုတ်မှဟုတ်ရဲ့လား။

ဘာအကြောင်းကြောင့် ဒီလိုမျိုး . . . ။

✤ ✤ ✤

# အခန်း (၃)

"သား စဉ်းစားဦးနော်၊ သားအိမ်ထောင်ပြုချင်တဲ့သူက ဖေဖေတို့ အသိုက်အဝန်းနဲ့ ဂုဏ်ဒြပ်တူလည်း မဟုတ်ဘူး။ သားပြောနိုင်းလို့ ကိုမောင်ကျော်ကို အသိပေးပြီးပြီဆိုပေမယ့် သားစဉ်းစားဖို့ အချိန်ရှိသေးတယ်"

ဦးအံမင်း ပြောတာကို ခဏတွေခနဲ စဉ်းစားလိုက်ပြီးမှ ထည်ဝါခံ့ညား ခေါင်းယမ်းလိုက်သည်။ ဒီကိစ္စကို အရင်ဆုံး မေမေက တိုင်ပင်ခဲ့တာပါ။ ပြီးမှ ဖေဖေ့ကို အသိပေးခဲ့တာ။

"သား ကောလာဟလတွေနဲ့ ရင်ဆိုင်နေရတာ ဖေဖေလည်း သိသားပဲ။ မေမေက အိမ်ထောင်ပြုလိုက်မှ ဒီအသံတွေ ငြိမ်သွားမယ်တဲ့၊ လက်ထပ်တဲ့၊ လက်ထပ်တဲ့အခါမှာ ကိုယ်နဲ့တန်းတူရည်တူ အဆင့်အတန်းတူထဲကထက်၊ အခြေခံလူတန်းစားထဲက ဖြစ်မယ်ဆိုရင်၊ အားလုံးကမြင်နေ၊ ဝေဖန်နေတာတွေ မီဒီယာနဲ့ ရှင်းပြနေစရာမလိုဘဲ၊ တလွဲဆီဆိုတာ နားလည်သွားလိမ့်မယ်တဲ့လေ"

"အဲဒါကို ဖေဖေလည်း သိပါတယ်၊ သားအမေက သားကို ဒီလိုဖြစ်စေချင်တယ်ဆိုတာ တိုင်ပင်ပြီးသားပါ၊ ဒါပေမဲ့ ကိုယ်နဲ့ သားဇာတ မဖြစ်နိုင်တဲ့သူကို တစ်သက်လုံးပေါင်းဖက်ဖို့ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်တယ်ဆိုတာ စွန့်စားလွန်းရာကျမနေဘူးလား သား"

www.burmeseclassic.com



''သျှင်မင်းအိမ်ကို သားချစ်ပါတယ် ဖေဖေ''

''ဘာ ... သား ဘာပြောလိုက်တယ်''

ဦးအံ့မင်း အံ့ဩသွားရသည်။ သျှင်မင်းအိမ်ဆိုတာ ငယ်ငယ်က အတူတူနေခဲ့ဖူးကြသည်ဆိုပေမယ့် ကိုယ့်ဝန်ထမ်းရဲ့သမီးလေးပါ။

ငယ်ငယ်ကဆို သားက ငိုအောင်စနောက်တတ်လွန်းလို့ အနိုင်ကျင့်သလိုဖြစ်နေခဲ့တာကိုတောင် အားနာခဲ့ရသည်။ ဒါပေမဲ့ အောက်လက်ငယ်သား ကျေးကျွန်တွေမို့ သျှင်မင်းအိမ် မိဘတွေခင်မျာ ဘာမျှမပြောရဲရှာ။ ကွယ်ရာရောက်မှ သူတို့သမီးလေးကို အငိုတိတ်အောင် အမျိုးမျိုးချော့ရ နှစ်သိမ့်ရတာမျိုးပါ။

သားရဲ့ နှုတ်ခမ်းမှာ မပွင့်တပွင့်အပြုံးလေးကို တွေ့ရပြီး

''သူငယ်ငယ်က အရမ်းချစ်စရာကောင်းတယ် ဖေဖေ၊ ဖြူဖြူဖွေးဖွေး ပါးဖောင်းဖောင်းလေးနဲ့ အရမ်းအငိုသန်တာပဲ''

''ငယ်ငယ်က ထားပါတော့၊ ကလေးအရွယ်ကတော့ လူတိုင်းချစ်စရာကောင်းတာပဲ၊ အခုက မတွေ့ဘူးလေသားရဲ့၊ သူရောကိုယ်ရော အရွယ်ရောက်နေပြီ၊ သူဘယ်လို ပုံစံမျိုးဖြစ်နေမယ်ဆိုတာ သားက မှတ်မိလို့လား''

''သား သူ့ကို ခဏခဏမြင်ဖူးပါတယ် ဖေဖေ''

''ဟင် ... ဘယ်မှာမြင်ဖူးတာလဲ သား''

''လိုင်သာယာက သားတို့ရှယ်ယာဝင်ထားတဲ့ အထည်ချုပ်စက်ရုံမှာ သူ့အမေက သူ့ကိုထမင်းချိုင့်လာပို့တဲ့ အချိန်တုန်းက မြင်ဖူးလိုက်တာ၊ သူ့အမေကို မှတ်မိနေတော့ သူ့ကိုလည်း မှတ်မိသွားခဲ့တာပဲ၊ မရိုးမဆန်း ပန်းရောင်ဘလောက်အကျီလက်စကလေးနဲ့ ဆံပင်တွေကကျောလယ်လောက်ရှိမယ်၊ အသားအရေက ငယ်ငယ်ကလောက် ဖြူဖွေးမနေပေမယ့် ဝင်းဝါနေတာပဲ''

''သားက သေသေချာချာ မှတ်ထားတာပဲ၊ ဘယ်နခါလောက် ဆုံပြီးသွားလို့ ဒီလိုလက်ထပ်ဖို့ထိ ဆုံးဖြတ်လိုက်တာလဲ သား''

''နှစ်ခါလောက်ပါပဲ၊ သူကတော့ သားကိုမှတ်မိမှာမဟုတ်ဘူး။ သူမှသားကိုမတွေ့ဖူးတာ၊ အခုသားကို သတိထားမိအောင် သူတို့ဖယ်ရီကားနောက်က လိုက်ကြည့်နေတယ်''

''ဩော်''

သားအခုတလော မနက်အစောကြီး ကားမောင်းပြီး ထွက်ထွက်သွားတာ ဒါကြောင့်ပါလားဟု တွေးမိလိုက်၏။ ဘော်ဒီဂတ်တွေမပါလို့ စိတ်မချဖြစ်ရပေမယ့် သားလည်း အနေအထိုင်အသွားအလာ ဆင်ခြင်တတ်သည့် အရွယ်ရောက်ပြီပဲဟု မသိချင်ယောင်ဆောင်နေခဲ့ရတာ

သားက တင်းကျပ်ချုပ်ချယ်တာမျိုး မကြိုက်တတ်ဘူးမဟုတ်လား။

''သား အဲလောက်လေးလေးနက်နက်ဖြစ်နေပြီလား''

''အင်တာနက်ပေါ်က တိုက်ခိုက်ခံနေရတာတွေအတွက် ထွက်ပေါက်ရချင်တယ် ဖေဖေ၊ မေမေကပြောတော့ အဲဒီဘက်ကို အာရုံရောက်သွားတဲ့သဘောပါ၊ ကိုယ့်ကို တုံ့ပြန်မယ့်လူမျိုးမဟုတ်တဲ့အတွက် အဆင်ပြေနိုင်တယ်မဟုတ်လား ဖေဖေ''

''အင်း ... လူတန်းစား မခွဲခြားတတ်ဘူးဆိုတဲ့မျိုး လူတွေမြင်သွားရင် ဖေဖေတို့ရဲ့ ပရောဂျက်တွေမှန်သမျှ အောင်မြင်သွားနိုင်တာပေါ့ကွာ၊ ဖေဖေတို့က အများရဲ့ယုံကြည်မှုရမှ လုပ်ငန်းတူ အပြိုင်အဆိုင်တွေကို ကျော်ဖြတ်နိုင်မှာ၊ သားလုပ်ခဲ့သမျှ ကိစ္စအသေးအမွှားတွေက တခြားအပြိုင်အဆိုင်တွေရဲ့ အကျယ်ချဲ့တိုက်ခိုက်မှုကြောင့် နာမည်ပိုပျက်နေရတာမဟုတ်လား၊ ဖေဖေကတော့ သားဆန္ဒရှိတယ်ဆိုရင် ဘာကိစ္စမှ မကန့်ကွက်ပါဘူး၊ သား အချားကြီးစဉ်းစားခဲ့ပြီးမှ ဒီလိုဆုံးဖြတ်တယ်ဆိုတာလည်း ဖေဖေသိတယ်၊ ဒါပေမဲ့ ကိုကျော်မောင်တို့ဘက်က စကားပြန်မရသေးဘူးသား''



www.burmeseclassic.com

www.burmeseclassic.com



''ဘာဖြစ်လို့လဲ၊ သျှင်မင်းအိမ်ကို မပြောရသေးလို့တဲ့လား''

''မဟုတ်လောက်ဘူး၊ ဖအေကိုယ်တိုင်ပြောရမှာ အနေခက်လို့ သူ့ အမေကနေတစ်ဆင့် အသိပေးထားပြီးပြီလို့တော့ ထင်တယ်''

''ဒါတောင် အကြောင်းမပြန်သေးဘူးဆိုတာက ဘာသဘောလဲ၊ သားလိုလူမျိုးကို ဘာစဉ်းစားနေစရာလိုလို့လဲ ဖေဖေ''

ဒါတော့ ဦးအံမင်းလည်း သားကို အဖြေမပေးတတ်။ ဝမ်းသာအားရလက်ခံပြီး ကျေးဇူးတောင်တင်နေရမှာ မဟုတ်လား။

ဒီဘက်က ကမ်းလှမ်းစွန့်ကျဲထားသည့် မက်လုံးတွေကနည်းမှ မနည်းတာ။ သူတို့မိသားစုအတွက် မမျှော်မှန်းရဲလောက်သည့် မက်မောစရာတွေပါ။

''ဖေဖေ အထင်တော့ သျှင်မင်းအိမ်က ရည်စားတွေ ဘာတွေ ရှိလို့ စဉ်းစားနေတာမျိုးလား သား''

''သူတို့လို အဆင့်အတန်းနဲ့ သားတို့လို လူတန်းစားမျိုးတော့ မရနိုင်ပါဘူးဖေဖေ၊ အဲလိုချက်ချင်းအဖြေမရသေးတာတော့ နည်းနည်း စိတ်ကသိကအောက်ဖြစ်မိတယ်၊ ကျေးဇူးဟရားတွေကို သိတတ်ရင် အောက်ကျို့ပြီးတောင် မြန်မြန်လက်ခံရမှာ''

သားရဲ့ မာန်မာနများက လေသံတွေကိုပါ ပြင်းထန်လာစေသည်။ သားက တစ်ခါတစ်ရံ စိတ်ဆတ်မာကျောတတ်သည်။

ပြဿနာဖြစ်သည်ဆိုတာလည်း ထိုသို့မခံချင်စိတ်များကြောင့်ပါ။

တချို့အရှိန်အဝါကို ကြောက်လန့်၍ ကျိုးနွံခယကြ၏။ တချို့က ဒီကောင် ဘာကောင်မို့လဲ၊ မိဘအရှိန်အဝါနဲ့ မိုက်ရိုင်းနေတာလို့ ရန်စချင်သည်။ တချို့ကျတော့လည်း အခွင့်အရေး အကျိုးအမြတ်လိုချင်၍ မြှောက်ပင့်အချိုသတ်ပေါင်းကာ သနားညှာတာတတ်သော သားဆီက အမျိုးမျိုးတောင်းဆိုမှုတွေရှိကြ၏။

ဒါကြောင့် မကောင်းသော ကောင်းသော လူတွေကြားမှာ စိတ်





တွေ အမျိုးမျိုးပြောင်းလျက်၊ လူဆိုးဖြစ်လိုက် လူကောင်းဖြစ်လိုက်၊ လူ တတ်မာလို့ အမည်တပ်ခံလိုက်ရဖြင့် အပြိုင်အဆိုင်များရဲ့ တိုက်ခိုက်ခြင်း ကြောင့် ပို၍နာမည်ကြီးနေရခြင်းဖြစ်သည်။

''သားကို ဖေဖေတစ်ခုတော့မှာထားချင်တယ်၊ လူတွေအကြောင်း သားလည်း တဖြည်းဖြည်းသိလာပြီပဲ၊ ကိုယ်ဘယ်လိုတုံ့ပြန်နေထိုင်ရမယ် ဆိုတာလည်း သားသဘောပေါက်လာပြီ၊ အဲဒီတော့ ကိုယ့်စိတ်ထဲရှိ သလောက် မလွှတ်လိုက်ပါနဲ့၊ ဖေဖေတို့အတွက် ဟန်ဆောင်အပြုံးက အရေးကြီးတယ်၊ လူတိုင်းကိုချစ်ပြတတ်ရမယ်သား၊ အရင်ကအခြေအနေ နဲ့ အခုအခြေအနေ လုံးဝမတူဘူးဆိုတာ သားနားလည်ထားပါ''

''လူတွေက သားတို့ကို ဘာလို့မုန်းနေရတာလဲ ဖေဖေ''

''ဖေဖေတို့ မနေတတ်ခဲ့လို့ပေါ့၊ ကိုယ်ရထားတဲ့ အခွင့်အရေးကို များနဲ့မျှဝေမသုံးဘဲ၊ ကိုယ့်အတွက်ကိုယ် အသုံးချခဲ့လို့၊ အများက အခွင့်အရေးသမားတွေလို့ အမြင်ကတ်ခံရတာ၊ အခု ပိုင်ဆိုင်သင့်တာတွေ ကော် ပိုင်ဆိုင်နေပြီဆိုတော့၊ ပိုင်ဆိုင်ထားတာလေး မပျောက်ပျက်အောင် ထိန်းသိမ်းထားနိုင်ဖို့ အရေးကြီးတယ်သား၊ ဖေဖေပြောတာ သား သဘောပေါက်လား''

ခေါင်းညိတ်လိုက်ရပေမယ့် စိတ်ဖိစီးမှုတွေ များလွန်း၍ မွန်းကျပ်သည်။ ဘဝက လွတ်လပ်ရေးမရခင်က ကျွန်စာစားရသည့် အခြေ အနေမျိုးလို ဖြစ်နေသည်။

ဘယ်နေရာက ထိုးနှက်မလဲ၊ ဘယ်နေရာက တိုက်ခိုက်မလဲနှင့် နေရာပျောက်မသွားအောင် မနည်းကြိုးစားထိန်းချုပ်နေရတာပါ။

ဒါကြောင့် တစ်ခါတလေ စိတ်ထွက်ပေါက်အဖြစ် ကြမ်းရမ်းပစ် လိုက်မိတာ။ ဘာလို့ကိုယ်တွေဘဝက အများရဲ့အာရုံစိုက်ခြင်းခံနေရတာလဲ။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဒီကိစ္စ သူတို့က အသိပေးပြီးပြီဆိုတော့၊ အဖေတို့ဘက်က အခြေ
ပေးရတော့မှာ၊ သမီးက ဘာလို့ အချိန်ဆွဲနေတာလဲ၊ အဖေ့ကို မျက်နှာ
အောင် အားနာအောင်လုပ်နေတာ၊ အဖေ ဘယ်လိုနေရမလဲသမီး"

"ဟုတ်သားပဲ သမီး၊ သူတို့ဘက်က ဘယ်လိုထင်မြင်ယူဆသွာ
မလဲ၊ ဘာတွေအထာကိုင်နေလဲလို့ စိတ်ဆိုးသွားရင် အမေတို့ တစ်မိသား
လုံး ကောင်းဖို့လမ်းမရှိဘူး သမီး"

"အမေတို့ အဲလောက်ကြောက်လန့်နေရတဲ့ မိသားစုထဲကို သမီး
ကို ဘာလို့များသွားစေချင်တာလဲ၊ လူကိုလူလို့မြင်ရင် မိန်းကလေးရှင်ဘက်
က ဒီလောက်တော့စဥ်းစားကြဦးမှာပဲလို့ နားလည်ပေးနိုင်ရမှာပေါ့၊ အခု
အာဏာနဲ့ အခုဖြစ်ကိုဖြစ်ရမယ် လိုက်ကိုလိုက်လျော့ရမယ်လို့ အမိန့်ပေး
ချင်သလိုဖြစ်နေပြီအမေ"

"အဲလိုလည်း မဟုတ်ဘူးပေါ့ သမီးရယ်၊ သူတို့ဘက်က လိုလို
လားလား တောင်းဆိုလာတာကို အမေတို့က ဝမ်းသာအားရလက်ခံပေး
မယ့်ကိစ္စလေ၊ အမေတို့တစ်မိသားစုလုံး ချမ်းချမ်းသာသာနေရမှာ၊ ဒီလို
ဘဝမျိုး စိတ်ကူးတောင်ယဥ်ရဲခဲ့လို့လား သမီးရယ်"

"သမီးကို အမေတို့ရောင်းစားနေကြတာလား"



"သမီး"

အဖေနှင့်အမေ စိတ်မကောင်းဖြစ်သွားမှာသိပေမယ့် သူမ ရင်ထဲ
တင်းကျပ်နေတာမို့ မေးပစ်လိုက်မိခြင်းဖြစ်သည်။ အဖေရော အမေရော
ညှိုးငယ်မှုများဖြင့် မျက်နှာမကောင်းကြ။

မောင်လေးနှင့် ညီမလေးက ကျောင်းဝတ်စုံနွမ်းနွမ်းလေးတွေဖြင့်
အနားမှာ ဝင်ထိုင်ကြသည်။

"အဖေ ... ဟိုဘဘကြီးတို့ကို ကျူရှင်ခပေးရတော့မှာလို့ ပြော
ပေးပါဦးနော်"

"သမီးကိုလည်း ကျောင်းကပွဲရှိလို့ ဝတ်စုံလေးဝယ်ပေးပါလားလို့
ပြောပေးပါလား၊ အဲဒီဘဘကြီးတို့ အကောင်းစားတွေ ဝယ်ပေးတာဆို
တော့ ကျောင်းမှာ သမီးကအလှဆုံးဖြစ်တာပေါ့"

"အေးအေး၊ အဖေပြောပေးမယ် သမီး၊ သူတို့က ကလေးတွေ
အတွက် လိုအပ်တာပြောလို့ မှာထားပါတယ်"

"ကဲ ... သားနဲ့ သမီး မုန့်ဖိုးနစ်ရာဆီယူသွားကြနော်၊ ဟင်းက
အာလူးကြော်တစ်မျိုးတည်းဆိုတော့ မုန့်လေးဘာလေး ဝယ်စားကြ"

"ဟုတ်ကဲ့ ... ပြောဖြစ်အောင် ပြောပေးနော်"

"အေးပါ ... အဖေပြောခဲ့ပါ့မယ်"

သျှင်မင်းအိမ် သက်မမော်ကြီးချလိုက်မိသည်။ ရှန်းထွက်ခွင့်
မသာသော ဘဝတွေပါလား။ မောင်လေးနှင့် ညီမလေး ထွက်သွားသည်
နှင့် အဖေ့မျက်နှာကို မော့ကြည့်လိုက်သည်။ ဖွတ်အတင်း မတိုက်တွန်း
ရက်တော့သလို စိတ်မကောင်းဖြစ်နေပုံရသည်။

"အဖေ"

"ပြောပါ သမီး"

"သူ့ကိုလက်ထပ်ပြီးရင် သမီးတို့ တစ်မိသားစုလုံး စိတ်ချမ်းသာ
ရမှာ သေချာလားအဖေ၊ သူတို့တွေ ဂုဏ်ဒြပ်တွေ ပြည့်စုံသလောက်

www.burmeseclassic.com



မောက်မာတယ်လို့ သတင်းကြီးနေတာ မှိုခိုနေရတဲ့ သမီးတို့ကို ပိုပြီးနိမ့်ချ ဆက်ဆံမှာ မဟုတ်ဘူးလားအဖေ''

''လူတစ်ယောက်ကို ဆိုးတဲ့အကွက်ကိုပဲ ကြည့်မယ်ဆိုရင် ဆိုးတာကိုပဲ မြင်ရမှာပဲသမီး။ ကောင်းတဲ့အကွက်ကို ကြည့်တတ်မှ ကောင်းတာကိုမြင်ရမှာ၊ ထည်ဝါခံ့ညားတို့မိသားစုက ကံအကြောင်းတရားကြောင့် အခွင့်အရေးတွေရပြီး ဒီလောက်ထိချမ်းသာလာခဲ့တာဟာ မနာလိုစရာ မဟုတ်ဘူး၊ အားကျစရာပါ၊ အတိတ်ဘဝမှာ ကုသိုလ်ဒါနတွေ အများကြီး လုပ်ခဲ့လို့ ဒီဘဝမှာအကျိုးကျေးဇူးတွေ ခံစားနေရတာပဲ''

''ဒါနဲ့မစင်ကြယ်ရင် အပြစ်တင်ဝေဖန်ခံရမှာပဲဖေဖေ''

''ဒါကြောင့်အပြစ်ပြောခံလွတ်အောင် နိမ့်ကျတဲ့အိမ်ထောင်ဘက်ကို ရွေးချယ်တာပေါ့ သမီးရယ်''

''သမီးတို့က အသုံးချခံရတာပေါ့နော်''

မခံချင်စိတ်များဖြင့် အံကိုကြိတ်ကာ ပြောမိသည်။ စံမင်းညံ့ဆိုသည့် ချစ်သူကောင်လေးသာ အနားမှာရှိလျှင် ဒီအခြေအနေကနေ မိုက်ရူးရဲဆန်ကာ ရုန်းထွက်မိမလားပင်မသိ။

မေမေက သူမလက်ကလေးကို ဖြေသိမ့်သလို ဆုပ်ကိုင်ထားပြီး

''ငရဲတွင်းထဲဆိုရင်တော့ အမေတို့လည်း သမီးကို တွန်းမပို့ရက်ဘူးကွယ်၊ အခုက သမီးအတွက်ရော မေမေတို့အတွက်ရော ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာနေရမယ့် အခွင့်အရေးမို့ပါ''

''အငယ်အနှောင်းပုံစံမျိုးနဲ့ မထင်မရှားထားဖို့ ဖြစ်နိုင်သလားအမေ၊ လူတွေသိအောင် တခမ်းတနား ဟန်ဆောင်လက်ထပ်ပြပြီး အိမ်မှာအိမ်ဖော်လိုပဲထားမယ်ဆိုရင် ဘယ်လိုလုပ်မလဲ''

''သူ့အစ်ကိုကြီးရဲ့ မိန်းမကို အဲလိုထားတယ်ဆိုတဲ့ သတင်းကြောင့် မေးတာလားသမီး၊ အဖေ့အထင်ပြောရရင် အဲဒီမိန်းကလေးကလည်း မကောင်းဘူးကွဲ့၊ လူရှေ့ဆိုတစ်မျိုး လူကွယ်ရာကျတစ်မျိုး၊ ပါတီ





တွေ ကလပ်တွေတက်တယ်၊ သူတို့ အထက်တန်းစား အမျိုးသမီးတွေနဲ့ ဆိုက်တယ်၊ အဆင့်အတန်း ခွဲခြားတယ်၊ သူတို့မိသားစုက ချွေးမတွေကို အဲလိုလုပ်တာ မကြိုက်ဘူး၊ အဲဒါကြောင့် ပညာပေးတဲ့သဘောမျိုးနဲ့ အိမ်ထောင်တာဝန်တွေကို ခိုင်းတာပါ၊ ဒါကို အဲဒီမိန်းမကလေးက မိဘတွေ အရှိန်အဝါရှိတော့ နာမည်ပျက်စေလိုတဲ့စိတ်နဲ့ အကျယ်ချဲ့ပြီး သတင်းဖြန့်ပစ်လိုက်တာ၊ ကွာရှင်းလိုက်တော့ ပိုပြီး တိုက်ခိုက်လို့ ကောင်းတာပေါ့၊ မိဘချင်းက အလွှာတူ ဂုဏ်ဒြပ်တူ အပြိုင်အဆိုင်တွေလေ၊ တစ်ယောက်နာမည်ကျရင် တစ်ယောက်က နာမည်ပိုတက်တယ်''

''သူတို့အသိုက်အဝန်းကြီးကို သမီးကြောက်တယ်ဖေဖေ၊ သူတို့အတွက် အသုံးချဖို့ သမီးကိုရွေးချယ်လိုက်တဲ့ ထည်ဝါခံ့ညားကို ပိုပြီးမုန်းတယ်၊ သူ့မှာ ရွေးချယ်စရာ မိန်းမတွေအများကြီးပါ၊ ဘာလို့ သမီးကိုမှ''

''သမီး အဲလောက် စိတ်ဆင်းရဲနေတယ်ဆိုရင် ဖေဖေ ငြင်းလိုက်ပါ့မယ်''

''ရှင်''

ခေါင်းငိုက်စိုက်နှင့် ဖေဖေ လေသံပျော့လေးနှင့် ပြောလိုက်သည့်အတွက် သျှင်မင်းအိမ် စိတ်မကောင်းဖြစ်သွားမိသည်။ ဒီမိဘတွေနှင့် မောင်လေးညီမလေးအတွက် သူမဘဝကိုရင်းသင့်ရင်လည်း ရင်းရတော့မည်ပေါ့။

''ထည်ဝါခံ့ညားကို သ ... သမီး လက်ထပ်ပါ့မယ် အဖေ''

''ဟင် ... သ ... သမီး တကယ်ပြောတာလား၊ ဒါဆို အဖေတို့ဘက်ကို''

''လက်ခံတဲ့အကြောင်း အသိပေးလိုက်ပါတော့ အဖေ၊ မိသားစုအတွက် သမီးပေးဆပ်သင့်လို့ ပေးဆပ်ရတာပဲ၊ နောက်ပိုင်းကိစ္စတွေက ကံအကြောင်းတရားအတိုင်း ရင်ဆိုင်ကြည့်ရတော့မှာပေါ့''

''မိဘအတွက် ဒီလိုလုပ်တာ သမီးကံကောင်းမှာပါကွယ်၊ အဖေ



www.burmeseclassic.com

www.burmeseclassic.com



တို့ ဘဝပြောင်းလဲသလို သမီးရဲ့ဘဝလည်း အခြေအနေအဆင့်အတန်း အားလုံးပြောင်းလဲသွားမှာပါ၊ အခုလို လှိုင်သာယာကျူးကျော်ရပ်ကွက်မှာ အိမ်ငှားနဲ့နေရတဲ့ဘဝကနေ မြို့လယ်ကောင်က နတ်ဘုံနတ်နန်းမှာ နတ်သမီးလေးတစ်ပါးလို နေရတော့မှာ၊ သမီးဘဝအရာရာပြည့်စုံပါပြီ''

ဒါပေမဲ့ သမီးမပျော်နိုင်ပါဘူးအဖေလို့ မပြောချင်တော့။ ဒီလို လွတ်လပ်သော ဘဝလေးမှာ ရောင့်ရဲတင်းတိမ်မှုတွေဖြင့် အေးချမ်းစွာပဲ နေချင်တာပါ။ မရှိအတူ ရှိအတူ မျှဝေခွဲခြမ်းစားသောက်ရင်းနှင့် သဘာဝလေကို တစ်ဝကြီးရှူကာ အသက်ရှင်ချင်သည်။

မရှိဆင်းရဲသော်လည်း ရိုးသားဖြူစင်သော ဒီရပ်ကွက်သူ ရပ်ကွက်သားတွေဖြင့် လွတ်လပ်ပေါ့ပါးစွာ ပွင့်လင်းရိုးစင်းသည့် ဆက်ဆံရေးများနှင့် နေသွားချင်သည်။ အခုတော့ သူမဆုံးဖြတ်ချက်တွေ မှန်ကန်ပါရဲ့လား။

သူမကို ကယ်တင်မည့် စံမင်းညိုလည်း အနားမှာမရှိ။

သတိရအောက်မေ့မိတယ် စံမင်းညို။ နင်သာ ငါ့အနားမှာရှိရင် ငါ ဒီလိုတွေ ဆုံးဖြတ်ဖြစ်ချင်မှ ဆုံးဖြတ်ဖြစ်မှာပါ။

နင်က ငါ့ရဲ့ရည်းစားဦးလေးပဲလေ။

✤ ✤ ✤



## အခန်း (၅)

''လက်ခံလိုက်ပြီဆိုတော့ ဒီကိစ္စကို စီစဉ်ရတော့မှာပေါ့၊ ဖုန်းတစ်ချက်ဆီဆက်လိုက်တာနဲ့ ကိုယ်ဘာမှ လိုက်လုပ်စရာမလိုဘဲ အဆင်ပြေသွားမှာပါ။ ဟိုတယ်ခန်းမတွေလည်း ကြိုပြီးဒိတ်ယူနေစရာမလိုဘူး။ ကိုယ်ပိုင်တဲ့ ဟိုတယ်တွေမှာ ကြိုက်တဲ့နေ့လုပ်လို့ရတယ်၊ မင်္ဂလာဝတ်စုံအတွက် သားတို့ကြိုက်တဲ့နိုင်ငံမှာသွားဝယ်''

''လက်ဖွဲ့မှာတွေက အားလုံးအဆင်သင့်ဖြစ်ပြီးသားပဲ၊ ကိုကျော်မောင် ခင်ဗျားတို့ ဒီတစ်ပတ်အတွင်း အိမ်ပြောင်းဖို့လုပ်၊ ခင်ဗျားမိန်းမနဲ့ ကျန်တဲ့ကလေးတွေအတွက် ရွှေတစ်ဆင်စာဆီလည်း ပေးလိုက်မယ်၊ ကားကတော့ ဒီနေ့ညနေအပြန် ဂိုထောင်ထဲကထုတ်ပြီး တစ်ခါတည်းမောင်းသွား၊ ဒီအိမ်မှာ လိုသလိုမောင်းနေတာဆိုတော့ ခင်ဗျားမောင်းတတ်တယ် မဟုတ်လား''

''ဟုတ်. . . ဟုတ်ကဲ့ သာဓုမင်း''

ဦးကျော်မောင် ဘာပြောရမှန်းမသိဘဲ ဝမ်းသာလုံးဆို့ကာ စီးသော်လုပ်ရှား တုန်ယင်နေသည်။ သမီးကြောင့် အချိန်တိုအတွင်းမှာပင် ဘဝကပြောင်းလဲရတော့မည် မဟုတ်ပါလား။

ထည်ဝါခံ့ညားက အားလုံးရဲ့မျက်နှာကို ဝေ့ဝဲကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"သားကတော့ ဘယ်မိဘနဲ့မှအတူမနေဖို့ ဆုံးဖြတ်ထားပါတယ် ဖေဖေ၊ သားအတွက် ဝယ်ပေးထားတဲ့အိမ်မှာ မင်္ဂလာအိပ်ရာ အခန်းအနား ပြင်ဆင်ပြီး အဲဒီအိမ်မှာနေပါမယ်"

"ဩော် ... သားက အဲလိုနေမယ်ဆိုရင် မိန်းကလေးက မေမေတို့နဲ့ အနေစိမ်းမသွားနိုင်ဘူးလား"

"အဲလို မဖြစ်အောင်တော့ အဝင်အထွက်ရှိနေမှာပါ၊ လွတ်လွတ်လပ်လပ်ဖြစ်ချင်လို့ပါ၊ သူ့အနေနဲ့လည်း အနေကျဉ်းကျပ်တာမျိုးမဖြစ်စေချင်ဘူး"

"သွားလာနေထိုင်မှုတော့ ဆင်ခြင်ရမှာ မမေ့နဲ့နော်၊ အဲဒီကိစ္စကို သျှင်မင်းအိမ်ကိုလည်း သင်ပေးထားမှုဖြစ်မယ်၊ ဖေဖေတို့ အသိုက်အဝန်းက အပြောလွတ်အောင်နေရတော့ အနေကျဉ်းကျပ်မှုတွေရှိတာ သျှင်မင်းအိမ် နားလည်ထားဖို့လိုတယ်"

"အဲဒါ အန်ကယ် နည်းနည်းပြောပြထားပေးပါ အန်ကယ်၊ လက်ထပ်ပြီးမှဆိုရင် သူ့ကိုချုပ်ချယ်တယ်ဖြစ်မှာစိုးလို့ပါ"

ထည်ဝါခံ့ညားပြောတော့ ဦးကျော်မောင် ပျာပျာသလဲခေါင်းညိတ်ရသည်။

"ဟုတ်ကဲ့ သဌေးလေး။ သမီးကိုပြောပြထားပါ့မယ်၊ တကယ်လို့ သမီးမလိမ္မာတာရှိရင်လည်း ကျွန်တော့်ကို အချိန်မရွေးပြောပါ၊ ကျွန်တော် အချိန်မရွေးဆုံးမပေးပါ့မယ်"

"အဲလောက်လည်း မလိုပါဘူး ကိုကျော်မောင်ရယ်၊ သျှင်မင်းအိမ်က လိမ္မာပြီးသားလို့ထင်ပါတယ်၊ အခု အထည်ချုပ်စက်ရုံမှာလုပ်နေတာမဟုတ်လား"

"ဟုတ်ကဲ့ သမီးရဲ့လစာက အိမ်လခနဲ့ သူ့အမေဆေးဖိုးဝါးခအတွက် အထောက်အပံ့ဖြစ်ပါတယ်၊ သူ့အမေက သွေးဆုံးမီးယပ်ကိုင်ချင်နေတာဆိုတော့ ကျန်းမာရေးက ချူချာချင်တယ်လေ၊ အဲဒါကြောင့် အိမ်



အလုပ်တွေလည်း ကူလုပ်ပေးရှာပါတယ်၊ မိသားစုအပေါ်တော့ တော်တော်သိတတ်တဲ့ သမီးလေးပါ"

"ကိုကျော်မောင်သမီးမို့လည်း ကျွန်မတို့ အသိုက်အဝန်းထဲ ဝင်ဆန့်အောင်လုပ်လိုက်တာပဲ ကိုကျော်မောင်ရေ၊ ကျွန်မတို့အတွက် ယုံကြည်ရတဲ့ လူလိုအပ်တယ်၊ အသိုက်အဝန်းတူရွေးလိုက်တာ သားကြီးကတည်းက နောင်တရသွားတယ်၊ တော်တော်လေး တိုက်ခိုက်ခံခဲ့ရတာလေ၊ အခု သမီးလတ်ယောက်ျားကလည်း ဘာထူးလဲ၊ အိမ်ထောင်ရေး မတည်ငြိမ်ဘူး၊ ဟိုအကြောင်းကြား၊ ဒီအကြောင်းကြားရနဲ့ ပြောပြန်ရင်လည်း ကိုယ့်ဘက်ကို ပြန်ပုတ်ခတ်ဦးမယ်၊ သမီးလတ်ကလည်း မိဘအရှိန်အဝါလေးနဲ့ဆိုတော့၊ ဟိုဘက်မိဘကို အရှိအသေမရှိဘူးလေ၊ အဲဒါကြောင့် သျှင်မင်းအိမ်ကိုတော့ အဲလိုမဖြစ်လောက်ဘူးလားလို့ သားနဲ့တိုင်ပင်ပြီး ကျွန်မကိုယ်တိုင်ရွေးချယ်လိုက်တာပါ"

"ဟုတ်ကဲ့၊ သူဌေးကတော်တို့ စိတ်တိုင်းကျဖြစ်လာမှာပါ၊ အဆင်မပြေတာရှိရင်"

ဦးကျော်မောင်စကားကို ဦးအံ့မင်းက လက်ကာပြလျက်

"အလိုက်အထိုက်နေတတ်ရင် အဆင်မပြေစရာမရှိပါဘူး၊ ဒီအသိုက်အဝန်းထဲဝင်တော့မယ်ဆိုရင် ကျိုးနွံမှုနဲ့ သဟဇာတဖြစ်အောင် နေတတ်မှရမယ်"

"ဟုတ်ကဲ့"

"တစ်ခုသတိထားရမှာက မိသားစုအိမ်တွင်းရေးကိစ္စတွေမှာ ဝင်မစွက်ဖက်ဖို့ပဲ၊ ပွဲတက်မယားဖြစ်ဖို့ အရည်အချင်းလည်း လိုတယ်၊ သျှင်မင်းအိမ်ကို သားလက်ထပ်လိုက်တဲ့အပေါ်မှာ အကောင်းအဆိုး ဘယ်လိုဝေဖန်မှုတွေ ထွက်လာမယ်ဆိုတာ မပြောတတ်ဘူး၊ အဓိကက သျှင်မင်းအိမ် နှုတ်ဆိတ်နေတတ်ဖို့ပါ"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာပွဲမလုပ်ခင် သျှင်မင်းအိမ်ကို ဒီအိမ်ကိုလာပြီး ဂါရဝပြု နိုင်းပါ၊ မင်္ဂလာကိစ္စလုပ်စရာရှိတာတွေလည်း လုပ်ရမယ်"

"ဟုတ်ကဲ့"

တစ်ယောက်တစ်ပေါက် အမိန့်ဆန်ဆန်ပြောနေသမျှ ဦးကျော်မောင် ဟုတ်ကဲ့လိုက်ရင်း သမီးအတွက် ရင်လေးနေမိသည်။ သမီးက သိမ်ငယ်မှုတွေနှင့် ကျိုးနွံ့စွာနေရမှာကို ကြောက်လန့်နေတာ။

အဆင်မှပြေပါ့မလား။

ဖြည့်ဆည်းထောက်ပံ့တာတွေများသည့်အတွက် ဒီလောက်တော့ ပြန်ပေးဆပ်ရတော့မှာပါ။ သမီးကိုတော့ နားလည်စေချင်သည်။

အသိုက်အဝန်းကြီးထဲကိုဝင်လျှင် မျက်နှာရိပ် မျက်နှာကဲကြည့်ပြီး နေတတ်ပါမှ။

ဟူး ... ဒီအကြောင်းတွေ သမီးကို ဘယ်လိုပြန်ပြောရပါ့။

✤ ✤ ✤



# အခန်း (၆)

"ဘာ... သူတို့က ဒီလိုပြောလိုက်တယ်။ အဲဒါသူတို့လူပါးဝလွန်း ...မဟုတ်ဘူးလား အဖေ၊ သမီးဘဝကို သူတို့သဘောအတိုင်း"

"အသိုက်အဝန်းကွာတယ်လေ သမီးရယ်၊ သဟဇာတဖြစ် ...အောင်နေတတ်စေချင်လို့ သူတို့ပြောလိုက်တာပါ၊ အဖေ့သမီးက အစိမ်း ...က်သက်ဝင်လာမှာဆိုတော့၊ သမီးကို သင်ယူစေချင်တဲ့သဘောပါပဲ၊ ...ခြားဆိုးဆိုးဝါးဝါး "

"အဖေ ဒီလောက်ပြောနေတည်းက ဘယ်လိုလေသံလည်းဆို ...ာ ခန့်မှန်းမိပါတယ်အဖေ၊ သမီးစိတ်ပြောင်းသွားမှာကိုစိုးရိမ်ပြီး အဖေ ...သိမ့်မနေပါနဲ့၊ ခက်ခက်ခဲခဲဆုံးဖြတ်ချက်ချပြီးမှတော့ ဘာအကြောင်းနဲ့မှ ...မီးမပြင်တော့ပါဘူး ဖေဖေ၊ သူ့ကို သမီးလက်ထပ်မှာပါ"

"အင်း"

ထိုသို့ ကတိပေးမှ ဦးကျော်မောင် သက်ပြင်းချနိုင်သည်။ ...ါအေးခင်လည်း အခုမှ သက်မမောကြီးချနိုင်ကာ

"အခြေအနေတွေက အရမ်းကွာဟလွန်းနေတော့ ကိုယ်ဘက် ...ာ သည်းခံပေးရတာတွေရှိမှာပဲ၊ သမီးက နားလည်ပေးပါကွယ်၊ လင်ရယ် ...ယားရယ် အိမ်ထောင်တစ်ခုဖြစ်လာရင်တော့ နှိမ့်ချတာတွေ အနိုင်

www.burmeseclassic.com



ကျင့်တာတွေတော့ ရှိမှာမဟုတ်တော့ပါဘူး၊ မတတ်သာလို့ အရှုံး ရမယ်ဆိုလည်း တန်တယ်လို့တွေးပါနော် သမီး''

''ဘဝတစ်ခုလုံးပေးရမှာကို တန်တယ်လို့ပြောနေတာလ အမေ၊ သူတို့က သူတို့ စီးပွားရေးအောင်မြင်မှုတွေအတွက် အသုံး သမီးကို လက်ထပ်တာပါ''

''ဘာပဲဖြစ်ဖြစ် အမေတို့မိသားစုဘဝကတော့ ချက်ချင်း ပြောင်းလဲသွားတာပဲ မဟုတ်လား၊ သမီး ညကညဥ့်နက်မှ သမီးအ ကားမောင်းပြီး ယူလာတယ်၊ အခုအိမ်အပြင် ခြံဝင်းရှေ့မှာ ကားကြီး ထားတာ၊ ဟိုလူကြည့် ဒီလူကြည့်နဲ့ တအံ့တသြတွေဖြစ် ချီးကျူးနေ တယ်၊ သျှင်မင်းအိမ် ကံကောင်းလိုက်တာတဲ့''

''တချို့က ငွေမက်တယ်၊ သူဌေးရဲ့ ဘယ်နှယောက်မြော မယားလည်း မသိဘူးလို့ ကဲ့ရဲ့နေကြတာရော အမေကြားရဲ့လား၊ သ ကတော့ ရှက်စိတ်ပဲဝင်မိတယ်အမေ၊ ဒီရပ်ကွက်လေးကို သမီးက တယ်၊ ဒီရပ်ကွက်က လူတွေကလည်း အေးအေးချမ်းချမ်း ရိုးရိုးသားသ နေတတ်ကြတယ်ဆိုပြီး အားလုံးက သမီးတို့ကိုချစ်ခင်နေကြတာပါ၊ ဟို တွေကို ပိုက်ဆံဘယ်လောက်ရှိတယ်ပြောပြော မရိုးသားဘူးထင်လို့ သူ အထင်မကြီးကြပါဘူး''

သမီးစကားတွေ နားထောင်ပြီး ဦးကျော်မောင် လေးပင် ခေါင်းညိတ်ပြီး

''ချီးမွမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်၊ နောက်ရက်တွေဆို အဖေ ဒီအိမ်ကနေပြောင်းကြတော့မှာပဲ၊ ပတ်ဝန်းကျင်အသစ်မှာ အဖေတို့နေသ ကျသွားရင်၊ ကျန်တာတွေ မေ့သွားမှာပါ သမီး''

''ဟင့်အင်း . . . သမီးကတော့ ဒီရပ်ကွက်လေးကို ဘယ်တော မမေ့ပါဘူး အဖေ၊ သမီးပြည့်စုံချမ်းသာရင် ဒီရပ်ကွက်လေးကို အမြဲတ ကုသိုလ်ဒါနတွေ လာလုပ်မှာပါ၊ သမီးတို့ သူဌေးအိမ်ကနေ ထွက်



ကတည်းက ဒီရပ်ကွက်လေးမှာနေခဲ့ကြတာမဟုတ်လား။ မွေးဖွားရာအရပ် မဟုတ်ပေမယ့် လုံခြုံမှုတွေနဲ့ နေပျော်ခဲ့တဲ့ ရပ်ရွာလေးပါ''

''အင်း . . . အဖေတို့လည်း မခွဲခွာချင်ပါဘူးသမီး၊ ဒါပေမဲ့ သူတို့ အဆင့်အတန်းနဲ့ညီမျှအောင် သူတို့ထားတဲ့နေရာမှာ နေရမှာပေါ့ကွယ်''

အဖေနဲ့ အမေလည်း စိတ်မကောင်းဖြစ်နေတာတော့ သေချာသည်။ တကယ်ဖြစ်လာပြီဆိုတော့ သူမရင်ထဲလည်း မကောင်းပေ။

''သျှင်မင်း . . . သျှင်မင်းရေ အလုပ်မဆင်းဘူးလားဟဲ့''

''သန္တာရေ ငါလိုက်မှာဟေ့''

အိမ်ထဲဝင်လာသော သန္တာလွင်ကို အော်ပြောရင်း သျှင်မင်းအိမ် ထရပ်လိုက်သည်။ သျှင်မင်းအိမ်က ထမင်းချိုင့်လေးကို ဆွဲခြင်းထဲထည့်တော့

''ဘာလို့ အလုပ်ဆင်းတော့မှာလဲ သမီး၊ အမေတို့ပြောင်းဖို့ ရွှေ့ဖို့ လုပ်ရမယ်လေ၊ ထည်ဝါခံ့ညားမိဘတွေကို သွားတွေ့ရမှာ သမီး''

''ကြိုမှသိမထားတာ၊ စက်ရုံမှာ ခွင့်မယူရသေးဘူးအမေ၊ ပြီး တော့ လစာထုတ်ဖို့က နှစ်ရက်လောက်ပဲလိုတော့တယ်၊ အဲဒီရက်ထိပြည့် အောင်ဆင်းပြီး လစာထုတ်ရဦးမှာပေါ့၊ တစ်သိန်းဆိုတဲ့ငွေကနည်းလား''

''ဩော် . . . သမီးရယ်၊ သူတို့ ငြိုငြင်နေပါဦးမယ်၊ အဲဒီတစ်သိန်း ကို မက်မနေပါနဲ့တော့၊ သူတို့က ဒီထက်မကတဲ့ ပြည့်စုံမှုတွေပေးနေတာပဲ''

''အဲဒါတွေက သမီးတို့ရဲ့ကိုယ်ပိုင် ဟုတ်မဟုတ်ဆိုတာ မသေချာ ဘူး၊ ဒီငွေတစ်သိန်းက သမီးသွေးနဲ့ ချွေးနဲ့ရင်းထားလို့ရတဲ့ငွေပါ၊ ပိုပြီး တန်ဖိုးထားပါတယ်''

အဖေနှင့် အမေ သူမကို ဘာမှဆက်မပြောတော့။ ခြင်းလေးကို ဆွဲ၍ ထွက်လာခဲ့သည်။ သန္တာလွင်က အိမ်ရှေ့မှာရပ်ထားသော ကား ကြီးကိုကြည့်ကာ တအံ့တသြ။

''သျှင်မင်း . . . နင်တို့အိမ်ရှေ့မှာ ကားကြီးရပ်ထားတော့ ညီသည် ရောက်နေတယ်ထင်တာ၊ သူများတွေပြောနေကြတာ ဟုတ်လားဟဲ့၊

www.burmeseclassic.com

www.burmeseclassic.com



နင်ကိုလက်ထပ်မယ်ပြောတဲ့လူတွေက ပေးလိုက်တာဆို''

''အင်း''

''နင် ငါ့ကိုဘာမှလည်း ပြောမပြပါဘူး''

''ငါလည်း အဲလောက်မြန်မယ်တောင် မထင်ဘူး၊ အဖေ(က) မနက်ပိုင်းကမှ လက်ခံတဲ့အကြောင်းပြောလိုက်တာ၊ ညကတော့ အဖေ(...) ကားပါလာတာပဲ၊ ဒီတစ်ပတ်အတွင်း အိမ်လည်းရွှေ့ရမယ်တဲ့''

''ဟယ်... တကယ်၊ အဲလောက်မြန်မြန်ဆန်ဆန်ကြီးဆိုတော့ လည်း စိတ်မကောင်းလိုက်တာ၊ နင်တို့ ချမ်းသာတော့မှာကိုတော့ ဝမ်းသာ(...) ပါတယ် ဒါပေမဲ့''

''ငါလည်း တကယ်စိတ်မကောင်းဘူး သန္တာ၊ ငါချစ်တဲ့သူ(...) လက်ထပ်ရင် ဒီလိုဖြစ်ချင်မှဖြစ်မှာ၊ အခုငါ့အိမ်ထောင်ရေးက အဝယ်ခံလိုက်(...) ရတာ၊ မိသားစုအတွက် ငါ့ဘဝကို ရင်းလိုက်ရတဲ့ လက်ထပ်ပွဲကြီးပါ သန္တာ၊ ပကာသနထည်ဝါမှုတွေကြားထဲမှာ ငါမွန်းကျပ်ရတော့မှာ ပြီးတော့''

''စံမင်းညံ့ကို သတိရလို့မဟုတ်လား သျှင်မင်း''

သျှင်မင်းအိမ် ဖြည်းလေးစွာ ခေါင်းညိတ်မိရင်း အဖြူရောင်လွှ(...) နေသော ကားကြီးကို မကျေမချမ်းဒုန်းခနဲ ထုပစ်လိုက်သည်။ သန္တာက(...) သူမလက်ကို ဆွဲခေါ်လာကာ

''နင်ခံစားနေရမယ်ဆိုတာ စာနာမိပါတယ်၊ ဒါပေမဲ့ စိတ်တွေက(...) လျှော့လိုက်ပါတော့ဟာ၊ နင်ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချပြီး(...) မဟုတ်လား၊ ဖယ်ရီကား မမီဘဲနေမယ်၊ မြန်မြန်လျှောက်ရအောင်''

ဖယ်ရီကားမမီလျှင် လိုင်းကားတိုးစီးရမှာမို့ ခပ်သွက်သွက်လျှောက်(...) ခဲ့ကြသည်။ လိုင်းကားတိုးစီးရလျှင် ငါးပိသိပ် ငါးချဉ်သိပ်မို့ မသက်သာ(...)

''ဟယ် ... ဟယ် တို့ဖယ်ရီကားထွက်သွားပြီ၊ အော်ပါဦးဟ(...) လူကျန်ခဲ့သေးတယ်လို့''

''အော်နေလို့ ကားသမားက ဘယ်ချိန်တုန်းကရပ်ပေးဖူးလို့(...)



(...)နောက်စက်ရုံအတွက် တစ်ခေါက်ကြိုရဦးမှာဆိုပြီး ဖွတ်မောင်းပြေးတာ၊ (...)ာလာ ပြေးလိုက်ကြည့်ရအောင်၊ မီလိုမီငြား''

''ကားက အကွေ့ကနေလို့မို့ထွက်နေတုန်းမို့ ကသုတ်ကရက်(...) ပြေးလိုက်ကြသည်။ ကားသမားက ပြေးလိုက်လာတာ မမြင်လို့ဘဲလား၊ (...)သိဘဲ မောင်းပြေးသွားသည်။

မထူးတော့။ လိုင်းကားပဲ တိုးစီးရတော့မည်။

''စိတ်ရှုပ်လိုက်တာဟယ်၊ ကားတွေကလည်း ကျပ်ညပ်နေတာ(...) ယောကျ်ားလေးတွေတောင် ခြေနင်းခုံမှာ တွယ်စီးနေကြတာ၊ ငါတို့ (...)ယ်လိုလုပ်မလဲ''

''အလုပ်မဆင်းရင် ဘောနပ်စ်ပြတ်လိမ့်မယ်၊ လစာထုတ်ခါနီးမှ ဘောနပ်စ်ပြတ်လို့ကတော့ အိမ်ကခေါင်းနဲ့ ဆင်းရလိမ့်မယ်၊ ဘောနပ်စ်က ငါတို့အသက်လေ၊ ရတော့သာ တစ်နေ့လုပ်ခက သုံးထောင်မပြည့်ဘူး၊ တစ်နေ့ရက်ပျက်တော့ သောင်းချီပြီး အဖြတ်ခံရတာ''

''မတတ်နိုင်ဘူးရသလို တွယ်စီးကြတာပေါ့''

သူမနှင့် သန္တာ ဆုံးဖြတ်ချက်ချ၍ ကားတွေတစ်စီးပြီး တစ်စီး တိုးဝှေ့တက်နေကြသော်လည်း မရကြ။ နောက်မှသန္တာလွင် ကားပေါ် ခြေတစ်ဖက်ချမိချိန်မှာ

''အမယ်လေး''

''ဟဲ့ ... သျှင်မင်း''

လူတစ်ယောက် ဆောင့်ဆွဲတာခံလိုက်ရ၍ သျှင်မင်းအိမ် လန့်(...) ချပ်သွားသလို၊ သန္တာလွင်က ကားပေါ်မှာတိုးလိုးတန်းလန်းပါသွားသည်။

''ဟင် ... ရှင် ... ရှင် ဒါဘာလုပ်တာလဲ'

''မင်းကသာ ဘာလုပ်နေတာလဲ၊ လာ ကားပေါ်တက်''

အနက်ရောင်တောက်ပြောင်နေသောကားကြီးပေါ် သူမကိုယ်(...) လေး ဆောင့်ခနဲပစ်ကျသွားသည်။ ကားကြီးက ထိုနေရာကနေ လှစ်ခနဲ

www.burmeseclassic.com

www.burmeseclassic.com



မောင်းထွက်လာ၏။

''ရှင်. . . ရှင်''

သူမ အခုမှမှတ်မိသွားသည်။ ဟိုနေ့က သူမတို့ဖယ်ရီကားပေါ်က နေမြင်လိုက်သည့်လူ။ ပြီးတော့ ဂျာနယ်ထဲက

''ကိုယ် ထည်ဝါခိုင်ညား''

''သိပြီ၊ ရှင်ဒါဘာလုပ်တာလဲ၊ ကျွန်မကို ဘာလို့ ပိုင်စိုးပိုင်နင်း ဒီပုံစံမျိုးလုပ်တာလဲ''

ဆတ်ဆတ်ခါအောင် အော်ပစ်လိုက်တော့ ကားမောင်းနေရင်းနှင့် ထည်ဝါခိုင်ညား တစ်ချက်ခပ်တင်းတင်းလှည့်ကြည့်လာကာ

''မင်းအသံတိုးလို့မရဘူးလား။ ဘာလို့ကျယ်ကျယ်လောင်လောင် ပြောတာလဲ''

''ဒီလိုလုပ်ခံရလို့ ဒေါသဖြစ်နေတာ၊ အသံတိုးလို့ရပါ့မလား။ အဲဒီကားမှတ်တိုင်မှာ ကျွန်မတို့ရပ်ကွက်က လူတွေကြီးပဲ၊ ကျွန်မကို ဘယ်လိုထင်သွားကြမလဲ''

''မင်း အဲလိုစဉ်းစားတတ်ရင် ငါ့ရဲ့ဖနီးလောင်းဖြစ်တဲ့မင်းက လိုင်းကားတိုးစီးပြီး စက်ရုံဆင်းတာ မဖြစ်သင့်ဘူးဆိုတာ မင်းမတွေးမိဘူးလား''

''ရှင်နဲ့ ကျွန်မ လက်မှမထပ်ရသေးတာ၊ ဒီအတောအတွင်းက ကျွန်မရဲ့လွတ်လပ်ခွင့်ပဲ၊ ကျွန်မ လစာထုတ်ဖို့ နှစ်ရပ်ပဲလိုတော့တယ်၊ ရက်ပြည့်အောင်ဆင်းပြီး လစာထုတ်ရင် တစ်သိန်းတောင်ရမှာ''

''မင်း သိန်းတစ်ထောင်လိုချင်လား၊ ငါ အခုပေးလိုက်မယ်''

''ဘာ''

မာနကြောင့် သူမကိုယ်လေး ဆတ်ခနဲခါသွား၏။ အမှတ်တမဲ့ ဖယ်ရီကားပေါ်က မြင်လိုက်ရစဉ်က ကြည့်ကောင်းသည်ဟု ထင်ရသော ထည်ဝါခိုင်ညားမျက်နှာကို သူမကုတ်ဆွဲပစ်ချင်လှသည်။





''ရှင့်ကား အခုရပ်၊ ကျွန်မဆင်းမယ်''

''ငါ့မိဘတွေကို လာတွေ့ရမယ်ဆိုတာ၊ မင်းအဖေ မင်းကိုမပြောဘူးလား''

''ခုက အဖေအိမ်ပြန်နောက်ကျလို့ အခုမနက်မှပြောတာ၊ စက်ရုံကို ကျွန်မခွင့်မတိုင်ရသေးဘူး''

''ငါ စက်ရုံကို ဖုန်းဆက်ပြောလိုက်မယ်''

''ဖုန်းဆက်ပြောလည်း အလုပ်မဆင်းရင် ဘောနပ်စ်ပြုတ်မှာ၊ ဖြစ်ဘူး ကျွန်မအလုပ်ဆင်းမှာ''

''ကျွတ်. . . မင်းဘာလို့ ခေါင်းမာတာလဲ၊ မင်းတစ်လလုံး အလုပ်ဆင်းလို့ရတဲ့ လစာက ငါဘရိတ်ဖတ်စ်စားတဲ့ အဖိုးအခတောင်မလောက်ဘူး၊ မင်းဘယ်လောက်လိုချင်လဲလို့ ငါမေးနေတယ်''

''ကျွန်မ ရှင်တို့လိုအချောင်သမား အခွင့်အရေးသမားမဟုတ်ဘူး''

''ဘာ''

''ရှင်တို့လိုလူမျိုးတွေက သူများဆီက အမြတ်ကြီးစား ဂုတ်သွေးစုတ်၊ အခွင့်အရေးတွေကောင်းကောင်းယူပြီး သုံးဖြုန်းနေပေမယ့် ကျွန်မကတော့ ကိုယ့်သွေးနဲ့ချွေးနဲ့ရှာထားတဲ့ငွေကိုပဲ တန်ဖိုးထားတယ်''

''ကျွိ''

ကားလေးကို လမ်းဘေးမှာ ကျွီခနဲ ထိုးရပ်ပစ်လိုက်ပြီး အသံကျယ်ကျယ်နှင့် ခပ်စွာစွာရန်တွေ့ကောင်းနေသော သျှင်မင်းအိမ်ကို ရှူးစိမ်းနေအောင် မျက်မှောင်ကြုတ်၍ ကြည့်မိကာ

ငယ်ငယ်က ငါ့ိုအောင်စနောက်ခဲ့သည့်ကောင်မလေးလို့ ကရုဏာသက်ခဲ့သမျှ အခုတော့ စိတ်တော်တော်လေးဆိုးသွားသည်။

''သျှင်မင်းအိမ်''

သူ့ရဲ့ ခပ်ဆတ်ဆတ်ခေါ်သံကို သျှင်မင်းအိမ်က စိမ်းသော်စွာပင် မျက်လုံးပင့်၍ တုံ့ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



''မင်းကို မင်းအဖေ ဘာမှပြောပြမထားဘူးလား''

''ဘာလဲ''

''ငါတို့ကို ဘယ်လိုဆက်ဆံရမယ်ဆိုတာလေ''

''အမြဲတမ်းကျိုးနွံခယမယ့် ကျွန်တစ်ယောက် ဝယ်တာလား ပွဲတက်မယားဖြစ်ဖို့ ဖနီးမယားလိုချင်တာလား၊ ရှင်အရင်ရှင်းအောင်ပြော ကြည့်ပါလား၊ ကိုထည်ဝါခဲ့ညား၊ စရိုက်မတူလို့ သဟဇာတမဖြစ်နိုင်ရင် နောက်ဆုတ်ဖို့ အချိန်မီသေးတယ်''

''တောက်''

ဒီလိုအတန်းအစားမျိုးက ဒီလိုအပြောခံရတာ၊ ရင်ထဲဆတ်ဆတ် ခါသွားသည်။ ဒီကောင်မလေးမှာ ဒီလိုမာကျောသည့် အဆိပ်တွေရှိ မည် မထင်မိ။ နှုတ်ခမ်းဖူးဖူး မျက်လုံးစူးစူးလေးဖြင့် ငယ်ငယ်ကလိုတော ငိုတတ်ပါဦးမလား။

အခု သူတက်ခေါက်လိုက်တာကို မကျေမနပ်မျက်စောင်းဝင့်က

''ကျွန်မကို ရှင်အာဏာရှင်ဆန်ဆန် ဆက်ဆံမယ်ဆိုရင် ရှင်ရဲ့ ဖနီးမယားအဖြစ် ကျွန်မ မနေနိုင်ဘူး ကြိုပြောထားတာ၊ ငွေနဲ့အဝယ်ခံရ ပေမယ့် ဘဝတစ်ခုလုံးကိုတော့ အသုံးချမခံနိုင်ဘူး''

သူမရဲ့မာကျောခြင်းတွေက ပြင်းထန်လွန်း၍ သူဘာပြောရမှန်း ပင် မသိတော့။ ရန်တွေကောင်းသောနှုတ်ခမ်းဖူးဖူးလေးက ရဲစိုအိထွေးနေ တာကြောင့် ဒေါသထွက်ဖို့ မေ့လျော့ကာ ကြည့်ကောင်းကောင်းနှင့် ကြည့် နေလိုက်သည်။

''ရှင်ဘာကြည့်တာလဲ''

''မင်းချစ်စရာကောင်းလို့ပါ''

''ဘာ''

သူမ မျက်နှာချာခနဲ တစ်ဖက်လှည့်ပစ်လိုက်သည်။ ပေါ့ပျက် ပျက်ပြောထွက်တာကို သူမမုန်းသည်။





မိန်းကလေးပေါင်းများစွာကို အလွယ်ပြောထွက်တတ်သော ထည်ဝါခဲ့ညား နှုတ်ခမ်းများက မထိတရီ။ မျက်ဝန်းက ညို့ရီသည်ဟု ထင်ရပေမယ့် အလေးအနက်မရှိခြင်းက အမြင်ကတ်စရာပါ။ သူမကား တံခါးကိုဆွဲဖွင့်တော့ လုံးဝဖွင့်လို့မရ။

''ဘာလုပ်မလို့လဲ''

''ဒီကနေပဲ စက်ရုံကိုလမ်းလျှောက်သွားတော့မယ်၊ ကျွန်မ အလုပ် ပျက်လို့မဖြစ်ဘူး''

''အခုချိန်ကစပြီး မင်းသဘောအတိုင်း မင်းဘာမှလုပ်လို့မရ တော့ဘူး သျှင်မင်းအိမ်၊ ငါတို့အသိုက်အဝန်းထဲမှာ ဝင်ဆံ့ဖို့အတွက် မင်းရဲ့ မရှိမာနတွေ၊ မခံချင်စိတ်တွေ ခံပြင်းစိတ်တွေအားလုံး၊ ဘယ်အကြောင်းအရာ ကြောင့်ပဲဖြစ်ဖြစ် ထုတ်ဖော်ခွင့်မရှိတော့ဘူး။ မင်းဟန်ဆောင်တတ်ရမယ်၊ မျိုသိပ်တတ်ရမယ်၊ သည်းမခံနိုင်တော့ရင် လူမသိအောင် ငယ်ငယ်ကလို ငိုလို့ရတယ်''

''ဘယ်တော့မှ မငိုဘူး။ အဲဒီလို သူများအနိုင်ကျင့်လို့ ငိုခဲ့ရတာ ကို မုန်းလွန်းလို့ ဘယ်တော့မှ မငိုတတ်တော့အောင် လေ့ကျင့်ထားတယ်''

''ဩော်ဟုတ်လား၊ ကိုယ်က မင်းငိုတာလေးကို ပြန်အမှတ်ရနေ တာ၊ အေးလေ ချစ်စရာကောင်းတဲ့ အပျိုရွယ်လေးဖြစ်လာပြီဆိုတော့ လည်း ဘယ်ငိုတတ်ပါ့တော့မလဲ၊ ဒါပေမဲ့ ဟန်ဆောင်မျိုသိပ်တဲ့ အတတ် ပညာတွေတော့ မင်းတတ်လောက်ပါတယ်၊ ပြီးတော့ ကိုယ်တစ်ခု သတိ ပေးချင်တယ်၊ မင်းဘယ်တော့မှ ကိုယ့်ကိုစိန်မခေါ်ပါနဲ့၊ ကိုယ်က စိန်ခေါ်ရင် အရှုံးတိုက်တတ်တဲ့ အကျင့်ရှိတယ်၊ စိန်ခေါ်ခံရရင် နိုင်အောင်လုပ်ပြချင်တဲ့ စိတ်လည်းပြင်းထန်တယ်၊ အဲဒါလေး မင်းနားလည်ထားရင် ကိုယ်တို့ အိမ်ထောင်ရေးက အေးအေးချမ်းချမ်းအဆင်ပြေပြေဖြစ်မှာပါ''

ဆုံးဖြတ်ထားပြီးသားကိစ္စတစ်ခုမှ မာနဖြင့် စောဒကတက်နေ လည်း ပဋိပက္ခဖြစ်ရုံပဲရှိပေလိမ့်မည်။ စိတ်ကိုလျှော့ကာ ဒေါသဖြင့် တုံပြန်နေ



www.burmeseclassic.com

www.burmeseclassic.com



လျှင် နောက်ကမိသားစုအားလုံးက ကစဉ့်ကလျားဖြစ်ရုံပဲရှိတော့မှာပါ။

သူမ မျက်လုံးကို စုံမှိတ်၍ စိတ်ကိုဖြည်းဖြည်းချင်း ဖြေလျှော့နေရသည်။ သူမဆန္ဒကို သူ့ကိုသိသင့်သလောက် အသိပေးပြီးပြီမို့ သူလည်းနားလည်ချင် နားလည်ပေလိမ့်မည်။

မျက်လုံးကိုစုံမှိတ်ထားပါလျက် ကားမှန်တွေက ရောင်ပြန်ဟပ်ခြင်းလား၊ နေရဲ့အလင်းရောင်ကြောင့်လားမသိဘဲ၊ အရောင်တွေက တဖျပ်ဖျပ်နှင့်၊

✤ ✤ ✤



## အခန်း (၇)

"ဟင် . . . ဒါ . . . ဒါဘာလဲ"

ကားကို ထည်ဝါခံ့ညား ကုန်တိုက်ရှေ့မှာ ရပ်လိုက်တာကို သူမမသိလိုက်။ ကားပေါ်ကဆင်းတော့ သူမလက်ကို ကြင်ကြင်နာနာတမြတ်တနိုး ဆုပ်ကိုင်ပြီး ကုန်တိုက်ထဲကိုဝင်တော့ ပတ်ဝန်းကျင်အမြင်မှာရှုန်းရင်းဆန်ခတ် မဖြစ်အောင် ငြိမ်သက်စွာ လိုက်လာခဲ့ရသည်။

အခုဘာယ်က ကင်မရာသမားတွေ၊ ဂျာနယ်လစ်တွေလဲ။ ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်မှ သူမလန့်ဖျပ်သွားခဲ့တာ။

"ဣန္ဒြေမပျက်နဲ့နော်၊ ဘယ်ကသတင်းရလို့ ကိုယ့်နောက်လိုက်လာကြတာလည်း မသိဘူး။ ကိုယ်တို့သတင်းဆိုရင် အားလုံးကစိတ်ဝင်စားကြတယ်၊ ဂျာနယ်သမားတွေ လုပ်စားဖို့ ဖွလို့ကောင်းတာပေါ့၊ မျက်နှာကြီးစုပုတ်မထားနဲ့ ပြုံးပြုံးလေးနေ"

တိုးတိုးကြိတ်ကြိတ်သတိပေးရင်း၊ သူမ ပခုံးကို အခွင့်အရေးယူတာ ဖက်တွယ်လာသည်။ သူမမှာတော့ ထိတ်လန့်စိတ်လှုပ်ရှားခြင်းနှင့်အတူ ခြေဖျားလက်ဖျားများ အေးစက်ထုံကျဉ်လာသည်။

"မိန်းကလေးတစ်ယောက်နဲ့ ပေါ်ပေါ်တင်တင်တွဲခုတ်လာတာ၊ ဘယ်လိုသဘောပါလဲခင်ဗျာ၊ ဒီလိုမျိုးလူရှေ့ထုတ်ပြတဲ့ မိန်းကလေးမရှိလို့

www.burmeseclassic.com



နားလည်သွားအောင်ဖြေပေးပါ''

''ဒါ ကျွန်တော်လက်ထပ်မယ့် မိန်းကလေးပါ၊ ကျွန်တော်တို့ ချစ်ကြိုက်နေတာတော့ ကြာပါပြီ၊ သူက ကျွန်တော်တို့ အသိုက်အဝန်းထဲ မဝင်ရဲဘူးဆိုတာနဲ့ လက်ထပ်ဖို့ကြန့်ကြာနေတာပါ၊ ကျွန်တော့်မိဘတွေကလည်း သူ့ရဲ့မပြည့်စုံမှုတွေကို သနားကရုဏာဖြစ်ပြီး မြန်မြန်လက်ထပ်စေချင်နေတာ''

''ဩော် ... အဆင့်အတန်းမတူတာတောင် လက်ထပ်ဖို့ ရည်ရွယ်ထားတယ်ဆိုတော့၊ တော်တော်သဘောထားပြည့်ဝကြတာပဲ၊ မိန်းကလေးရဲ့မိသားစု ဘယ်လောက်ထိပံ့ပိုးမယ်လို့ ရည်ရွယ်ထားပါလဲ ခင်ဗျာ''

''ဒါကတော့ သူတို့မိသားစုလေးက ကျွန်တော်တို့နဲ့ ထပ်တူဖြစ်ရမှာပေါ့ခင်ဗျာ၊ မိသားစုနှစ်စုပေါင်းစည်းဖြစ်တယ်ဆိုတော့ အေးအတူပူအမျှပေါ့''

''ကောလာဟလတွေနဲ့ ပတ်သက်ပြီး ဘာပြောချင်ပါသေးလဲ''

''အခုလက်တွေ့ကို မြင်လိုက်ကြတဲ့အတွက်၊ ကောလာဟလတွေကို ဖြေရှင်းပြီးသားဖြစ်သွားလိမ့်မယ်လို့ ထင်ပါတယ်၊ ကျွန်တော်တို့မှာ ဘာပကာသန မောက်မာမှုမှမရှိပါဘူး၊ ဘယ်သူ့အပေါ်မှ အနိုင်ကျင့်စော်ကားဖူးတယ်ဆိုတာမျိုးလည်း မရှိပါဘူး၊ မနာလိုပြီး တိုက်ခိုက်ချင်တဲ့ လူတွေကြောင့်ဆိုတာ ရှင်းသွားပါလိမ့်မယ်''

''အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်''

''ဟုတ်ကဲ့၊ ကျွန်တော်ကလည်း ကျေးဇူးတင်ပါတယ်၊ ခွင့်ပြုပါဦးခင်ဗျာ၊ သူ့အတွက်လိုအပ်တာလေး ဝယ်ပေးစရာရှိလို့ပါ''

ဘာတွေလဲ။ သူ့ကို ဘာတွေမေးလို့ သူက ဘာတွေဖြေသွားတာလဲ။ ညွှန်ခံပွဲ၊ ပါတီပွဲလည်း မဟုတ်။ ရုပ်ရှင်ရိုက်နေတာလည်း မဟုတ်ဘဲ၊ ထည်ဝါခန့်ညားတို့က အဲလိုလူစိတ်ဝင်စားခံရသည့် အသိုက်အဝန်းမျိုးလား။

သူမ အခုထိ ခြေတုန်လက်တုန်ရှိနေဆဲ။

''လာလေ၊ ဘာလို့ တောင့်တောင့်ကြီးဖြစ်နေတာလဲ၊ မင်းဘာလိုအပ်လဲ ကြိုက်တာဝယ်''

''ဟင့်အင်း ... ကျွန်မ ဘာမှမလိုချင်ဘူး''

''မလိုချင်ပါဘူး။ မင်းကို ဒီပုံစံကြီးနဲ့ ငါက အိမ်ကိုခေါ်သွားရမှာလား၊ ဒီထဲမှာ အလှပြင်ဆိုင်လည်းရှိတယ်၊ လိုက်ဖက်တဲ့ အဝတ်အစားကိုဝတ်ပြီး၊ အရင်က သျှင်မင်းအိမ် မဟုတ်တော့ဘူးလို့ မင်းကိုယ်မင်းတွေးပါ''

''ရှင် ချက်ချင်းကြီး ကျွန်မကို ပုံစံပြောင်းမလို့လား နောက်မှ''

''မင်း အခုမတွေ့ဘူးလား၊ ငါတို့ဘာလုပ်လုပ် ပါပါရာဇီတွေက တန်းခနဲသိတာ၊ လူမြင်ကွင်းမှာ မိန်းကလေးတစ်ယောက်ကို တွဲခုတ်လာတာ သတင်းပြန့်သွားပြီ''

''အခု သူတို့မေးတာတွေကို ရှင့်အတွက်ဖြေတာလား၊ ကျွန်မအတွက် ဖြေပေးတာလား''

''အခုအဲဒါဆွေးနွေးရမယ့်အချိန်မဟုတ်ဘူး၊ အားလုံးငါတို့ကို စိတ်ဝင်တစားရှိနေကြတယ်၊ မျက်နှာပေါ်ကအပြုံးမပျောက်စေနဲ့ မင်းပခုံးကိုဖက်ထားတဲ့ ငါ့လက်တွေကို ဖယ်မချနဲ့၊ စူးစိမ်းနေတဲ့ မျက်လုံးတွေနဲ့ ငါ့ကိုမကြည့်နဲ့၊ ငါပြောခဲ့တဲ့ ဟန်ဆောင်မျိုသိပ်ခြင်းတွေကို ဒီနေရာမှာ ပညာကုန်အသုံးချ''

''ဗုဒ္ဓေါ''

သူမ ဘုရားပင်တမိသည်။ လူမြင်ကွင်းကြီးမှာ တိုးတိုးကြိတ်ကြိတ်သင်ရှနေရင်းက သူမပါးလေးကိုင် နားလေးကိုင်၊ ဆံပင်တွေကို မျက်နှာရှေ့မကျအောင် သပ်တင်ပေးရတာနှင့် တကယ်ကို ရုပ်ရှင်ရိုက်နေသလို ကြင်ကြင်နာနာပါ။ သူမနှုတ်ခမ်းကိုပဲ ဖိနမ်းလိုက်တော့မလားဟု





www.burmeseclassic.com

www.burmeseclassic.com



ရင်တွေလည်းခုန်။ တကယ့်ကို လက်တွေ့ကြီး ဟန်ဆောင်နိုင်းနေတော့တာပါလား။ အစတ်အစားတွေ တစ်ထည်ပြီးတစ်ထည် သူမကိုယ်မှာ ကပ်ကာရွေးပေးတော့၊ စိတ်ဝင်စားကာ ကြည့်နေသောလူတွေနဲ့ မျက်နှာများက အားကျနေကြသလိုပါ။

''ဦးထည်ဝါ''

''မင်းဘယ်လိုကြီးခေါ်တာလဲ''

''ကျွန်မ ခေါ်တတ်သလိုခေါ်တာ''

''မင်းခေါ်တတ်သလို ခေါ်လို့ရမလား၊ လူတွေကြားသွားရင် ဘယ်လိုလုပ်မလဲ''

''မကြားအောင်ခေါ်နေတာပဲ''

''အမှတ်တမဲ့ဆိုတာရှိတယ်၊ အကျင့်ပါအောင် ကိုကိုလို့ခေါ်''

''ဘာ . . . မခေါ်နိုင်ပါဘူး၊ လျှာယားလွန်းလို့''

''လျှာမရှည်နဲ့ အထွန့်မတက်နဲ့ ငါ့ခေါ်နိုင်းသလိုခေါ်''

သူမတို့ ခပ်ကြိတ်ကြိတ်ရန်ဖြစ်နေကြသော်လည်း မျက်နှာကတော့ တကယ့်ကို ကြည်နူးနေဟန်ပြုံးနေရသည်။ ထည်ဝါခံ့ညားက သူမဆံပင်ကို မသိမသာ ဆောင့်ဆွဲရင်းပြောတာမို့၊ သူမကလည်း သူ့လက်ကို ယုံကြည်အားကိုးကာ ဆုပ်ကိုင်ထားသလိုနှင့် ခပ်နာနာလေး ဆိတ်ဆွဲပစ်လိုက်သည်။

''အား . . . မင်းဘာလုပ်တာလဲ''

''ရှင်ဘာလို့ ကျွန်မဆံပင်ကို ဆောင့်ဆွဲလဲ''

''မင်းမျက်နှာက တင်းလွန်းနေလို့၊ အရမ်းချစ်ကြတဲ့ ချစ်သူတွေလို အထာမကျဘူး''

''အဲဒီလောက်ထိတော့ ဟန်မဆောင်နိုင်ဘူး၊ ကိုယ်နေတတ်သလိုပဲနေမယ်''

''မင်းအဲလိုလုပ်လို့မရဘူးလေ၊ မင်းအရမ်းကံကောင်းတယ်ဆိုပြီး



လူတွေအားကျနေကြတာ မမြင်ဘူးလား''

''ကျွန်မကတော့ ဝမ်းမသာဘူး''

''မင်းကွာ''

မျက်နှာက အပြုံးမပျက် ခပ်ကြိတ်ကြိတ်ရန်သတ်ရင်း၊ ထည်ဝါခံ့ညားက ဆံပင်ဆွဲလိုက်၊ သူမက မီးရာဆိတ်ဆွဲလိုက်ဖြင့် ဘယ်သူမှ အလျှော့မပေးဘဲ ရန်စောင်နေကြ၏။

ဒီလိုဟန်ဆောင်မှုများဖြင့် ရှေ့ဆက်ရတော့မည်ကို သူမရင်လေးနေမိသည်။ ဒီအသိုက်အဝန်းထဲမှာ သူမ မပျော်ရွှင်နိုင်လောက်ဘူးဆိုတာ သေချာ၏။

ဒါပေမဲ့လည်း ရုန်းထွက်ခွင့်မသာတော့ဘူးဆိုတာလည်း သေချာနေ၏။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com



"သားနဲ့အတူတူသွားပါ။ ကိုယ်ကြိုက်တာဝယ်ပါ၊ လိုအပ်တာကို အားမနာနဲ့ပြော"

"ရှင် . . . ကျ . . . ကျွန်မ မပြောတတ်ပါဘူး"

"မေမေရယ် သူကမသိသေးဘူးလေ၊ သားခေါ်သွားလိုက်ပါ့မယ်"

"ဟင့်အင်း . . . ဒီ . . . ဒီမှာပဲဝယ်ပါ"

"ဘယ်ဟုတ်မလဲကွယ်၊ သမီးကို သားဘယ်လောက်ဂရုစိုက်ပြီး နံ့ဖိုးထားတယ်ဆိုတာ၊ မိဒီယာတွေက အရမ်းသိချင်နေတာ၊ အလှ တူတဲ့မိန်းကလေးကို လက်ထပ်မှာ ဟုတ်မှဟုတ်ရဲ့လားလို့ သံသယဝင် နေကြတာလေ၊ တစ်မိသားစုလုံးက စိတ်ရင်းနဲ့ဆိုတာ အသိအမှတ်ပြု သွားမှ သံသယကင်းမှာ အဲဒါ သမီးနားလည်လား"

သူမခေါင်းညိတ်လိုက်ရပြီ။ သူတို့အတွက်ပါလားဆိုတာ သေချာ သိလိုက်ရ၏။ ဒါဆိုဟန်ဆောင်အပြုံးတုတွေပဲပေါ့။ သူတို့တွေရဲ့ စီးပွားရေး လူမှုရေးအဆင်ချောဖို့အတွက် သူမကို ခုတုံးလုပ်အသုံးချနေကြတာပါလား။

ရင်ထဲက တဆစ်ဆစ်ကိုက်ခဲလာသည်။ အရှိန်အဝါကြီးမား မ်းနားသော ထိုအိမ်ကြီးထဲမှာ ရှိနေရတာ ကိုယ့်ကိုယ်ကို သိမ်ငယ်ကျုံ့ဝင် သည်ဟု ထင်မိသည်။

သူမတို့ မိသားစုဘဝပြေလည်ဖို့နှင့် သူတို့မိသားစုဘဝ ဒီ က်မက တိုးတက်အောင်မြင်ဖို့ ဘဝချင်းအလဲအထပ်လုပ်ရခြင်းပဲ ဟုတ်ပါလား။ သူမ ဟန်ဆောင်ပြုံးတတ်အောင် ကြိုးစားရတော့မည်။ နက်ဖြန်တိုင်းဟာ ဟန်ဆောင်မှုများဖြင့် . . .

✤ ✤ ✤

## အခန်း (၈)

"သမီးလေးက လှလိုက်တာကွယ်၊ ကိုကျော်မောင် သမီးလေး ဒီလောက်လှလာမယ်မထင်ဘူး၊ ဖေကြီးကြည့်ပါဦး၊ သားနဲ့လိုက်ဖက်ရဲ့ လားလို့"

"ရွှေပင်နားရင် ရွှေကျေးဖြစ်သွားမှာပါ၊ လိုက်ဖက်မှုရှိအောင် ကိုယ်တို့က သူ့ဘဝလေးကို ဖြည့်ဆည်းပေးရမှာပေါ့၊ လိုအပ်တာပြောဖို့ သူကအားနာနေမှာ၊ မင်းကလုပ်ပေးလိုက်ပါ"

"စိတ်ချပါရှင်၊ ကလေးဘဝတည်းက ဒီသမီးလေးကိုချစ်ခဲ့ရတာ ဆိုတော့ ကျွန်မသမီးလေးနဲ့မခြား စောင့်ရှောက်ရမှာပေါ့"

ထိုစကားတွေက ဟန်ဆောင်မှုတွေလား၊ တကယ်လားဆိုတာ မခွဲခြားတတ်ပါ။ အားလုံးရဲ့မျက်နှာက ပြုံးနေသလို၊ စကားလုံးတွေကလည်း ချိုသာလွန်းလှသည်။

ဘာအတွက် သူမအပေါ်ဒီလောက်ကောင်းနေလည်း မတွေးတတ်။

"သမီး ကော်ဖီသောက်ဦး"

"ဟုတ်ကဲ့"

"မင်္ဂလာဝတ်စုံအတွက် သမီးတို့ ဘယ်နိုင်ငံသွားချင်လဲ"

"ရှင်"

www.burmeseclassic.com

## အခန်း (၉)

''မြင့်မိုရ်ဦးလုပ်ငန်းရှင် သူဌေးကြီးမိသားစုက သားရဲ့မိန်းကလေး
ချစ်သူဘက်က နိမ့်ပါးတာကို စိတ်သဘောထားပြည့်ဝစွာနဲ့ သဘော
လိုက်တယ်တဲ့၊ ဂုဏ်ပကာသနက အရေးမကြီးဘူး၊ ရိုးသားဖြူစင်တဲ့သူ
ကို လိုအပ်တာဆိုပါလား၊ ဟဲ့ . . . ဒီမှာဂျာနယ်ကို ဖတ်ကြည့်ဦး''

သန္တာလွင်က သူ့အစ်ကိုဝယ်လာသော ဂျာနယ်ထဲသတ
ပါလာသည်ဆိုပြီး ညဘက်ကြီးရောက်ချလာကာ ဖွတ်ဖတ်ပြနေသ
အမေက မှန်းစမ်းဆိုပြီး ဂျာနယ်ကိုယူကြည့်၏။

''ဟယ် . . သမီးပုံလည်းပါလာတယ်၊ သမီးတော့ နာမည်ကြ
ပေါ့၊ မင်းသမီးတွေလိုပဲ ပေါ်ပြူလာဖြစ်လာမှာ''

''အမေရယ် လျှောက်မပြောပါနဲ့၊ သူ့တို့လုပ်ကြံရေးထား
ရှက်စရာကြီး၊ သမီးနဲ့သူနဲ့ ဘယ်ချိန်တုန်းက ချစ်သူတွေဖြစ်လို့လဲ''

''အဲလိုရေးတော့ ဂုဏ်မရှိဘူးလားကွယ်၊ ဘာမှမဟုတ်ဘဲ
မက်မောလို့ လက်ထပ်တယ် အထင်ခံရတာထက်စာရင် ပိုမကောင်း
လား''

''သူတို့က သမီးအတွက် သိက္ခာဆယ်ပေးနေတာမဟုတ်ပါ
အမေရယ်၊ သူတို့ကိုယ်တိုင် ရိုးသားဖြူစင်ဖြောင့်မတ်လို့ ဒီလိုလူ





သဘောတူလိုက်တာလို့ ထင်စေချင်တာ၊ သူ့သားနာမည်ဆိုးထွက်
လို့ သမီးတို့ဘဝကို ငွေနဲ့ဝယ်ပြီး သူတို့သိက္ခာ သူတို့ဆယ်နေကြတာ

''ဟဲ့ . . . နင်နဲ့သူက သိပ်ချစ်နေကြတဲ့ပုံပါလာတာနော်၊ အဲဒီ
တ်ပုံတွေရိုက်နေတုန်းက သူနင့်ကို ဘာတွေပြောနေတာလဲ၊ နင်တို့
ယောက်အရမ်းကို ကြည်နူးနေကြသလိုပဲ''

''အလကားမျက်နှာကာသာ ပြုံးနေကြတာ၊ လူချင်းကတော့
တ်ပြီး ရန်သတ်နေကြတာလေ၊ သူက ငါ့ဆံပင်ဆွဲလိုက်၊ ငါက သူ့ကို
တ်ဆွဲလိုက်နဲ့''

''နင်တို့ကဟယ်၊ ကလေးတွေကျနေတာပဲ''

''သမီး တကယ်အဲလိုလုပ်ခဲ့တာလား''

သူမခေါင်းညိတ်ပြတော့ အမေရင်ဘတ်ဖိသည်။

''သမီးရယ်၊ သူတို့အတန်းအစားက ဘယ်လိုဆိုတာ သိရဲ့သား
သည်းခံပါ၊ ကျိုးနွံပါ သမီးရယ်၊ သူတို့သိက္ခာဆယ်ဖို့ သမီးကို ဘယ်လို
ခုတုံးလုပ် အသုံးချတယ်ပြောပြော၊ လက်တွေ့ကတော့ အမေတို့
မိသားစုလုံးရဲ့ဘဝကို ကယ်တင်ထားတာပဲ မဟုတ်လား၊ အမေရော
ဖေရော အသက်ကြီးပြီ၊ ကိုယ့်ဘာသာကြိုးစားရင်တောင် ဒီလိုအေး
အေးချမ်းချမ်းနေရမှာ မဟုတ်ဘူး၊ မောင်လေးနဲ့ ညီမလေးလည်း ပညာ
ကောင်းကောင်း သင်နိုင်မှာမဟုတ်ဘူး''

''အဲဒါကြောင့်မို့ ဒီလောက်သည်းခံနေခဲ့တာပါ အမေ၊ ဟန်
ဆောင်တတ်တဲ့လူတွေကို မုန်းပေမယ့်၊ သမီးကိုယ်တိုင် ဟန်ဆောင်နေခဲ့ရ
တာပါ''

''ဘာပြောပြောဟယ်၊ နင်ကံကောင်းတာတော့ အမှန်ပဲ၊ မိသာ
စုအတွက် နိုင်ငံခြားမှာ သွားဝယ်ရမယ်၊ ကြီးကြီးကျယ်ကျယ် ခမ်းခမ်း
နားနားလည်း မင်္ဂလာဆောင်ရမယ်၊ မိန်းကလေးတိုင်း စိတ်ကူးယဉ်ချင်လို့

www.burmeseclassic.com

www.burmeseclassic.com



တောင်-ယဉ်လို့ရတဲ့ကိစ္စမျိုးမဟုတ်ဘူး''

''သူများတွေ အားကျတယ်ဆိုတာ အပေါ်ယံပကာသ ငါ့ရင်ထဲမှာတော့ တစ်သက်လုံး ဟန်ဆောင်အပြုံးတုနဲ့ လွတ်လပ်ခွ ပျောက်ဆုံးသွားပြီ၊ အသုံးချခံရတယ်ဆိုတဲ့အတွေးနဲ့ သူ့ကိုငါကျေ မှာ မဟုတ်ဘူး။ ပြီးတော့ စံမင်းညံ့ပြန်လာတဲ့အခါ ငါဘယ်လိုဖြေ ရမလဲ''

သူမစကားကြောင့် အမေက မျက်နှာပျက်သလို၊ သ ကတော့ နှာခေါင်းရှုံ့သည်။

''ဘယ်ပျောက် ဘယ်ရောက်နေမှန်းမသိတဲ့လူကို နင်က တွေဖြေရှင်းချင်လို့လဲ သျှင်မင်း''

''သူမသွားခင်က ကတိစကားတွေအတွက် ငါရင်လေးနေ သူပြန်လာတဲ့အထိစောင့်ပါ၊ ငါ့ကို တင့်တောင့်တင့်တယ်ထားနိုင် သစ္စာရှိရှိနဲ့ ကြိုးစားခဲ့မယ်တဲ့''

''နင်စောင့်ခဲ့တာ နှစ်နှစ်လေ၊ ဘာတွေအရာထင်လို့လဲ လား ရှင်လား၊ သတင်းအစအနတောင်ကြားရတာ မဟုတ်ဘူး ပတ်သက်ပြီး နင်တာဝန်ကျေပါတယ်၊ အခုက မိသားစုအတွက် နင့်ဘ ရင်းလိုက်တာ၊ သူနားမလည်လည်းနေပေါ့ဟာ''

သန္တာလွင် ပေါ့ပေါ့တန်တန်ပြောထွက်သလို၊ သူမလည်း ‌ေ လေးပဲနေလိုက်ချင်သည်။ ဂျာနယ်ကို ဆွဲယူကြည့်ရင်း ထည်ဝါခံ့ညား မြင်တော့ ခပ်ကြိတ်ကြိတ်ရန်ဖြစ်ကြတာကို သတိရ၏။

သူလည်း မာနနှင့်၊ သူမမှာလည်း မာနနှင့်။

အရှိန်အဝါကြောင့် သူ့မှာမောက်မာမှုတွေရှိနေတာကို လ ရှေ့မှာ ဟန်ဆောင်ကောင်းလွန်းသော အတတ်ပညာတွေကတော့ စရာပင်။

''သူ့မိဘအိမ်လိုက်သွားတော့ သူ့မိဘတွေက ဘာတွေ



ပဲ သမီး''

''အားလုံးဟန်ဆောင်ကောင်းကြပါတယ်၊ သမီးကို အရမ်းကို ထားတော့မယ့် ပုံစံမျိုးပဲ''

''တော်သေးတာပေါ့ကွယ်၊ သူတို့သဘောတောင်းကြလို့''

''ထည်ဝါခံ့ညားကတော့ အချိုးမပြေပါဘူး အမေ၊ လူရှေ့ကျရင် နာတတ်သလိုနဲ့ ကွယ်ရာကျရင် ကြိတ်ပြီးနှိပ်စက်မယ့်လူစားမျိုး''

''သမီးအတွေးနဲ့ ကွဲလွဲချင်လည်းကွဲလွဲမှာပါ၊ ကိုယ့်မှာ မကျေနပ် ရှိနေတော့ သူ့ကိုကောင်းမမြင်နိုင်တာမျိုးလည်း ရှိလိမ့်မယ်၊ ဘာပဲ ဖြစ် ကိုယ့်ဘက်ကတော့ အတတ်နိုင်ဆုံး သည်းညည်းခံပါ သမီး၊ က်လျော်ညီထွေရှိဖို့ အခက်အခဲဖြစ်နိုင်တယ်ဆိုပေမယ့် လူ့ဘဝဆိုတာ တွေ့အပြောင်းအလဲကြုံရနိုင်တာပါ ခံနိုင်ရည်ရှိသရွေ့ ကိုယ့်အတွက် ဆင်ပြေလာနိုင်မှာပါ''

အမေ့ကို ဘာမှစောဒကမတက်ချင်တော့ပါ။ ဖျောင်းဖျမှုတွေက က်သက်သာရာရစေသလားဆိုတော့ မတင်မကျခံစားမှုများက စံမင်းညံ့ ပေါ် အပြစ်လုပ်မိသလိုဖြစ်တာကတော့ အမှန်ပင်။ အမှန်းနှင့်လမ်းခွဲခဲ့ကြ ာမှ မဟုတ်တာ။

မပြည့်စုံမှုတွေကြောင့် လက်မထပ်ဖြစ်မှာစိုးလို့ ရည်ရွယ်ချက် တွေနှင့် ထွက်သွားခဲ့တာပါ။ သူ့ဘက်က အရင်သစ္စာဖောက်ခဲ့ရင်တော့ တော်သေးတာပေါ့။

အခုတော့ သူမဘက်က အရင်သစ္စာပျက်ခဲ့တာ။ ဘာတွေက ားယွင်းခဲ့သလဲ။ မိသားစုအတွက် ရင်းနှီးပေးဆပ်ခွင့်ရခြင်းအတွက် အပြစ်တွေ ပေါ့လျော့ခွင့်တော့ ရချင်မိသည်။

အချစ်က စိတ်ခံစားမှုသက်သက်ဆိုလျှင် ဘဝက အပျော ပြတ်သန်းဖို့ အခွင့်အရေးမှ မရှိခဲ့တာ။

နင်ခွင့်လွှတ်ပေးပါ၊ နားလည်ပေးပါ စံမင်းညံ့။



www.burmeseclassic.com

www.burmeseclassic.com

[illegible]ရှာတဲ့ဘဝတွေအတွက် အနည်ထိုင်ဖို့ ရဖ်တည်မှုတစ်[illegible] လိုအပ်နေတယ်။ အဲဒီအတွက် . . . ။

✤ ✤ ✤



## အခန်း (၁၀)

ပြီးပြည့်စုံသော မင်္ဂလာပွဲကြီးက ပကာသနတို့ ခြံရံလျက်၊ ဝံ့ကြွားညီဝါခဲ့သည်။ စိန်စီသောလက်ထပ်ပွဲမှာ ဟန်ဆောင်ချီးကျူးထောပနာတွေ လွင့်ပျံလျက်၊ အပြုံးတုများဖြင့် ပွဲလယ်တင့်ခဲ့၏။

အားကျသူတွေ၊ ရှုံ့ချသူတွေ၊ လက်ညှိုးထိုးသူတွေ၊ လက်ခုပ်တီးသူတွေ၊ ဂုဏ်ပြုပန်းခြင်းပို့သူတွေ၊ လွမ်းသူ့ပန်းခွေချချင်သူတွေ၊ မေတ္တာသူနှင့် ကျိန်ဆဲသူ။

တချို့သောသူနှင့် တချို့သော လူတွေရဲ့ကြားမှာ သူမ ဟန်ဆောင်ပြုံးတတ်ခဲ့တာ၊ ဦးနှောက်ရဲ့စေခိုင်းမှုကြောင့် ဖြစ်သည်။ နှလုံးသားအလိုဆန္ဒ အတိုင်းဆိုလျှင် ချစ်သောသူနှင့်သာ ပေါင်းဖက်ခွင့်ရခဲ့သည်။

"မင်းတော်တယ် သျှင်မင်းအိမ်"

ဖိတ်ဖိတ်တောက်တခမ်းတနားရှိလှသော မင်္ဂလာအိပ်ခန်းမကြီးထဲကို မဝံ့မရဲဝင်လိုက်မိချိန်မှာ အခန်းတံခါးကို ချပ်ခနဲပိတ်ရင်းညီဝါခံ့ညား ပြောလိုက်သည့်စကားကို သူမဘာယ်လို အဓိပ္ပာယ်ဖော်ရန်းမသိခဲ့။

သူမ မျက်ဝန်းဝေ့အကြည့်မှာ အပေါ်အကျီင်္ဂွေကို ချွတ်ပစ်

www.burmeseclassic.com

www.burmeseclassic.com



ရင်းနှင့် ထည်ဝါခံ့ညား ခန့်ခညားပြုံးကာ

"ငါတို့ အသိုက်အဝန်းနဲ့ လိုက်လျောညီထွေရှိဖို့ သိပ်ပြီးအားစိုက် လေ့ကျင့်စရာမလိုဘူး ထင်တယ်၊ မင်းအပြုံးတွေ တကယ်ဆိုရင်တော့ သိပ်ကောင်းမှာပဲ"

"ရှင်က ဘာကိုမျှော်လင့်တာလဲ၊ ရှင်လည်း အစစ်အမှန်ပြုံး တာ မဟုတ်ဘူး မဟုတ်လား၊ ဟန်ဆောင်ခြင်းအတတ်ပညာတွေ ရှင့်တို့ အသိုက်အဝန်းနဲ့ ရင်းနှီးပြီးသားဖြစ်ပါလိမ့်မယ်"

"မင်းကို တစ်ခုသတိပေးထားမယ်၊ ဝေဖန်မှုတွေကို သိ မကြိုက်ဘူး"

"ရှင့်ကိုလည်း သတိပေးထားမယ်၊ ကျွန်မကို တိရစ္ဆာန်တ ကောင်လို၊ ကိုယ်လိုရာပုံသွင်းလို့ရအောင် ကြိုးကိုင်ဖို့တော့ မစဉ်းစားနဲ့

"ဘာ"

ကိုယ့်ကို အတိုက်အခံလုပ်၊ ကျိုးနွံမှုမရှိသောလူမျိုးနှင့် မတွေ့ ၍ သူမကို အထူးအဆန်းဖြစ်ကာ မျက်လုံးပြူး၍ ကြည့်လိုက်မိသည် သျှင်မင်းအိမ်က မာနကြီးစွာ မျက်နှာကို ချာခနဲတစ်ဖက်လှည့်သွားတော့ ထည်ဝါခံ့ညား အသည်းယားသွား၏။

ကိုယ်ပတ်သက်ခဲ့သမျှ မိန်းကလေးတိုင်းက ကိုယ့်ကိုမျက်နှာ သွေးကာ ဦးညွှတ်ချင်ကြသူတွေချည်း မဟုတ်လား။

"ရှင် ဒါဘာလုပ်တာလဲ"

နောက်ကနေ ဆံပင်တွေ ဖြည်ချလိုက်၍ သူမ ချာခနဲလှည့် ကာ ရန်တွေ့ပစ်လိုက်သည်။ နှစ်ဖက်မိဘတွေကို ကန်တော့ပြီးသည်နှင့် ဒီဇိုင်နာတွေ၊ မိတ်ကပ်အလှပညာရှင်တွေက သူမကိုယ်ပေါ်က ပစ္စည်း တွေနှင့် အဝတ်အစားတွေကို လဲလှယ်ချွတ်ပေးထားတာကြောင့် ဆံပင် နွယ်တွေက ကပိုကရို ဖြစ်နေခဲ့တာ။

ဆံပင်တွေကို ကော်ရည်တင်ထားတာကြောင့် ခေါင်းလျှော်ပစ်





လိုက်ပါဟု မှာခဲ့သေးသည်။ ထည်ဝါခံ့ညားက သူမဆံပင်တွေကို နောက် တစ်ခါထပ်ဖွလျှက်

"မင်းက အဲလိုဘာပြင်ဆင်မှုမှမရှိဘဲ ကပိုကရို ရိုးရှင်းနေတာ လေးက ပိုပြီးကြည့်လို့ကောင်းတယ် သျှင်မင်းအိမ်၊ ငါက သဘာဝအလှ အရာတွေနဲ့ မရင်းနှီးခဲ့ဘူး"

"သိပါတယ်၊ ရှင့်နားမှာ ရောင်စုံအလှပိုင်ရှင်တွေပဲ ဝိုင်းဝိုင်းလည် နေခဲ့တာ မဟုတ်လား"

"ဟုတ်တယ်၊ ဒါကြောင့် ပွလောင်မှုကင်းတဲ့ မင်းကိုငါရွေးချယ်ခဲ့ တာ၊ ငယ်ငယ်က မင်းငိုတဲ့ပုံစံလေးက အရမ်းအပြစ်ကင်းပြီး ချစ်စရာ ကောင်းတယ်"

"ကျွန်မကတော့ အချုပ်တွေးရင် အခုနာကြည်းတယ်၊ ငိုအောင် လုပ်တဲ့သူအတွက် ပျော်စရာကောင်းနေမလား မသိပေမယ့်၊ ငိုတဲ့သူမှာ နာကျင်မှုတွေရှိနေမယ်ဆိုတာ ရှင်တွေးမိဖို့ကောင်းတယ်"

သျှင်မင်းအိမ်ရဲ့ ခပ်ဆတ်ဆတ်ရန်တွေ့သံလေးကြောင့် ထည်ဝါ ခံ့ညား ဟက်ခနဲရယ်လိုက်မိ၏။ သူမဆီက မျက်စောင်းတဝင့်အရှိန်ပြင်းစွာ ရောက်လာကာ

"ရှင်က ဘာရယ်တာလဲ"

"မင်းအရွယ်ရောက်လာပြီဆိုတာ သိလိုက်ရလို့ပါ၊ ဒါနဲ့ မင်းမှာ ချစ်သူ ရည်းစားတွေဘာတွေ ရှိခဲ့သလား"

"ရှိတယ်"

"ဘာ"

လိမ်ညာလျှို့ဝှက်ထားလိမ့်မည်ထင်ထားသော်လည်း စိတ်ပါ လက်ပါ သွက်သွက်လက်လက်ဖြေလိုက်တာကြောင့် ထည်ဝါခံ့ညား ဘယ်လိုအံ့အား သင့်သွားရမှန်းမသိ ဖြစ်သွားခဲ့သည်။

သူမက ဆံနွယ်တွေကို ကလစ်ကလေးနှင့် ပြန်ညှပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



''တခြားသူတွေအတွက် ကျွန်မဟန်ဆောင်လိမ်ညာပေးနိုင်ပေမယ့် ရှင့်ကိုတော့ ကျွန်မကြောက်ကြောက်ရွံ့ရွံ့နဲ့ လိမ်ညာဟန်ဆောင်ရတာမျိုး မဖြစ်ချင်ဘူး။ ဒီအိမ်ကြီးမှာ အိမ်အကူအလုပ်သမားတွေကလွဲရင် ရှင်နဲ့ ကျွန်မ နှစ်ယောက်တည်းပဲ မဟုတ်လား။ မိသားစုဘဝမြင့်မားဖို့ လက်ထပ်ခဲ့တာဆိုပေမယ့်၊ အပြစ်ရှိတဲ့ လူတစ်ယောက်လိုတော့ ကျွန်မ မနေနိုင်ဘူး''

''မင်း အဲလိုဝန်မခံသင့်ဘူး''

သွေးတွေရှိန်းခနဲ ဆူပွက်လျက်၊ စူးစိမ်းစွာကြည့်ပြီး ပြောလိုက်မိသည်။ ဒီမိန်းကလေးနဲ့ပတ်သက်ပြီး သူ့အရာအားလုံး စုံစမ်းပြီးသားပါ။ ရိုးသား ဖြူစင်သည်။ ပွင့်လင်းသည်။ မိသားစုအပေါ် အနစ်နာခံတတ်သည်။ သူမရဲ့ပတ်ဝန်းကျင်ကိုလည်း ချစ်တတ်သည်။ ပြီးတော့ ချစ်သူလည်းရှိသည်။

ဒါပေမဲ့ မိသားစုအတွက် ရင်းနှီးပေးဆပ်လိုက်ရသည်မို့ ဒီအကြောင်းအရာကြောင့် ပြဿနာမတတ်အောင် သူမဖုံးကွယ်ဟန်ဆောင်နေလိမ့်မည်ဟု ထင်ခဲ့သည်။

အခုတော့ သူမရဲ့ ဝန်ခံမှုများ ကျိုးနွံကြောက်ရွံ့ခြင်းမပါ။ ရဲတင်းစွာ အသိပေးလိုက်ခြင်းအတွက် သူ့ရဲ့မာနများက ခွင့်မပြုပေ။

သူ့ရဲ့လေသံကို အံ့အားသင့်သလို သူမက မျက်ခုံးပင့်ကြည့်၍

''ဝန်မခံရင် နောင်တစ်ချိန်မှာ ရှင်အပြစ်တင်လာမှာစိုးလို့ ကျွန်မ ပွင့်ပွင့်လင်းလင်းပဲ ဝန်ခံလိုက်တာ ဦးထည်ဝါ၊ ရှင့်ရဲ့မိန်းကလေးကိစ္စတွေကို မီဒီယာတွေကတစ်ဆင့် အကျယ်တဝင့်သိထားခဲ့ပေမယ့် မိသားစုအတွက် ဘဝကိုရင်းပြီး လက်ထပ်ခဲ့တယ်၊ ကျွန်မမှာ ချစ်သူတစ်ယောက်လေးရှိတာ ဝန်မခံရဘူးဆိုတော့ ဒီကိစ္စကိုပါ ကျွန်မကိုဟန်ဆောင်ဖုံးကွယ်ထားစေချင်တာလား''

''ကိုယ်လက်ထပ်လိုက်တဲ့ယောကျ်ားတစ်ယောက်ကို အသိ



...သင့်တဲ့ကိစ္စမျိုးဆိုတာ မင်းနားမလည်ဘူးလား သျှင်မင်းအိမ်''

''ယောကျ်ားနဲ့ မိန်းမ အခွင့်အရေးတန်းတူမပေးနိုင်တဲ့ ရှင့်တို့ ...ိုက်အဝန်းရဲ့ ချိုးနှိမ်မှုတွေနဲ့ ကျွန်မကို ခွဲခြားဆက်ဆံဖို့ မစဉ်းစားနဲ့ ...ထည်ဝါ၊ ကျွန်မမှာ ချစ်သူရှိခဲ့တာ ဘာဖြစ်လို့လဲ၊ ရှင့်ကိုယ်ရှင်သာ ...မက နံပါတ်ဘယ်လောက်လည်းဆိုတာ ဝန်ခံဖို့စဉ်းစားပါ''

''ကျွတ်... မင်းငါ့ရဲ့ ကိုယ်ကျင့်တရားကိုစော်ကားပြီး မေးနေ ...လား''

''ကောလာဟလဆိုတာ အနည်းအကျဉ်းတော့ မှန်တတ်တာပဲ ...ဟုတ်လား ဟုတ်ရင်ကျော် ပုပ်ရင်ပေါ်တာပဲ''

''မင်း''

''ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ ကျွန်မရှင့်ကို လက်ထပ်ပြီးပြီ၊ အဲဒီတော့ ...န်မ ချစ်သူတစ်ယောက်ထားခဲ့တာကို အကျယ်တဝင့်ပြဿနာရှာမနေ ...''

''ဟား''

စိတ်ထဲမခံချိ မခံသာဖြစ်စေသည်။ သူ့လို အရှိန်အဝါကြီးမား...သာ လူ့ရဲ့ရှေ့မှာရှိနေသော မိန်းကလေးရဲ့ မျက်နှာပေါ်မှာ ကြောက်ရွံ့ ...နိမ့်ကျိုးနွံမှုတွေရှိမနေပါ။ ရန်တွေ့ကောင်းသော နှုတ်ခမ်းဖူးဖူး အိအိ ...ထွေးထွေးလေးမှာ ရဲရင့်ခြင်းတွေအပြည့်။

''ဟင် ... ရှင်ဘာလုပ်တာလဲ ဖယ်''

''လင်မယားဖြစ်နေပြီ ဘာကိုဖယ်ခိုင်းနေတာလဲ''

''ဟင့်အင်း ... ရှင်ရနော်''

ရင်ဘတ်ကို ကြောက်ကန်ကန်ကာ တွန်းဖယ်နေမိသော်လည်း ...င်အားခြင်း မမျှစွာ ရုန်းဖယ်လို့မရ ဖြစ်နေခဲ့သည်။ ဒီလူရဲ့အနမ်းများက ...ကြမ်းကြမ်းပါ။

အချစ်ကြောင့် လက်ထပ်ခဲ့ကြတာမဟုတ်၍ နူးညံ့သိမ်မွေ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ရင်ခုန်လှိုက်မောခြင်းတွေ၊ သာယာမိန်းမောလိုခြင်းတွေ မရှိဘဲ၊ ရမ္မက်ဆန္ဒတစ်ခုအတွက် အကြမ်းဖက်ခံနေရသည်ဟု ခံစားနေရသည်။

ဒါဟာ ပေးဆပ်မှုရလဒ်လို့ သူမ မဖြေသိမ့်နိုင်။

နှလုံးသားကို မားပြတိုက်ခံရခြင်းပဲ မဟုတ်ပါလား။

ရှင့်ဆီက နူးညံ့ခြင်းတွေမရသလို၊ ကျွန်မဆီကလည်း ဆန့်ကျင်ခြင်းတွေပဲ ရလိမ့်မယ်ဆိုတာ …။

✤ ✤ ✤

# အခန်း (၁၁)

"သခင်မလေး ရေချိုးဖို့ ဖန်နုံ့သာတွေ အဆင်သင့်ဖြစ်ပါပြီရှင့်၊ ဒီနေ့ဝတ်ရမယ့် ရတနာတွေနဲ့ အဝတ်အစားတွေလည်း ပြင်ဆင်ထားပါတယ်။ ဒီဖိုင်နာတွေနဲ့ အဝတ်အစားတွေလည်း ပြင်ဆင်ထားပါတယ်။ ဒီဖိုင်နာတွေနဲ့ အလှပြင်ပေးမယ့်သူတွေလည်း ရောက်နေပါပြီ။ အခန်းထဲကအထွက်မှာ အပြင်ဘက်မှာ ကျိုးနွံ့ဟန်ဖြင့် အဆင်သင့်စောင့်နေဟန်ရှိသော ကောင်မလေးရဲ့စကားကြောင့် သျှင်မင်းအိမ် အံ့သြရသည်။ အခန်းတံခါးကို ချပ်ခနဲပြန်ပိတ်လိုက်ရင်း ….

"နေပါဦး၊ ဒီနေ့ ဘယ်သွားရမှာမို့လဲ အဲဒါတွေလုပ်ရမှာလဲ"

"ဘယ်သွားရမယ်ဆိုတာတော့ ကျွန်မတို့ မသိပါဘူး၊ ဒါက ဒီအိမ် အရှင်သခင်တွေကို ကျွန်မတို့ နေ့တိုင်းလုပ်ပေးရမယ့်တာဝန်ပါ၊ ခေါင်းစခြေဆုံး ပြင်ဆင်မှုတွေအတွက် လစာနဲ့လုပ်နေရတာပါ"

"ဩော် … ဒုက္ခ ဒုက္ခ၊ ငွေကို ဘယ်လိုတွေ အလွှယ်ရှာရလို့ ဒီလိုတွေဖြုန်းတီးနေကြတာလဲ၊ သခင်ခေတ် ကျွန်ခေတ်လည်း မဟုတ်ဘဲနဲ့ တို့ကိုသခင်မလေးလို့ မခေါ်ပါနဲ့ ညီမလေး နာမည်ဘယ်သူလဲ"

"အေးနွဲ့ပါရှင့်"

"အင်း … အေးနွဲ့၊ တို့က အေးအေးလို့ခေါ်မယ်နော်၊ တို့ကို

www.burmeseclassic.com



ဘာမှ လုပ်ပေးစရာမလိုဘူး ဟုတ်ပြီလား။ တို့မှာ ခြေတွေလက်တွေပါတယ်၊ တို့ဘာသာ ရေချိုးအဝတ်အစားလဲ အလှပြင်မယ်၊ အလှပြင်တယ်ဆိုတာလည်း သနပ်ခါးလေး ပါးပါးလိမ်းထားရုံပါပဲ၊ အခန်းထဲက ဘီရိုပေါ်မှာ အဝတ်အစားဝယ်ထည့် ပေးထားတာရှိတယ်၊ အဲဒါကိုလဲလိုက်မယ်"

"ဟို… ကျွန်… ကျွန်မတို့အပြစ်ပေးခံနေရပါမယ်"

"ဘာလို့ အပြစ်ပေးခံရမှာလဲ၊ မင်းတို့လုပ်စရာရှိတာ သွားလုပ်ပါ၊ တို့ကိစ္စကိုဘာမှလုပ်ပေးစရာမလိုဘူးနော် ဟုတ်ပြီလား"

"ဟုတ် … ဟုတ်ကဲ့ မနက်ခင်းစာ ဘာသုံးဆောင်မလဲရှင်"

"ထမင်းကြမ်းကျန်လား၊ အဲဒါကို တို့ဘာသာကြော်စားမယ်"

"ရှင် … ထမင်းက မကျန်ပါဘူး၊ မနက်ခင်းစာအတွက်က ကိတ်၊ ကော်ဖီ၊ နွားနို့၊ ကြက်ဥ၊ ပေါင်မုန့်၊ အိုဗာတင်း၊ သစ်သီးဖျော်ရည် အမျိုးမျိုး အဲဒါတွေ ပြင်ဆင်ပေးလို့ရပါတယ်"

"ကျွတ်"

သူမ တော်တော်လေး စိတ်ညစ်သွားသည်။ အသိုက်အဝန်းမတူခြင်းက အစားအသောက်မှာ အကြီးကျယ်ဆုံးပြဿနာပင်။

ဒီအသိုက်အဝန်းထဲရောက်လာလို့ ဒီလိုတွေ ပြောင်းလဲရတော့မည်လား။

ဟင့်အင်း … သူမ ရှင်ဘုရင်လိုလည်း မနေနိုင်ပါ။

သခင်လိုလည်း မနေနိုင်ပါ။ လူက လူပဲမဟုတ်ပါလား။

"တို့ကို မုန့်ဟင်းခါးတစ်ပွဲဖြစ်ဖြစ်ရအောင် ဝယ်ပေးပါ၊ ငရုပ်သီးစပ်စပ်လေးနော်၊ နံနံပင်များများနဲ့"

"ရှင်… ဟုတ်… ဟုတ်ကဲ့၊ ဟို… နေ့လယ်စာရော သခင်မလေး ဘာသုံးဆောင်မလဲ"

"တို့ကို သခင်မလေးလို့ မခေါ်ပါနဲ့ဆို၊ ရင်းရင်းနှီးနှီးဖြစ်အောင် မသျှင်မင်းလို့ခေါ် ဟုတ်ပြီလား"





"အဲလိုကြီးခေါ်ရင် ကျွန်မတို့ အလုပ်ထုတ်ခံရပါလိမ့်မယ်၊ မမလေးလို့တော့ ခေါ်ပါရစေ"

"ကဲ… ကောင်းပြီ၊ အဲလောက်ခေါ်တာတော့ ကြက်သီးထစရာမကောင်းပါဘူး။ နေ့လယ်စာကို မင်းတို့ကဘာချက်မယ် စီစဉ်ထားလို့လဲ"

"ကျွန်မတို့ မစီစဉ်ရပါဘူး။ သခင်လေးကြိုက်တာကို သခင်လေးအတွက်၊ မမလေးကြိုက်တာကို မမလေးအတွက် စီစဉ်ပေးမှာပါ၊ ဟိုအိမ်မှာလည်း အဲလိုပဲလုပ်ပေးရတာပါ"

ခက်နေပါရောလားလို့ ရင်ထဲမှာ မတင်မကျတွေဖြစ်ရသည်။ ထည်ဝါခံ့ညားတို့က တကယ့်ကို အခွင့်ထူးခံလူတန်းစားတွေပါလား။

ဘာလုပ်ငန်းတွေလုပ်ပြီး ဒီလိုတွေချမ်းသာနေလို့ စည်းစိမ်ချမ်းသာတွေ ခံစားနေကြတာပါလဲ။ သူမ ဘယ်လိုပုံစံမျိုးနှင့် လိုက်လျောညီထွေ သဟဇာတဖြစ်အောင်နေရပါ့မလဲ။

"ဒီလို အေးအေးရယ်၊ သူ့အတွက်ပဲ အေးအေးတို့လုပ်စရာရှိတာလုပ်ပေးကြပါ၊ မမအတွက် တကူးတကဒုက္ခမခံကြနဲ့၊ မမစားချင်တာကို မမ ဘာသာချက်စားမယ်၊ လုပ်စရာရှိတာ ကိုယ့်ဘာသာလုပ်မယ်၊ အဲဒီအတွက် ညီမလေးတို့မှာ ဘာအပြစ်မှ မဖြစ်စေရဘူး"

"တ… တကယ်အဲလိုဖြစ်ပါ့မလား… ဟို… သခင်လေးတို့က"

"ဘာမှမဖြစ်စေရဘူး စိတ်ချ၊ သူပြဿနာရှာရင် မမရှင်းမယ်၊ သူက ဘယ်အချိန်မှ အိပ်ရာနိုးတတ်တာလဲ"

"ဆယ်နာရီမှပါ"

"အင်း"

သူမ လက်ကနာရီလေးကို မြောက်ကြည့်လိုက်တော့ အခုမနက် ခြောက်နာရီခွဲပဲရှိသေးသည်။ ဒါဆို ဒီအချိန်လောက်တည်းက ဘယ်အချိန်နိုးလာမလဲ၊ ဘာတွေခိုင်းမလဲ အမိန့်ချမလဲဆိုပြီး အခန်းပေါက်ဝမှာ အဆင်သင့် စောင့်နေကြရတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ကို အောက်ကျနောက်ကျ ကျွန်ခံနေကြရတာပါလား သူမကတော့ ဒီလိုစည်းစိမ်မျိုးတွေဖြင့် လူလူချင်း ခွဲခြားဆက်ဆံခံရသည့် ဘဝမျိုးမှာ မနေချင်ပါ။

''အေးအေး ညီမလေးတို့ တခြားလုပ်စရာရှိတာ သွားလုပ်တော့ နော်''

''ဟို ... သခင်လေးအိပ်ရာနိုးရင်''

''သူမနိုးသေးပါဘူး၊ နိုးရင်လည်း မမပြောလိုက်မယ် ဟုတ်ပြီ လား''

''ဟုတ် ... ဟုတ်ကဲ့''

သူမကို အတိုက်အခံမလုပ်ရဲလို့ အခန်းရှေ့ကထွက်သွားသော် လည်း မဝံ့မရဲ နောက်ဆံတင်းနေပုံရသည်။ သူမ အခန်းထဲပြန်ဝင်ကာ မွေ့ယာကြီးပေါ် ဖိမ်ကျကျအိပ်နေသော ထည်ဝါခံ့ညားကိုကြည့်၍ မြင်ပြင်းကတ် ဒေါသဖြစ်နေမိ၏။

ညက သူမရဲ့တန်ဖိုးတွေကို အနိုင်ကျင့်ရယူသွားတာတွေ အတွက် သူ့ကို ပြန်ပေးဆပ်နိုင်းရမှ သူမ ကျေနပ်နိုင်မည်။

''ဟိတ်လူ ဦးထည်ဝါ၊ အိပ်ရာက မထသေးဘူးလား ထ ဟိတ် လူကြီး''

''အင်း''

သူကိုယ်ကြီးကို ခုတင်မှာ တင်ပလွဲဝင်ထိုင်ရင်း တွန်းထိုးနိုးတော့ မျက်လုံးမဖွင့်ဘဲ အင်းအဲဖြင့် ညည်းညူ၏။ သူမ နောက်တစ်ခါ သူ့ ကျောပြင်ကို တဗုန်းဗုန်းထု၍

''ဟိတ်လူ ထလို့၊ အရမ်းနေမြင့်နေပြီ''

''ဘာလဲကွာ၊ ဒီမှာအိပ်ကောင်းနေတုန်းရှိသေးတယ်''

''ဘာအိပ်ကောင်းရမှာလဲ၊ သူများတွေက အလုပ်တွေထလုပ်နေ ပြီ''



''အလုပ်သမားက အလုပ်လုပ်တာ ဘာဖြစ်လဲ၊ မင်း ငါအိပ်နေ ... မနှောင့်ယှက်နဲ့နော်''

''အလုပ်သမားက အလုပ်လုပ်ရင်၊ ကျွန်မက တစ်ယောက် ...ည်းထိုင်ပြီး ဘာလုပ်ရမှာလဲ''

''မင်းလည်းမထနဲ့ပေါ့ ပြန်အိပ်''

''မအိပ်ပါဘူး၊ ဒါလူတွေ အိပ်ရာထတဲ့အချိန်ပဲ၊ ထလို့ ... ...ည်ဝါ''

''ကျွတ် ... နားညည်းတယ်ကွာ၊ ကျန်တဲ့လူဆို ဘယ်သူမှ ...ကို အိပ်ရာမနှိုးရဲဘူးနော်၊ ငါ့အဖေနဲ့ အမေကအစ၊ ဘာကိစ္စရှိရှိ၊ ...အိပ်ရာမထသရွေ့ ဘာမှပြောရဲ နှိုးရဲတာမဟုတ်ဘူး''

''အခု ရှင့်မိန်းမက နှိုးနေတာလေ၊ သူတို့တွေနဲ့တူလို့လား၊ ...ရေး မပါတဲ့ လူတစ်ယောက်နေရာမှာထားမယ်ဆိုရင် ဘာလို့ ကျွန်မကို ...က်ထပ် နေသေးလဲ၊ ကျွန်မက ရှင့်အတွက်ဘာလဲ''

''ကျွတ် ... မင်းကွာ''

မှေးဆင်းနေသော မျက်လုံးများကို ပွတ်သပ်ကာ၊ အိပ်ချင်မူးတူး ... ထည်ဝါခံ့ညား ငုတ်တုတ်ကြီးထထိုင်၏။ ငိုက်မြည်းချင်သလိုဖြစ်နေ ...သာ ထည်ဝါခံ့ညားကိုယ်ကြီးကို သူမဆောင့်တွန်းလိုက်ကာ

''ရှင် စိတ်မရှည်သလို ဂျစ်ကန်ကန်လုပ်မနေနဲ့၊ ထရေချိုး''

''ရေချိုးဖို့ အဆင်သင့်လုပ်ပြီးပြီတဲ့လား''

''ဘာလုပ်ရမှာလဲ၊ ကိုယ့်ရေချိုးခန်းထဲ ကိုယ်ချိုးပေါ့''

''မနက်အိပ်ရာထ ရေချိုးရင် နံ့သာရည်နဲ့ချိုးလိုက်မှ တစ်နေကုန် ...န်းဆန်းတာ''

''ရှင်တို့ ပိုက်ဆံချမ်းသာတဲ့လူတွေက အမျိုးမျိုးဖိမ်ခံဖို့ ငွေကုန် ...နိုင်ကြတယ်နော်၊ နံ့သာရည်နဲ့မချိုးတော့ ရှင့်အသားတွေ ပွဲကျသွားမှာ ...လား၊ လူတွေက အိုနာသေမျိုးချည်းပဲ၊ အခွင့်ထူးခံလူတန်းစားဆိုပြီး၊

www.burmeseclassic.com



သေမင်းက ချန်ထားခဲ့မှာလား။ အဲဒီလို ငွေတွေအများကြီးအကုန်ခံထား
နဲ့သာရည်က ရှင့်အသက်ကို ပြန်ငယ်စေမှာလား''

''လာတွေလာပြောနေတာလဲကွာ၊ ဒီအသိုက်အဝန်းထဲ ရောက်လာရင် လိုက်လျောညီထွေနေတတ်အောင် ကြိုးစားစမ်းပါ၊ မင်း မိဖုရား တစ်ပါးရဲ့ ဘဝမျိုးမှာ ငါထားနေတာ''

''ကျွန်မ မနေနိုင်ဘူး''

''ဘာ''

သူမရဲ့ခပ်ပြတ်ပြတ်တုံ့ပြန်မှုကြောင့် မျက်လုံးတွေပင် ပြူးကျ သွား၏။ သူမ ဘာကို မကျေမနပ်ဖြစ်ပြီး ကန့်လန့်တိုက်နေသလဲ မသိ

ဒီလိုဘဝမျိုးမှာနေချင်လို့ အလကားမှတ်တင်း အခွင့်အရေး နေသည့် မိန်းကလေးတွေ အများကြီးပါ။ ကိုယ်ကလည်း အလကားရ လျှင် တန်ဖိုးရှိသည်ဟုပင် မထင်။

သူမျက်မှောင်ကြုတ်ကြည့်နေတော့ သူမခုတင်ပေါ်ကနေဆင် ကာ ထရပ်ပြီး

''ကျွန်မလူတစ်ယောက်လိုပဲနေချင်တယ် ဦးထည်ဝါ၊ လူတွေ ရောနှောရင်းနှီးပြီး လူတစ်ယောက်ရဲ့ လွတ်လပ်မှုမျိုးနဲ့ ဘဝကိုပေါ့ပေါ့ပါး လေး ဖြတ်သန်းချင်တယ်၊ ရှင်တို့ကမ္ဘာက ကျဉ်းလွန်းနေတာ ကျွန် မနေတတ်ဘူး''

''ကျဉ်းတယ် ... အဲဒါ မင်းဘာကိုပြောတာလဲ''

''ရှင်တို့မှာ အခြွေအရံသင်းပင်း၊ ဘော်ဒီဂတ်တွေ သက်တော် စောင့်တွေနဲ့ နေနေရတာ မဟုတ်လား''

''ဟုတ်တယ်လေ၊ ငါတို့လို ချမ်းသာတဲ့သူတွေကို ခါးပြတိုက် ချင်တဲ့လူ၊ ပြန်ပေးဆွဲ ငွေညှစ်၊ နာမည်ပျက်အောင်လုပ်ချင်တဲ့သူကလည် ခပ်များများ၊ ကိုယ့်ကိုယ်ကို စောင့်ရှောက်နိုင်မှဖြစ်မှာပေါ့''

''အဲဒါကြောင့် ရှင်တို့လိုလူမျိုးတွေအတွက် လုံခြုံတဲ့နေရာမ



ပေါ့ ဦးထည်ဝါ၊ အဲဒါငွေကြေးချမ်းသာတာကြောင့်လို့ ရှင်ထင်နေလား''

''ဟင်''

အထူးအဆန်းစကားလို ဘာကြောင့်ပါလဲလို့ပြောမည့်စကားကို ဝင်စားကာ နားစွင့်မိ၏။ သူမပြောသည့်စကားတွေက သူနှင့်မရင်း သိုပင်။ ဒါပေမဲ့ သူမနှုတ်ခမ်းလေးတွေက ထွက်လာသောစကားတွေ တော့ သူ့အတွက် စိတ်ဝင်စားစရာကောင်းတာ အမှန်ပဲဖြစ်၏။ သူမက ကိုမျက်လုံးတစ်ချက်လှန်ကြည့်ပြီး ...

''ရှင်တို့ ဒီလိုနေထိုင်စားသောက်ချမ်းသာနေတာကို လူတွေက လိုဖြစ်နေကြတာမဟုတ်ပါဘူး။ ရှင်တို့က ရှင်တို့နဲ့ နီးစပ်ရာပတ်ဝန်း င်မှာပဲ ကျင်လည်ပြီး လူတွေရဲ့အခက်အခဲတွေကို မမြင်တတ်တာပါ၊ တို့အသိုက်အဝန်းတွေချင်း၊ သူသိန်းတစ်သောင်းသုံးနိုင်ရင် ငါသိန်းနှစ် သောင်းသုံးနိုင်တယ်၊ သူက မိန်းကလေးတစ်ယောက်ကို စပွန်ဆာပေးနိုင် ငါက နှစ်ယောက် သုံးယောက်ပေးနိုင်တယ်ဆိုပြီး ပြိုင်နေကြတာ၊ တို့အချင်းချင်းတိုက်ခိုက်ပြီး၊ နိမ့်ပါးတဲ့သူတွေကို အထင်မြင်သေး ကြောက်လန့်နေကြတာ မဟုတ်လား''

''ဟား''

သူမပြောမှ သူသဘောပေါက်သွားပြီး မွေ့ယာကြီးပေါ်က ခုန် ဆင်းလိုက်ကာ သူမ မျက်နှာလေးကိုကြည့်၍

''မင်းပြောတာ ဟုတ်တယ်၊ တကယ်တမ်းဖြစ်နေတာ ကိုယ်တို့ ချင်းချင်းပဲ၊ စီးပွားပြိုင်တွေဖြစ်နေတော့ သူ့ကိုနာမည်ပျက်အောင်လုပ်နိုင် ကိုယ့်နာမည်တက်မယ်၊ ကိုယ့်ကိုနာမည်ဖျက်နိုင်ရင် သူတက်မယ်ဆို တော့ သူ့အမှား ကိုယ့်အမှားစောင့်နေကြတာ၊ တစ်ဦးလုပ်ငန်းဆယ်ခုစီရှိ ယ်ဆိုရင် အများရဲ့ယုံကြည်ထောက်ခံမှုကြောင့် ဒီထက်ပိုများလာမယ်၊ ထက်အောင်မြင်လာနိုင်တယ်''

''ဒါဆိုရင် ရှင့်ရဲ့နေထိုင်ပြုမူပုံတွေ ဘာကိုပြောင်းလဲသင့်တယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



တာ ရှင်သဘောမပေါက်ဘူးလား၊ လူအများအတွက် ရှင်ဘာအက ကျေးဇူးတွေ လုပ်ပေးဖူးလဲ၊ ထောက်ပံ့ပေးကမ်းစွန့်ကြဲဖူးလည်း အများ ယုံကြည်လေးစားမှု ထောက်ခံမှုရဖို့ ရှင့်ဘက်က ဘာတွေပေးဆပ်ဖူးလ ရှင်တို့ သုံးဖြုန်းနေတဲ့အထဲက တစ်စွန်းတစ်ဖဲ့ အဖျားအနားလောက် ပေးကမ်းစွန့်ကြဲကြည့်စမ်းပါ၊ လုပ်ငန်းတွေထဲမှာ ရင်းနှီးမြှုပ်နှံတာထ အကျိုးအမြတ်ပြန်ရလာပါလိမ့်မယ်''

သူမရဲ့ စိတ်ကူးက သူ့ကိုကျေနပ်သွားစေ၍ သူမ ပခုံးလေး သူ အားပါပါဆုပ်ညှစ်မိသွားသည်။ သူမ အိုင်ဒီယာတွေက သူတို့အတွ အကျိုး ဖြစ်ထွန်းစေနိုင်သည် မဟုတ်လား။

''မင်းကို ငါလက်ထပ်ခဲ့တာ မမှားဘူးထင်တယ် သျှင်မင်းအိမ် ငါတို့ ဒီထက်ရင်းနှီးအောင် မင်းဘယ်နိုင်ငံကို ဟန်းနီးမွန်းထွက်ချင်လ ဘာလုပ်ချင်လဲ၊ ဘာဖြစ်ချင်လဲ''

''ဟင့်အင်း ကျွန်မဘယ်ကိုမှ ဟန်းနီးမွန်းမထွက်ချင်ဘူ မသွားချင်ဘူး''

''ဟင် . . . ဘာဖြစ်လို့လဲ''

''အဲဒီအတွက်ကုန်ကျမယ့်ငွေတွေကို ကျွန်မနေခဲ့တဲ့ ရပ်ကွ လေးမှာ ကုသိုလ်ဒါနသွားလုပ်ချင်တယ်''

''ဩော် . . . ကိုယ်ခံစားမယ့် စည်းစိမ်ဥစ္စာတွေကို မျှဝေချ တာမျိုးလား''

''အဲဒီက ပြန်လာမယ့်ဝိတိက တစ်သက်လုံးစားလို့ မကုန်နိုင်ဘူ ဦးထည်ပါ၊ အခြေခံလူတန်းစားတွေမှာ ထမင်းနပ်မှန်အောင်စားဖို့ မနည် ရုန်းကန်နေရပါတယ်၊ သားသမီးတွေကို ပညာသင်ပေးနိုင်ဖို့ ဖခင်တွေက ဆိုက်ကားနင်း၊ ပန်းရံ လက်သမားလုပ်၊ မိခင်တွေက သူများအညစ် အကြေးတွေကို လျှော်ဖွတ်၊ ဈေးရောင်း၊ အိမ်သာကျင်းတူး၊ အောက်ခြေ ကအစ ပင်ပင်ပန်းပန်းလုပ်ကိုင်ကြရပါတယ်၊ သူတို့မှာ ပညာဗဟုသုတ





ည်းပါးပြီး ကြုံရာကျပန်း လုပ်ကိုင်စားသောက်နေကြရတာ၊ နေစရာ မရှိ၊ အစားအသောက် ပြည့်ပြည့်ဝဝ ကောင်းကောင်းမွန်မွန် မစား သောက်ရဘဲ ရုန်းကန်နေကြရတဲ့ဘဝတွေပါ၊ ဒါဟာ ဘဝအကျိုးပေးပဲ၊ တို့က အရင်ဘဝက ကောင်းတာလုပ်ခဲ့လို့ ခုဘဝမှာ ကောင်းကောင်း နေရတာ၊ ကိုယ့်ကံနဲ့ကိုယ် ဘာတတ်နိုင်မှာလဲလို့ ရှင်တို့ကတော့ ပြော ားရှိကြမှာပဲနော်''

''အဲဒါ အမှန်ပဲလေ၊ ဆင်းရဲခြင်း ချမ်းသာခြင်းဟာ လူတစ် ယောက်ရဲ့ အတိတ်ကံအကျိုးပေးပဲပေါ့ မဟုတ်ဘူးလား''

''လုပ်သလောက်မဖြစ်တဲ့ ဖိနှိပ်ခံလူတန်းစားတွေဘက်က ရှင် ာလိုညှာတာပြီး တွေးမပေးတတ်တာလဲ၊ တန်းတူအခွင့်အရေးဆိုတာမျိုး ရှိတဲ့အတွက် တန်းတူခံစားခွင့်ဆိုတာရှိလာပါ့မလား၊ ရှင်တို့လို သူဌေး တွေကသာ မျှတတဲ့ အခွင့်အရေးမျိုးပေးခဲ့မယ်ဆိုရင် လူတွေအားလုံး အဆင်ပြေသွားကြမှာပါ၊ ကျွန်မတို့လို လူတန်းစားက ရောင့်ရဲတင်းတိမ်ပြီး ကျေးဇူးတတ်တဲ့ လူမျိုးတွေပါ''

သျှင်မင်းအိမ်က သူမတို့လူတန်းစားဘက်က အပြည့်အဝ ထောက်ခံမှုတွေပေးနေသည်။ သူကတော့ ကျန်တာတွေ စိတ်မဝင်စား သော်လည်း သူမပြောသည့်စကားတွေအတွက် ဖြည့်ဆည်းမှုတွေလုပ် ပေးချင်၏။

ဒါဟာ သူ့စိတ်တွေရဲ့ပြောင်းလဲမှုလား။ သူမကို တကယ်ချစ် သွားမိလို့လား။ သူမရဲ့အပြောအဆိုရဲတင်းမှုလေးတွေကို သဘောကျ သွားခဲ့တာလား။ ခပ်ကြာကြာအများကြီးတော့ သူသိပ်မတွေးတတ်ပါ။

''ကဲ . . . မင်းလုပ်ချင်တာလုပ်ပါ သျှင်မင်းအိမ်၊ ငါက နိုင် တကာကို အမြဲတမ်းလိုသွားပြီး ဖိမ်ခံဖူးတယ်၊ မင်းနဲ့အတူသွားရင် အဲဒီ ထက်ပိုပျော်စရာကောင်းမလား မသိပေမယ့်၊ မင်းက မင်းရပ်ရွာအကျိုး အတွက် လုပ်ပေးချင်တယ်ဆိုတော့ မင်းဆန္ဒရှိသလိုလုပ်ပါ''

www.burmeseclassic.com

www.burmeseclassic.com



''ရှင်လိုက်ရမှာနော်''

''ငါက''

''အင်း ... ဘော်ဒီဂတ်တွေ သက်တော်စောင့်တွေမပါဘဲ [illegible] ကျွန်မတို့ရဲ့ မင်္ဂလာဦးအလှူဒါနတစ်ခုအဖြစ် ကျွန်မတို့ ကုသိုလ်ရအော[illegible] ယူကြမယ်၊ ရှင်ပျော်သွားမှာ ပီတိဖြစ်သွားမှာပါ''

''အိုကေ မင်းလုပ်ချင်တာလုပ်ပါ''

ဒီလိုတော့လည်း ထည်ဝါခံ့ညားက ချစ်ဖို့ကောင်းသားပဲ[illegible] တွေးမိ၏။ ထည်ဝါခံ့ညားကို လိုက်လျောတတ်သည့် လူတန်းစားမျိုး[illegible] အစကမထင်မိ။

မာန်မာနများ မောက်မာမှုများနှင့် အထင်သေးရှုံ့ချတတ်သူ[illegible] သာထင်ခဲ့တာ။ သူ့ဘက်က လိုက်လျောမှုရှိလျှင် သူမဘက်က ပေးဆ[illegible] ရမှာလည်း ဝန်မလေးပါ။

''ရှင်ရေချိုးတော့လေ''

''မင်းရော ချိုးပြီးပြီလား''

''ဒီပုံစံက ရေချိုးပြီးသားဖြစ်ပါ့မလား''

''ဒါဆိုအတူတူချိုးမယ်''

''ရေချိုးခန်းထဲမှာ အတူတူ၊ အမယ်လေး မချိုးရဲပါဘူး''

''ဟိတ် ... နံ့သာရည်နဲ့ မင်းမချိုးစေချင်ရင် မင်းဘက်[illegible] အဲဒါတော့ လိုက်လျောမှပေါ့ကွ၊ မင်းလုပ်ချင်တာကိုလည်း ငါလိုက်လျေ[illegible] ထားသေးတယ်''

''ရှင်က အပေးအယူလုပ်နေတာပေါ့လေ''

''မင်း အဲဒီလိုအတွေးမအောက်လိုက်ပါနဲ့၊ မင်းနဲ့ငါက လ[illegible] မယားဖြစ်နေပြီ၊ တစ်ယောက်ဆန္ဒကို တစ်ယောက်က ဖြည့်ဆည်းလို[illegible] လျောမှုရှိသင့်တယ် မဟုတ်ဘူးလား''

''တခြားဟာတော့ ထားပါတော့၊ ရေအတူချိုးရမယ်ဆိုတာကြီးက[illegible]



''ဟိတ် စကားမများနဲ့တော့ပြီ''

''ဟာ ... ရှင်နော်''

''မရဘူး''

''ဟိတ်လူကြီး ... ဦးထည်ဝါနော်''

သူမ ဆက်ပြီး ငြင်းဆန်ခွင့်မရပါ။ ရေချိုးခန်းထဲကို ပွေ့ချီ ခေါ်သွားကာ၊ ရေပန်းကို ဖွင့်ချလိုက်၍ သူမ ရေမွှန်းကာ ဝူးဝူးဝါးဝါးဖြစ် သွားသည်။

ဒီကြားထဲ သူက လှုပ်လို့မရအောင် ဖွတ်အတင်းဖက်ထားသေး တာမို့၊ သူရင်အုပ်ကျယ်ကျယ်မှာ မျက်နှာအပ်ထားရင်း အသက်ကို မနည်းဝအောင် ရှူနေရသည်။

''သျှင်မင်းအိမ်''

''ဟင်''

''သျှင်မင်း''

''ဘာလဲ ... ဒီမှာအသက်ရှူလို့ မဝပါဘူးဆိုမှ''

''မင်းကို ငါချစ်နေတယ်ထင်တယ်''

''မသေမချာ ယောင်ဝါးဝါးနဲ့ လျှောက်ပြောမနေနဲ့ ကျွန်မကို ရှင်တို့ အတွက်အသုံးချဖို့ လက်ထပ်ခဲ့တယ်ဆိုတာ ကျွန်မ သိတယ်''

''မင်းကလည်း မင်းမိသားစုအတွက် ငါ့ကိုလက်ထပ်ခဲ့တာ မဟုတ်လား''

''ရှင့်ဘက်က လိုက်လျောမှုတွေရှိရင် ဒီအိမ်ထောင်ရေးကို တစ်သက်လုံး တည်မြဲအောင် ကျွန်မ ကြိုးစားမှာပါ''

''ချစ်လာနိုင်တယ်လို့ရော ငါမျှော်လင့်လို့ရလား''

''ရှင်တို့လိုလူမျိုးတွေအတွက် အချစ်ဆိုတာက အရေးပါလို့လား''

''မချစ်ဘူးလို့ ချစ်ချင်တာပေ့ါ သျှင်မင်းအိမ်၊ ငါ့ရဲ့ကမ္ဘာကို အချစ်နဲ့ တည်ဆောက်ကြည့်ရင် ဘယ်လောက်ပျော်စရာကောင်းမလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ငါသိချင်တယ်၊ ငါဘယ်လောက်ထိ စောင့်ပေးရမလဲ''

''အဲဒါ ရှင့်အပေါ်မှာပဲ မူတည်လိမ့်မယ် ဦးထည်ဝါ၊ ဟန်ဆော မှုတွေကို ကျွန်မ မုန်းတယ်၊ ပကာသနဆန်တဲ့ ပတ်ဝန်းကျင်မှာ ကျွ ခံနိုင်ရည်ရှိပါ့မလား၊ ဘယ်လောက်ထိတောင့်ထားနိုင်မလဲ''

''မင်း ဘာတွေဖြစ်ချင်တာလဲ''

ဘာအတွက်မေးတာလဲဟု တုံ့ပြန်မှုနှင့် သူမမျက်လုံးလှန်ကြ တော့ ထည်ဝါခံ့ညားက သူမနဖူးပြင်ကို တစ်ရှိုက်နမ်းမွှေးလိုက်ပြီး

''ရင်ခုန်စိတ်လှုပ်ရှားစရာကောင်းတဲ့ မိသားစုဘဝလေးသာ ခဲ့မယ်ဆိုရင် မင်းဆန္ဒရှိသမျှ ငါလိုက်လျောဖို့ အဆင်သင့်ပဲ သျှင်မ အေးချမ်းတဲ့ဘဝကို ငါလည်း မက်မောတတ်ပါတယ်၊ ငါစိုးရိမ်တာတ ပဲ၊ မင်းချစ်သူကို မင်းမမေ့နိုင်သေးမှာ''

''ဟင်''

သူ့ကိုယ်မှခွာကာ ရေပန်းလေးကို လှည့်ပိတ်လိုက်ပြီး မျက် လေးထက်က ရေမှုန်ရေမွှားတွေကို သူမလက်လေးနှင့် ဖယ်ရှားသုတ်သ ပစ်လိုက်၏။

သူက သူမကိုယ်လေးကို နောက်တစ်ကြိမ်ဆွဲဖက်လိုက်က

''ပြောလေ၊ ဘာကြောင့်တွေဝေသွားတာလဲ၊ မင်းချစ်သူ မင်းရင်ထဲမဖယ်ထုတ်နိုင်သေးဘဲ ငါ့ကိုလက်ထပ်ခဲ့တာလား''

''မဖယ်နိုင်သေးပါဘူးဆိုပြီး ကျွန်မမှာငြင်းဆန်ဖို့ အချိန်အခွ အရေးရှိခဲ့လို့လား၊ မေ့မေ့ပျောက်ပျောက်ဖြစ်အောင် ကျွန်မတို့ အမှ တွေ အပြစ်တွေနဲ့ လမ်းခွဲထားခဲ့ကြတာမဟုတ်ဘူး ဦးထည်ဝါ''

ထိုစကားကြောင့် သူမမျက်နှာတစ်ခုလုံး ဟည့်တင်းအေးခဲသွ ခဲ့သည်။ သူမကိုယ်လေးကို နံရံဘက်မှာ ဖိကပ်လိုက်ပြီး ...

''မင်း မမေ့ရသေးဘူးဆိုရင်လည်း အခုချိန်ကစပြီး မေ့လိုက်ပ မုန်းဖို့ရည်ရွယ်မထားလည်း မုန်းနိုင်အောင် ကြိုးစားလိုက်ပါ သျှင်မင်



ငါ့ရင်ခွင်ထဲကနေ ရည်းစားဦးကို တမ်းတနေမှာမျိုးတော့ ငါခွင့်မပြုနိုင်ဘူး၊ နားလည်မပေးနိုင်ဘူး''

''ကျွန်မ မြန်မာမိန်းကလေးဗုဒ္ဓဘာသာပါ၊ ဒုသနသော အပြစ်ကို ကျွန်မကြောက်တတ်ပါတယ်၊ အိမ်ထောင်ရှိရဲ့နဲ့ စိတ်နဲ့တောင် ပြစ်မှားပြီး ဖောက်ပြန်မယ့်သူမျိုးမဟုတ်ပါဘူး''

''အဲဒါကို ငါယုံကြည့်လို့ရမလား''

မယုံသင်္ကာမေးခွန်းမို့ သူမ ကိုယ်လေးတောင့်မတ်သွားခဲ့သည်။

''မယုံမကြည်ဖြစ်မယ်ဆိုရင် ကျွန်မကို အခုတည်းက စွန့်လွှတ်လိုက်ပါ ဦးထည်ဝါ၊ သံသယမကင်းတိုင်း မေးခွန်းတွေနဲ့ နှိပ်စက်ခံနေရမှာမျိုးဆိုရင်''

''တော်ပြီ ... ရေချိုးရအောင်၊ မင်းအအေးပတ်သွားလိမ့်မယ်''

မတင်မကျစကားဖြတ်ပစ်လိုက်တာမို့ သူမစိတ်ထဲ ဘဝင်မကျဖြစ်သွားရသည်။ ထည်ဝါခံ့ညားက ရေပန်းကို လှည့်ဖွင့်လိုက်ပြီး ရေမှုန်ရေမွှားတွေအောက်မှာ သူမကိုယ်လေးကို တင်းနေအောင်ဖက်ရင်း မျက်နှာလေးအနှံ့ အနမ်းမိုးတို့ ကြဲဖြန့်နေ၏။ မိန်းမောရစ်မူးမှုမရှိသေးသော်လည်း သူမမရုန်းဖယ်မိ။ ဒါဟာ သူ့ဆီကလိုက်လျောမှုတွေအတွက် ပေးဆပ်မှုသက်သက်ဖြစ်ခဲ့မည်ဆိုလျှင်လည်း သူမကျေနပ်နိုင်အောင်နေရမည်။

ထည်ဝါခံ့ညားဆိုတာ သူမရဲ့လင်ယောကျ်ားပဲမဟုတ်ပါလား။

အချစ်က ဟိုးဝေးဝေးမှာ ဝေဝါးလျက် ...။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

မောင်ထည်ဝါခုံညားနှင့် မသျှင်မင်းအိမ်တို့ရဲ့
မင်္ဂလာဦး စတုဒီသာအလှူပွဲ
တစ်ရပ်ကွက်လုံးရှိ လူတွေ လူတွေ ...။

သာဓုခေါ်သံတွေ မြိုင်မြိုင်ဝေလျက် မြိန်ရေရှက်ရေစားသောက်သုံးဆောင်နေကြသည်။ အခမနှင့် အဖေတို့ကို ဖိတ်ကြားထားတာမို့ အပြုံးအပျော်တို့ဖြင့်ရောက်လာပြီး ပီတိဖြစ်နေကြသော်လည်း ထည်ဝါခုံညားမိဘတွေကတော့ ရောက်မလာကြပေ။

သားကိုစိတ်မချလို့ သက်တော်စောင့်တွေကို ခပ်ဝေးဝေးကနေ မသိမသာ စောင့်ရှောက်ခိုင်းထားပြီး သူမကိုလည်း သူ့သားအတွက် တာဝန်ယူမှုဖြစ်မည်ဟု သတိပေးသေး၏။

ရိုးသားဖြူစင်သော ဒီရပ်ကွက်လေးက လူတွေက၊ သူတို့သားကို ဘာအန္တရာယ်ပြုမှာမို့လို့လဲ။ အခုလို အလှူဒါနလာလုပ်တာကိုတောင် သူမကို ချီးကျူးပြီး သူ့ကိုကျေးဇူးတင်နေကြသေးတာ။

''သျှင်မင်း''

''ရှင်''

''တကယ်ကို မြိန်ရေယှက်ရေစားနေကြတာနော်၊ အဲဒီလူတွေ





အကုန်လုံးက အိမ်မှာ ထမင်းနပ်မမှန်အောင် ချို့တဲ့ကြတဲ့ လူတွေလား''

''ထမင်းချက်တောင် ဟင်းမပါဘဲ စားရတဲ့သူတွေဆိုတာတော့ သေချာတယ်၊ တစ်နေ့လုပ်မှ တစ်နေ့စား။ ကျန်းမာရေးမကောင်းရင် တုန်စရာလည်း ငွေမရှိ၊ အိမ်လစာ အသုံးစရိတ်နဲ့ ကိုယ့်ဘဝကိုယ်နေပျော်အောင်နေနေရတဲ့ လူတွေပါ''

''ဒီလောက်ဆင်းရဲချို့တဲ့တဲ့သူတွေရှိမှန်း ကိုယ်တကယ်မသိဘူး၊ ရေဘေးကြောင့် မီးဘေးကြောင့် ဒုက္ခရောက်နေတဲ့သူတွေကိုတော့၊ ကုမ္ပဏီတွေ အပြိုင်အဆိုင်အလှူသွားလုပ်ဖူးကြပါတယ်''

''ရှင်တို့ ကိုယ်တိုင်တော့ အဲဒီလိုနေရာတွေ မရောက်ဖူးဘူး မဟုတ်လား၊ ဂျာနယ် သတင်းစာတွေထဲမှာ လူအထင်ကြီးအောင် သိန်းဘယ်နှစ်သောင်း လှူဒါန်းပါတယ်ဆိုပြီး အကျယ်တဝင့်ဖော်ပြခံရတာလောက်ပဲ ဂုဏ်ယူနေကြတာ၊ တကယ်တမ်းအောက်ခြေလူတန်းစားရဲ့ အခက်အခဲတွေကို ရှင်တို့မသိကြဘူး၊ အခွင့်ထူးခံလူတန်းစားရဲ့ အခွင့်အရေးဆိုတာကို နားလည်ပေမယ့် သူတို့ရဲ့ ပီတိကြည်နူးမှုတွေကို ရှင် ခံစားတတ်အောင် ခံစားကြည့်စမ်းပါ''

''ငါအခု ပျော်နေပါတယ်၊ သူတို့ကိုကြည့်ပြီး ရင်ထဲမှာဘယ်လိုကြီးမှန်းမသိဘူး၊ လှိုက်လှိုက်တက်နေတယ်၊ တစ်ခါမှ မခံစားဖူးဘူး''

''အဲဒီ ပီတိတွေကို ရှင်စားသုံးနေရလို့လေ''

''မင်းနောက်ထပ် ဒီရပ်ရွာကောင်းကျိုးအတွက် ဘာတွေဆက်လုပ်ချင်သေးလဲ''

''ချိုင့်တွေ ခွက်တွေဖြစ်နတဲ့ လမ်းတွေကို ပြင်ပေးချင်တယ်၊ ဆန်တွေ ဆီတွေ ဝေပေးပြီး သူတို့ဆီက သာဓုခေါ်သံတွေ ကြားချင်တယ်၊ ကျွန်မကို ဘာမှမဖြည့်ဆည်းပေးချင်နေပါ၊ အများအတွက် ပရဟိတလုပ်ခွင့်ရရင် ရှင်ကို ကျွန်မဘာမဆို ပြန်ပေးဆပ်နိုင်တယ်''

''ဩော်''



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ စိတ်ဓာတ်လေးကို သူ သာဓုခေါ်ရတော့မည်လား။ ပြုံးပျော်နေသော သူမမျက်နှာလေးကို ကြည့်၍၊ သူ့ရင်ထဲမှာ ကျေနပ် ကြည်နူးနေမိသည်။ ဒီလိုခံစားမှုမျိုး သူမတစ်ယောက်သာ သူ့ကိုပေးစွမ်း နိုင်သေး၏။

ထိုခံစားမှုမျိုး ထပ်ခါထပ်ခါရဖို့၊ သူမဆန္ဒတွေကို ထပ်ခါထပ်ခါ ဖြည့်ဆည်းဖို့ သူဆုံးဖြတ်လိုက်သည်။

''သျှင်မင်းအိမ်''

''ဟင်''

စူးခနဲ ခေါ်သံကြောင့် လှည့်ကြည့်မိလိုက်စဉ်မှာ သျှင်မင်းအိမ် သွေးပျက်တုန်လှုပ်သွားသည်။ ထည်ဝါခံ့ညားကလည်း လှည့်ကြည့်၏။

''စံ ... စံမင်းညို''

''နင် သိပ်ကိုအပျော်လွန်နေပါလား သျှင်မင်းအိမ်''

''နင် ... နင် ဘယ်တုန်းက ပြန်ရောက်တာလဲ''

''ငါရောက်တာ နှစ်ရက်ရှိပြီ၊ နင့်သတင်းကိုကြားတော့ ငါ လှုသတ် ချင်စိတ်ပေါက်နေတာ''

''နင် ... နင်ဘာတွေ ပြောနေတာလဲ၊ ဒီမှာလူတွေနဲ့ ညှော်ခံနေ ကြတာ နင်မမြင်ဘူးလား''

''ငါက ဘာကိုဂရုစိုက်နေရမှာလဲ''

''သျှင်မင်း အဲဒါဘယ်သူလဲ''

လူမိုက်ပုံစံ ဂျစ်ကန်ကန် မာကျောကျောဖြင့်လာရင့်နေတာမို့ သျှင်မင်းအိမ် လက်ကလေးကိုဆုပ်ကိုင်ရင်း ထည်ဝါခံ့ညားမေးလိုက်သည်။ သျှင်မင်းအိမ်မျက်နှာလေးက သေးသွယ်ပျက်ယွင်းနေကာ

''စံ ... စံမင်းညိုတဲ့ ကျွန်မရဲ့ ဟို''

''မင်းရဲ့ချစ်သူဆိုတာလား''

သူမ မဝံ့မရဲလေး ခေါင်းညိတ်ပြတော့ ထည်ဝါခံ့ညား မျက်နှာ ညိုတင်းအေးခဲသွားသည်။ မျက်ခုံးနှစ်ခုတွန့်ချိုး မှုန်ကုတ်လျက်



''ကိုယ်တို့ ဒီနေရာကနေ ပြန်ကြရင်ကောင်းမလား''

''ပြန်လို့ မဖြစ်သေးဘူး၊ ကျုပ် သျှင်မင်းအိမ်နဲ့ ပြောစရာရှိတယ်''

''ညီ အဲလိုတော့ လာမရင့်နဲ့ကွာ၊ အခု သျှင်မင်းအိမ်က ကိုယ့်ရဲ့ ဇနီးမဖြစ်နေပြီ''

''ခင်ဗျားငွေနဲ့ ဝယ်ထားတယ်ဆိုတဲ့သတင်းကို ကျုပ်ကြားပြီး ပါပြီ၊ ဒါပေမဲ့ သူသစ္စာမဲ့သွားတဲ့အတွက် စာရင်းရှင်းမှဖြစ်မယ်''

''နင်နဲ့ငါနဲ့ ဘာမှစာရင်းရှင်းစရာမလိုဘူး စံမင်းညို၊ စာမလာ သတင်းမကြားနဲ့ နင့်ကိုသေပြီလို့တောင်ထင်နေတာ၊ နင့်ဘက်က ပျက် ကွက်မှုတွေအတွက် ငါ့ဘာဖြေရှင်းချက်မှ မပေးတော့ဘူး၊ ငါလက်ထပ် လိုက်တဲ့ကိစ္စကိုလည်း နင်ဘာမှပြောစရာမလိုဘူး စံမင်းညို''

''ဘာ ... ငါ့ဘာမှပြောစရာမလိုဘူး ဟုတ်လား သျှင်မင်းအိမ်၊ မင်းနဲ့ ငါနဲ့ ချစ်သူသက်တမ်း ဘယ်လောက်လဲ၊ ငါဘာကြောင့် နိုင်ငံခြားကို အလုပ်လုပ်ဖို့ ထွက်သွားခဲ့တာလဲ၊ နင်နဲ့ လက်ထပ်ဖို့လေ၊ နင်ပဲ ငါ့ကိုသွား ခိုင်းခဲ့တာ ငွေရှာခိုင်းခဲ့တာ''

''ကျွတ် ... မင်းတို့ဘယ်လိုတွေဖြစ်နေကြတာလဲ၊ မင်းကို အကြောင်းသိနေတဲ့ ဒီလူတွေ ငါ့ကိုအရှက်ခွဲနေတာလား''

ထည်ဝါခံ့ညား အံကြိတ်သံနှင့် ခပ်တင်းတင်းပြောလိုက်သည်။

စံမင်းညို နှုတ်ခမ်းအစုံတွန့်ကွေးမဲ့ကျလျက် ထည်ဝါခံ့ညား မျက်နှာကို ရွံ့မုန်းသလိုကြည့်ကာ

''ခင်ဗျားကိုယ်ခင်ဗျား သျှင်မင်းအိမ်ကို ဝယ်လိုက်နိုင်တယ်ဆိုပြီး ဂုဏ်ယူနေသလားထည်ဝါခံ့ညား၊ တခြားကုန်ပစ္စည်းတွေကို မတန်း နိုင်းနှိမ်ပြီး အမြတ်အစွန်းကျန် ချမ်းသာနေမယ်၊ သျှင်မင်းအိမ်ကို ခင်ဗျား လက်ထပ်လိုက်တာတော့ ရှုံးသွားပြီ''

''ဘာကွ''

www.burmeseclassic.com

www.burmeseclassic.com



''သူနဲ့ကျုပ် ချစ်သူသက်တမ်း နှစ်နှစ်ကြီးများတောင်သိလာ တစ်ပတ်အတွင်း တစ်ရက်အတွင်းမှာတောင် အပျိုစင်ဘဝဆုံးရှုံးသွားအောင် အချစ်စိတ်လွှမ်းကျူးသွားတတ်တယ်ဆိုတာ ခင်ဗျားလိုလူမျိုးက ပိုသိမှာပါ''

''မင်း''

''စံမင်းညို နှင်ဘာတွေပြောနေတာလဲ''

မခံချင်အောင် တမင်ပြောလိုက်တာလား မသိပေမယ့် သျှင်မင်း အိမ်ကိုလှည့်ကြည့်ကာ ရင်ထဲကဆတ်ဆတ်ခါသွားသည်။ ဒေါသများက ရှန်းကြွလျက် စံမင်းညိုအင်္ကျီရင်ဘတ်စကို ဆောင့်ဆွဲမိကာ

''မင်း ဒီနေရာက ထွက်သွားတော့ ဟိတ်ကောင်သွားတော့''

''ဦး ... ဦးထည်ဝါ''

''ဖယ်စမ်းပါ''

ဆွဲသူ ရုန်းသူ အော်ဟစ်သူနှင့် စားမှသောက်နေသည့် လူတွေ ဝိုင်းအုံလာတော့၊ ပုန်းလျှိုး ကွယ်လျှိုး အကဲခတ်နေသည့် ထည်ဝါခိုညားရဲ့ သက်တော်စောင့်တွေ အကာအကွယ်ပေးဖို့ ရောက်လာကြသည်။ စံမင်းညို က ဘာကိုမှ ဂရုမစိုက်သည့်ဟန်ဖြင့် နှာခေါင်းရှုံ့ကာ

''သိပ်ကိုအထင်ကြီး လေစားစရာကောင်းတဲ့ လူတန်းစားပဲ စည်းစိမ်ဥစ္စာတွေ တနင့်တပိုး၊ အပြည့်အဝခံစားနေရတော့ သေမှာသိပ် ကြောက်နေတာပေါ့၊ သူရဲဘောကြောင်တဲ့ကောင်ကို ငွေရှိတာလေးနဲ့ နင်အထင်ကြီးပြီး လက်ထပ်လိုက်တာ အံ့ဩပါရဲ့ သျှင်မင်းအိမ်ရယ်''

''ဟိတ်ကောင် အပိုစကားတွေမပြောနဲ့ သေမှာကြောက်လို့ သက်တော်စောင့်ခေါ်လာတာ မဟုတ်ဘူး၊ မင်းလိုအောက်တန်းကျတဲ့ လူမျိုးတွေ ရမ်းကားမှာစိုးလို့ ဂုဏ်သိက္ခာမထိခိုက်အောင် ကာကွယ်ရုံပဲ''

''ဒါဆို ခင်ဗျားသတ္တိရှိတယ်ပေါ့၊ တစ်ယောက်ချင်းချဲလင်းမယ်ဆို ခင်ဗျားဘက်က''

''အဆင်သင့်ပဲ၊ မင်းလိုမလောက်လေးမလောက်စားကောင်ကို



နှင့်ချေ အစဖျောက်ပစ်လိုက်လို့ရတယ်''

''ခင်ဗျား''

''ဟဲ့ ... အို ... မလုပ်ကြပါနဲ့''

စံမင်းညို ဝင်ထိုးလိုက်စဉ်မှာ ထည်ဝါခိုညားရဲ့သက်တော်စောင့် တွေက ဖမ်းချုပ်ထိုးကြိတ်ပစ်လိုက်၏။ ကိုယ့်ရှာသားကိုထိတော့ ရှာခံတွေ အားလုံး တစ်ယောက်တစ်ပေါက် ဝရုန်းသုန်းကားဖြစ်သွားကြသည်။ ထည်ဝါ ခိုညားရှေ့ကနေ သျှင်မင်းအိမ် ကာကွယ်ပေးသလို ဝင်ရပ်လိုက်ရကာ

''ပြဿနာမဖြစ်ကြပါနဲ့၊ ဒါကုသိုလ်လုပ်နေတဲ့ပွဲပါ၊ စံမင်းညို ဘက်သက်မဲ့ ပြဿနာရှာနေတာ သိကြတယ် မဟုတ်လား''

''စံမင်းညိုက ငါတို့ရှာသားလေ၊ အနိုင်ကျင့်တာတော့ မခံနိုင်ဘူး၊ ကျေးထားတဲ့ထမင်းတွေ ပြန်အန်ထုတ်ဆို ထုတ်ပစ်လိုက်မယ်၊ ဒါမျိုးလာ လုပ်လို့တော့ မရဘူး''

''ဟုတ်တယ် မှားတာ မှန်တာ နောက်မှရှင်း၊ အခုပြဿနာက တို့ရှာသား နှာခေါင်းသွေးထွက်သွားပြီ၊ အဲဒါဘယ်လိုလုပ်မှာလဲ''

''သူတို့လျော်ကြေးလိုချင်လို့လား၊ ငွေထုတ်ပေးလိုက် ဟန်မင်း''

''ဟာ ... ခင်ဗျား ငွေစကားပြောတာလား၊ အဲဒါမျိုးတော့ ထာပြီး မမောက်မာနဲ့ ဒီနေရာမှ အသက်ချင်းလဲပစ်လိုက်လို့ရတယ်''

''ဟုတ်တယ်၊ ဝေါ်ရင် ဝေါ်ပါစေ အောက်ကျတော့ခံမှာ မဟုတ် ဘူး၊ ဘုရားထူးမယ့် ကျွန်မျိုး မဟုတ်ဘူးကွ''

ထည်ဝါခိုညားပြောလိုက်သည့်စကားကြောင့် ရှာသားတွေ ခံမရပ်နိုင်ဖြစ်သွားကာ ဝရုန်းသုန်းကား ရှေ့တိုးလာကြ၏။ သျှင်မင်းအိမ် အပျာသလဲ ရှေ့ဝင်ရပ်လိုက်ပြီး

''ကဲ့ ... တော်ကြပါတော့၊ ဘာမှမဟုတ်တာလေးနဲ့ ပြဿနာကြီးဖြစ် တော့မယ်၊ အားလုံးစိတ်အေးအေးထားကြပါ၊ ကျွန်မက ကိုယ့်ရပ်ရွာကလူတွေ အဆင်ပြေစေချင်လို့ အလှူဒါနလာလုပ်တာပါ၊ ကျွန်မမျက်နှာကို ထောက်

www.burmeseclassic.com



ထားပြီး ဒေါ်သတွေလျှော့ပေးကြပါ၊ ဦးထည်ဝါ ကျွန်မတို့ပြန်ကြမယ့် ခုအချိန်မှာ စကားများရင် ပြဿနာပိုကြီးသွားနိုင်လို့ပါနော် ဦးထည်ဝါ"

ထည်ဝါခုံညား ဘာမှမပြော။ သက်တော်စောင့်တွေ ခြံရုံလျက် ကားရှိရာနေရာကို ထွက်သွားသည်မို့ သျှင်မင်းအိမ် အပြေးလေးလိုက်ရသည်။ အဖေ နှင့် အမေလည်း စိတ်ချမ်းသာမှာမဟုတ်။

စံမင်းညို ဒီလိုအောက်တန်းကျမှုမျိုးနှင့် သူမကို ဂုဏ်သိက္ခာမချသင့်ဘူးဟု ထင်သည်။

ဒီကိစ္စ ထည်ဝါခုံညားကို ဘယ်လိုရှင်းရမလဲ။ မယုံကြည်လည်း သူမ ဘာမှမတတ်နိုင်ပေ။ ကိုယ့်ရဲ့ကိုယ်ကျင့်တရားကို ကိုယ်သာ အသိဆုံး

စံမင်းညို်နှင့် ချစ်သူသက်တမ်းမှာ အနမ်းလေးတစ်ပွင့်တောင် မခြွေဖူးဘူးဆိုတာ ...။

✤ ✤ ✤



## အခန်း (၁၃)

"မင်းပြောတိုင်း ငါယုံရမှာလား သျှင်မင်းအိမ်၊ ဒီကောင် တမင် ...က်သက်ပြောတယ်ဆိုလည်း ယုံလိုက်ရဖို့ ခဲခက်ခက်ပဲ၊ မင်းတို့ချစ်သူ ...က်တမ်းက နှစ်နှစ်ကျော်တဲ့၊ လက်ထပ်ဖို့အတွက် နိုင်ငံခြားကို အလုပ် ...င်ဖို့ မင်းလွှတ်လိုက်တာဟုတ်လား၊ အဲလို ရည်ရွယ်ချက်တွေတောင် ...နေတယ်ဆိုတော့ သူပြောသလို"

"ရှင်မယုံလည်း မတတ်နိုင်ဘူး ဦးထည်ဝါ၊ ကျွန်မကတော့ ...က်မထပ်သေးဘဲ ချစ်သူကို အလိုလိုက်ပြီး အပျိုစင်ဘဝဂုဏ်သိက္ခာကို ...မွန်းအပ်ပဲ့ အစွန်းအထင်းခံမယ့် မိန်းမမျိုးမဟုတ်ဘူး"

"မင်း အဲဒါသစ္စာဆိုရဲသလား၊ သစ္စာရေသောက်ရဲသလား"

ထည်ဝါခုံညား အသံတွေ တဆတ်ဆတ်တုန်လျက် လေသံမာ ...နှင့် မေးလိုက်သည်။ ဘယ်တုန်းကမှ လူတစ်ယောက်ရဲ့စော်ကား ...ကား လေသံမာမာ အပြောမခံဖူးပါ။

ဒီလိုကိစ္စမျိုးရှိလာလျှင် ကိုယ်မသိလိုက်ရဘဲ အစဖျောက်ပေးနိုင် ...ည်သူတွေ ကိုယ့်အနားမှာရှိပါလျက်၊ သျှင်မင်းအိမ်ကြောင့် နာကျင်ခံ ...က်လျက် အရှုံးပေးပြန်လာခဲ့ရတာ။

အခုမှ သျှင်မင်းအိမ်ကို ပေါက်ကွဲခွင့်ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



သျှင်မင်းအိမ်က သူ့မေးခွန်းကို အပြုံးမဲ့ဖြင့်တုံ့ပြန်ရင်း …

"ကျွန်မကိုယ်ကျင့်တရားကို ကျွန်မယုံတဲ့အတွက် သစ္စာရေ မသောက်ရဲစရာမရှိပါဘူး။ ဒါပေမဲ့ ရှင်တစ်ခုသိထားရမှာက လူတွေအားလုံး က အချစ်ပါလို့ခေါင်းစဉ်တပ်ပြီး၊ ရမ္မက်ဆန္ဒနဲ့ အာသာဖြေနေကြတာမဟုတ် ဘူး ဦးထည့်ဝါ၊ ကိုယ့်ရဲ့ဂုဏ်သိက္ခာကို သန့်ရှင်းစင်ကြယ်အောင် တန်ဖိုး ထားပြီး၊ ဆန္ဒရှိရင်တောင် အသိတရားနဲ့ ထိန်းချုပ်ထားတတ်ကြပါတယ်"

"အပြောနဲ့ပြီးသွားမယ့်ကိစ္စမဟုတ်ဘူး သျှင်မင်းအိမ်၊ ဒီကောင် စော်ကားတာကို ငါဒီအတိုင်းခံလာခဲ့ရတာ၊ မင်းပေးချင်ကျွေးချင် ကောင်းကျိုး ပြုချင်နေတဲ့ ရွာသူရွာသားတွေကရော မင်းဘက်က ရပ်တည်ကြလို့လား ငါ့ကြောင့် ဒီလိုကောင်းကောင်းစားရတာကိုတောင် ကျေးဇူးတင်ရမှန်း မသိဘဲ အောက်တန်းကျ မိုက်သွေးထပြနေကြတာ"

"အဲဒါ ရှင်မှားသွားတာလေ"

"ဘာ"

"မရှိမာနက ရှင်တို့မောက်မာမှုထက် အဆပေါင်းများစွာ ပိုတယ် ဦးထည့်ဝါ၊ ငွေကြေးမချမ်းသာ မပြည့်စုံပေမယ့် မရှိဆင်းရဲသားရဲ့ မာနကို ငွေနဲ့ပစ်ပေါက်ဝယ်လို့တော့ မရဘူး။ တစ်ခုရှင်သဘောပေါက်ထားဖို့ က ရှင်တို့လူချမ်းသာအသိုက်အဝန်းမှာသာ အပြုံးအတေးတွေနဲ့ သူ့ထက် ချမ်းသာအောင်ပြိုင်နေကြတာ၊ သူ့ထက်သာရမယ်ဆိုတဲ့ မနာလိုစိတ်တွေ နဲ့ ယှဉ်ပြိုင်တိုက်ခိုက်နေကြတာ၊ ကျွန်မတို့လို လူတန်းစားတွေကတော့ တစ်ဦးနဲ့တစ်ဦး အနိုင်ကျင့်မခံရအောင် စည်းလုံးကြတယ် ကာကွယ်ကြ တယ်၊ အဲဒါစံမင်းညံ့ကို ချစ်လွန်းလို့လို့ ရှင်ထင်နေလား"

"ဟင်"

"တစ်ရွာလုံးက သူ့ကိုအမြင်ကတ်နေကြတာပါ၊ သူ့ရဲ့ဆောင့်ကြွား ကြွားဂျစ်ကန်ကန်နဲ့ ဂျက်ပစီလို လူမိုက်လိုပုံစံကို ဘယ်သူမှကြည့်မရကြဘူး"

"အဲဒါဖြစ်နိုင်ပါ့မလား၊ အားလုံးက သူ့ဘက်ကချည်းပဲ၊ ငါ့ ထားတာတောင်မေ့ပြီး ငါ့ကိုရန်လုပ်ဖို့ထလာကြတာ"



သူပြောတော့ သျှင်မင်းအိမ် ခေါင်းယမ်းသည်။

"အရေးကြီးရင် သွေးနီးတယ်တဲ့၊ ကိုယ့်ရွာသားမို့ အမှားအမှန် ခြားဘဲ သွေးနီးတဲ့စိတ်နဲ့ အဲလိုထဖြစ်တာပါ၊ ကျေးဇူးမသိတတ်တဲ့ လူမျိုး လည်း မဟုတ်ပါဘူး။ ကိုယ့်တိုင်းပြည် ကိုယ့်နိုင်ငံ ကိုယ့်ရပ်ရွာ ကိုယ့် အေးစု ထိပါးရန်စစော်ကားရင် တိုင်းပြည်ကိုချစ်တဲ့စိတ်၊ နိုင်ငံကိုချစ်စိတ်၊ ရွာကိုချစ်တဲ့စိတ်၊ မိသားစုကိုကာကွယ်ပေးချင်တဲ့စိတ်၊ အဲဒီစိတ်တွေကို နားလည်လား။ ရှင်တို့လစာကောင်းကောင်းပေးထားလို့ ရှင့်အသက်ကို ကာကွယ်ပေးမယ့် သက်တော်စောင့်တွေရဲ့စိတ်မျိုး မဟုတ်ဘူးနော်"

"မင်းက အရှည်ကြီးရှင်းပြတတ်တာပဲ သျှင်မင်းအိမ်၊ မင်းလည်း ရပ်ရွာက လူတွေဘက်က ကာကွယ်ပေးနေတာပဲ၊ မင်းရဲ့လင်ယောကျ်ား တဲ့ ငါ့ဘက်က ရပ်တည်မပေးတာ ငါ့ကိုချစ်တဲ့စိတ်မရှိလို့ မဟုတ်လား င်မင်းအိမ်၊ အဲဒါကြောင့်"

"ကျွန်မ ကာကွယ်ပေးလို့ပဲ ရှင်အခုလို အသက်ရှင်ရက် စကား ာနေနိုင်သေးတာပေ့ါ ဦးထည့်ဝါ၊ ဟိုကလူတွေက သေမထူးနေမထူး ာက်ဆံတင်းစရာမရှိတဲ့လူတွေပါ၊ ကျွန်မရဲ့ ဖျန်ဖြေမှုသာမရှိခဲ့ရင် ရှင့်ရဲ့ က်တော်စောင့်တွေက ဘယ်လိုပဲကာကွယ်ကာကွယ် ရှင်အရိုးတခြား သားတခြား စုတ်ပြတ်သတ်နေလောက်ပြီ"

"ဒါဆို မင်းငါ့ကိုချစ်လို့ ကာကွယ်ပေးခဲ့တာပေ့ါ"

ထိုမေးခွန်းကို သူမတန်းခနဲမဖြေနိုင်။ ရန်ပြုခံရတာကို အားနာ ည် ဆိုပေမယ့်၊ အချစ်ကြောင့်လားဆိုတာ ဝေခွဲဖို့တော့ မဖြစ်နိုင်သေးပါ။ ထဲမှာ အချစ်တွေရောက်လာဖို့ အချိန်တော့ယူရဦးမည်ထင်သည်။

"မင်းဘာလို့ မဖြေတာလဲ သျှင်မင်း"

ပခုံးကို လက်နှစ်ဖက်နှင့် ညှစ်ကာ မေးလာသော ထည့်ဝါခွဲ့ညား ာ်နှာကို တစ်ချက်မျှကြည့်၍ သူမ ရှန်းထွက်လိုက်သည်။ ထည့်ဝါခွဲ့ညား

www.burmeseclassic.com

www.burmeseclassic.com



က မခံမရပ်နိုင်သလို သူ့မလက်ကိုလှမ်းဆွဲပြီး . . .

''သျှင်မင်း''

''ရှင်ဘာကို သိချင်နေတာလဲ ဦးထည်ဝါ၊ ကျွန်မတို့ စိတ်တူကိုယ် တူ နှစ်နှစ်ကာကာချစ်လို့ လက်ထပ်ခဲ့ကြတာမို့လား။ အချိန်တိုလေးအတွင် မှာ ညအတူအိပ်လိုက်ရုံနဲ့ ချက်ချင်းကြီးအချစ်ဆိုတာမျိုးဖြစ်လာနိုင်ပါ့မလား''

''ဒါဆို မင်းက ဟိုကောင်ကိုချစ်နေဆဲပဲပေါ့''

''ကျွန်မ အိမ်ထောင်ရေးမဖောက်ပြန်ဘူး၊ စိတ်နဲ့တောင် မပြ မှားဘူးလို့ ရှင့်ကိုပြောပြီးပါပြီ၊ ကျွန်မကို သံသယမကင်းတဲ့မေးခွန်းတွေ မွှန်းကျပ်အောင်မလုပ်ပါနဲ့ ဦးထည်ဝါ''

''ဟိုကောင်စော်ကားတာကို ငါခံလာခဲ့ရတာ သျှင်မင်း၊ ဘ မဟုတ်တဲ့ လူတွေရဲ့ရန်ပြုတာကို ဘာမှမတုံ့ပြန်ဘဲနေခဲ့ရတာ၊ ငါဘယ် ကောင်မျိုးလဲဆိုတာ မင်းမသိဘူးလား''

''ရှင်ယူလိုက်တဲ့ မိန်းမဘယ်လိုအတန်းအစားဆိုတာရော မသိဘူးလား ဦးထည်ဝါ''

''အေး . . . သိတယ် အဲဒါကြောင့် ငါ့အသိုက်အဝန်းထဲမှာ မင်းကို အဆင့်အတန်းရှိရှိထားမှာ၊ အဲလိုအောက်တန်းစားတွေနဲ့ မင်းလုံး မပတ်သက်ရတော့ဘူး။ အဲဒီပတ်ဝန်းကျင်ကို မင်းလုံးဝခြေမချရဘူး''

''အဲဒါတော့ မဖြစ်ဘူး''

''ဘာ''

သူပြောသမျှ ကန့်လန့်တိုက်နေသော မိန်းကလေးကို သူစိတ် လက်ရှိသာ ရိုက်ပုတ်ပစ်လိုက်ချင်သည်။ ဘာကြောင့်များ ဒီလိုမိန်းကလေး ကို ရွေးချယ်လက်ထပ်မိခဲ့ပါလိမ့်။

ကိုယ့်အနားမှာ ကျိုးနွံ့ခယချင်သည့် မိန်းကလေးတွေ ပုံနေတ ပါ။ ဒါပေမဲ့ သူတစ်ယောက်မှ လက်ထပ်ဖို့အထိ ရည်ရွယ်ယောက်အော တန်ဖိုးမထားမိခဲ့။





သျှင်မင်းအိမ်ဆိုသော ဂျစ်ကန်ကန် မာကျောကျောကောင်မလေး ကိုကျမှ။

''မင်းမဖြစ်နိုင်ရတဲ့အကြောင်းအရင်းကိုပြောကြည့်စမ်း သျှင်မင်း အိမ်''

''လူတစ်ယောက်မှာ ပတ်ဝန်းကျင်းကောင်းလိုတယ် ဦးထည်ဝါ၊ ပတ်ဝန်းကျင်ကောင်းရဖို့ဆိုတာလည်း အဲဒီပတ်ဝန်းကျင်ကို ကိုယ်က အကျိုးပြုနိုင်မှဖြစ်မှာ''

''မင်းပတ်ဝန်းကျင်က အရမ်းကိုကောင်းနေတာကိုး''

''အဲဒါရှင့်ရဲ့ စည်းရုံးမှုညံ့လို့ပါ၊ ငွေဂုဏ်မောက်နေရင်တော့ ရှင့်အတွက် ပတ်ဝန်းကျင်ကောင်း ဘယ်တော့မှရမှာမဟုတ်ဘူး ဦးထည်ဝါ၊ သူတို့ရဲ့ ယုံကြည်မှုကိုရဖို့ လေးစားခံရအောင်နေ့တတ်ဖို့လိုတယ်''

''သူတို့ဆီက ငါဘာပြန်ရနိုင်မှာမို့လို့လဲ''

''အကျိုးလိုလို့ ညောင်ရေလောင်းမယ်ဆိုရင် စေတနာလေး တော့ပါဦးမှပေါ့''

''သူတို့စော်ကားသမျှကို ငါ့ကို ငြိမ်ခံစေချင်တာလား''

''လူပတ်ဝန်းကျင်မှာ တစ်ခါတလေ ကိုယ်က ပြန်ပေးဆပ်ရတာ မျိုးတွေရှိတတ်တာပဲ''

''စံမင်းညို ရင်ခွင်ထဲ မင်းကိုပြန်ထည့်ပေးလိုက်ရမှာလား''

''ကျွန်မကိုမယုံကြည်လို့ အဲဒီစကားမျိုးပဲမေးနေတာလား ဦးထည်ဝါ''

''ယုံကြည်ရအောင် မင်းဘက်က ဘယ်လိုသက်သေပြနိုင်လို့ လဲ''

''ကျွန်မ ရှင့်ကိုချစ်လာနိုင်အောင်ကြိုးစားမယ်''

''ဟင်''

ထိုစကားတစ်ခွန်းက သူ့ကိုငိုင်ခနဲဖြစ်သွားစေသည်။ သူမရဲ့

www.burmeseclassic.com

www.burmeseclassic.com



စွမ်းအား ဘယ်လောက်ပြင်းသလဲဆိုတာ သူ့ရင်ကိုတောင် လှုပ်ခါနိုင် ရှိလေ၏။

''မင်းဆီက အချစ်တွေရဖို့ ငါ့ဘက်က လိုက်လျောရမှာတွေ တယ်၊ ထိုက်ထိုက်တန်တန်ဖြေရင်တော့ ကောင်းမှာပဲ''

''ယုံကြည်မှုနဲ့ မတည်ဆောက်ရင် ကျွန်မတို့ အိမ်ထောင် နိုင်မြဲမှာမဟုတ်ဘူး ဦးထည်ဝါ၊ စံမင်းညီဘက်က ဒီထက်တိုက်ခိုက်လာ တာတွေရှိလို့ ရှင့်ကိုကြိုပြီးတောင်းပန်ထားချင်တယ်၊ သူကနည်းနည်း တယ်၊ မိသားစုနဲ့ ပတ်ဝန်းကျင်အပေါ်မှာ တကယ်မကောင်းခဲ့တဲ့သူ

''ဒီလိုလူမျိုးနဲ့ မင်းဘာလို့ နှစ်နှစ်ကြီးတောင်တွဲခဲ့တာလဲ''

''ကျွန်မအပေါ်တော့ကောင်းတယ်၊ ကျွန်မပြောသမျှ လိုက် တယ်၊ နားထောင်တယ်၊ လက်ထပ်ဖို့ကိစ္စကြိုးစားခိုင်းတာလည်း န တာပဲ၊ သူက အရမ်းဆိုးသွမ်းနေတာမျိုးမဟုတ်ပေမယ့် သူနဲ့ပတ်သက် လူတွေအပေါ်မှာ ကောင်းတဲ့လူတော့မဟုတ်ဘူး၊ မဟုတ်မခံစိတ်နဲ့ ရ တိုက်ခိုက်ချင်တယ်၊ သူက တင်းနစ်အားကစားမှာ ထူးချွန်ပြီး ပြ တိုင်းလိုလိုအနိုင်ရလို့ ဘဝမြင့်နေတာနဲ့ ပတ်ဝန်းကျင်မှာ သဟ မဖြစ်တာ''

''တင်းနစ်အားကစားမှာ ချန်ပီယံပေါ့''

နှုတ်ခမ်းမဲ့ကာ မလိုလားစွာမေးတော့၊ သျှင်မင်းအိမ်ဆ သက်ပြင်းရှိုက်သံလွင့်ခနဲ ပြန့်ထွက်လာကာ. .

''အရည်အချင်းရှိတဲ့သူတစ်ယောက်တော့ ဖြစ်မလာခဲ့ဘူး။ ဆီလာတဲ့ အခွင့်အရေးကို အသုံးမချတတ်ဘူးလေ၊ ဒီကစားနည် အသက်မွေးဝမ်းကြောင်းပြုလို့ရရဲ့နဲ့၊ ဘဝင်ကိုင်သွားတာကြောင့် သ အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့တာ''

''သူ့ထက်စာရင် ငါ့ကိုရွေးချယ်လိုက်တာ မှန်သွားတယ် မတွေးမိဘူးလား''





''အဲဒီလိုတွေးမိအောင် ရှင်ဘက်က သဘောထားကြီးပေးပါ ဦးထည်ဝါ''

''မင်း ငါ့ကို ကိုကိုလို့ဘယ်အချိန်ခေါ်မှာလဲ''

''ရှင့်ကို ချစ်လာတဲ့ တစ်နေ့ပေါ့''

မျှော်လင့်ချက်ထားရမှာတောင် မရေမရာပါ။ ပေါက်ကွဲဖို့တောင် အားမရှိလောက်အောင် မခံချိမခံသာဖြစ်စေသည်။

စံမင်းညီကို မမေ့နိုင်သေးလို့ပဲလား။ ကိုယ့်ရဲ့ပြိုင်ဘက်က ဒီလို ဘာတန်ဖိုးမှမရှိသည့် မလောက်လေးမလောက်စားမို့ ကိုယ့်ကိုယ်ကို တောင် ဘာကောင်မှန်းမသိအောင်ဖြစ်ရလေ၏။

ဒီမိန်းကလေးကို သူတကယ်ရော တစ်သက်စာပိုင်ဆိုင်ခွင့်ရပါ့ မလား။ ငါရင်မောတတ်နေတာ မင်းကြောင့်ပါ သျှင်မင်းအိမ်။

လိုချင်သမျှ ပိုင်ဆိုင်ခဲ့ရတဲ့လူတစ်ယောက်မို့ မင်းကိုလည်း ဆုံးရှုံး မခံချင်ဘူး။

ဒါဟာ ငါရဲ့အတ္တဆိုရင်လည်း . . .။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

''ဒါကပြဿနာကြီးမဟုတ်ဘူးလို့ မပြောနဲ့သား၊ အသ အန္တရာယ်တောင်ဖြစ်နိုင်တဲ့ကိစ္စပါ၊ ဘာလို့ သျှင်မင်းအိမ်ဖြစ်ချင်တာ လိုက်လျောရတာလဲ၊ ပတ်ဝန်းကျင်စရိုက်ကြမ်းတယ်၊ လူနေမှုအဆ အတန်းနိမ့်တယ်၊ ဒီလိုနေရာသွားတာကိုတောင် သားကသက်တော်စော တွေကို ခေါ်မသွားချင်ဘူး၊ မေမေတို့အစီစဉ်နဲ့ ထည့်မလွှတ်လိုက်ရ သားဘယ်လိုလုပ်မလဲ''

သျှင်မင်းအိမ်ရှိသားပဲလို့ ရင်ထဲကစောဒကတက်မိသည်။ နော တစ်ခါဆို မေမေတို့ကိုမတင်ပြဖို့ သက်တော်စောင့်တွေကို သတိပေးထာ ရမှာတွေးလိုက်၏။

အခုပြဿနာကို သူဖြေရှင်းဖို့ခက်နေသည်။ ဖေဖေက မေ ထက်ပင် အစိုးရိမ်ကြီးနေကာ

''သားတို့ကို ဖေဖေ ပိုးမွေးသလို မွေးခဲ့ရတာသား၊ မှဲ့တစ်ပေါ မစွန်းရအောင် စောင့်ရှောက်ခဲ့တယ်ဆိုတာ သားသမီးရတနာတွေ တန်ဖိုးထားလို့ပဲ၊ ဒါကြောင့် သားသမီးတွေ မငြိုငြင်အောင်လို့ ပြည့်စုံအော ထားခဲ့တယ်၊ အပြိုင်အဆိုင်တွေကြားမှာ ထိပ်ဆုံးရောက်အောင် ကြိုးစား တယ်၊ အခုအရွယ်မှာလည်း စိတ်မချနိုင်သေးလို့ ငွေကုန်ကြေးကျခံပြီ



သက်တော်စောင့်တွေထားပေးခဲ့တာပဲ၊ အခုတစ်ခုခုဖြစ်သွားရင် သားကို တာဝန်ခံခေါ်သွားတဲ့ သျှင်မင်းအိမ်က ဘာလုပ်ပေးနိုင်မှာလဲသား''

''သူက သူ့ရပ်ရွာကိုအကျိုးပြုတယ်ဆိုတာ သားတို့လည်း အကျိုးအမြတ်ရတာပဲ ဖေဖေ၊ အခုဂျာနယ်တွေထဲမှာ ကောင်းသတင်းတွေ ပြန့်နေပြီ မဟုတ်လား''

ဒါကိုတော့ ဦးအံမင်း လက်ခံသလို ခေါင်းညိတ်လိုက်ရကာ

''ဟုတ်ပါတယ်၊ ဒါကိုမငြင်းဘူးသား၊ အချင်းချင်းတောင် အံ့သြနေတယ်၊ အရမ်းကြီးကျယ်ဂုဏ်မောက်တယ်ထင်ထားပြီး၊ အများရဲ့ ယုံကြည်မှုရအောင် ဒီလိုအဆင့်အတန်းမခွဲတဲ့နည်းလမ်းသုံးလိုက်လို့ အိုင်ဒီယာကောင်းတယ် ချီးမွမ်းနေကြတာ၊ ခေတ်စနစ်ပြောင်းသွားပြီလေ၊ အရင်းရှင်ခေတ်မှ မဟုတ်တော့တာ၊ အလွှာတူတာတွေ လက်ထပ်ပြီး ကိုယ့်ကိုပြန်တိုက်ခိုက်ခံနေရမှာထက်စာရင် သျှင်မင်းအိမ်ကို သားလက်ထပ် လိုက်တာ မမှားဘူးလို့တော့ထင်ပါတယ်၊ ဒါပေမဲ့ ဒီလိုကိစ္စမျိုး နောက် မဖြစ်အောင်တော့ . . .''

''ဖေဖေ မစိုးရိမ်ပါနဲ့၊ ဒါဟာစည်းရုံးမှုတစ်ခုပါ ဖေဖေ၊ ဒီလို လူတွေနဲ့ တရင်းတနှီးနေတယ်ဆိုတာ၊ သားတို့လုပ်ငန်းတွေအတွက် လုံခြုံမှုပိုရှိတယ် မဟုတ်လား၊ မဟုတ်ရင် ပိုင်ဆိုင်မှုတွေ မြေလှန်ပြရတာနဲ့ ဆုံးရှုံးမှုတွေဖြစ်သွားနိုင်ပါတယ်၊ အခုခေတ်က အများကိုအကျိုးပြုနိုင်မှ ကိုယ့်ပိုင်ဆိုင်မှုတွေတည်မြဲမှာ ဖေဖေ''

သားရဲ့စကားတွေအတွက် ဦးအံမင်း လေးပင်စွာ ခေါင်းညိတ် ထောက်ခံလိုက်ရသော်လည်း သက်ပြင်းတွေတော့ ချမိသည်။

''အစစအရာရာ သတိတော့ထားသားရယ်၊ သျှင်မင်းအိမ်မှာ ချစ်သူရှိခဲ့တယ်၊ အဲဒီချစ်သူက သားကိုရန်ပြုတယ်ဆိုတဲ့သတင်းသာ ဖေဖေတို့လောကမှာပေါက်ကြားရင် ဖေဖေတို့ ကြိုးစားခဲ့သမျှ အရာမထင် ဖြစ်သွားမယ်''

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... နောက်ထပ်မဖြစ်အောင် သားသတိထားပါ့မယ်"

"အေး ... စက်ရုံတွေ ကုမ္ပဏီတွေဘက်လှည့်ပြီး ဂရုစိုက် သား၊ လုပ်ငန်းလည်ပတ်မှုတွေ အခြေအနေကောင်းတယ်ဆိုပေမ သားကိုယ်တိုင် မျက်နှာပြလိုက်ရင် ပိုပြီးလေးနက်မှုရှိတာပေါ့"

"ဟုတ်ကဲ့ပါ ဖေဖေ၊ အလှည့်ကျတော့ လုပ်ငန်းတစ်ခုချင်းစီ သားလှည့်ပြီး သွားကြည့်ပါတယ်၊ အားလုံးအဆင်ပြေပါတယ် ဖေဖေ"

"အင်း ... ဖြည်းဖြည်းချင်းတော့ အဲဒီနေရာတွေကို သျှင်မ အိမ်ကို ခေါ်သွားလို့ရအောင် လေ့ကျင့်ပေးထားဦးသား၊ အနေအထ အပြုအမူတွေ အဆင့်အတန်းရှိဖို့နဲ့ အားလုံးကိုနားလည်ထားအောင်ပေ့"

သျှင်မင်းအိမ်က အဆင့်အတန်းနိမ့်ပါးတဲ့ အတန်းအစားက ပေမယ့်၊ အတွေးအခေါ် ထက်မြက်တဲ့သူလို့ထင်တယ် ဖေဖေ"

"ဟုတ်မှာပါ၊ နောက်တစ်ခေါက် သူ့ကိုအိမ်လည်ခေါ်လာခဲ့ သား၊ ဖေဖေတို့နဲ့ရင်းနှီးအောင်ပေါ့၊ ဒီလိုကိစ္စတွေအတွက် သတိပေးသ တာလည်းပေးရမယ်"

"ဗျာ ... ဟုတ်ကဲ့"

မပြောပါနဲ့ ကိုယ့်မှာပြောပိုင်ခွင့်မရှိ။ သူ့အတွက် စိုးရိမ် သျှင်မင်းအိမ်ကို ခြောက်လှန့်တာမျိုး မဖြစ်စေချင်ပေမယ့်၊ မိဘ စောဒကတတ်တာမျိုး သူမလုပ်ချင်ပေ။

သူ့ကို ဒီလိုဘဝမျိုးနှင့်နေနိုင်အောင် မေတ္တာတွေထားနိုင်ခဲ့တ နည်းတဲ့ ကျေးဇူးတရားတွေလား။ ဒီလို ချမ်းသာကြွယ်ဝမှုမျိုးနှင့် လူတို နေနိုင်ကြတာမှ မဟုတ်တာ။

ဒီလိုဘဝမျိုးနဲ့ နေနိုင်ဖို့ ဖေဖေတို့အများကြီး ကြိုးစားခဲ့ရတယ သားဟု ဖေဖေ ခဏခဏပြောခဲ့ဖူးသည်။ စီးပွားရေးလောကဆိုတ အတိုက်အခိုက် အပြိုင်အဆိုင်အရမ်းများ၏။ ဂုဏ်ပကာသနပြိုင်ဆိုင် တွေဖော်ကျူးရင်း၊ တစ်ယောက်ရဲ့ကျရှုံးမှုကို အရသာခံတတ်ကြသည်





ဒီအသိုက်အဝန်းမှာ အမှားမရှိအောင်နေတတ်မှဖြစ်သည်။

မဟုတ်လျှင် လူကိုထိ အသိုက်အဝန်းကနေ ပြေးပေါက်မရှိဖြစ်သွားနိုင်၏။ ဒါကြောင့် သျှင်မင်းအိမ်က ရှင်တို့ကမ္ဘာက ကျဉ်းလွန်းတယ်ဟု ပြောခဲ့တာဖြစ်မည်။

ဒီမိန်းကလေးက တကယ့်ကိုစကားပြောလည်ဝယ်ကာ ထက်မြက်တာတော့ အမှန်ပင်။ သူ့အပေါ် ကြောက်ရွံ့နေတာမျိုး ရှိန်နေတာမျိုးမရှိ။

ပြောရဲသည် ဆိုရဲသည်။ တုံ့ပြန်ရဲသည်။ စကားတွေနှင့် ချုပ်နှောင်ကိုင်တွယ်တတ်၏။

မျက်နှာလေးက လှသလောက် သူ့အပေါ်လွှမ်းမိုးနိုင်သည်။

"သခင်လေး ... ဟိုတယ်မှာ ဂျပန်ကလုပ်ငန်းရှင်တွေရောက်နေပြီလို့ သတင်းပို့ပါတယ်"

"ဩော် ... အေး"

သက်တော်စောင့်တစ်ယောက်ရဲ့ သတင်းပေးမှုကြောင့် အတွေးတွေ တခဏရပ်တန့်သွားရ၏။ ဖေဖေတို့ကို ဦးညွှတ်နှုတ်ဆက်ပြီးမှ ပြန်လာခဲ့သည်။

သူ့အနားမှာ အနည်းဆုံးဘော်ဒီဂတ်နှစ်ယောက်ကတော့ ပါစမြဲပါ။ သူလည်း ဒီလိုတွေ သွားလာရတာ တစ်ခါတလေ စိတ်မွန်းကျပ်မိသည်။ တခြားသူတွေလို လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးပင်နေချင်၏။ ဟိုတယ်ကိုရောက်တော့ သက်တော်စောင့်တစ်ယောက် အဆင်သင့်ဖွင့်ပေးသော ကားပေါ်ကနေ ဆင်းလိုက်သည်။

"သခင်လေး မီဒီယာအဖွဲ့အစည်းတွေ အဆင်သင့်ရောက်နေပါပြီ"

"သူတို့ရှေ့မှာ ငါ့ကိုသခင်လေးလို့ မခေါ်မိစေနဲ့"

"သတိထားပါ့မယ် သခင်လေး"

ဟိုတယ်ညွှန့်ခန်းဝင်ပေါက်မှာ သတင်းယူမည့်သူတွေ ပြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



ဏ်။ လုပ်ငန်းတိုးချဲ့ဖို့ သဘောတူစာချုပ်ချုပ်နိုင်သည့် အခွင့်အရေးရလိုက်သည်မို့ သတင်းက ကျယ်ကျယ်ပြန့်ပြန့်ပွသွားဖို့ အရေးကြီးသည်။

ထိုသတင်းက အပြိုင်အဆိုင်တွေကြားမှာ အောင်မြင်မှုတစ်ခုဖြစ်နေသည်။

''ဦးထည်ဝါ''

''ဟာ . . . မင်း''

ဘယ်လိုက ဘယ်လိုရောက်လာမှန်းမသိသော စံမင်းညီအသံကြောင့် ထည်ဝါခုံညားအံ့အားသင့်သွားသည်။ လည်ပင်းမှာ ကင်မရာတစ်လုံးလွယ်ထားသော စံမင်းညီပုံစံက ထိမထင်မဲ့ပြုံးများနှင့်ပါ။

သက်တော်စောင့်များက ထည်ဝါခုံညားအနားမှာ အဆင်သင့်ရှိနေခဲ့သည်။ ထည်ဝါခုံညား ဒေါသဖြစ်သွားကာ

''အဲဒီကောင်ကို ဆွဲထုတ်''

''ခင်ဗျားယောကျ်ားမဟုတ်ဘူးလား ဦးထည်ဝါ၊ ကျုပ်ဒီနေရာကို ရောက်အောင်လာခဲ့တာ ခင်ဗျားနဲ့တွေ့ချင်လို့ပဲ၊ ခင်ဗျား သတ္တိရှိတယ်ဆိုရင် ကျုပ်နဲ့နှစ်ယောက်တည်းရှင်း''

''မင်းလိုအတန်းမရှိတဲ့ကောင်နဲ့ ဘာမှရှင်းစရာမလိုဘူး ဟိတ်ကောင် မင်းလိုအလေနတောကောင်မဟုတ်ဘူး၊ ငါ့မှာအလုပ်ရှိတယ်၊ မင်းလာမရှုပ်နဲ့''

''အခု ကျုပ်နဲ့ရင်မဆိုင်ဘဲ ဆွဲထုတ်မယ်ဆိုရင် ခင်ဗျားနောင်တရသွားမယ်နော်၊ မီဒီယာဆိုတာ ခင်ဗျားတို့ဘဝကိုမြင့်အောင် နိမ့်အောင်လုပ်လို့ရတဲ့ ဖန်ဆင်းရှင်တွေဆိုတာ မမေ့နဲ့''

''မင်းက ဘာကောင်လဲ၊ အဲဒီမီဒီယာတွေအားလုံး ငါကျွေးမွေးထောက်ပံ့ထားတာ''

''တစ်ယောက်လား တစ်ရာလား၊ ခင်ဗျားအားလုံးကို မဖြည့်ဆည်းနိုင်ပါဘူး၊ သျှင်မင်းအိမ်ကို ကျုပ်ဘဝထဲက လုယူပြီး ငွေနဲ့ဝယ်ထားတာလို့ ဖွလိုက်ရင် ခင်ဗျားဘာဖြစ်သွားမယ်ထင်လဲ''

''မင်းဘာလိုချင်လို့လဲ ဟိတ်ကောင် မြန်မြန်ပြော ငါ့မှာအချိန်မရှိဘူး''

''ဒီကိစ္စပြီးတဲ့အထိ ကျုပ်စောင့်မယ်၊ ပြီးရင် ခင်ဗျားနဲ့ကျုပ်တွေ့မယ်''

''ကျွတ်''

အံ့ပေးအယူက ညှိနှိုင်းလို့အဆင်မပြေနိုင်။ ဒီကောင်သက်သက်မဲ့သူ့ညစ်လုပ်နေတာ။ သူ့ကိုမြင်သွားသော မီဒီယာသမားတွေက အပြေးအလွှားလာနေကြသည်။

သက်တော်စောင့်တွေက သတင်းယူလို့မရအောင် သူတို့ကိုအကာအကွယ်ပေးထားဏ်။ ဒီအချိန်မှာ စံမင်းညီက သျှင်မင်းအိမ်ချစ်သူဆိုတာသိသွားလျှင်၊ ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သော ဂျာနယ်စာမျက်နှာမှာ စာလုံးမည်းနှင့် ဖွလို့ကောင်းသည့် သတင်းတစ်ပုဒ်ဖြစ်သွားမှာ သေချာသည်။

''ဟိတ်ကောင် မင်းစောင့်နေ၊ ငါပြန်ထွက်လာခဲ့မယ်၊ ဟန်မင်း သူ့ကို သီးသန့်ခန်းထဲမှာ ညှော်ခံထားလိုက်၊ သတင်းမထွက်စေနဲ့''

''ဟုတ်ကဲ့''

အများအမြင်မှာ ရင်းနှီးသည့်သဘောဖြစ်အောင် စံမင်းညီ ပခုံးကိုဖက်ကာ တွန်းပို့လိုက်ပြီး မီဒီယာသမားတွေကို ဣန္ဒြေမပျက်ပြုံးပြလိုက်သည်။ ရင်ထဲမှာ မခံချိမခံသာဒေါသများ ဖြစ်ထွန်းနေသော်လည်း ဟန်ဆောင်ပြုံးပြနေရတာ တကယ်ကို နိုးလိုးခုလုနိုင်ဏ်။

စံမင်းညီ အကောင်ငယ်ပေမယ့် အဆိပ်ပြင်းသည့်ဟုပင် မှတ်ချက်ချရတော့မလား။ ကိုယ့်ကို တော်တော်ကသိကအောက်ဖြစ်စေသည့်ကောင်ပါ။ မင်းအီစွယ်ကို ငါချိုးပြမယ် စံမင်းညီ . . .။

✤ ✤ ✤

www.burmeseclassic.com

## အခန်း (၁၅)

''မင်းဘာဖြစ်ချင်တာလဲပြော စံမင်းညို''

အားလုံးကိုစွပြီးသည်နှင့် စံမင်းညိုရှိနေသော သီးသန့်ခန်းထဲကို တစ်ယောက်တည်း ဝင်လာခဲ့သည်။ သက်တော်စောင့်တွေက ကာကွယ်ပေးကာ တာဝန်ကျေချင်သော်လည်း သတ္တိကြောင်သည်ဟု ထင်မှာစိုး၍ အားလုံးကို ရှင်းထားခဲ့သည်။

စံမင်းညို စားသောက်ထားတာတွေက စားပွဲနှင့်အပြည့်။

ကောင်းမွန်စွာ ညှော်ထားနိုင်းသည်ဆိုတော့ အလကားရတာသွားဖြုကာ မျိုဆို့ထားပေမပေါ့။ သူ့ကိုမြင်မှ ဘီယာခွက်ကို ကိုင်မြှောက်သောက်ပြီး ...

''ဒါတွေအားလုံး ကျုပ်ပိုက်ဆံနဲ့ရှင်းပြီးသားနော်၊ အလကားပေးကျွေးလိုက်ရတယ်ဆိုပြီး ကျေးဇူးတင်ခံချင်နေမှာစိုးလို့''

ဘယ်လောက်တောင် ချမ်းသာနေလို့လဲဟု ထေ့ငေါ့ကာ မေးမနေချင်တော့။ မရှိမာနက လေးစားစရာကောင်းသည်ဟုလည်း မတွေးပါ။ ဘဲလ်နှိပ်ကာ သိန်းကျော်တန်အရက်ပုလင်းနှင့် အမြည်းအကောင်းစားတွေကို စားပွဲနှင့်အပြည့်မှာလိုက်သည်။

ဒီနေ့ ဒီကောင်နှင့် ဇာတ်လမ်းပြတ်အောင် အေးအေးဆေးဆေး



ဆွေးနွေးမှဖြစ်မည်။ ကိုယ့်ဂုဏ်သိက္ခာအတွက်ကြောင့်မို့၊ ဒီလိုကောင်မျိုးနှင့် မျက်နှာချင်းဆိုင် တစ်စားပွဲတည်းထိုင်နေရတာ တကယ်ပင် ကသိကအောက်နိုင်၏။

''မင်းနိုင်သေးရင်ထပ်ချ၊ ဒီအရက်ပုလင်း ဘယ်လောက်တန်တယ်ဆိုတာ မင်းသိချင်မှသိမှာ''

''အရက်သောက်တယ်ဆိုတာ မူးမှအရက်ရဲ့တန်ဖိုးကို သိရတာ၊ ခင်ဗျားမတိုက်လည်း ကျုပ်ဘာသာမူးအောင် ဝယ်သောက်နိုင်ပါတယ်''

''မင်းမှာလည်း မာနရှိသားပဲ''

''အပိုတွေပြောမနေနဲ့၊ ကျုပ် သျှင်မင်းအိမ်ကို ပြန်လိုချင်တယ်''

''ဘာ''

''ခင်ဗျား ဘယ်လောက်နဲ့ ဝယ်ထားတာလဲ၊ ကျုပ်ပြန်ဝယ်မယ်''

''ဟား ... မင်းဘယ်လောက်ချမ်းသာလာလို့ ဒီစကားပြောနေတာလဲ စံမင်းညို၊ မင်းလူမိုက်ဆန်ဆန် စိန်လာမခေါ်နဲ့၊ မင်းတစ်ယောက်တည်း မဟုတ်ဘူး၊ မင်းဆွေမျိုးအသိုက်အဝန်းတစ်ခုလုံးပါ ငါဝယ်ပစ်လိုက်နိုင်ရတယ်၊ သျှင်မင်းအိမ်ကိုများ ငါ့ဆီက ပြန်ဝယ်ဦးမယ်တဲ့၊ လူကသာ မြစ်ဝလောက် လေကမိုးပေါ်မှာ၊ မင်းကိုယ်မင်း ဘာကောင်ထင်နေလဲ''

''ငွေကြေးကတော့ ခင်ဗျားတို့လောက် မချမ်းသာပါဘူး၊ ဒါပေမဲ့ သျှင်မင်းအိမ်အချစ်တွေကို ကျုပ်အပြည့်အဝရထားပြီးသား၊ အဲဒီအချစ်တွေပဲ ကျုပ်ပြန်လိုချင်တာ''

''မင်းသူငယ်နာမစင်သေးဘူးလား၊ ကလေးကလား စကားတွေလာပြောမနေနဲ့၊ သျှင်မင်းအိမ်က ငါ့မိန်းမဖြစ်နေပြီ၊ အတိတ်ကအကြောင်းတွေ လာပြောနေတော့ မင်းအရူးဖြစ်တာပေါ့''

''ခင်ဗျား''

လက်ထဲကအရက်ခွက်ကို စားပွဲပေါ်ဆောင့်ခနဲပစ်ချရင်း ထည့်ဝါညားကို စံမင်းညို မကျေမနပ် မျက်ခုံးပင့်ကြည့်၏။ ထည့်ဝါခံ့ညားက

www.burmeseclassic.com

www.burmeseclassic.com



ဝိတ်တာလေးထည့်ပေးသွားသော အရက်ခွက်ကို ဖြည်းညင်းစွာ ဖိမ်း သောက်၍

"ကိုယ့်အခြေအနေကိုယ်သိရင် မင်းအပင်ပန်းခံကြိုးစားမနေသင့် ဘူး"

"ခင်ဗျားကိုယ်ခင်ဗျား တော်လှတတ်လှဗြိုထင်ပြီး သိပ်ဂုဏ်ယူ ဝံ့ကြွားမနေနဲ့ ဦးထည်ဝါ၊ သျှင်မင်းအိမ်က သူချစ်တတ်သမျှတွေ ကျုပ်ကို အကုန်ပေးပြီးသားဆိုတော့ ခင်ဗျားလိုလူကို ဘယ်တော့မှချစ်လာမှာ မဟုတ်ဘူး"

"မင်းငါ့ကို စိန်ခေါ်တာလား စံမင်းညို၊ သျှင်မင်းအိမ် အချစ်ကို ငါရအောင်ယူနိုင်မယ်ဆိုရင် မင်းအခုလို တိုက်ခိုက်နေတာတွေ ရပ်တန်းက ရပ်မလား"

"တရားမျှတတဲ့ ယှဉ်ပြိုင်မှုဆိုရင်တော့ ကျုပ်ကို သျှင်မင်းအိမ်နဲ့ တွေ့ပေးမှဖြစ်မယ်"

"ဘာကွ"

"သူ့အတွက် ပေးဆပ်ခဲ့တဲ့အချိန်တွေ၊ ဒုက္ခဆင်းရဲခံခဲ့ရတာတွေ တင့်တောင်းတင့်တယ်ထားနိုင်အောင် ကြိုးစားလာခဲ့ရတာတွေ၊ အဲဒါတွေ အားလုံး သူ့ကိုရှင်းပြရမယ်၊ အဲဒီအခွင့်အရေးမှမရရင်တော့ ကျုပ်ရဲ့ တိုက်ခိုက်မှုတွေ ရပ်တန့်သွားမှာမဟုတ်ဘူး၊ ခင်ဗျားတို့ရဲ့ အရောင် အဝယ်တည့်သွားတဲ့ အိမ်ထောင်ရေးဇာတ်ကြောင်းတွေကို မီဒီယာတွေက တစ်ဆင့် အားလုံးဖွင့်ချရလိမ့်မယ်"

"တောက်"

လက်သီးကို တင်းတင်းဆုပ်ကာ အံကြိတ်ထားရသည်။ ဘာ မဟုတ်တဲ့ ကလေကချေတစ်ယောက်ရဲ့ခြိမ်းခြောက်မှုကို သူကြောက်ရွံ့ လို့တော့ မဟုတ်ပါ။

ခေါးကို ခေါးချင်း၊ လုံ့ကို လုံ့ချင်း၊ အသက်ကို အသက်ချင်းရင်





က်ရလည်း သူသိပ်ဂရုစိုက်တတ်တာမဟုတ်။ ဒါပေမဲ့ ဒီကိစ္စအကျယ် ဝင့် အပုပ်ချခံရလျှင် မိဘတွေရဲ့ဂုဏ်သိက္ခာ၊ သျှင်မင်းအိမ်ရဲ့ဂုဏ် က္ခာ၊ ကိုယ့်ရဲ့ဂုဏ်သိက္ခာတွေအားလုံး ရေစုန်မျောပေလိမ့်မည်။

စံမင်းညိုမျက်နှာကို ခပ်စူးစူးကြည့်ပစ်လိုက်ပြီး

"မင်းဘာလိုချင်တာလဲ၊ ငါ့ကိုငွေညှစ်ချင်တာလား၊ မင်းဘယ် ာက်လိုချင်လဲ၊ သိန်းတစ်ထောင်လား တစ်သောင်းလား"

"ခင်ဗျားတတ်နိုင်တာ အဲဒါပဲလား၊ သျှင်မင်းအိမ်နဲ့ ကျုပ်နဲ့ တွေ့ပြီးသွားရင် သျှင်မင်းအိမ်ရဲ့အချစ်ကို ခင်ဗျားရအောင်ကြိုးစားမ တာ မသေချာတော့လို့လား၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုမရှိတာလား"

"သျှင်မင်းအိမ်ကို မင်းဖြားယောင်းဖို့မစဉ်းစားနဲ့ စံမင်းညို၊ သူ့ နှမပါဘဲ ငါတို့မင်္ဂလာပွဲ အထမမြောက်နိုင်ဘူး"

"ခင်ဗျားတို့ပေးတဲ့မက်လုံးတွေကြောင့် သူ့စိတ်တွေ ပြောင်းလဲ ားခဲ့တာဆိုရင် ကျုပ်အချစ်တွေနဲ့ အဲဒီစိတ်တွေကို ပြန်ရအောင်ယူမယ် ည်ဝါ၊ ကျုပ်ပေးဆပ်ခဲ့သမျှတွေအတွက် အချည်းနှီးအဖြစ်မခံနိုင်ဘူး၊ ကျုပ်ကို ချစ်နေဆဲပဲဆိုတာ ကျုပ်ယုံကြည်တယ်၊ သူနဲ့ကျုပ်က နက် ာ်ရှိုင်းရှိုင်းချစ်ခဲ့ကြတာ၊ တစ်ရွာလုံးက ကျုပ်ကိုလူမိုက်လူပေ တစ် ယာက်လို အမြင်ကတ်နေကြပေမယ့် သူကတော့ ဘယ်သူနဲ့မှမတူဘဲ ျုပ်ကိုတန်ဖိုးထားခဲ့တယ်၊ ကျုပ်ဘဝကို အမြင့်ဆုံးရောက်စေချင်တဲ့ တာ တွေရှိခဲ့တယ်၊ ကျုပ်ဝါသနာပါတဲ့ အားကစားကိုလည်း ထိပ်ဆုံး ာက်အောင် အားပေးခဲ့တယ်၊ အဲဒါကြောင့် သူ့အတွက် ကျုပ်ကြိုးစား ာခဲ့တာ"

"ဟင်"

ပြောနေတာတွေက အလေးအနက်ပါ။ တကယ်ကို ဒီကောင် ပြာသလို သျှင်မင်းအိမ် တန်ဖိုးထားခဲ့လေသလား။

ဒီပွဲမှာ ဒုတိယနေရာကနေ ပြိုင်ခွင့်မရဘဲ ရှုံးနိမ့်ရတာမျိုးတော့

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ချင်။

"မင်းဘယ်နေ့ သူနဲ့တွေ့ချင်လဲ"

"မြန်လေကောင်းလေပေါ့။ ဒီနေ့ ခင်ဗျားအိမ်ကိုတောင် ရော ခဲ့သေးတယ်၊ အစောင့်အရှောက်တွေများလွန်းလို့ သူနဲ့မတွေ့ခဲ့ရတ

စံမင်းညို ရဲတင်းလွန်းတာတော့ အံ့မခမ်းပင်။ ကိုယ်နေသည့် ကို ကိုယ့်အသိုက်အဝန်းကလူတွေတောင် တချို့တလေပဲသိကြ ကိုယ်တွေအကြောင်းကို ဒီကောင်ဘယ်လောက်တောင် စုံစမ်းထား လဲ။

ခေသူမဟုတ်ပါလားလို့ အထင်ကြီးကြောက်ရွံ့သွားတာ မဟုတ်ပေမယ့်၊ သျှင်မင်းအိမ်အတွက် လုံခြုံမှုမရှိမှာကို စိုးရိမ်မိသ ကိုယ်ကကိစ္စတစ်မျိုးမျိုးနှင့် အပြင်ကိုရောက်နေတတ်တာမျိုး မဟု လား။

"ငါ့ပတ်ဝန်းကျင်ထိ နှောက်ယှက်တာမျိုးကိုတော့ ငါသည်း မဟုတ်ဘူး စံမင်းညို၊ ငါဘယ်လိုကောင်မျိုးလဲဆိုတာ မင်းသိပြီးသ ဖြစ်ပါလိမ့်မယ်၊ ငါအခု သတိပေးရုံပေးနေတာ ကြောက်လို့တော့မဟု ဘူးနော်၊ မင်းတစ်ခုခုဖြစ်ရင် ငါ့ကြောင့်ဆိုတာမျိုး သျှင်မင်းအိမ် စွပ် ရမှာစိုးလို့ပဲ၊ ဒါက သျှင်မင်းအိမ် စိတ်ထိခိုက်ရတာမျိုးလည်း မဖြစ်စေ လို့"

"ကျုပ်ကြောင့် သျှင်မင်းအိမ် စိတ်ထိခိုက်သွားနိုင်တယ်ဆို ခင်ဗျားသိနေသားပဲ"

"မင်းဘဝင်မြင့်တတ်တဲ့ကောင်ဆိုတာကို သျှင်မင်းပြောတာ အခုမှသဘောပေါက်တယ်၊ မင်းကကိုယ့်ကိုယ်ကို သိပ်အထင်ကြီးတတ် ကောင်မျိုးပဲ"

"လုပ်ချင်ရင် ဖြစ်အောင်လုပ်တတ်တဲ့ ဉာဉ်လေးရှိလို့ပါ၊ အ ကြောင့် သျှင်မင်းနဲ့ လက်ထပ်ဖို့အတွက် ကျုပ်ဝါသနာပါတဲ့ အားကစာ



ရအောင်ရှာလာခဲ့တာ၊ ခင်ဗျားနဲ့သာ မပတ်သက်လိုက်ရင် သူ့ကို င့်တောင်းတင့်တယ် အနေအထားမျိုးထားနိုင်တဲ့ ငွေတွေနဲ့ လက်ထပ်ဖို့ ည်ရွယ်ပြီး ပြန်လာခဲ့တာပဲ၊ အခုတော့"

"နောက်ကျသွားပြီလို့ ထင်ရင်လည်း တော့တာပြပြီး မင်းပြန် ိက်သင့်တာကွာ"

"ရှုံးခဲ့ရင်တောင် အမြတ်အစွန်းတော့ ကျန်ဦးမှဖြစ်မှာပေါ့ ည်ဝါ၊ ကျုပ်ဟိုနိုင်ငံမှာ တရားမဝင်အောက်လမ်းက သွားခဲ့လို့ အင်တ ်အပြတ်ပြတ် ဒုက္ခဆင်းရဲခံခဲ့တယ်၊ နောက်ပိုင်းအဆက်အသွယ်တစ်ခုနဲ့ င်းနှစ်ကို ကြေးစားသမားအဖြစ်နဲ့ ရိုက်ခဲ့တယ်၊ အနိုင်ရိုက်ရလည်း ငွေရတယ်၊ အရှုံးပေးလိုက်လည်း ငွေရတယ်၊ အဲဒီတော့ ကျုပ်အတွက် မြတ်အစွန်းကတော့ ကျန်တာချည်းပဲ"

"ရည်ရွယ်ချက်ကြီးမားသားပဲ၊ မင်းမဆိုးပါဘူး၊ အားကစား ်မာတ်အပြည့်နဲ့ ရိုးရိုးသားသား ငွေရှာခဲ့တာပဲ"

"သျှင်မင်းအိမ်အတွက်ဆို ဘယ်လိုနည်းလမ်းပဲဖြစ်ဖြစ် ကျုပ် ုပ်ဖို့ ဝန်မလေးဘူး"

"ဟား"

စံမင်းညိုကို လျှော့တွက်လို့မရပါလားဟု တွေးမိလိုက်၏။ စိတ် ်ထွေးစွာ အရက်ခွက်ကို နှစ်ခွက်ဆင့်မော့သောက်ပစ်လိုက်ပြီး

"သျှင်မင်းအိမ်ရဲ့ တုံ့ပြန်မှုက မင်းအတွက် အခြေအနေကောင်း ယ်လို့ မျှော်လင့်နေသလား"

"သူ့အချစ်တွေကို ယုံကြည်နေဆဲပဲ၊ လူကိုဆုံးရှုံးရမယ်ဆိုရင် ောင် အချစ်တွေကိုတော့ ကျုပ်ရမှဖြစ်မယ်၊ ဒါပေမဲ့ ကျုပ်ကနှစ်ချိုးရ ောင်ကြိုးစားမှာ၊ မတရားသိမ်းထားတဲ့လက်ထဲကို ဘာကိုမှပေးနိုင် ူး"

"လူငယ်သလောက် မင်းတော်တော်လောဘကြီးတဲ့ကောင်

www.burmeseclassic.com



ပါလား။ မင်းလိုကောင်မျိုးနဲ့လွဲခဲ့တာ သျှင်မင်းအိမ် တော်တော်ကံကော
တယ်၊ အရမ်းကိုမျှော်လင့်ချက်ရှိနေရင် ကြိုးစားကြည့်ပေါ့ကွာ''

ခနီးခနဲ့ပြောချလိုက်ရင်း နှုတ်ခမ်းအစုံကိုပါ မဲ့ပစ်လိုက်
ရင်ထဲမှာ ယုံကြည်မှုနည်းကာ စိုးရိမ်စိတ်တွေ တထိတ်ထိတ်နှင့်ပါ။

သျှင်မင်းအိမ် ဘယ်လိုဆုံးဖြတ်မှာလဲ။ အချစ်နှင့်တည်ဆောက်
သော အိမ်ထောင်ရေး မဟုတ်၍ သူမရှုန်းထွက်သွားလျှင် ဘယ်လို
မလဲ။ သူမဆီက ကြည်ကြည်ဖြူဖြူ ဘာတစ်ခုမှမရသေးပါ။

သူအခု ပြိုင်ဘက်ရှိလာမှ သူမဆီကတစ်ခုခုကို လိုချင်စိတ်ပြင်
လာမိသည်။ လိုချင်တာရှိလျှင် မပေးဆပ်ဘဲရပါ့မလား။

မင်းဘာတွေလိုချင်လဲ သျှင်မင်းအိမ်ရယ်၊ ငါအကုန်ပေးပါ့မ
မင်းကတော့ မင်းဆီကတစ်ခုပဲပြန်ပေးပါ။

✤ ✤ ✤

## အခန်း (၁၆)

''မင်းဘာလိုချင်လဲ သျှင်မင်း၊ မင်းအဝတ်အစားတွေလိုတယ်
ဟုတ်လား သွားဝယ်ရအောင်''

''ဘီရိုနှစ်လုံး ရှင်အပြည့်ဝယ်ထည့်ပေးထားတာပဲ မလိုပါဘူး''

''အသုံးအဆောင်ရော ဘာလိုသေးလဲ''

''အားလုံးအပြည့်ပဲဥစ္စာ၊ ဒီရက်လေးနဲ့ ဘယ်လိုလုပ်ကုန်ဦးမှာလဲ''

''ရတနာပစ္စည်းရော ဘာဝတ်ချင်လဲ၊ ဘာထပ်လိုချင်လဲ''

''ရတနာပစ္စည်းတွေ တစ်ဆင်ဆာစီအပြည့်ရှိနေတာ ကျွန်မက
ဘာထပ်ဝယ်ရမှာလဲ၊ ဒါတွေတောင် မဝတ်ဖြစ်ဘူး''

''မင်းမိဘတွေဆီရော အလည်မသွားချင်ဘူးလား။ ငါလိုက်ပို့မယ်''

''နေ့လယ်ကပဲ အမေတို့ခဏလာသွားတယ်၊ မသွားသေးပါဘူး''

''အပျော်ခရီးလေးဘာလေးရော မထွက်ချင်ဘူးလား။ စိတ်ပြေ
လက်ပျောက်ပေါ့''

''ရှင် ဘာဖြစ်နေတာလဲ''

''ငါ့ကို တစ်ခုခုတောင်းဆိုစမ်းပါ၊ ငါလုပ်ပေးချင်လို့''

ပြန်ရောက်ကတည်းက တဂျီဂျီဖြစ်နေတာ ဘာကြောင့်မှန်းပင်
မသိပွာယ်မသိရ။ ဖွတ်တရွတ်ကြီးလိုဖြစ်နေတာကြောင့် သူမမိတ်ရှုပ်တွေး

www.burmeseclassic.com

www.burmeseclassic.com



နောက်ကျိုလာသည်။

ပခုံးကိုဖက်လာတော့ သူမ သိသိသာသာပင် ရှောင်ထွက်ပ
လိုက်၏။

"သျှင်မင်း"

"ရှင်ဘာဖြစ်နေတာလဲ ဦးထည်ဝါ၊ ရှင်အရက်သောက်လာတ
တရှုံ့ရှုံ့တော့မလုပ်နဲ့၊ အဲဒီအနံ့လည်းမကြိုက်ဘူး၊ အဲဒီလို ရစ်တာလည်
မုန်းတယ်"

"မုန်းတယ်ဆိုတဲ့စကားကို မင်းပြန်ရုတ်သိမ်းပေး သျှင်မင်းအိမ်
မင်းဆီက အချစ်တွေတောင်မရသေးဘဲနဲ့ အမုန်းတော့မခံနိုင်ဘူး"

"ကြည့်..ရှင်ရစ်နေတာ၊ မူးနေရင် ကိုယ့်ဘာသာအိပ်ပါလား"

"ငါမူးနေတာ မဟုတ်ဘူး၊ ငါသောက်တဲ့အရက်က တန်ဖိုးကြီး
တယ်၊ မမူးဘူး"

"ဩော်...ရှင်ပဲ အပြောကောင်း၊ အရက်ပဲ တန်ဖိုးကြီးကြီး
သေးသေးမူးတာက မူးတာပေါ့၊ မူးရင်ရစ်မယ် ရမ်းမယ်၊ ပေါက်တတ်က
တွေပြောမယ်၊ ကျိုးကျမယ်"

"မင်းအရက်ဘယ်နခါသောက်ဖူးလို့လဲ"

"သောက်ဖူးမှပဲ သိရမှာလား၊ အရက်သမားတိုင်း ဒီလိုပဲဟာ
ကို"

"ငါမမူးပါဘူး သျှင်မင်းအိမ်၊ တကယ်ပြောတာ"

"သောက်တော့ သောက်လာတယ် မဟုတ်လား"

"အင်း ...ဘာလို့သောက်လာတာလဲလို့ မေးပါလား"

"မမေးချင်ပါဘူး၊ ရှင်သောက်ချင်လို့ သောက်လာတာဖြစ်မှာ
ပေါ့"

"ကျွတ် ...မင်းကွာ"

သူမရဲ့ ဥပေက္ခာများအတွက် သူမခံချိမခံသာဖြစ်လို့သွားသည်





မပခုံးလေးကို သူ့ဘက်ယိုင်နွဲ့လာအောင် ဆွဲလှည့်ပစ်လိုက်ပြီး ...

"မင်းဘက်က ဘာမှတောင်းဆိုစရာမရှိလည်း ငါ့ဘက်က
တောင်းဆိုစရာရှိတယ် သျှင်မင်း"

"ဘာလဲ၊ ဘာတောင်းဆိုမလို့လဲ"

"စံမင်းညုံကို မချစ်ပါနဲ့"

"ဘာ"

"မချစ်ပါနဲ့ စံမင်းညုံကို မင်းလုံးဝမချစ်ပါနဲ့"

"ရှင်ဘာတွေပြောနေတာလဲ"

"မင်းသူ့ကို သိပ်ချစ်ခဲ့တယ်ဆို အရမ်းကိုတန်ဖိုးထားခဲ့တယ်ဆို၊
ထပ်ကြဖို့အတွက် မင်းကိုယ်တိုင် နိုင်ငံခြားကိုသွားခိုင်းခဲ့တာတဲ့ အဲဒါ
တ်လား"

"ရှင့်ကိုဘယ်သူပြောတာလဲ"

"စံမင်းညုံကိုယ်တိုင်ပြောတာ"

"ဟိုနေ့က အလှူလုပ်တဲ့အချိန်မှာ ပြောခဲ့တာလား၊ အဲဒါက"

"သူ ငါ့ကိုဒီနေ့လာတွေ့တယ်"

"ဟင်"

"မီဒီယာတွေမှာ ဖွင့်ချမယ်တဲ့၊ ငါ့ကိုခြိမ်းခြောက်လိုက်တာ၊ မင်း
တ်သိက္ခာကိုသာမငဲ့ကွက်ရင် အဲဒီကောင်ကိုအမှုန့်ချေပစ်လိုက်ပြီ၊ မီဒီယာ
တွေရှေ့မှာမို့ ငါမနည်းစိတ်ကိုထိန်းခဲ့ရတာ"

"အို့ ..ဒုက္ခပါပဲ"

သူမ ထိတ်လန့်တကြားလေး ညည်းညူမိသွားသည်။ စံမင်းညို
ဘယ်လိုအကြံအစည်တွေနှင့် အတင့်ရဲစွာ ထည်ဝါခံ့ညားကို သွားတွေ့ရ
သာလဲတဲ့။

ဘယ်လောက်ထိ အခြေအတင်ဖြစ်ခဲ့ကြလို့၊ ထည်ဝါခံ့ညား
သည်းအသန်ပေါက်ကွဲချင်နေတာလည်း မသိပေ။



www.burmeseclassic.com

www.burmeseclassic.com



''သျှင်မင်း''

''ရှင်''

''မင်း ဘာတွေတွေးနေတာလဲ၊ အဲဒီကောင်ကို ငါ့ရဲ့သက်တေ
စောင့်တွေက တစ်ခုခုလုပ်လိုက်ပြီထင်ပြီး စိုးရိမ်သွားတာလား''

''ရှင်ကသာအတွေးလွန်ပြီး လျှောက်ပြောနေတာ ကျွန်မတွေ
နေတာ အဲ့လိုမဟုတ်ဘူး။ သူအတင့်ရဲတာကို အံ့ဩနေတာ၊ ရှင်နဲ့တွေ
စကားပြောဖို့ သူဘယ်လိုကြံစည်ပြီး ရောက်လာသလဲဆိုတာ''

''အရမ်းဉာဏ်ကောင်းတဲ့ကောင်ပါ၊ ကင်မရာတစ်လုံးနဲ့ ဂျာနယ်
လစ်တစ်ယောက်လိုလိုပဲ၊ ဟား . . . ငါ့ကိုစိန်ခေါ်သွားတယ်၊ မင်းရဲ့အချ
ကိုရော လူကိုရော ရအောင်ပြန်ယူမယ်တဲ့''

''ဟင် . . . သူအဲလိုပဲပြောသွားလား''

သူမ အံ့ဩလွန်းစွာပင် မေးခွန်းထုတ်မိသည်။ ထည့်ဝါခံ့ညား
သွေးရှူးသွေးတမ်းဖြစ်နေသည်က မဟုတ်ဘဲပြောမည့်ပုံစံမျိုးမှမဟုတ်တာ

ထည့်ဝါခံ့ညားက ခေါင်းညိတ်ပြပြီး

''သူ့ဘက်က ခြိမ်းခြောက်မှုတွေများလွန်းလို့ မင်းနဲ့တွေ့ပေး
တောင် ငါလက်ခံလိုက်ရတယ်''

''ဟင် . . အဲ . . . အဲဒါက ဘာပြောတာလဲ''

''မင်း တွေ့ချင်တယ်တဲ့၊ မင်းနဲ့ပြောစရာ ရှင်းစရာတွေရှိတယ
တဲ့၊ လက်မခံရင် သူအမိအရကိုင်ထားတဲ့ စနစ်တံကိုဖြုတ်ချမှာပဲ၊ မင်
ဂုဏ်သိက္ခာ ထိခိုက်နိုင်သလားဆိုတာလည်း သူမတွေးဘူး၊ သူ့စိတ်ထဲမှာ
ဖြစ်ချင်တဲ့ဆန္ဒတွေ ပြင်းပြနေတယ်၊ မဖြစ်သင့်တာ ဖြစ်သင့်တာ သူ
နားမလည်တော့ဘူး၊ မင်းကို ပေါက်ကွဲဖို့လား ဖြားယောင်းဖို့လား၊ ဖြေရှင်း
ဖို့လား၊ အဲဒါပဲ သူ့စိတ်ထဲမှာရှိနေတယ်''

''အစီပွာယ်မရှိလိုက်တာ၊ ကျွန်မအိမ်ထောင်ပြုလိုက်ပြီလေ၊ သူ
ဘာမှမဆိုင်တော့ဘူး၊ သူဖြေရှင်းလို့ရော ဒီကိစ္စကြီးကပြောင်းလဲလို့ရမှာလား''



''အဲဒီစကား သူသဘောပေါက်အောင် မှင်းပြောခဲ့မှဖြစ်မယ်
သျှင်မင်းအိမ်၊ မင်းစကားဆိုရင် သူနားထောင်တယ်ဆို၊ သူဒီလိုတွေ
နှောက်ယှက်နေမယ်ဆိုရင် ငါတို့ဘက်မှာ ပဋိပက္ခတွေ အများကြီးဖြစ်သွား
နိုင်တယ်၊ ငါတို့ပတ်ဝန်းကျင်က နည်းနည်းလေးမှ အမှားခံတာမဟုတ်ဘူး''

သူမတာဝန်ယူပါလို့ သတိပေးလိုက်တာဖြစ်မည်။ သူမလည်း
ဘာမှမဖြစ်စေချင်ပါ။

ကိုယ့်ကြောင့်ဆိုတာမျိုးနှင့် တစ်ခုခုဖြစ်မှာ စိုးရိမ်မိတာအမှန်ပင်။

''ကျွန်မ သူနဲ့ဘယ်အချိန် ဘယ်နေရာမှာ သွားတွေ့ရမှာလဲ''

''အဲဒါ သူ့ကိုငါချိန်းခဲ့ပါတယ်၊ ဘယ်သူမှမသိနိုင်တဲ့နေရာပေါ့၊
သတင်းမီဒီယာ ပတ်ဝန်းကျင် ဘယ်သူမှသတိမထားမိနိုင်တဲ့ နေရာမျိုးပဲ၊
မင်းကို ငါ့မိန်းမဆိုတာ အားလုံးကသိနေပြီဖြစ်လို့ ငါစီစဉ်ထားတာ၊ ဒါပေမဲ့
အဲဒါကို ငါစိုးရိမ်နေတယ်''

''ဘာဖြစ်လို့လဲ''

''သူ မင်းကိုဖြားယောင်းလိုက်မှာ သိမ်းသွင်းလိုက်မှာ မင်းယိမ်း
ယိုင်သွားမှာ''

''ရှင်ကို ကျွန်မ ကတိအထပ်ထပ်ပေးဖူးပါတယ်၊ ဘယ်တော့မှ နဲ့
အိမ်ထောင်ရေးမဖောက်ပြန်ဘူးဆိုတာ''

''ငါ့ကိုမချစ်သေးသရွေ့ ငါမယုံကြည်နိုင်သေးဘူး သျှင်မင်းအိမ်၊
အချစ်က ဖောက်ပြန်လွယ်လောက်အောင် နူးညံ့တယ်၊ သိမ်မွေ့တယ်၊
မင်းတို့ချင်း ဘယ်လောက်ချစ်ကြတယ်ဆိုတာ မင်းတို့ချင်းပဲသိမှာပေါ့''

''ရှင်မယုံရင် ရှင်လိုက်လာလို့ရတာပဲ''

''ငါ့ကိုလိုက်မလာရဘူးတဲ့''

''ဘာ . . . အဲဒါကို ရှင်သဘောတူခဲ့သလား''

''အဲလိုတွေ မလိုက်လျောရင် ငါ့ကိုကြောက်ရွံ့တာတွေ အနားနာ
တာတွေဖြစ်ပြီး မင်းပွင့်လင်းရဲမှာမဟုတ်လို့တဲ့''



www.burmeseclassic.com

www.burmeseclassic.com



''ရှင်အရွှးပဲ၊ လိုက်လျောသင့်တဲ့ကိစ္စမဟုတ်ဘဲ၊ ရှင်ဘာလို့''

''မင်းကို ယုံကြည်ကြည့်ချင်လို့ပါ''

''ဟင်''

''ငါ့ကွယ်ရာမှာ မင်းဘယ်လိုတွေ ဆုံးဖြတ်မလဲ သိချင်တယ်၊ ဒီလိုလူတစ်ယောက်ရဲ့ စိန်ခေါ်မှုကိုခံရတာ ငါ့မာနကို ထိခိုက်ပါတယ်၊ မင်းကိုသာ ငါမျှော်လင့်မထားရင် အရှက်ပြေအောင်စွန့်လွှတ်ပစ်လိုက်တယ် သျှင်မင်းအိမ်၊ သူ့ကိုဖြစ်ဖြစ် ငါတစ်ခုခုလုပ်ပစ်လိုက်တယ်၊ အခုက ငါဘာကိုမှ အဆုံးရှုံးမခံနိုင်လို့''

စကားလုံးတွေ လေးနက်နေပါလျက် ရီဝေနေသော မျက်ဝန်းများက မေးဆင်းကျလာခဲ့သည်။ မျက်လွှာချလိုက်ခြင်း ဖြစ်နိုင်ပေမယ့် ငိုကြွေးလိုက်ခြင်းတော့ မဖြစ်နိုင်ပါ။

အသည်းနုတတ်သူမှ မဟုတ်ဘဲလေ။

''ဦးထည်ဝါ''

ကိုယ့်နာမည်ဖြစ်ပါလျက် သူမခေါ်လိုက်တိုင်း အစိမ်းသက်သက်လို ခံစားရသည်။ ချစ်နိုင်မည်ဆိုမှ ကိုကိုလို့ခေါ်မည်ဆိုတာ ပြောထားတာပဲ။

''ဘာလဲ သျှင်မင်းအိမ်''

''ကျွန်မကိုယုံကြည်ပေးပါ၊ သူ့ကိုတွေ့တဲ့အခါ ကျွန်မ ပြတ်ပြတ်သားသားပြောခဲ့ပါ့မယ်၊ ချစ်ခဲ့ဖူးတာမှန်ပေမယ့် သံသရာရှည်အောင် ဆွဲမဆန့်ပါဘူး၊ ဖူးစာမပါတာဟာ ကံတရားကြောင့်ဆိုတာ သူနားလည်လာမှာပါ''

''မင်းကောင်က တရားပြတာကို နားလည်ဦးမှကိုး၊ ငါစိုးရိမ်တာက သူ့မှာအကြောက်တရားမရှိဘူး သျှင်မင်းအိမ်၊ သိမ်းပိုက်ဖို့ဆန္ဒတွေထဲမှာ မင်းကိုချစ်တာလည်းပါချင်ပါမယ်၊ ငါ့ကို တိုက်ခိုက်ချင်တာလည်း ပါချင်ပါမယ်၊ သေချာတာက သူ့မျှော်လင့်ချက်တွေ ရိုက်ချိုးခံလိုက်ရလို့





ကြည်းသွားတာပဲ''

မုန်းတိုက်လို့ မုန်းခဲ့ကြတာမှ မဟုတ်ဘဲလို့ ဖြေသိမ့်စကားမဆိုချင်ပါ။ ဒါဟာ ထည်ဝါခံ့ညားအတွက်မှ မဟုတ်ဘဲ။

စံမင်းညံ့နှင့် ပတ်သက်လို့ကတော့ လွမ်းခဲ့ဖူးတာတောင် နပ်ဝါးပါပါ။ သေသည့် ရှင်သည် မသိရဘဲ သူမကို ခြေရာဖျောက်ထားခဲ့တာပဲ ဟုတ်ပါလား။

အခုမှ မျှော်လင့်ချက်တွေ ပြန်ရလို့ရော ဘာထူးဦးမှာလဲ။ သစ္စာမဲ့သူအမည်စာရင်းသွင်းခံရလည်း သူမ ဖောက်ပြန်တဲ့သူ အမည်စာရင်းအသွင်းမခံရအောင် သူမစိတ်ကို ထိန်းချုပ်နိုင်ပါလိမ့်မည်။ ထိုညက ထည်ဝါခံ့ညား အိပ်မောကျသည်ဟု မထင်။

သက်ပြင်းချသံတွေ အနီးကပ်ကြားနေရပြီး သူမဆီက ဘာကိုတောင်းတနေသလဲဆိုတာ သိချင်လှသည်။ သစ္စာတရားလား၊ ယုံကြည်ခြင်းလား ဒါမှမဟုတ်အချစ်ပဲလား။

သူမဘက်ကရော ဘာတွေပေးချင်နေတာလဲ။ မရောမရာသော အတွေးများဖြင့် ထိုတစ်ည သူမလည်း အိပ်လို့မပျော်ခဲ့ပါ။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

တံခါးချပ်ကြီးကို တွန်းဖွင့်ဝင်လိုက်သည်နှင့် ပိန်းပိတ်အောင် မှောင်မဲနေသော အခန်းကျယ်ကြီးထဲကို ရောက်သွားခဲ့သည်။ အပြင်မှာ အလင်းရောင်အားကောင်းနေခဲ့သေးသော်လည်း ဂိုထောင်ကြီးက တံခါးတွေ အလုံပိတ်ထားခဲ့၍ အထဲမှာမှောင်နေခဲ့ခြင်းဖြစ်မည်။

ထည်ဝါခံ့ညားက စံမင်းညံရောက်နေလောက်ပြီဟု မှာလိုက်သော်လည်း ဘာကြောင့်မီးတွေမဖွင့်ဘဲရှိနေခဲ့တာလဲ။

မီးခလုတ်တွေ ဘယ်နားမှာရှိနေမှန်းမသိ၍ သူမ စမ်းတဝါးဝါး ဝင်လာခဲ့ရသည်။

''ချောက်. . . ချောက်''

''ဟင်. . . စံမင်းညံ''

အခန်းမီးတွေ လင်းထိန်သွားသည့်အတွက် သူမမျက်လုံးတွေပင် ပြာဝေသွားခဲ့၏။ ချော့ခန်းလိုမဟုတ်သော်လည်း မီးချောင်းတွေကိုဖွင့်ပြီး စံမင်းညံက ကျွန်းထိုင်ခုံရှည်ကြီးမှာ ဝင်ထိုင်၏။

ထိုင်ခုံက ထိုတစ်လုံးတည်းလား။

''ကိုယ်တို့ ကုန်ပစ္စည်းတွေသိုလှောင်ဖို့ ဂိုထောင်အသစ်ဆောက်ထားတာ၊ အဲဒီနေရာက ဘယ်သူမှမသိသေးဘူး၊ သတင်းဖြန့်မယ့်





ဂျာနယ်လစ်တွေမသိဖို့က ဒီတစ်နေရာပဲရှိတယ်၊ ဘယ်နေရာပဲဖြစ်ဖြစ် ကိုယ်တို့ကို လူတိုင်းက သတိထားနိုင်တဲ့အတွက် စံမင်းညံကို ဒီနေရာမှာပဲ ချိန်းလိုက်ရတယ်၊ စကားကို မြန်မြန်ဖြတ်ပြီး ပြတ်ပြတ်သားသားပြောခဲ့ပါ၊ သူ့ဘက်က ဒီထက်နှောက်ယှက်လာတာမျိုးကို ကိုယ်တို့ခဏခဏ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းနေရရင် ကိုယ်တို့အတွက်ရော၊ မင်းအတွက်ရော မကောင်းဘူး၊ သူ့ကိုပေါက်ကွဲခွင့်ဖြစ်ဖြစ် ပေးလိုက်မှ အဆင်ပြေနိုင်မယ်ထင်လို့ တွေ့ခွင့်ပေးလိုက်ရတာ၊ တကယ်တော့ မင်းကိုစိတ်မချဘူး''

လာခါနီးထိ တတွတ်တွတ်မှာလိုက်သော ထည်ဝါခံ့ညားစကားတွေကို ပြန်ကြားယောင်မိ၏။ သူမနောက်ဆံတင်းလောက်အောင် သူ့အသံတွေက နူးညံ့နွေးထွေးစွာဖြင့် တောင်းတမှုမကင်းသော မျက်ဝန်းတွေက သူမကိုညို့ယူဖမ်းစားနေခဲ့၏။

ရင်မခုန်တတ်သေးသော်လည်း သူ့ရဲ့ပြောင်းလဲလာမှုတွေကို အသိအမှတ်ပြုပေးရတော့မည်ထင်သည်။

''သျှင်မင်းလာလေ၊ ဘာရပ်ကြည့်နေတာလဲ''

''ငါ အေးအေးဆေးဆေး စကားထိုင်ပြောဖို့လာတာမဟုတ်ဘူး စံမင်းညံ၊ နင်ဘာလို့ ဒီလိုတွေလုပ်နေတာလဲ လာမေးတာ''

''အဲဒီမေးခွန်းလောက်ပဲ မေးစရာရှိတာဆိုရင် ဒီအတိုင်းလှည့်ပြန်သွားလိုက်တော့ သျှင်မင်း၊ ငါလည်း ဒီအတိုင်း အဲဒီလူကို မကျေမနပ်လိုက်ပြီး တိုက်ခိုက်နေဦးမှာပဲ၊ ငါ့ရင်ထဲက နင့်ကိုဆွဲထုတ်သွားတဲ့အတွက် ဘယ်တော့မှ ကျေအေးပေးလိုက်မှာ မဟုတ်ဘူး''

စံမင်းညံ ခြိမ်းခြောက်တတ်သည်လို့ ထည်ဝါခံ့ညားပြောတာ မှားမည်မထင်။ သူမရှေ့ကိုတိုးသွားကာ ထိုင်ခုံအစွန်းအဖျားလေးမှာ ဝင်ထိုင်လိုက်ရ၏။

စံမင်းညံမျက်နှာကို မဝံ့မရဲလေးကြည့်ပြီး

''ငါဦးနှောက်နဲ့ ရွေးချယ်လိုက်တဲ့ အိမ်ထောင်ရေးဆိုပေမယ့်

www.burmeseclassic.com



*ဒီအပေါ်မှာ သစ္စာရှိဖို့ ငါဆုံးဖြတ်ထားတယ်၊ ငါတို့ဇာတ်လမ်းက ပြီးပြီ*
ဟာ၊ ဒီလိုတွေမလုပ်ပါနဲ့တော့''

''ရွှေဘုံ ငွေဘုံပေါ်မှာ ပျော်နိုင်ပြီလို့ ပြောတာလား၊ ဒီကောင်ကြီး
ရဲ့ ပိုင်ဆိုင်မှုတွေကို နင်မက်မောသွားပြီလား၊ ဒီလိုတွေဖြစ်သွားမယ်ဆိုရင်
နင်ခိုင်းခဲ့တာကို ခေါင်းညိတ်နာခံပြီး ဒုက္ခဆင်းရဲတွေခံရအောင် ငါထွက်
သွားခဲ့မှာမဟုတ်ဘူး သျှင်မင်း၊ ငါနိုင်ငံခြားကို အလုပ်လုပ်ဖို့ ထွက်သွား
တာ ငါ့မိသားစု ငါ့မိဘအတွက် ငါ့ပတ်ဝန်းကျင် ငါ့ရပ်ရွာအတွက် မဟုတ်
ဘူး၊ နင်နဲ့လက်ထပ်ဖို့ နင်နဲ့အတူနေရဖို့ နင်နဲ့မိသားစုဘဝလေး တည်
ဆောက်ဖို့''

''ငါနင့်ကို စောင့်ခဲ့ပါတယ်၊ ထွက်သွားပြီးနောက်ပိုင်း နှစ်နှစ်လုံး
လုံး နင်စာလေးတစ်ကြောင်း စကားလေးတစ်ခွန်း ဖုန်းလေးတစ်ချက်
တောင် အဆက်အသွယ်လုပ်ခဲ့လို့လား''

''အဲဒါဘာကြောင့်လဲလို့ အစတည်းက အရင်ဆုံးမေးရမှာ၊ ငါ
မြင်လိုက်တာနဲ့ နင်ရင်ခုန်ပျော်ရွှင်သွားမယ်ထင်ခဲ့တာ၊ မျှော်လင့်ချက်
အပြည့်နဲ့ ငါပြန်ရောက်လာတော့ နင်ကလက်ထပ်သွားပြီတဲ့၊ မိသား
အတွက် နင့်မချစ်တဲ့သူကို ဘဝနဲ့ရင်းပြီးပေးဆပ်လိုက်ရတယ်ဆိုတော
ငါစိတ်မဆိုးနိုင် မနာကြည်းနိုင်ခဲ့ဘူး၊ ဒီလူလက်ထဲက နင့်ဘဝကို
ကယ်မယ်၊ ဒီလူခြေတော်တင်ထားပေမယ့် နင့်အချစ်တွေ သန့်ရှင်း
မယ်ဆိုရင် ငါ့အတွက်ပြည့်စုံတယ်လို့ပဲ အောက်မေ့ခဲ့တယ်''

''စံမင်းညို''

မျက်ရည်တွေနှင့် ကြေကွဲနေသလားဟု ထိတ်လန့်စွာပင် ခေ
၏။ စံမင်းညိုက မျက်ရည်တွေကို ပုတ်ခတ်ဖယ်ရှားပြီး သူမကို မျက်ဝန်း
များဖြင့် တစိမ့်စိမ့်ကြည့်နေကာ

''ငါ နင်နဲ့လက်ထပ်ချင်လွန်းလို့ နင့်စကားကိုနားထောင်ပြီ
စွန့်စွန့် စားစားထွက်သွားခဲ့တာပါ၊ ငွေကြေးမတတ်နိုင်လို့ ပုန်းလျှိုးကွယ



လျှိုး အောက်လမ်းကသွားရတဲ့အတွက် ဟိုဘက်နိုင်ငံအရောက်မှာ ငါ
အဖမ်းခံရတယ်''

''ဟင်''

''ထောင်ထဲမှာ ခွေးစာစားပြီး တိရစ္ဆာန်တစ်ကောင်လို ဆက်ဆံခံ
ရတယ်၊ အရိုက်အနှက် အထုအထောင်းခံရတယ်၊ သေရာပါဒဏ်ရာတွေ
တောင်ရခဲ့သေးတာ ဒီမှာကြည့် ရင်ဘတ်မှာ ဓားနဲ့အမွှန်းခံရတယ် စစ်
ဖိနပ်တွေနဲ့ အကန်ခံရတယ်''

''ဟယ် ... စံမင်းညိုရယ်''

စံမင်းညိုက ကြည်ပြာရောင်စပို့ရှပ်လေးကို ခေါင်းကနေလှန်၍
ချွတ်ပြသည်။ ရင်ဘတ်တပြင်လုံးမှာ အနာရွတ်တွေနှင့်။

သူမ စိတ်မကောင်းစွာ အနာရွတ်တွေကို ဖွဖွလေးကိုင်တွယ်
ကြည့်မိသည်။ စံမင်းညိုက သူ့ရင်ဘတ်ပေါ်က ဒဏ်ရာတွေကို ကိုင်တွယ်
ကြည့်နေသည့် သူမလက်ကလေးကို သူ့လက်နှင့်ဖိအုပ်ကိုင်ထားပြီး ...

''ဒီဒဏ်ရာတွေက နင့်ကြောင့်ရတာဆိုပြီး ငါမနာကြည်းမိသေး
ဘူး သျှင်မင်း၊ အဲဒီဒဏ်ရာတွေရဲ့နာကျင်မှုကို ခံစားနေရတဲ့အချိန်တွေက
နင်နဲ့အတူနေရဖို့ဆိုတဲ့ မျှော်လင့်ချက်တွေနဲ့ ငါမျက်ရည်မကျအောင်
အောင့်အည်းကြိတ်မှိတ်ခံစားခဲ့တယ်''

''ငါ ... ငါစိတ်မကောင်းပါဘူး စံမင်းညိုရယ်၊ ဒါပေမဲ့''

သူမကိုစကားအဆုံးသတ်မခံတဲ့ သူမနှုတ်ခမ်းလေးပေါ် သူ့လက်ညှိုး
နှင့် ကန့်လန့်ဖြတ်တင်ကာ

''နင်ပြောချင်တာတွေ နောက်မှပြောပါ၊ ငါပြောမှာတွေ အရင်
နားထောင်ပေးပါဦး၊ ငါ အဲဒီနိုင်ငံမှာ အဲလိုတွေဒုက္ခခံလာခဲ့တာကို ခုချိန်ထိ
ငါနောင်တမရဘူး သျှင်မင်း၊ အဲဒါခုချိန်ထိ ငါနင့်ကို မျှော်လင့်နေသေးလို့
ပဲ''

''ဖြစ်မှမဖြစ်နိုင်တော့တာ''

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



''အဲလိုမပြောပါနဲ့၊ ဘာလို့မဖြစ်နိုင်ရမှာလဲ၊ ငါအခုငွေတွေ အများကြီးရှာနိုင်ပြီ၊ နင့်ကို တင့်တောင်းတင့်တယ်ထားနိုင်လို့ လာခေါ် တာ''

''ဘာ''

''ဟုတ်တယ်. . . ပထမပိုင်း အဲလိုဒုက္ခသုက္ခတွေခံပြီးချိန်မှာ ထောင်ပိုင်မှူးက ငါတင်းနစ်ရိုက်တတ်တာကို သိသွားတယ်၊ သူက ထောင်သားတွေထဲကနေ လက်ဖျော့ထိုးတတ်တဲ့သူ၊ ဂေါက်ရိုက်ကျွမ်း ကျင်တဲ့သူ၊ ဖဲဝိဇ္ဇာ၊ ကြက်တောင်ရိုက်၊ တင်းနစ်ရိုက်၊ ဘောလုံးအားကစား သမား အဲလိုလူမျိုးတွေကို ထောင်တွင်းမှာလေ့ကျင့်ပေးပြီး ပြပွဲလုပ် ငွေရှာနေတဲ့သူပဲ၊ ငါက အဲဒါကိုသိတော့ ကျွန်တော်တင်းနစ်ရိုက်တတ် တယ်၊ ဆုတွေလည်းရဖူးတယ်လို့သွား ပြောပြီးရောခဲ့တာ''

''အဲဒါနဲ့''

''ငါ့ကို အပြင်းအထန်လေ့ကျင့်မှုတွေပေးပြီး ကြေးစားတစ် ယောက်အဖြစ် ဖန်တီးငွေရှာခဲ့တယ်''

''ဒါဆို နင်ကြေးစားတင်းနစ်ရိုက်သမားတစ်ယောက်ဖြစ် နေပြီပေါ့''

''ကြေးစားဆိုတာ အရှုံးပေးလိုက်လည်း ငွေရတယ်၊ နိုင်အောင် လုပ်ရရင်လည်း ငွေရတယ်၊ ထောင်ကလည်း လွတ်သွားပြီဆိုတော့ ငွေ ရှာလို့ အရမ်းကောင်းတယ်၊ ငါအခု ဟိုနိုင်ငံသားခံယူပြီး အိမ်ရော ကား ရော ဝယ်ထားတယ်၊ အဲဒါကြောင့် နင့်ကို ငါလာခေါ်တာ သျှင်မင်း''

တက်ကြွစွာပြောနေသော စကားတွေက သူမနှလုံးသား ယိမ်းယိုင်အောင် မလုပ်နိုင်ပေ။ စံမင်းညီနှင့်ပတ်သက်ပြီး သူမမျှော်လင့် ချက်မထားတော့ပါ။

ထည်ဝါခံ့ညားလို ပြည့်စုံအောင်မထားနိုင်တာကြောင့် မဟုတ်ဘဲ စိတ်ဓာတ်ကို အထင်မကြီးနိုင်တော့တာဖြစ်သည်။



''ငါ နင်နဲ့ မလိုက်တော့ဘူး စံမင်းညီ''

''ဘာ. . . ထည်ဝါခံ့ညားက နင့်ကိုငါ့ထက် ပြည့်စုံအောင်ထားနိုင် လို့လား၊ ဒီအသိုက်အဝန်းရဲ့ဂုဏ်ပကာသနတွေကို မက်မောလို့လား သျှင်မင်း''

''အဲဒါကြောင့်မဟုတ်ဘူး စံမင်းညီ၊ ငါဟာလက်ထပ်ပြီးသား မိန်းမတစ်ယောက်ပါ၊ ဒီထက်မကတဲ့ စည်းစိမ်ဥစ္စာတွေ နင်ရှာပေးနိုင်တယ် ဆိုရင်လည်း ငါအိမ်ထောင်ရေးဖောက်ပြန်ပြီး နင့်ဆီရောက်လာမှာမဟုတ်ပါ ဘူး''

''ဒါဆို ငါ့ရဲ့ပေးဆပ်မှုတွေ ဒုက္ခဆင်းရဲခံခဲ့ရတဲ့ အချိန်တွေ အတွက် နင်ဘာပြန်လုပ်ပေးမှာလဲ၊ ဒီနိုင်ငံကိုစွန့် ငါ့မိသားစုကိုစွန့် ငါ့ဘဝ ကိုစွန့်ပြီး နင့်အတွက် ငွေသွားရှာခဲ့တဲ့ငါ့ကို နင်ဘာပြန်ပေးမှာလဲ''

''အဲဒါက . . .''

သူမ ဘယ်လိုဖြေရမှန်းမသိ။ စံမင်းညီရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ အတွက် ဒီအချိန်မှာ သူမဘာမှပြန်ပေးစရာမရှိပါ။

အတွေးရခက်စွာ ထိုင်ခုံကနေထရပ်ဖော့၊ စံမင်းညီက သူမ လက်ကိုဆွဲထားသည်။ အမှတ်တမဲ့မို့ သူမယိမ်းယိုင်သွားသည့်အခါမှာ စံမင်းညီက အကျီချွတ်ထားသော သူ့ရင်ဘတ်နှင့် ထိန်းမတ်ဖက်မိမွေ့ထား မိ

''ဖယ်ပါ''

သူမ ရုန်းထွက်လိုက်သည်။ သူဆွဲထားသောလက်ကိုလည်း ဆောင့်ရုန်းလျက်

''ငါကာမပိုင်လင်ယောကျ်ားရှိနေပြီ စံမင်းညီ၊ နင်အဲလိုတွေ မလုပ်ပါနဲ့''

''နင်အဲလိုပြောလိုက်တာ ငါ့ကိုသွေးဆူအောင်ဆွနေသလိုပဲ၊ ငါ့ဘာမ ပြန်မရရင် နင့်ကိုနာကြည်းမိသွားလိမ့်မယ် သျှင်မင်း''

www.burmeseclassic.com



"နင်က ဘာလိုချင်တာလဲ"

"နင့်အချစ်ကို၊ ဒါမှမဟုတ် လူကို"

"မဖြစ်နိုင်တော့တာကို နင်ဘာလို့ အတင်းအကျပ်လုပ်နေ လဲ စံမင်းညို၊ ငါ့ကို အိမ်ထောင်ရေးဖောက်ပြန်နိုင်းနေတာလား၊ အချ ပေးပေး လူကိုပေးပေး ဒါဟာဖောက်ပြန်မှုပဲ သစ္စာမဲ့မှုပဲ"

"ငါ့ကိုသစ္စာမဲ့ဖို့ကျတော့၊ နင်အဲလို မတွေးခဲ့ဘူးမဟုတ် သျှင်မင်း"

"နင့်ကို ငါစောင့်ခဲ့တယ်လို့ ပြောပြီးပြီ၊ နင်သာငါ့အနားမှာရှိ သူတို့ဘယ်လောက်ပဲ မက်လုံးတွေပုံပေးပေး၊ မိသားစုမျက်နှာ မထောက်ထားဘဲ နင့်နောက်ကို စွန့်စွန့်စားစားလိုက်မိမှာ အမှန်ပဲ"

"အခုလည်း နောက်မကျသေးပါဘူး၊ နင်သူနဲ့ လက်ထ ဘယ်နှစ်ရက် ဘယ်နှစ်လပဲ ပေါင်းပြီးပြီး၊ ငါကြည်ဖြူနိုင်တယ်၊ ငါနဲ့ လက်ထပ်နိုင်တယ် သျှင်မင်း"

"ကျွတ် ... စံမင်းညိုရယ်၊ နင့်ကို ငါဘယ်လိုပြောရတော့မှ

သျှင်မင်းအိမ် တကယ်ကို စိတ်ညစ်လာပြီဖြစ်သည်။ အချိန် ကြာလာသည်နှင့်အမျှ ထည်ဝါခံ့ညားသော စိတ်ပူမှာလည်း စိုးရိမ်၏။ ကာ လင်ယောကျ်ားရှိသော မိန်းမတစ်ယောက်အနေနှင့် သူစိမ်းယော လေးကို ဒီလောက်ကြာကြာ လက်ခံစကားပြောနေဖို့လည်း မသင့်ဘူ ထင်သည်။

"ငါသွားတော့မယ်"

"သျှင်မင်း ငါ့ကို မပြတ်မသားမလုပ်ခဲ့နဲ့"

"ငါအပြတ်ပြောပြီးပြီလေ၊ မဖြစ်နိုင်ဘူး နင့်ကို လက်မခံနိုင် ငါ့မှာယောကျ်ားရှိတယ်၊ နင်နဲ့ ဖောက်ပြန်ဖို့ ငါဘယ်တော့မှ စိတ်မကူး

"အဲဒါ နင့်စကားအကုန်ပဲလား၊ နင့်ယောကျ်ားနဲ့ နင်နဲ့ကွဲအေ လုပ်ပြီး နင့်ကို ငါရအောင်ယူမယ်ဆိုရင်ရော"





"နင်မယုတ်မာနဲ့ မရိုင်းစိုင်းနဲ့ စံမင်းညို၊ ငါတို့က ပညာမဲ့ ရွှေ ကျက်ပကာသနချို့တဲ့တဲ့ လူတန်းစားဆိုပေမယ့်၊ ကိုယ်ကျင့်တရား တင်းရင် အဆင့်အတန်းဆိုတာရှိပါသေးတယ်၊ နင့်လိုအောက်တန်းကျ နင် ဝါးလုံးရှည်နဲ့သိမ်းကျုံးရမ်းပြီး အောက်တန်းစားတွေလို့ အထင်မြင် းခံနေရဦးမယ်၊ နင့်လမ်း နင်လျှောက်ပါတော့၊ ငါတောင်းပန်ပါတယ် င်းညို၊ ဖြစ်ခဲ့သမျှတွေ မေ့ပစ်ပေးပါ"

စူးစိမ်းကာကြည့်၍ နှုတ်ခမ်းအစုံမဲ့ကျသွားပြီး စံမင်းညို ခေါင်း းသည်။

"အခုမှအသစ်ဖြစ်တာ ချက်ချင်းကြီးမေ့ပစ်လိုက်လို့ရမလား င်မင်း၊ ကျန်ခဲ့တဲ့ ရက်လနှစ်တွေမှာ နင်နဲ့လက်ထပ်ဖို့ဆိုတဲ့ ရည်ရွယ် က်တစ်ခုတည်းနဲ့ ငါ့ဘဝတစ်ခုလုံး အနာကျင်ခံစတေးပြီး ကြိုးစားနေခဲ့ ယ်၊ နင်လျှောက်ခိုင်းတဲ့လမ်းပေါ်မှာ လျှောက်နေတဲ့အတွက် နင်ငါ့ ပေါ် သစ္စာရှိမယ်လို့ထင်ခဲ့တယ်၊ အခုလို နင်လက်ထပ်လိုက်တာကို တင် ငါစိတ်မဆိုးရက် မနာကြည်းရက်ဘူး၊ ငါ့ဘက်မှာကြိုးစားနေရတဲ့ နိ်တွေကြောင့် အဆက်အသွယ်မလုပ်နိုင်ခဲ့တာ ငါ့အမှားလို့ ငါတွေး ယ်၊ ဒါပေမဲ့ ဒီအချိန်မှာတော့ နင်ငါ့ကိုငဲ့ညှာသင့်တာ သနားသင့်တာ မဟုတ်ဘူးလား သျှင်မင်း၊ ဟင်ပြောစမ်းပါ"

ပခုံးနှစ်ဖက်ကို စုံညှစ်ပြီးမေးတော့ သူမ နာကျင်လွန်းစွာ ရှုံ့မဲ့ ခက်သွားသည်။ စံမင်းညိုက ပြောရင်းနှင့် မျက်ရည်တွေပြိုကျလာ၏။ ဘက်က ပေးဆပ်မှုတွေအတွက် သူမရင်ထဲတော့ မကောင်းပေ။ စံမင်း မျက်ရည်တွေကို သူမလက်ဖမိုးလေးနှင့် သုတ်ပေးလိုက်ပြီး ...

"ဖူးစာက်မပါလို့ ဝေးရတာကို အာဃာတတွေ မထားပါနဲ့တော့ ညို၊ ချစ်ခဲ့ကြတဲ့ အချိန်တွေကလည်း ပဋိပက္ခတွေနဲ့ပဲအဆုံးသတ် ယ်၊ ဝေးနေရတဲ့အချိန်တွေတုန်းကလည်း သံယောဇဉ်တစ်စွန်းတစ်စနဲ့ ဆက်အသွယ်လုပ်ဖြစ်ခဲ့ကြတာမဟုတ်ဘူး၊ အခုပြန်တွေ့ချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘဝစီခြားသွားပြီ ဘာလို့မျက်ရည်တွေနဲ့ သံသရာကို ဆွဲဆန့်
မှာလဲ၊ ငါ့ကိုနာကြည်းပြီး မုန်းမေ့လိုက်ပါ၊ သစ္စာမဲ့သူရယ်လို့ အပြစ်
စကားနဲ့ စိမ်းစိမ်းကားကား လမ်းခွဲသွားလိုက်ပါ စံမင်းညို၊ အဲဒါ
နောက်ဆုံးစကားပါပဲ''

''ဒါဆို ငါ့ရဲ့နောက်ဆုံးအနမ်းကို ကြည်ကြည်ဖြူဖြူ လ
ပေးပါ သျှင်မင်း၊ နောက်ဆုံးပါဟာ''

ဝမ်းနည်းကြေကွဲစွာ တောင်းဆိုမှုအတွက်၊ သူမရှောင်တိ
ခက်သွားလေသည်။ သူမ နဖူးပြင်လေးထက်မှာ ကြင်နာစွာ နမ်း
လိုက်တာကို ကြည်ကြည်ဖြူဖြူအနမ်းခံဖို့အတွက်တော့ စိတ်ထဲမှ
မလဲ အပြစ်ရှိသလို ခံစားနေရသည်။

ဒါပေမဲ့ ဒါဟာနောက်ဆုံးအနမ်း။ နှုတ်ဆက်အနမ်းပဲ။

ရှေ့ဆက်ပြီး နောက်ယှက်မခံရတော့ဘူးဆိုလျှင် ထည်ဝါခံ့
စိတ်ချမ်း စိတ်သက်သာပေလိမ့်မည်။ ထိုအတွေးနှင့် သူမမျက်လွှာ
ငြိမ်သက်ပေးလိုက်၏။

ရင်ထဲမှာတော့ သစ္စာတရားနှင့် တိုင်တည်ထားလိုက်သ
ဒါဟာ အိမ်ထောင်ရေးဖောက်ပြန်ခြင်း သစ္စာမဲ့ခြင်းမဟုတ်ပါဘူ
တခြားအညစ်အကြေး အစွန်းအထင်း စိတ်ဆန္ဒများလည်း မရှိပါဘူ

ဤမှန်သော သစ္စာစကားကြောင့် ထည်ဝါခံ့ညားရဲ့အချစ်ကို
ထည်ဝါခံ့ညားကို ပြန်ချစ်လာနိုင်သည့်သူ ဖြစ်ရပါလို၏။

✤ ✤ ✤



# အခန်း (၁၈)

နာရီလက်တံတို့၏ ရွေ့လျားခြင်းက နှေးကွေးလွန်းလှသည်ဟု
သိသည်။ စောင့်ဆိုင်းရင်းဖြင့် စက္ကန့်နှင့်အမျှ ရင်ခုန်သံတို့က မြန်
၏။ စံမင်းညိုနှင့် သျှင်မင်းအိမ် နှစ်ယောက်သားတွေ့ချိန်မှာ ဘာတွေ
ပြီး ဘာတွေ လုပ်နေကြလဲ။

နှစ်ရှည်လများ ကွဲကွာနေခဲ့ကြသည့် ချစ်သူတွေမို့ အလွမ်း
ကြကာ အချစ်နယ်ကျွံသည်အထိ ခံစားမှုတွေ အစွန်းများရောက်နေကြ
သား။

မျက်ရည်တွေသုတ်ရင်း နာကျင်ကြေကွဲနေကြမလား။

အတွေးများဖြင့် အမျိုးမျိုးမြင်ယောင်ကြည့်ရင်း၊ စိတ်ဝေဒနာ
ာ ကိုယ့်ကိုယ်ကိုပြန်ပြီး ဖိစီးနှိပ်စက်နေကြ၏။

''ဟား''

အစတည်းက ပေးမတွေ့လိုက်ရင်ကောင်းသား။ ဒီသဘောက်မ
ရဲ့ ခြိမ်းခြောက်မှုတွေကို ဘာကြောက်စရာလိုလဲ။

သူဘယ်လောက်ထိအောင် တိုက်ခိုက်နိုင်မှာမို့လဲ။

စိတ်ထဲမှာ ကသိကအောက်ကြီး ဂနာငြိမ်ငြိမ်ဘယ်လိုမှပင် နေလို့
လို့မရ။ ဒီကောင်ကို နောက်ထပ်မနှောက်ယှက်အောင် ပြတ်ပြတ်

www.burmeseclassic.com

www.burmeseclassic.com



သားသားမှ သျှင်မင်းအိမ် ပြောရက်ပါ့မလား။

ကိုယ့်ကို ချစ်လို့လက်ထပ်ခဲ့တာမဟုတ်၍ မယုံကြည်ရဲဘဲ နေခဲ့သည်။ ငါမင်းကိုစွန့်လွှတ်ရမှာ ကြောက်နေလို့ပါ သျှင်မင်းအိမ် စိတ်တွေပျော့ညံ့ပြီး ချစ်သူရဲ့ဖြားယောင်းမှုနောက်ကိုပါသွားမှာ စိုးရိမ်နေမိတယ်။

ငါ့ကို မထားရစ်ခဲ့ပါနဲ့။ မထားရစ်ခဲ့ပါနဲ့။

''ဟင်''

ဂိုထောင်တံခါး ကျွီခနဲ ပွင့်လာခြင်းနှင့်အတူ သျှင်မင်းအိမ် ... လာတာမြင်လိုက်ရ၍ သူ့ရင်တွေ ပရမ်းပတာလှုပ်ရှားယမ်းခါသွားသ... သူဆောက်တည်ရာမဲ့စွာပင် ချုပ်ထိန်းမရစွာ သူမကို လွတ်ထွက်မ... အောင် တင်းတင်းကျပ်ကျပ် ပြေးပွေ့ဖက်ပစ်လိုက်၏။

''သျှင်... သျှင်မင်း''

''ရှင် ဒီခြံထဲထိလာစောင့်နေတာလား''

''ဟုတ်တယ် ... အဝေးကြီးကနေစောင့်နေရမှာ စိတ်မ... မင်း... မင်းဘာမှ မဖြစ်ခဲ့ပါဘူးနော်''

''ဘာဖြစ်ရမှာလဲ၊ စကားသွားပြောတဲ့ဟာကို''

''တော်ပါသေးရဲ့၊ ကိုယ်စိုးရိမ်နေတာ၊ သူနဲ့ ပြတ်ပြတ်သား... ရော ပြောဖြစ်ရဲ့လား၊ သူနောက်ထပ် မနှောက်ယှက်တော့ဘူး မ... လားဟင်၊ ကိုယ့်ကိုရော မင်းကိုရော စိတ်ဒုက္ခမပေးတော့ဘူး မ... လား''

''ကဲ ... ဖယ်ပါဦး ပြောပြပါမယ် ဒီမှာ အသက်ရှုကြပ်... ''

''ဩော် ... ကိုယ်ဖက်ထားမိတာပဲ၊ စိုးရိမ်ပြီး ဘယ်လိုဖြစ်... မှန်းတောင်မသိလိုက်ဘူး။ ကဲပါ... နေလက်စနဲ့ ဒီအတိုင်းလေး ... နေပါဦးကွာ၊ မင်းကို မဆုံးရှုံးရဘူးဆိုတဲ့ သေချာချင်လို့ပါ''

ထည်ဝါခံ့ညား နှုးညံ့လာတာကတော့ အသိအမှတ်ဖြ...



...တော့ပေ။ သူ့ဘက်က အရေးတယူ လိုက်လံမှုရှိလာတာတွေက သူမ ...ယိမ်းယိုင်လာအောင် ပြုစားနေသည်ဆိုတာ သိမှသိပါ့ရဲ့လား။ နှလုံးသား ...က ခုန်လှုပ်ပူနွေးလျက်၊ သူ့ရဲ့ဖက်တွယ်ခြင်းမှ သူမရုန်းမထွက်မိပေ။

''သိပ်ကိုအချစ်ကဲနေကြပါလား။ အမြင်မတော်ဘူး ကြည့်လို့ ...ကောင်းဘူးဗျာ''

''ဟင်''

''စံမင်းညို''

အခုမှ ဂိုထောင်ထဲက ထွက်လာသော စံမင်းညို့က ပခုံးထက် ... ကျောပိုးအိတ်အသေးစားလေးလွယ်လျက်၊ ခုနကချွတ်ထားသော ...ညိုပြာရောင်စပို့ရှပ်အင်္ကျီကို လက်ကဒီအတိုင်းကိုင်ထားသည်။

အင်္ကျီချွတ်လျက် ဗလာကျင်းနေသော စံမင်းညို့ကိုကြည့်၍ ...ည်ဝါခံ့ညား မျက်လုံးတွေပြာဝေသွားသည်။ ဘယ်လိုဖြစ်လို့ နှစ်ယောက် ...းတွေ့ပြီး အင်္ကျီချွတ်ထားရတာလဲ။

စံမင်းညို့ မဲ့ပြုံးက ဘယ်အရာကိုမှ အခဲမကျေသလို အဆိပ် ...တွနှင့် ပြည့်နှက်နေကာ

''ခင်ဗျား အပိုင်ရပြီဆိုပြီး သိပ်ပျော်မနေနဲ့ ဦးထည်ဝါ၊ သျှင်မင်း ...ကို ငါချစ်တုန်းပဲ၊ တခြားသူလက်ထဲက ပြန်လုယူရမှာ ပိုပြီးစိတ်လှုပ်ရှား ...ကောင်းတယ်၊ နင်တစ်နေ့ ငါ့ရင်ခွင်ထဲရောက်ကိုရောက်စေရမယ် ...င်မင်း၊ အဲဒါကို နင်မြဲမြဲမှတ်ထား''

ကြိမ်းဝါးမှုများနှင့် ထည်ဝါခံ့ညားရဲ့ကားထက် တန်ဖိုးနိမ့်သော ...းကို ခြေနှင့်ဆောင့်ကန်ပြီးမှ စံမင်းညို့ ကားကို ဂူးခနဲမောင်းထွက်သွား ...သည်။

ထည်ဝါခံ့ညားက စံမင်းညို့ကားလေးမောင်းထွက်သွားရာကို ...တ်စိတဆုံးလိုက်ကြည့်နေပြီးမှ

''သူ မင်းနဲ့ရှိနေတည်းက အင်္ကျီချွတ်ထားတာလား။ ဘာဖြစ်လို့

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအကျိုက''

''ရုပ်အတွေးမများပါနဲ့၊ သူဟိုနိုင်ငံမှာ ဘယ်လိုအနှိပ်စက်ခံ ခံပြီး နေလာခဲ့ရတယ်ဆိုတာ သူ့ရင်ဘတ်က ဒဏ်ရာတွေကိုပြတာ ဓားနဲ့အမွှန်းခံထားရတဲ့ ဒဏ်ရာအနာရွတ်တွေ အများကြီးပဲ''

''မင်းရဲ့ ကရုဏာကိုလိုချင်လို့ ဒီလိုလုပ်ပြရုံပဲလား၊ သူတခြား

''ရှင်မယုံဘူးလား''

''မင်းတို့ နာရီဝက်ကျော်တွေ့ကြတယ်၊ အထဲမှာ ဘယ်သူမှ ဘူး၊ တိတ်ဆိတ်နေတယ်၊ မင်းတို့ချင်းက သိပ်ချစ်ခဲ့ကြတဲ့ချစ်သူ သူက မင်းအိမ်ထောင်ကျတာကိုတောင် စိတ်မကုန် စိတ်မနာဘဲ နေတုန်းဆိုတော့''

''သူ့ဆီကို ကျွန်မဆန္ဒနဲ့ ကျွန်မ သွားတွေ့ခဲ့တာလား၊ သံသ ဝင်မယ် မယုံကြည်ဘူးဆိုရင် ဘာလို့သူနဲ့သွားတွေ့ခိုင်းခဲ့တာလဲ ဦးထည် သူနဲ့တွေ့ပါရစေလို့ ရှင့်ကိုကျွန်မတောင်းဆိုမိခဲ့သလား၊ လွမ်းတဲ့အ အယောင်တွေ သံယောဇဉ်မပြတ်တဲ့ အပြုအမူတွေရော ရှင်မြင်ခဲ့ ခဲ့လို့လား''

သူမ မေးခွန်းတွေက ပြတ်သားပွင့်လင်းရဲရင့်နေသည်။ လိမ် ဟန်ဆောင်မှုဆိုတာမျိုးလည်း မရှိ။

သူဘာတွေ စိုးရိမ်လွန်ကဲနေမိတာလဲ။ တကယ်ကို သျှင်မင်းအ ကို စွန့်လွှတ်ရမှာ ကြောက်နေတာများလား။

တုံဏှိဘာဝေဖြစ်နေသော သူ့ကို သျှင်မင်းအိမ် အားရပုံမရ

''ရှင် ကျွန်မကို သံသယမကင်းရင် အချိန်မရွေးကွာရှင်းနိုင် တယ် ဦးထည်ဝါ၊ မယုံမကြည်နဲ့ မသင်္ကာသလို မသဒ္ဒါသလိုပုံစံမျိုးနဲ့ ဆက်ဆံမခံနိုင်ဘူး''

''မင်း ... မင်းကို ကိုယ်ယုံပါတယ်၊ သူနဲ့တွေ့ခိုင်းမိတာ ကို အမှားပါ၊ တကယ်ဆို သူနဲ့သွားမတွေ့ခိုင်းသင့်ဘူး၊ 'သူ့ကို ကိုယ်တို့





ကြောက်စရာလိုလဲ''

''မီဒီယာတွေကနေ သတင်းဖြန့်မယ်လို့ ခြိမ်းခြောက်တယ်ဆို အားလုံးရဲ့ ဂုဏ်သိက္ခာအတွက်တွေးပြီး ရှင်ဒီလိုလုပ်လိုက်တာ မမှားပါဘူး၊ အခုတွေ့လိုက်တော့လည်း ကျွန်မ ပြတ်ပြတ်သားသားပြောခဲ့ပါတယ် ဒါပေမဲ့''

''ခုနကလို ခြိမ်းခြောက်စကားတွေတော့ ပြောသေးတယ် မဟုတ်လား သျှင်မင်း၊ မင်းစိတ်အနှောက်အယှက်ဖြစ်တယ်ဆိုရင် ဒီကောင်ကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှင်းခိုင်းလိုက်မယ်''

''ဟင်... ဘယ်.. ဘယ်လိုရှင်းမှာလဲ၊ ရှင်လူမိုက်အလုပ်တွေ တော့ မလုပ်နဲ့နော်၊ ကျွန်မ မကြိုက်ဘူး''

''သူ့ကိုမထိခိုက်စေခင်တဲ့စေတနာကတော့ ရှိသေးတယ်မဟုတ် လား''

''ဘာ''

သူမဒေါသကြောင့် ဆတ်ခနဲခါသွားသည်။ သူဖက်တွယ်ထား သော လက်ကိုလည်း တွန်းဖယ်ပစ်လိုက်ကာ

''ရှင် ကျွန်မကို သံသယမရှင်းဘူးမဟုတ်လား၊ အဲလိုမေးခွန်း တွေက ကျွန်မကိုယ်ကျင့်တရားကို စော်ကားနေသလိုပဲ၊ ကျွန်မရှင့်ဆီက ဘာကိုမှမက်မောလို့ တွယ်ကပ်နေတာမဟုတ်ဘူးနော်၊ မိသားစုအဆင် ပြေဖို့ လက်ထပ်လိုက်တယ်၊ အဲဒီအိမ်ထောင်ရေးအပေါ် ဘယ်တော့မှ သစ္စာမဖောက်ဘူးဆိုတာလည်း သစ္စာဆိုပြီးပြီ၊ ဒါကို ဒီလိုမယုံသင်္ကာ မေးခွန်းတွေနဲ့ ကျွန်မကိုယ်ကျင့်တရားကိုစော်ကားနေမယ်ဆိုရင် ရှင့် ကိုကျွန်မ မပေါင်းနိုင်တော့ဘူး''

''သျှင်မင်း''

''တကယ်ပြောတာ၊ စံမင်းညီ အားကိုးနဲ့လားလို့ မစွပ်စွဲနဲ့ဦး၊ ကျွန်မ ယောက်ျားငမ်းငမ်းတက်ကို လိုချင်နေတဲ့ မိန်းမမဟုတ်ဘူး၊ ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာမရှိလည်းဖြစ်တယ်၊ အချစ်မရှိလည်းဖြစ်တယ်၊ ကျွန်မက အေးချမ်းမှုနဲ့ စိတ်ချမ်းသာမှုပဲလိုချင်တာ၊ မပြည့်စုံတဲ့ဘဝကတည်းက ရောင့်ရဲတတ်ပြီးသား''

စွာစွာသလဲ ရန်တွေ့နေတာမို့ ထည်ဝါခံ့ညား ပြုံးလိုက်မိသည်။ သူမ စိတ်ဆိုးနေပုံလေးက မျက်နှာလေးနီရဲကာ နှုတ်ခမ်းစူစူလေးနှင့် ချစ်စရာလေးပါ။

ကျောခိုင်းအနေအထားနှင့် သူမကိုယ်လေးကို နောက်ကနေ တင်းတင်းလေး ဖက်ပွေ့ပစ်လိုက်သည်။ သူမ စိတ်ဆိုးဆိုးနှင့် ရုန်းဖယ်သော်လည်း သူလွှတ်မပေးဖြစ်ဘဲ သူမနားနားကိုကပ်ကာ

''ကိုယ်မင်းကို အရမ်းချစ်တယ် သျှင်မင်းအိမ်၊ ကိုယ့်ရင်ထဲကနေ လေးလေးနက်နက်ပြောတာပါ၊ မင်းရဲ့ကိုယ်ကျင့်တရားကိုလည်း တန်ဖိုးထားပါတယ်၊ ဘယ်တော့မှမယုံမကြည်မဖြစ်တော့ဘူးနော်၊ စိတ်မကောက်နဲ့တော့''

''စိတ်ကောက်နေတာမဟုတ်ဘူး၊ ရှင့်ကိုစိတ်ဆိုးနေတာ၊ စံမင်းညီနဲ့ ရှင့်ကိုယ်တိုင်တွေ့ခိုင်းပြီး မယုံသင်္ကာမေးခွန်းတွေနဲ့ သံသယဝင်ခံရလို့ ရင်နာတာ၊ ကျွန်မ သူ့ကိုမစွန့်လွှတ်နိုင်ရင် ရှင်နဲ့တောင် လက်မထပ်ဖြစ်ဘူး သိရဲ့လား''

''ဟုတ်ပါပြီ၊ ကိုယ်နားလည်ပြီ၊ မင်းကိုမယုံမကြည် မဖြစ်တော့ပါဘူး၊ မင်းပြောသလို ကိုယ်တို့အိမ်ထောင်ရေးကို ယုံကြည်မှုနဲ့ တည်ဆောက်ကြမယ်နော်၊ ကိုယ်တောင်းဆိုချင်တာက ကိုယ့်ကိုချစ်လာနိုင်အောင်ကြိုးစားပေးပါ၊ ကိုယ့်အတွက် သားသားမီးမီးလေးတွေလည်း မွေးပေးပါ''

''ရှင် အရမ်းလောဘကြီးတာပဲ''

ထိုစကားပြောလိုက်ချိန်မှာ သူ့မျက်နှာကြီးပြုံးဖြီးသွားသလို၊ သူမလည်း ကြည်ကြည်နူးနူးဖြင့် ရင်ထဲမှာ လိုက်ဖိုရှိန်းမြနေခဲ့သည်။



ကျွန်မလည်း ရှင့်ကိုချစ်မိနေပြီထင်တယ်ဟုတော့ ဝန်မခံဖြစ်သေး။ သူ့လက်မောင်းကို အားကိုးတကြီးဆုပ်ကိုင်မိရင်း အိမ်ပြန်လမ်းမှာ သူနှင့်လက်ထပ်ဖြစ်တာ နောင်တဆိုတာမရှိတော့တာ သေချာသလောက်ဖြစ်နေခဲ့သည်။

ရာသက်ပန်ပေါင်းသင်းပြီး နွေးထွေးတဲ့မိသားစုဘဝလေးနဲ့ နေချင်ပါတယ် ဦးထည်ဝါ။ ဒီအတောအတွင်းမှာ ရှင့်ကို ကိုကိုလို့ ခေါ်နိုင်လာလိမ့်မယ်လို့လည်း ထင်တယ်။

သိပ်မကြာတော့ပါဘူး။ ခဏလေးစောင့်ပါ ဦးထည်ဝါ ခဏလေးပါ။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ထည်ဝါခံ့ညားဆိုတဲ့ကောင်ကို ငါမကျေနပ်ဘူး၊ အဲဒီကောင်ကို ငါသတ်ပစ်ချင်တယ်"

"ဘာလို့ ဒေါသဒီလောက်ကြီးနေတာလဲ၊ ဟိုက အကောင်ကြီးတယ်၊ မင်းလေလုံးနဲ့ပစ် သေမသွားဘူး။ ကိုယ့်ဘာသာနေလိုက်စမ်းပါကွာ"

"နေလို့မရဘူး။ အခု ငါကမြန်မာပြည်ကို အဓိပ္ပာယ်မရှိ ပြန်လာသလိုဖြစ်နေပြီ၊ ရည်ရွယ်ချက်တွေ ရည်မှန်းချက်တွေ အားလုံးပျောက်နေပြီ၊ အခုငါဘာလုပ်ရမှာလဲ"

"သျှင်မင်းအိမ်က ယောက်ျားရသွားပြီပဲဥစ္စာ၊ အေးဆေးနေနေလိုက်တာ အကောင်းဆုံးပါပဲ၊ အိမ်ထောင်ကျပြီးသားကြီးကို ဘာလုပ်လို့ရမှာလဲ"

"တောက်"

အားပေးသူမရှိတော့ ဒေါသကို အလုံးလိုက်မျိုချရမလိုဖြစ်နေ၏။ ဒါပေမဲ့ စံမင်းညဲဆိုတာ ဒီအတိုင်းပြီးသွားတတ်သည့်ကောင်မျိုးမဟုတ်ပါ။ ရင်ထဲမှာ ဒဏ်ရာဒဏ်ချက်တွေအပြည့်။ ဝေဒနာတွေအပြည့်။

"ငါ သျှင်မင်းအိမ်ကို ရအောင်ပြန်ယူပြမယ်၊ မင်းလောင်းကြေးထပ်မလား သိန်းဇော်"



"မင်းက ကြေးစားသမားပီပီ ငွေရအောင်ကြံမလို့လား။ ထည်ဝါခံ့ညား အရှိန်အဝါကို မင်းမယှဉ်နိုင်ပါဘူး။ သူကအားလုံးကို လွှမ်းမိုးထားနိုင်အောင် အရှိန်အဝါကြီးတယ်နော် ငါ့ကောင်"

"သူ သျှင်မင်းအိမ်ကို ကွာရှင်းမှာပါ"

"ဘာ ... မင်းကဘာလို့ အဲလိုပြောနိုင်တာလဲ"

"ငါအခုတော့ မင်းကို ရှင်းမပြနိုင်သေးဘူး၊ ဒါပေမဲ့ အဲဒီလိုဖြစ်လာအောင် ငါလုပ်နိုင်တယ်ဆိုတာ မင်းယုံကြည်ထားလိုက်"

"ဟ ... ဘာအကြံအစည်တွေလဲ ငါ့ကိုပြောဦးလေကွာ"

"သတင်းပေါက်ကြားရင် ထည်ဝါခံ့ညားလက်ဦးသွားမှာစိုးလို့ မင်းကိုပြောမပြသေးဘူး၊ သျှင်မင်းအိမ် ငါ့ရင်ခွင်ထဲရောက်မှ မင်းကိုတစ်ဝကြီး စားပိုးနင့်အောင်ကျွေးတော့မယ်"

"သျှင်မင်းအိမ်ဘဝကို ကမောက်ကမဖြစ်အောင်တော့ မလုပ်ပါနဲ့ကွာ၊ သူလည်း ငါတို့တစ်ရပ်ကွက်တည်းနေကြတဲ့ ဘဝတူချင်းပဲ၊ သူဒီလိုလူမျိုးနဲ့လက်ထပ်သွားတယ်ဆိုပြီး ကိုယ့်ရပ်ရွာကို လျစ်လျူရှုထားတာ မဟုတ်ဘူး၊ ရပ်ရွာကောင်းကျိုးအတွက် သူအများကြီးကူညီပေးထားတယ်၊ ထည်ဝါခံ့ညားသာ စိတ်ဓာတ်မပြည့်ဝရင် သျှင်မင်းအိမ် ဒီလိုလုပ်ပေးလို့ရမှာလား"

"ဟား ... မင်းတို့က ဒီကောင်ကိုတော်တော်အထင်ကြီးနေတာပဲ၊ ဒီကောင် ဘယ်လိုကောင်မျိုးဆိုတာ မင်းမသိဘူးလား၊ သူတို့အတွက် အကျိုးအမြတ်မရှိဘဲ ဘာကိုမှရင်းနှီးမြှုပ်နှံတတ်တဲ့လူတွေ မဟုတ်ဘူး၊ သျှင်မင်းအိမ် ကို အပိုင်ရထားတာ ဒီလောက်တော့ရှိမှာပေါ့"

အကောင်မြင်ပေးပြီး ကျေးဇူးမတင်နိုင်။ ရင်ထဲမှာ အဖုအထစ်အလုံးအခဲနဲ့ပါ။ တန်ဖိုးထားရဆုံးအရာတစ်ခု ဆုံးရှုံးခဲ့ရပြီးမှ တစ်ခုပြန်မရလျှင် ဘယ်တော့မှ အခဲကျေနိုင်မည်မထင်။ သိန်းဇော်က သောက်လက်စအရက်ခွက်ထဲ အရက်ထပ်ထည့်ပေးပြီး ...

"ငါတို့လည်း မင်းနေရာက ခံစားရရင် အဲလိုဒေါသမျိုးဖြစ်မိမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ဒါပေမဲ့ အိမ်ထောင်ကျပြီးသားသူကိုတော့ ပြစ်မှားမိမယ်မထင်ဘူး''

''ဟိတ်ကောင်၊ ဒုဿနသော ငါကျူးလွန်နေတာမဟုတ်ဘူး၊ ငါ့ချစ်သူကိုသာ ဒီကောင်က ငွေနဲ့ဝယ်ပြီး လုယူထားတာ၊ အဲဒါကြောင့် ငါပြန်ယူမှာ''

''သျှင်မင်းအိမ်က လက်စံမှာမို့ မင်းအပြောကြီးနေတာလား စံမင်းညို၊ မိန်းမတွေပေါပါတယ်၊ မင်းကလည်းထားလိုက်စမ်းပါ''

''ထားလိုက်လို့ရရင် ငါမြန်မာပြည်ကိုတောင် ပြန်မလာဘူး၊ အခု သျှင်မင်း အချိုးပြောင်းနေတော့ ငါပိုပြီးခံရခက်တယ်၊ ငါခံလာရတဲ့ဒုက္ခက နည်းတာမဟုတ်ဘူး၊ သူ့အတွက် စွန့်စားပေးဆပ်ခဲ့တာကို နည်းနည်းလောက် ငဲ့ညှာပေးခဲ့ရင် ဒီလောက်ထိ ငါခံစားချင်မှ ခံစားရမှာ၊ အခုတော့ကွာ''

အခဲမကျေစွာ လက်သီးကိုတင်းတင်းဆုပ်ဖြစ်ရင်း စားပွဲခုံကို ဒုန်းခနဲထုပစ်လိုက်၏။ သိန်းဇော်က အထိတ်တလန့်ဖြစ်ကာ တခြားစားပွဲဝိုင်းတွေကို လှည့်ကြည့်ပြီး ...

''ဟိတ်ကောင် ငါတို့က နယ်ကျော်လာတာနော်၊ တို့ရပ်ကွက်ထဲ မဟုတ်ဘူး၊ မင်းပေါက်ကွဲချင်ရင် အိမ်ကျမှပေါက်ကွဲ''

''ငါ့အိမ်ကလည်း သျှင်မင်းနဲ့ပတ်သက်ပြီး စိတ်ပဲလျှော့ခိုင်းနေတာ၊ ဘာလို့ သျှင်မင်းကို အပြစ်မမြင်ကြတာလဲ''

''သျှင်မင်းက သစ္စာမဲ့ချင်လို့မဲ့တာ မဟုတ်ဘူးလေ၊ မိသားစု အခက်အခဲတွေ ပြေလည်အောင်လို့ လက်ထပ်လိုက်ရတာ၊ မင်းဘက် အဆက်အသွယ် ပြတ်နေခဲ့တာ မင်းမှာအပြစ်ရှိတယ်လေကွာ''

''ငါ့အခက်အခဲနဲ့ ငါလေ၊ သူငွေရှာခိုင်းလို့ ငွေရှာနေတာ''

''အကျိုးအကြောင်းလေးတော့ သတင်းပေးသင့်တာပေါ့ကွ၊ မင်း မှာအပြစ်မရှိဘူးလို့ ကာကွယ်ချင်ရင်၊ သျှင်မင်းကိုလည်း အပြစ်မတင်သင့်ဘူး၊ မင်းသာရှိရင် သျှင်မင်း ဒီလိုလက်ထပ်ဖြစ်မှာမဟုတ်ဘူးလို့ ထင်တယ်''





သိန်းဇော်က ကိုယ်တိုက်သည့်အရက်ကိုသောက်နေတာတောင် ကိုယ့်ဘက်က ရပ်တည်ပေးဖို့ စိတ်ကူးရှိပုံမပေါ်ဟန်မတူ။ ကိုယ်က ဘာတွေ မှားယွင်းနေလို့လဲ။

စိတ်တိုင်းမကျစွာနှင့် စံမင်းညို ထရပ်လိုက်သည်။

''အရက်ဖိုး ငါရှင်းခဲ့မယ် သွားပြီ''

''ဟား ... ဒါဘာလုပ်တာလဲကွ၊ မင်းပဲ အရက်တိုက်မယ်ဆိုပြီး ခေါ်လာပြီးတော့''

''မင်းနဲ့စကားပြောရတာ အဆင်မပြေဘူး၊ ငါ့သူငယ်ချင်းဖြစ်နေပြီး မင်းငါ့ဘက်ကမှ မပါတာ''

''ငါဆိုလိုတာက သျှင်မင်းအိမ်က မင်းချစ်သူဆိုတာမှန်တယ်၊ ဒါပေမဲ့ အိမ်ထောင်ကျပြီးသားလူနဲ့ မဖြစ်စေချင်လို့ပါ''

''အချစ်မှာ ပျိုတာအိုတာမရှိဘူး၊ စံမင်းညိုက တစ်ယောက်တည်းပဲ ချစ်ဖူးတာကွ၊ သူလည်းငါ့ကို ခုချိန်ထိ ချစ်တုန်းပဲလို့ ငါထင်တယ်၊ ငါဘာမှားလို့လဲ''

''အေး ... မင်းမမှားဘူး၊ ဆက်ချစ်ကွာ ဆက်ချစ်၊ ရမယ်ဆိုလည်း ယူသာယူလိုက်''

လှုံ့ဆော်အားပေးစကားပြောမှ စံမင်းညိုပြန်ပြီး ဝင်ထိုင်သည်။ သိန်းဇော်က အရက်ထပ်ငှဲ့ပေး၏။

''မင်း အသည်းကွဲနေရင် အရက်နဲ့စိမ်လိုက်၊ မေ့သင့်တာကိုမေ့၊ မမေ့နိုင်ဘူးဆိုရင် မင်းဘာလုပ်ချင်လဲ ဘာဖြစ်ချင်လဲ ငါ့ကိုပြော''

''သျှင်မင်းကို ပိုင်ဆိုင်ရဖို့အတွက် ငါဘယ်သူ့အကူအညီမှ မယူဘူး၊ ငါတစ်ယောက်တည်းဖြစ်အောင်လုပ်မယ်''

''မင်းအပြောကြီးတာတော့ မဟုတ်ပါဘူးနော်''

''သိန်းဇော် ... ငါဘယ်လိုကောင်လဲဆိုတာ မင်းသိပါတယ်၊ ဖြစ်ချင်တဲ့ဆန္ဒရှိရင် ဖြစ်အောင်လုပ်နိုင်တယ်၊ မလုပ်ချင်ရင်လည်း ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



တိုက်တွန်းတာမှ လက်မခံဘူး။ အေး . . . ငါ့အလျှော့ပေးနာခံတာဆိုလို့ သျှင်မင်းအိမ် တစ်ယောက်တည်းရှိတယ်၊ အဲဒါကြောင့် ဒီကိစ္စဖြစ်သွား တာကို ငါလက်မခံနိုင်တာ၊ သူမနကျောမှာ ဒဏ်ရာတွေနဲ့ကွ၊ တစ်ခု ငါ့ကိုပြန်ပြီးပေးဆပ်မှ ငါကျေနပ်နိုင်မယ်''

ကြိမ်းဝါးမှုများ အသက်ဝင်လာဖို့ အံကိုတင်းတင်းကြိတ်ပြီး လက်သီးကို ဆုပ်ထားလိုက်သည်။ ဒီအတိုင်း အရှုံးပေးလှည့်ပြန်သွား တော့ စိတ်ကူး မရှိပါ။

ရည်ရွယ်ချက်တွေနှင့် တက်ကြွနေခဲ့သော အချိန်တွေကို ဘာလို မေ့ပစ်လိုက်ရမှာလဲ။ အဓိပ္ပာယ်မဲ့ ရှင်သန်ရမှာချင်းအတူတူ အဆိုးဝါးဆုံး အခြေအနေကို ဖန်တီးလိုက်လို့ ထည်ဝါခံ့ညား ပြီးသွားလျှင် ကိုယ့်ဆီကို သျှင်မင်းအိမ် ပြန်ရောက်လာနိုင်သည် ကိုယ်မျှော်လင့်တာ ဒီတစ်ခုတည်းပါ

လက်ပမ်းကျအောင် ကြိုးစားခဲ့ရပြီး နားခိုရာနေရာလေးကို ရောက်ခါမှ နေပူပူမှာ ထီးမိုးပေးမည့်သူမရှိဘူးဆိုတော့ ဒီအပူကို ဘယ်လို လုပ်တောင့်ခံနိုင်မှာလဲ။ နင်ခွင့်မလွှတ်ပါနဲ့ သျှင်မင်းအိမ်။

✤ ✤ ✤



# အခန်း(၂၀)

''သျှင်မင်း''

မျက်လုံးနှစ်လုံးဖွင့်သည်နှင့် အိမ်ရာဘေးနားမှ သူမကိုရှာမိသည်။ ...က်မိုးလင်းတိုင်း သူ့ထက်အရင်အိပ်ရာထပြီး သူမ ဘာတွေလုပ်နေလဲ။ ...တွေ့လိုက်တိုင်းတော့ ရေမိုးချိုး ဖြီးလိမ်းပြင်ဆင်ပြီးသားဖြစ်နေတတ်သည်။ ...ရင်နေ့တွေထက် ဒီနေ့အိပ်ရာစောစောနိုးပြီး သူမဘာတွေလုပ်နေတာလဲ ...သိရအောင် လူးလဲကာ ခုတင်ပေါ်က ဆင်းလိုက်သည်။

ရေချိုးခန်းထဲ အိမ်သာခန်းထဲမှာ သူမရှိနေဟန်မတူ။

အိမ်ကျယ်ကြီးထဲမှာ ဘုရားခန်းဆိုတာ သပ်သပ်ရှိနေတာမို့ ...ဘုရားခန်းထဲကို သွားကြည့်လိုက်၏။

''ဟင်''

ဘုရားခန်းထဲမှာ ဆွမ်းတော်ပွဲ သစ်သီးပွဲများကပ်၍ သေသေချာချာ ...ဘုရားရှိခိုးနေတာပါလား။ တကယ်ကို ကျက်သရေရှိသည့်မြင်ကွင်းပင်။ ...ဖြာရလျှင် သူတစ်ခါမှ ဘုရားခန်းထဲဝင်ပြီး ဘုရားမရှိခိုးဘူးပါ။ အိမ်မှာဆို ...နှင့် ဖေဖေနှင့်မေမေ အဲလိုလုပ်သလားဆိုတာမသိ။ သေချာတာကတော့ ...မ်အကူမိန်းကလေးတွေအားလုံးလုပ်သွားတာပင်။ သူခြေသံဖွဖွနှင့် ...ကလှည့်ပြီး ထမင်းစားခန်းထဲကိုလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟင် ... သခင်လေး အိပ်ရာနိုးပြီလား၊ ဘာသုံးဆောင်မ
မမလေးက သခင်လေးအတွက် အားလုံးစီစဉ်ထားပါတယ်''

''ဟိတ် ... နင်တို့ ဘာလို့သူ့ကို သခင်မလေးလို့ မခေါ်တာ
အလုပ်ပြုတ်သွားချင်လို့လား''

''ရှင် ... မ ... မလုပ်ပါနဲ့၊ မမလေးက အဲလိုပဲခေါ်ခိုင်းလို့
ကျွန်မတို့က မဖြစ်ဘူးလို့ပြောပါသေးတယ်၊ မမလေးက သူနဲ့ ရင်းနှီးချင်
အဲလိုပဲခေါ်ရမယ်ဆိုလို့ပါ''

''ငါ့အတွက် သူစီစဉ်ထားတယ်ဆိုတာကရော''

''ယောက်ျားအတွက် မိန်းမကပဲ စီစဉ်ရမယ်တဲ့၊ မိန်းမဝတ္တ
ဆိုတာ ယောက်ျားထက် အိပ်ရာစောထပြီး စားသောက်ဖွယ်
စီစဉ်ပေးရတာလည်းပါတယ်လို့ပြောတယ်၊ ပိုက်ဆံတွေ အပိုကုန်အော
သူ့အတွက်သပ်ဆပ် ကိုယ့်အတွက်သပ်သပ် အများကြီးမလုပ်ရဘူးဆို
အားလုံးကို စီမံပေးပါတယ်၊ အိမ်သန့်ရှင်းရေးလုပ်တာ၊ ချက်တာ ပြုတ်
တစ်အိမ်လုံးကို မမလေး စီမံပေးတာ စနစ်ကျစည်းကမ်းရှိလာပါတ
သခင်လေး''

''ဟုတ်လား ငါ့ကိုလည်း သခင်လေးလို့ မခေါ်နဲ့တော့၊ အစ်
လေးလို့ပဲခေါ် ကြားလား''

''အဟိ ... ဟုတ်ကဲ့''

ရဲရဲမော့မကြည့်ရဲသော ကောင်မလေးတွေ ပါးစပ်ကို လက်
အုပ်၍ ဟိခနဲရယ်တော့ သူရှက်သလိုလိုဖြစ်သွားခဲ့သည်။

''နင်တို့က ဘာရယ်တာလဲ''

''ဘာ... ဘာမှမဟုတ်ပါဘူး''

''ငါ့အတွက် သူဘာစီစဉ်ထားလဲ''

''နွားနို့ရယ်၊ သစ်သီးရယ်၊ ကိတ်ရယ်၊ ကြက်ဥရယ်ပါ''

''သူက ဘာစားမှာတဲ့လဲ''



''တစ်အိမ်လုံးစားဖို့ဆိုပြီး မမလေးကိုယ်တိုင် မုန့်ဟင်းခါးချက်
ထားပါတယ်၊ ငရုပ်သီးစပ်စပ်၊ နံနံပင်များများလေးစားချင်လို့တဲ့''

''ငါလည်း အဲဒါပဲစားမယ်''

''ရှင်''

''နောက်နေ့ကစပြီး သူစားတာပဲ ငါစားမယ်လို့ပြောတာ''

''ဟုတ် ... ဟုတ်ကဲ့ရှင့်''

ကောင်မလေးတွေ ပြုံးစိစိဖြစ်သွားကြပြန်သည်။ သူအရူးနဲ့တူနေ
ပြီလား။ ဘာကြောင့်ရယ်ကြတာလဲ။

သူ့ကိုရှက်အောင်လုပ်သည့် ကောင်မလေးတွေကို အရင်ကစိတ်
နှင့်ဆိုလျှင် ချက်ချင်းအလုပ်ထုတ်ပစ်မိမှာအမှန်ပင်။

အခုတော့ သျှင်မင်းအိမ်ရဲ့ အိမ်ထောင်ထိန်းသိမ်းမှု၊ မိန်းမပီသမှု
လေးတွေကို ပီတိများနှင့် ကြည်နူးကျေနပ်နေပြီး သူမကိုတန်ဖိုးထား၍
ချစ်လာမိသည်။

သူမ ဘာတွေလုပ်ဦးမလဲ သိချင်စိတ်ဖြင့် အခန်းထဲပြန်ဝင်ကာ
အိပ်ရာထက်မှာ ပြန်ခွေနေလိုက်၏။ နေမြင့်မွန်းတည့်ထိ မအိပ်အောင်
သူ့ကို သူမ အိစ်ရာကနှိုးနေကျပါ။

အခန်းထဲကိုဝင်လာသည့် ခြေသံဖွဖွကို ကြားလိုက်ရချိန်မှာ
သူမျက်လုံးကိုစုံမှိတ်ထားလိုက်သည်။

''ဦးထည်ဝါ၊ ဦးထည်ဝါ ထတော့လေ၊ အရမ်းအိပ်ပုပ်ကြီးတာပဲ''

သူ့အနားဝင်ထိုင်ကာ သူ့ကိုယ်ကြီးကို လှုပ်ခတ်ကာ နှိုးနေပေ
ယ့် သူပေကပ်ပြီး အိပ်မောကျချင်ဟန်ဆောင်နေလိုက်၏။ အတန်ကြာ
သူမ အသံတိတ်သွား၏။

''ဟာ''

သူ့နဖူးပြင်မှာ နွေးခနဲဖြစ်သွား၍ သူအသံထွက်မိမတတ် သူ့ရင်
တွေ တဒိုင်းဒိုင်းခုန်ကာ လိုက်ဆူသွားသည်။ သူ့ကို သူမနမ်းလိုက်တာပါ

www.burmeseclassic.com

www.burmeseclassic.com



လား။ သူ မသိဘူးအထင်နှင့် သူမခိုးနမ်းလိုက်တာဖြစ်မည်။

ဒါဆို သူမ သူ့ကိုချစ်လို့ပေါ့။ သူ မျက်လုံးဖွင့်ကြည့်လျှင် ...ရက်သွားမလား။

တကယ်ကို ဣန္ဒြေကြီးသည့် မိန်းကလေးပါ။ သူ့ရင်တွေ အ... ခုန်လွန်းနေ၍ ဘယ်လိုမှမနေနိုင်။ အင်းအဲ အသံပြု၍ လူးလိမ့်လိုက်ချိ... သူမ ကိုယ်လေးတောင့်မတ်မတ်လေး ဖြစ်သွားသည်။

"ဦးထည်ဝါ အပျင်းကြီးမနေနဲ့ ထတော့လို့"

"ကိုကိုလို့ ခေါ်ပါလား"

"ဘာ"

"ခုနက မင်းနမ်းလိုက်တာ ကိုယ်သိတယ်"

"ရှင်နော် ဘာမှမနမ်းဘူး၊ လျှောက်မပြောနဲ့"

"ဘာလို့ ညာတာလဲကွာ၊ ကိုယ့်ယောကျ်ားကို ကိုယ်နမ်း... ဘယ်သူကဲ့ရဲ့မှာလဲ"

"မသိဘူးသွား၊ ဘာမှလည်းမဟုတ်ဘဲနဲ့"

"ဟုတ်ပါတယ်"

"မဟုတ်ပါဘူးဆို"

"ဦးထည်ဝါနော်"

"ကိုကိုနော်လို့ ပြော"

"ဟင့်အင်း"

"ကဲ"

အရှက်သည်းနေသော သူမမျက်နှာလေးကို အားမလိုအား... အသည်းတွေယားကာ ရင်ခွင်ထဲဆွဲသွင်းပြီး မျက်နှာလေးအနှံ့ တရှိုက်... မက် နမ်းပစ်လိုက်သည်။

သူမ လွန့်လွန့်လေးရုန်းပေမယ့် အင်အားမပါပါ။

"ချစ်တယ် သျှင်မင်းရယ်၊ မင်းကို တန်ဖိုးထားပြီး ကိုယ်အ...





...ချစ်မိနေပြီ"

"အဲလိုစကားမျိုး မိန်းကလေးဘယ်နှယောက်ကိုပြောဖူးလဲ"

"ကိုယ်ပြောရင် ယုံမှာလား"

"အင်း"

"အပျော်သဘောမျိုးတော့ ရှိခဲ့ဖူးပါတယ်၊ ဒါပေမဲ့ ဒီလိုမျိုး ဘယ်...ကလေးကိုမှမချစ်ဖူးဘူး၊ ပြောလည်းမပြောဖူးဘူး။ ကိုယ်က ပတ်ဝန်းကျင်... ထင်နေသလို လူဆိုးလူသွမ်းတစ်ယောက် မဟုတ်ပါဘူး"

"ရှင်ပြောတော့လည်း ရှင့်စကားပေါ့"

"ကိုယ့်ကိုယုံပါ သျှင်မင်း၊ မင်းပဲပြောတယ်လေ၊ ကိုပ်တို့...ထောင်ရေးက ယုံကြည်မှုနဲ့ တည်ဆောက်မှ ခိုင်မြဲမှာဆို"

"ဒါဆို ရှင်လည်း ကျွန်မကို ယုံကြည်တယ်ပေါ့"

ရင်ခွင်ထဲကနေ မျက်နှာလေးမော့ကာ မေးတော့၊ နှုတ်ခမ်းလေး... အနမ်းတစ်ချက်ပေးရင်း သူခေါင်းညိတ်ပြလိုက်သည်။

"ကိုယ်မင်းကို ယုံပါတယ်၊ မင်းရဲ့မိန်းမပီသမှုလေးတွေကိုလည်း ...ဖိုးထားလေးစားတယ်၊ ကိုယ်ဒီထက်ပိုချစ်သွားမှာပါ သျှင်မင်း"

"ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် ရှင်ကျွန်မကို မုန်းမသွားပါ...လို့ သစ္စာဆိုရဲလား"

"ပါးစပ်ကဆိုတဲ့ သစ္စာတရားထက် ရင်ထဲက သစ္စာတရားနဲ့ ...ကို တစ်သက်လုံးထွေးပိုက်ထားမယ်၊ ဘယ်တော့မှ ဘယ်အကြောင်း...ရာနဲ့မှ မင်းကိုမခွဲဘူး"

"ချစ်လိုက်တာ ကိုကိုရယ်"

"ဘာ"

"ဟင့်အင်း တစ်ခါပဲရမယ်၊ နှစ်ခါမရဘူး"

"ဟာ ... မရဘူးပြော"

"ဟင့်အင်း"

www.burmeseclassic.com

www.burmeseclassic.com



''ဟိတ် ... သျှင်မင်း''

မျက်နှာကို မမော့တော့ဘဲ၊ ရင်ခွင်ထဲဖွတ်အတင်းတိုးခွေ့ရှ
ထားသော သျှင်မင်းမျက်နှာလေးကို သူဘယ်လိုမှ ဆွဲယူမော့ကြ
သူအသည်းတွေယားကာ သူမကိုယ်လေးအနံ့အနမ်းမိုးတွေ ကြဲဖြန့်
လိုက်၏။ ရင်ခုန်သံတွေနှင့် အသက်ဝင်နေသော မနက်ခင်းလေး
အရင်နေ့တွေထက် သာယာကြည်နူးစရာကောင်းနေခဲ့သည်။

သူမရဲ့အချစ်တွေရလိုက်သည့်အတွက် သူ့ဘဝမှာ အရာ
ပြည့်စုံသွားသလို ခံစားရသည်။

လှိုက်ဖိုမိန်းမူးခြင်းများနှင့် အချစ်ရဲ့ရသများကို ကြည်နူးစွာခံ
နေလိုက်၏။

ဘယ်တော့မှ ဘယ်အကြောင်းအရာနဲ့မှ မခွဲကြေး သျှင်မင်းရဲ
ဒီဘဝတစ်သက်စာမကတဲ့ ချစ်ခြင်းတရားတော်ပိုင်ဆိုင်ခွင့်ရပါရစေ

မင်းကို သိပ်ချစ်လို့ပါ၊ အရမ်းချစ်လို့ပါ ...။

✤ ✤ ✤



## အခန်း (၂၁)

''ဟင် ... ဒီမုန့်ဟင်းခါးတွေ ရှင်စားမယ်၊ စားနိုင်လို့လား''

''မင်းကိုကိုလို့ခေါ်မယ်ဆိုရင် ကိုယ်ဘာမဆိုလုပ်နိုင်တယ်''

သူက ကောင်မလေးတွေရှေ့မှာ ဣန္ဒြေသိက္ခာနှင့် ဟိတ်ကြီး
ဟန်ကြီး မဟုတ်တော့ဘဲ ကလေးဆန်စွာပြောတော့၊ သူမရှက်စိတ်ပိုကာ
မျက်နှာလေးနီသွားသည်။ အကဲပိုနေသောသူ့ကို အမြင်ကတ်လာ၍ သူ့
အတွက် မုန့်ဟင်းခါးပြင်ပေးပြီး ငရုပ်သီးမှုန့်တွေ၊ နံနံပင်တွေ အများကြီး
ထည့်ပေးလိုက်၏။

''ကျွန်မစားသလိုပဲ သံပရာသီးပါညှစ်ထည့်ထားတယ်၊ ချဉ်ငန်
စပ်လေး စားနိုင်အောင်စား''

''မင်းစေတနာရှိလို့ ကျွေးတာပဲရပါတယ်၊ မင်းကျွေးရင် သေ
ဆေးတောင်စားဦးမယ်''

''ရှင်တော်တော် အပြောကြီးတဲ့သူ၊ အဲဒါသာ စားစမ်းပါ''

သူရှေ့ပန်းကန်ထိုးပေးတော့ ငရုတ်သီးတွေကိုမြင်ပြီး ကြက်သီးထ
သလို၊ ပခုံးတွန့်၏။ ဒါပေမဲ့ သူမပြိုန်ရေယှက်ရေစားနေတာကိုကြည့်ပြီး
သူလည်းခပ်စားသည်။

''အား ... အား စပ်တယ် စပ်တယ်''

ထည်ဝါခံ့ညား ချက်ချင်းမျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး မျက်နှာတစ်ခုလုံး နီရဲသွားသည်။ လျှာတစ်လစ်ဖြစ်ပြီး လက်နှင့်ယပ်ခ
နေ၏။

သူမ မသိချင်ယောင်ဆောင်ပြီး ရယ်ချင်စိတ်ကို မျိုသိပ်နေလိုက
သည်။ ဒီလောက်အပြောကြီးတဲ့သူ မှတ်ရောပေါ့။

''သခင်လေး၊ အဲ ... အစ်ကိုလေး ရေသောက်လိုက်လေ ဒီမှ
ရေ''

''ရေသောက်ရင် အရှုံးနော်၊ ကုန်အောင်မစားရင်လည်း အရှုံးပဲ

သူမ တမင်ညစ်ပြီး ပြောလိုက်တော့၊ ထည်ဝါခံ့ညား နှပ်တွေ
ထွက်ကျလာလျက်

''တစ်သျှူးတော့ သုံးလို့ရတယ်မဟုတ်လား၊ တစ်သျှူးမသုံးရ
နှပ်တွေ မုန့်ပန်းကန်ထဲ ဝင်သွားလိမ့်မယ်''

''အဲဒါတော့ ခွင့်ပြုပါတယ်''

''အိုကေ ... ကိုယ်မရှုံးစေရဘူး၊ ကုန်အောင်စားမယ်၊ မင်းကို
ချစ်တဲ့သက်သေနော် ယုံပေးရမယ်''

''အင်း ... ပြီးရော''

''အိုကေ''

ထည်ဝါခံ့ညား နှပ်တံ့ရွှဲရွှဲ မျက်ရည်တဝဲဝဲဖြင့် တရှူးရှူးအသံတေ
မြည်ကာ မုန့်ဟင်းခါးပန်းကန်ကို ကုန်အောင်စားလေသည်။ သူ့ကို ကြည
ရင်းဖြင့် သူမရင်ထဲ သနားစိတ်တွေ ဝင်လာသည်။ လူကုံထံအသိုက်အဝ
က ဂုဏ်သိက္ခာကြီးမားပြီး အရှိန်အဝါကြီးမားသောသူဖြစ်ပါလျက်၊ သူမက
ချစ်သက်သေပြချင်တာနှင့် ကလေးကလားဆန်နေခြင်းသည် သူမအချ
တွေကို သိမ်းပိုက်ဖို့ ကြိုးစားနေတာ ဖြစ်ပေလိမ့်မည်။

သူမလည်း ထိုယောက်ျားကို ချစ်မိသွားပြီဖြစ်၍ ဟန်ဆောင
ထိန်းသိမ်းချုပ်တည်းနိုင်စွမ်းမရှိတော့။

''ကိုကို အရမ်းစပ်နေလား၊ ရေလေးသောက်လိုက်နော်၊ ပြီးရ

ချိုစား အစပ်ပျောက်သွားလိမ့်မယ်''

''နေပါစေ အစပ်ခံနိုင်တယ်၊ ကိုယ်မသောက်ဘူး''

''ကဲပါ ရှင်မရှုံးပါဘူး ရှင်နိုင်ပါတယ်ဆို၊ ဒီမှာ ရှင့်မျက်ရည်
တွေကိုမြင်ရတာ စိတ်မချမ်းသာဘူး၊ ရော့ . . ရေသောက်''

''ကိုယ့်အချစ်တွေကို ယုံတယ်နော်''

''ယုံပါတယ်ဆို၊ တကယ်ကလေးကျနေတာပဲ၊ တကယ်ကလေး
လေးကျနေတာပဲ''

''ခုနလို တစ်ခါလောက်ခေါ်ဦး''

''ဟင့်အင်း တစ်ခါတည်းမဟုတ်ဘူး၊ ကျွန်မ အမြဲတမ်းခေါ်
တော့မှာ''

''တကယ်''

''အင်း''

''ဟား ... ပျော်လိုက်တာ''

''ရှင်အရူးလား၊ ကလေးတွေရှေ့မှာ အော်နေတယ်''

''ဘာဖြစ်လဲ ကိုယ်ပျော်လို့ပါ၊ ကိုယ့်ဘဝမှာ ဒီလိုမျိုးကြည်နူးပြီး
လွတ်လွတ်လပ်လပ်ပျော်ဖူးတယ်ဆိုတာ မရှိဘူး၊ သူတို့ရှေ့မှာ မျက်နှာ
ည် မျက်နှာထားနဲ့ သူတို့ပြင်ဆင်ကျွေးတာစားပြီး စိတ်တိုင်းမကျရင်
အော်ဟစ်မာန်မဲ အလုပ်ထုတ်၊ အဆင်ပြေတဲ့နေ့မှာလည်း အပျော်ဆိုတာ
ရှိဘဲ တည်တည်တံ့တံ့ ဣန္ဒြေကြီးနဲ့နေနေရတာ၊ မင်းနဲ့ကျမှ လူ့ဘဝထဲ
ရောက်ပြီး လူနဲ့တူလာတယ်လို့ ခံစားလာရတယ်၊ မေတ္တာပေးရင်
မေတ္တာရတယ်ဆိုတာ အမှန်ပဲဖြစ်မယ်''

သူ့ရဲ့အလေးအနက်စကားကြောင့် သူမကြည်ကြည်နူးနူးလေး
ပြုံးဖြစ်ကာ

''အဲ့လိုတွေ ပြောပေးလို့ ကျေးဇူးတင်ပါတယ် ကိုကို၊ ကျွန်မ
လည်း ကိုကို့ကို အဓိပ္ပာယ်ရှိတဲ့နေ့ရက်တွေ အမြဲတမ်းပေးမယ်လို့ ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ထားပါတယ်၊ လူ့ဘဝဆိုတာ သက်တမ်းတိုပါတယ်၊ အဓိပ္ပာယ်ရှိရှိဖြ
သန်းနိုင်ရင် အကောင်းဆုံးပေါ့၊ ကျွန်မကိုချစ်သလို လူတိုင်းအပေါ်မေတ္တ
ထားနိုင်ရင် လူတွေဆီက မေတ္တာတွေလည်း ကိုကိုရမှာပါ''

''အားလုံးဆီက မေတ္တာတွေလည်း ကိုယ်လိုချင်ပါတယ်၊ ကိုယ်
ဘာလုပ်ရမလဲဆိုတာ မင်းကလမ်းညွှန်ပါ''

''အခု ကျွန်မနေခဲ့တဲ့ရပ်ကွက်လေးကို လမ်းတွေပြင်ပေ
ကျောင်းတွေဆောက်ပေးဖို့ ရပ်ရွာလူကြီးတွေကိုခေါ်ပြောပြီးပြီမဟုတ်လာ
သူတို့က ကျူးကျော်ရပ်ကွက်လိုဖြစ်နေတော့ ကျေးရွာအဆင့်မီရင် အ
တမ်းနေလို့ရကြမှာပဲ၊ ရပ်ကွက်မီးလင်းရေးအတွက် ကူညီပေးပြီး ဆေး
ဆေးခန်းလေးပါ လုပ်ပေးလိုက်ရင် အားလုံးက ရှင့်ကိုကျေးဇူးတင်
ကြမှာပါ၊ ဒီလောက်ကိစ္စက ရှင်တို့အတွက် အခက်အခဲမရှိပေမယ့် သူ
အတွက် အများကြီး အကူအညီရလိုက်သလိုပါပဲ''

''ကိုယ် အဲဒါတွေအားလုံးလုပ်ပေးနိုင်ပါတယ်၊ ဒါပေမဲ့ တစ်
တော့ ကိုယ်ပြောချင်တယ်၊ အဲဒီရပ်ရွာလူကြီးတွေကို အိမ်မှာပဲခေါ်
မင်းအဆင်ပြေအောင်စီစဉ်ပါ၊ အဲဒီကို မင်းသွားရင် စံမင်းညံ့နဲ့ ထပ်တွေ့မှာ
စိုးတယ်၊ ကိုယ် မင်းကိုမယုံလို့မဟုတ်ဘူးနော်''

''ကျွန်မ နားလည်ပါတယ်၊ ကျွန်မကလည်း သူနဲ့ထပ်တွေ့ စရာ
အကြောင်းမရှိပါဘူး၊ ရပ်ရွာကောင်းကျိုးလုပ်ပေးတယ်ဆိုတာလည်း ရှင်
ကုမ္ပဏီနာမည်ကောင်းရပြီး အောင်မြင်စေချင်လို့ပါ၊ တချို့က ပိုက်ဆံရှိ
လူတွေကို လူကောင်းလို့ မထင်တော့ဘူး၊ ကျွန်မကအစပေါ့လေ၊ အ
တော့ အကျိုးပေးကောင်းလို့ ချမ်းသာတာကို မနာလိုဖြစ်စရာမလိုဘူးလို
တွေးလိုက်ပါပြီ၊ ရှင့်ကို လူကောင်းတစ်ယောက်လို့ လက်ခံလာလို့ပါ''

သူမစကားကြောင့် ထည်ဝါခံ့ညားမျက်နှာ ပြုံးယောင်သန်းသွား
သည်။ သူမလက်ကလေးကိုဆွဲယူကာ သူမျက်နှာမှာကပ်ပြီး ...

''အဲလိုပြောပေးလို့ ကျေးဇူးတင်တယ်၊ ကိုယ်မင်းအတွက်





ယောကျ်ားကောင်းတစ်ယောက်ဖြစ်စေရပါမယ်၊ မိန်းမကိုချစ်ပေးတဲ့
နားလည်ပေးတဲ့ လင်ယောကျ်ားတစ်ယောက်ဖြစ်စေရမယ် သိလား''

''အင်း ဟုတ်ပါပြီ၊ ရှင့်ဖုန်းမြည်နေတယ် ကိုင်လိုက်ဦး''

စားပွဲပေါ်တင်ထားသော ဖုန်းကိုဖွင့်၍ ထည်ဝါခံ့ညား နားနားမှာ
ကပ်ပေးလိုက်သည်။ ထည်ဝါခံ့ညားက သူမခါးလေးကို သိမ်းဖက်ထား
လျက်နှင့် ဖုန်းနားထောင်၏။

''တုတ်ကဲ့ ပြောပါမေမေ''

''မင်းမိန်းမကိုခေါ်ပြီး အခုချက်ချင်းအိမ်လာခဲ့ အမြန်ဆုံးလာ
နော်''

''ဗျာ ... ဟုတ်ကဲ့ ဘာကိစ္စရှိလို့လဲ မေမေ''

''အိမ်ကိုသာလာခဲ့ပါ၊ ဖုန်းထဲကပြောရုံနဲ့ ပြီးမယ့်ကိစ္စမဟုတ်ဘူး၊
မင်းအဖေ အခုသွေးတိုးပြီး ရောဂါရနေပြီ၊ ချက်ချင်းလာခဲ့ထည်ဝါ၊ မင်း
မိန်းမကို ခေါ်ဖြစ်အောင်ခေါ်ခဲ့ ဒါပဲ''

မေမေက ဖုန်းအရင်ပိတ်သွားသည်။ မေမေ ဘာကြောင့်အသံ
တွေ တုန်လောက်အောင်ဒေါသဖြစ်နေတာလဲ။

''ဘာတဲ့လဲ ကိုကို''

''မင်းကိုခေါ်ပြီး အခုလာခဲ့တဲ့၊ ဖေဖေလည်း သွေးတွေတိုးပြီး
ရောဂါရနေပြီပြောတယ်၊ ဘာတွေဖြစ်နေတာလည်း မသိဘူး''

''ကုမ္ပဏီမှာ ဘာတွေအများအယွင်းဖြစ်လို့လဲ''

''ကုမ္ပဏီကိစ္စဆိုရင် မင်းကိုခေါ်လာပါလို့ ပြောမှာမဟုတ်ဘူး''

''သွားကြည့်ရင်တော့ သိရမှာပဲ၊ အဝတ်အစားလဲလိုက်လေ၊
သွားရအောင်''

''မင်းရောလဲဦးမှာလား''

''လဲလိုက်မယ်၊ အဝတ်အစားတွေက ဟင်းစော်တွေနံနေပြီ၊
လာလေ ကျွန်မအဝတ်အစားထုတ်ပေးမယ်''

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုသည့် စိုးရိမ်စိတ်များရှိနေပေမယ့်၊ သူမရဲ့ဂရုစိုက်မှုများကြောင့်၊ သူ့ရဲ့စိတ်တွေ လန်းဆန်းတက်ကြွနေရသည်။ သူမမျက်နှာလေးကို မြင်နေရတာ သူ့ဘဝအတွက် အရာရာပြည့်စုံအဓိပ္ပာယ်ရှိနေသလို ခံစားနေရ၏။

ထိုခံစားမှုလေး ဘယ်တော့မှ မပျောက်ပျက်အောင် ရင်နှင့်အပြည့် မှတ်တမ်းတင်ထားခွင့်ရမည်ဆိုလျှင် ...။

✤ ✤ ✤

## အခန်း (၂၂)

"ဒီမှတ်တမ်းတွေ ဘယ်ကထွက်လာတာလဲ၊ ဓာတ်ပုံတွေရော စီဒီခွေရော ကြည့်စမ်းပါဦး"

နှစ်ယောက်ရှေ့ပစ်ချလိုက်တာကြောင့် ပြန့်ကျဲကျလာသော ဓာတ်ပုံ တွေကိုကြည့်ကာ ထည်ဝါခံ့ညားရော သျှင်မင်းအိမ်ရော မျက်လုံးမျက်ဆံပြူးသွားကြသည်။

"ဒါ ... ဒါတွေက"

"ကွန်ပျူတာနဲ့ ဖြတ်ဆက်ဖန်တီးထားတာမဟုတ်ဘူးဆိုတာ ညည်းအသိဆုံးဖြစ်ပါလိမ့်မယ်၊ ဒါဘယ်လိုဖြစ်တာလဲ၊ ဘာကြောင့်လဲ"

"မေ ... မေမေ သားရှင်းပြမယ်"

"မင်းဘာရှင်းပြစရာလိုသလဲ၊ အဲဒါ မင်းပုံလား၊ သျှင်မင်းအိမ် တခြားယောကျ်ားနဲ့ ဖက်လဲတကင်းပူးတွဲပြီး ဖြစ်ချင်သလိုဖြစ်နေတာ၊ ဘာကြောင့်လဲဆိုတာ သျှင်မင်းအိမ်ပဲ ပြောရမှာပေါ့၊ ဟဲ့ ငါမေးနေတယ်လေ"

"ဒါ ... ဒါက ဒီလိုပါ၊ သူက ကျွန်မနဲ့"

"သား ... သားလုပ်လိုက်တဲ့ကိစ္စပါ မေမေ၊ ဒီကောင်က သျှင်မင်းအိမ်ရဲ့ရည်းစားဟောင်းပါ၊ သားက သွားတွေ့နိုင်းလိုက်တာ"

"ဘာ"

www.burmeseclassic.com



သူမဖြေရှင်းရခက်နေတာကို ထည်ဝါခံ့ညား ပျာပျာသလဲကြားဝင်ကာကွယ်ပေးတာကို သူ့အမေကျေနပ်ပုံမရ။ စားပွဲခုံကို ဖြန်းခနဲ ပုတ်လိုက်ပြီ

"မင်းက သွားတွေ့နိုင်းတာ ဘာကိစ္စလဲ ဘာဖြစ်လို့လဲ"

"သားတို့ကို အနှောက်အယှက်ပေးနေလို့ ဖြေရှင်းခိုင်းတာပါ မေမေ"

"ဒါဆို ဇာတ်ရှုပ်ထားလို့ပေါ့၊ အခုဒီပုံတွေမှာ ဖြစ်ပျက်နေတာတွေကို မင်းကြည်ကြည်ဖြူဖြူ သဘောထားကြီးနိုင်တယ်ပေါ့၊ ကြည့်စမ်း ဟိုကောင်က အကျီချွတ်နဲ့ သူတို့ဖက်နေကြတာ နမ်းနေကြတာ၊ အဲဒီ ဖြေရှင်းနေတဲ့ပုံစံလား၊ ဖောက်ပြန်မှုတွေနဲ့ ပလူးနေကြတာ"

"မေမေ"

"ငါ ရှက်လို့သေတော့မယ်၊ မင်းအဖေ ဒီပုံတွေမြင်ပြီး အိပ်ရာထဲလဲ သွားတယ်၊ ဘယ်လိုလုပ်မှာလဲ၊ ဒီကိစ္စဘယ်လိုလုပ်မှာလဲ"

မေးခွန်းတွေကို မဖြေနိုင်။ စံမင်းညီရဲ့ ကြိုတင်ကြံစည်မှုများက အရမ်းကို အောက်တန်းကျလွန်းသည်။ ဒီဓာတ်ပုံတွေထွက်လာအောင် ဂိုထောင်ထဲမှာ အရင်ကြိုရောက်နေပြီး စီစဉ်ထားခဲ့မှာပေါ့။ ရိုးသားပါတယ်လို့ ဝန်ခံသစ္စာစကားပြောခဲ့သော သျှင်မင်းအိမ်က စံမင်းညီကို မျက်ရည်သုတ်ပေးနေတာ၊ စံမင်းညီ နမ်းတာကို ငြိမ်သက်စွာ ခံနေတာတွေက သူ့ရင်ကို မီးစနှင့်ထိုးသလို ရင်တစ်ခုလုံး ပူပြင်းလောင်မြိုက်နေစေသည်။ ဘာကြောင့် ဒီအခြေအနေမျိုးထိဖြစ်အောင်နေခဲ့တာလဲ။ ရင်ထဲမှာမေးခွန်းတွေရှိနေပေမယ့် ဒီအချိန်မှာ မေမေကိုဖြေရှင်းဖို့က ပို၍အရေးကြီးနေသည်

ဓာတ်ပုံတွေကို မကြည့်ဝံ့သလို တဆတ်ဆတ်တုန်ယင်နေသော သျှင်မင်းအိမ်ကို သူကာကွယ်ပေးရဦးမှာပါ။ ဒီကိစ္စက သူ့ကြောင့်ဖြစ်ခဲ့တာ

"သား ... သားအမှားပါ မေမေ၊ သျှင်မင်းက မတွေ့ချင်ပါဘူး သားက တွေ့ခိုင်းခဲ့တာပါ။ ဒီနေရာကို မေမေသိတယ်မဟုတ်လား၊ သားတို့ ကုန်ပစ္စည်းတွေထားဖို့ အသစ်ဆောက်ထားတဲ့ ဂိုထောင်လေ၊ တခြား ဘယ်သူစိမ်းမှ မသိသေးတဲ့နေရာပါ၊ သားက အဲဒီကောင်လေးကို အဲဒီမှာ ချိန်းပြီး သျှင်မင်းကို သွားတွေ့ခိုင်းတာ"



"မင်းမိန်းမဖြစ်နေပြီဆိုတော့ မင်းကာကွယ်ပေးချင်နေပြီပေါ့၊ ထားပါတော့ မင်းအမှားပဲ၊ ဒါပေမဲ့ မင်းဘာဆက်လုပ်မှာလဲ၊ ဒီကိစ္စကို ဘယ်လိုဆက်လုပ်မှာလဲ၊ ဘယ်သူတာဝန်ယူမှာလဲ"

"ဗျာ"

"အဲဒီဓာတ်ပုံတွေနဲ့အတူ စာပါပါလာတယ်၊ ခင်ဗျားတို့သားနဲ့ သျှင်မင်းအိမ်ကို တစ်ပတ်အတွင်းမှာ ကွာရှင်းခိုင်းပါ၊ မကွာရှင်းရင် ဒီဓာတ်ပုံနဲ့ စီဒီတွေ အင်တာနက်နဲ့ မီဒီယာတွေကနေ ဖြန့်နှံအောင်လုပ်ပစ်မယ်တဲ့"

"ဗျာ၊ ဟာ ဒီကောင်သက်သက်ယုတ်မာတာ၊ အောက်တန်းကျတာ"

စံမင်းညီ စိတ်ဓာတ်ကြောက်စရာကောင်းမှန်း အခုမှပိုပြီးသိလာသည်။ သျှင်မင်းအိမ်လည်း ဘာမှမပြောတတ်အောင် ဒေါ်ထိပ်တင်လတ် ဒေါသရှေ့မှာ ကတုန်ကယင်ဖြစ်နေမိသည်။

ဒီမှတ်တမ်းတွေက ရိုးသားပါတယ် ဘယ်လိုပြောပြော ဖြေရှင်းဖို့မလွယ်၊ ထည်ဝါခံ့ညားလက်ကို အားကိုးတကြီးဆုပ်ကိုင်ထားချင်သော်လည်း မဝံ့မရဲဖြစ်လို့နေသည်။

"ဒီလို အောက်တန်းစားတွေက ဒီလိုမျိုးယုတ်ညံ့တတ်တဲ့စိတ်ရှိတယ်ဆိုတာ မင်းမသိဘူးလား ထည်ဝါ၊ အခု ငါတို့ဂုဏ်သိက္ခာအတွက် သျှင်မင်းအိမ်ကို မင်းကွာရှင်းမှ ဖြစ်မယ်"

"ဟာ ... မေမေ"

"မြင့်မိုရ်ဦးကုမ္ပဏီပိုင်ရှင်ရဲ့သား လက်ထပ်လိုက်တဲ့ မိန်းကလေးက ကိုယ်ကျင့်တရားမကောင်းလို့ ကွာရှင်းလိုက်ပါပြီဆိုတဲ့အကြောင်း သတင်းစာထဲမှာ ထည့်ပြီးကြော်ငြာပါ။ တရားဝင်ကွာရှင်းတာကိုလည်း တစ်ခါတည်းလုပ်ပါ"

"ဟာ ... မဖြစ်ဘူး မေမေ၊ သား အဲလိုမလုပ်ဘူး။ သျှင်မင်းကို မကွာရှင်းဘူး။ ဒီကိစ္စက အဲဒီကောင် သက်သက်ယုတ်မာတာ၊ သျှင်မင်းမှာ

www.burmeseclassic.com



အပြစ်မရှိပါဘူး မေမေ၊ သျှင်မင်း ကိုယ်ကျင့်တရားကို သားယုံတ
သျှင်မင်း လော်မာတာ ဖောက်ပြန်တာမဟုတ်ဘူး''

''မင်း သူ့ကိုချစ်လို့ ကာကွယ်ပေးရုံနဲ့ ဒီကိစ္စက ပြီးသွားမှာမဟု
ဘူး၊ ဒီဓာတ်ပုံတွေ စီဒီတွေ နေရာအနှံ့အပြားပြန့်သွားရင် ကုမ္ပဏီကြီး
ဖြစ်သွားမလဲ၊ ငါတို့တစ်မိသားစုလုံးရဲ့ ဂုဏ်သိက္ခာ ဘာဖြစ်သွားမ

''အဲ ... အဲဒီကိစ္စ သားရှင်းလိုက်ပါ့မယ် မေမေ''

မရေမရာ အာမခံလိုက်တာကို ဒေါ်ထိပ်တင်လတ် မျက်စေ
ဝေ့သည်။ သျှင်မင်းအိမ်ကို မေးငေါ့ပြီး

''ဒါညည်းကိစ္စ ညည်းဘယ်လိုရှင်းမလဲ၊ နောက်ကြောင်းကိ
တွေရှုပ်ထားပြီး ဘာလို့ ငါ့သားနဲ့လက်ထပ်မှာကို ခေါင်းညိတ်လိုက်တာ
သျှင်မင်းအိမ်၊ ညည်းကို ရိုးသားတယ်၊ ဖြူစင်တယ်ဆိုပြီး ငါ့သာ
လက်ထပ်ပေးဖို့ ငါကိုယ်တိုင်သဘောတူလိုက်တာ''

''သျှင်မင်းကို ဘာမှမပြောပါနဲ့ မေမေ''

''မင်းမပြောနဲ့၊ မင်း သူနဲ့လက်ထပ်တာ ရက်ပိုင်းလေးပဲရှိသေ
တယ်၊ ဘာလို့သူ့ဘက်က အသည်းအသန်ကာကွယ်ပေးနေတာ
ကျန်တာတွေ ငါအကုန်လိုက်လျှောနိုင်တယ်၊ လူမှုရေးဖောက်ပြန်
ဘယ်လိုမှခွင့်လွှတ်လို့မရဘူး၊ ဒီကိစ္စ ဟိုးလေးတကျော်ဖြစ်သွား
လုပ်ငန်းရော၊ လူမှုရေးရော အားလုံးဆုံးရှုံးသွားမှာ''

''ကျွန်မ ဘာလုပ်ပေးရမလဲဆိုတာပဲ ပြောပါ''

''ငါ့သားနဲ့ကွာရှင်းလိုက်ရင် ဖြေရှင်းပြီးသားဖြစ်သွားလိမ့်မ
အနည်းဆုံးတော့ ညည်းဘက်က ကိုယ်ကျင့်တရားပျက်တဲ့အတွက် ငါ့
ဘက်က သိက္ခာဆယ်လို့ရသေးတယ်''

''ဟုတ်ကဲ့ အဲဒီအတိုင်း ကောင်းမယ်ဆိုရင် အဲဒီအတိုင်းပဲ လု
လိုက်ပါ၊ ကျွန်မမှာ တခြားပြောစရာစကားမရှိပါဘူး''

''သျှင်မင်း ဟာ... သားအဲလို မလုပ်ဘူးနော်၊ သျှင်မင်းနဲ့မ





ဘူးနော်မေမေ၊ ဒီကိစ္စ သျှင်မင်းမှားတာမဟုတ်ဘူးလို့ သားပြောပြီးပြီ၊
ကောင် သက်သက်ယုတ်ညံ့တာ၊ ယုတ်မာတာ၊ အောက်တန်းကျတာ၊
င်မင်းကို ငွေနဲ့ပေါက်ဝယ်ထားတယ်ဆိုပြီး တိုက်ခိုက်တာ၊ အဲဒါ သူဖြစ်
ချင်သလို လုပ်ပေးလိုက်ရင် သားတို့ရှုံးတာပေါ့ မေမေ၊ သား သျှင်မင်း
အဆုံးရှုံးမခံနိုင်ဘူး။ လုံးဝကွာရှင်းမပေးဘူး''

သျှင်မင်းအိမ်လက်ကို ဆုပ်ကိုင်ကာ ထည်ဝါခံ့ညား သွေးရှူးသွေး
ခမ်းပြောသည်။ ဒေါ်ထိပ်တင်လတ်မှာ သားဒီလောက် သျှင်မင်းအိမ်
ပေါ် အသည်းအသန်ဖြစ်တာ အံ့ဩလို့မဆုံး။ အရင်က ဘယ်မိန်းကလေး
ပေါ်မှ အလေးအနက်မရှိတာ။

ပေါ့ပေါ့တန်တန်နေလွန်းလို့ နာမည်ပျက်ရတာတွေကြောင့်
င်မင်းအိမ်နဲ့ လက်ထပ်ပေးခဲ့တာ။ အခုတော့ အပြစ်မမြင်နိုင်အောင်
မှောင်ဖုံးနေပါရောလား။

ဒီအတိုင်းဆို တကယ်မလွယ်။ ဖအေက ကုမ္ပဏီဂုဏ်သိက္ခာ၊
သားစုဂုဏ်သိက္ခာတွေ ထိခိုက်မှာစိုးရိမ်ပြီး အိပ်ရာထဲတောင် ဗုန်းခနဲ
လဲရှာသည်။ မိမိလည်း ဘာလုပ်ရမှန်းပင် မသိတော့ပါ။ ခြေကုန်လက်
ကျ၊ စိတ်ဓာတ်တွေပါကျကာ၊ ဆိုဖာခုံမှာ အရုပ်ကြိုးပြတ်မှိုကျသွားသည်။

''မေမေ''

''ငါ့ကို စိုးရိမ်နေနဲ့၊ မင်းအဖေ အသက်ကိုကယ်ဖို့ မင်းဘယ်လို
လုပ်မှာလဲ၊ ငါလည်း အသက်ရှင်ချင်စိတ်မရှိတော့ဘူး၊ အလှတူချင်း
လက်ထပ်ပေးစားတော့လည်း သားကြီးရော သမီးလတ်ရော အိမ်ထောင်ရေး
တမကောင်းဘူး၊ အခုကောင်းမယ်ထင်လို့ ဒီလိုမိန်းကလေးနဲ့ ရွေးချယ်
ပေးစားတော့လည်း ပြဿနာတွေပေါ်ရတယ်၊ မိဘတွေကို မင်းတို့ဘာတွေ
ကောင်းကျိုးပြုလဲ၊ မိဘတွေအတွက် ဘာတွေစဉ်းစားပေးကြလဲ ပြောစမ်းပြီး''

''ဒီကောင်နဲ့ သားတွေ့လိုက်ပါ့မယ်၊ ပြဿနာကို ပြီးလည်
အောင်ဖြေရှင်းနိုင်မှာပါ''



www.burmeseclassic.com

www.burmeseclassic.com



''ဒီကိုပို့လိုက်တဲ့ဟာတွေက မှုရင်းတွေမဟုတ်ဘူးနော်၊ နာရီ
အတွင်းမှာ တစ်ကမ္ဘာလုံး ပြန့်နှံ့သွားအောင် လုပ်လို့ရတယ်၊ သူဖြစ်
တာက ဆန္ဒတစ်ခုတည်း၊ မင်းဘာနဲ့ အလဲအထပ်လုပ်မှာလဲ''

''သားရဲ့စည်းစိမ်ဥစ္စာ၊ သားရဲ့အသက် ကြိုက်တာတောင်းပါ
မေမေ၊ သျှင်မင်းကလွဲရင် အကုန်ပေးလိုက်မယ်''

''ကိုကို''

ဒီလောက်ထိ အမေရှေ့မှာ ရဲတင်းစွာ ပြောထွက်လိမ့်မည်
မထင်ပါ။ သူမကို တကယ်ချစ်တာပါလားလို့ ရင်ထဲမှာ နင့်သီးစွာခံစား
လျက် မျက်ရည်ပါဝဲလာရသည်။

သူမလည်း သူ့ကို ဘယ်လောက်ချစ်သည်ဆိုတာ သက်သေ
ပြခွင့်ရချင်ပါသည်။

''သျှင်မင်း ဒါဘာလုပ်တာလဲ''

ဒေါ်ထိပ်တင်လတ်ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်၍ ထည့်ဝါခံ့ညား
အထိတ်တလန့်အော်သည်။ သူမက ဒေါ်ထိပ်တင်လတ်ကို လက်အုပ်ချီလိုက်
''ဒီကိစ္စဖြစ်သွားတာ မေမေတို့ စိတ်ထိခိုက်ရတယ်ဆိုရင် ကျွန်
ရှိခိုးပြီးတောင်းပန်ပါတယ်၊ ဒါပေမဲ့ ကိုယ်ကျင့်တရားပျက်ပြီး မှားတဲ့အမှု
မဟုတ်ပါဘူး။ တဖက်က ယုတ်မာတဲ့ကြိုတင်ကြံစည်မှုပါ၊ ကျွန်မ ကိုကိုကို
တယ်၊ ဘယ်တော့မှ အိမ်ထောင်ရေးဖောက်ပြန်မှာ မဟုတ်ပါဘူး။ စိတ်နဲ့တော
ကျူးလွန်ခြင်းမရှိစေရပါဘူး။ အဲဒါကျွန်မဘဝနဲ့ ရင်းပြီးပေးတဲ့ ကတိသစ္စာပါ

ဒေါ်ထိပ်တင်လတ် မျက်နှာပေါ်က တင်းမာခြင်းတွေ အနည်းငယ်
လျော့သယောင်လေးရှိပေမယ့် စိတ်ရှုပ်ထွေးညစ်ညူးခြင်းကတော့ ဟန်ဆော
မရအောင်ပေါ်လွင်နေသည်။ သူမ ဘယ်လိုဖြေသိမ့်ပေးရမှန်းမသိပါ။ ထည့်ဝါ
ခံ့ညားက စကားဖြတ်လို့ရအောင်၊ သျှင်မင်းအိမ် ကိုယ်လေးကိုဆွဲထူပြီး . . .

''သားတို့ ဖေဖေ့ကို ဝင်တွေ့လိုက်ပါ့မယ်''

''မသွားနဲ့ မင်းတို့ကိုမြင်ပြီး ရောဂါပိုဆိုးနေမယ်၊ ဒီကို





ရင်းမယ်ဆို အမြန်ဆုံးလုပ် ထည့်ဝါ၊ ဂုဏ်သိက္ခာတွေ တစ်စစီဖြစ်သွား
ဆိုရင် သျှင်မင်းအိမ်ကို ငါလုံးဝခွင့်လွှတ်မှာ မဟုတ်ဘူး''

''ဟုတ် . . . ဟုတ်ကဲ့ပါ မေမေ၊ သျှင်မင်းလာ''

သျှင်မင်းအိမ်လက်ကိုဆွဲကာ မေမေ့ရှေ့က မြန်မြန်ပင်ထွက်လာခဲ့
ည်။ မေမေ့ရှေ့မှာ မှုန်ကုပ်ပင်ပန်းနေတာ မကြည့်ရက်လို့ပါ။ သူဟာ လင်
ယောက်ျားတစ်ယောက်မို့ ဇနီးမယားအတွက် အကာအကွယ်မပေးလို့မဖြစ်ပေ။

ဒါပေမဲ့ ဓာတ်ပုံတွေထဲက အဖြစ်အပျက်တွေက သူ့ကိုရင်ခံစေ
ည်။ ဘာကြောင့် ဒီကောင်ရဲ့အနမ်းကိုခံရတာလဲ။ ဘာကြောင့် ဒီကောင်
မျက်ရည်တွေကို သုတ်ပေးနေတာလဲ။

ဘာကြောင့် ဒီကောင်ရဲ့ရင်ဘတ်ကို ကိုင်တွယ်နေတာလဲ . . .။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

''အဲဒီကိစ္စ ကိုကို့ကို ကြိုပြောခဲ့ရမှာ ကျွန်မ မေ့နေတယ်ကို
တမင်ထိန်ချိန်ထားတာ မဟုတ်ပါဘူး။ ဒီကိစ္စပေါ်လာလို့ အခုမှတောင်း
ဖြစ်တာလည်း မဟုတ်ပါဘူး။ သူကြိုတင် ကြံစည်ထားတာကိုမသိဘဲ
ကျွန်မရိုးရိုးသားသားပဲ ဆက်ဆံခဲ့တာပါ။ နောက်ဆုံးအနမ်းတဲ့၊ နောက်ဆုံး
အနေနဲ့ နှုတ်ဆက်ချင်လို့ပါတဲ့၊ နောက်ထပ်ပြဿနာမရှုပ်အောင် ရိုးရိုးသား
သားပဲ လက်ခံလိုက်တာ''

''ဒီကိစ္စသာ ပေါ်မလာခဲ့ရင် မင်းတစ်သက်လုံး ထိန်ချန်ထား
တော့မှာ မဟုတ်လားသျှင်မင်း၊ နောက်ဆုံးနှုတ်ဆက်ချင်တယ်ထားဦး
ဒါဖြစ်သင့်လို့လားကွာ၊ လင်ရှိမယားတစ်ယောက်အနေနဲ့ မင်းအနမ်းခံသ
လား မစဉ်းစားမိဘူးလား၊ မင်းပြောတော့ စိတ်နဲ့တောင် မပြစ်မှားပါဘူးဆို
ကိုယ်ကျင့်တရား မပျက်ပြားပါဘူး၊ အိမ်ထောင်ရေးမဖောက်ပြန်ပါဘူးဆို

အိမ်ရောက်မှ စိတ်ရှိလက်ရှိ ပေါက်ကွဲနေသော ထည်ဝါခံ့ညား
လေသံတွေက ပြင်းထန်မာကျောလှသည်။ ဆောက်တည်ရာမရ သွေး
သွေးတမ်းဖြစ်နေပုံက ဘယ်လိုမှ ထိန်းချုပ်မထားနိုင်တော့လို့ဖြစ်မည်

သူမ မျက်နှာငယ်ငယ် ခေါင်းငိုက်စိုက်ကျလျက်နှင့်ပင်။

''ကျွန်မကို အိမ်ထောင်ရေးဖောက်ပြန်တယ်၊ ကိုယ်ကျင့်တရား



မျက်တယ်လို့ထင်လိုက်ပြီလား။ သူလုပ်ကြံလီဆယ်ပြီး သနားအောင်ပြောလို့
သနားမိတာကတော့အမှန်ပါပဲ၊ ကျွန်မကြောင့် သူနိုင်ငံခြားမှာ သေမတတ်
အကွတွေခံလာရတဲ့ ဒဏ်ရာဒဏ်ချက်တွေကိုပြတယ်၊ အဲဒါကို စာနာစိတ်နဲ့
ငိုင်ကြည့်မိတယ်၊ ကျွန်မကြောင့်ခံစားရလို့ ယောကျ်ားတန်မဲ့ သူငိုကြွေး
တယ်၊ ကျွန်မ စာနာစိတ်နဲ့ သူ့မျက်ရည်တွေကို သုတ်ပေးမိတယ်၊ နောက်ဆုံး
နှုတ်ဆက်ခြင်းပါလို့ ရိုးသားစွာခွင့်တောင်းတယ်၊ ဒါလဲ ကျွန်မ စိတ်ထဲမှာ
ဘာမှမရှိလို့ ရိုးရိုးသားသားလက်ခံလိုက်တာ၊ သူက ကြိုရောက်နေပြီး အဲဒီ
နေရာမှာကင်မရာတပ်ထားတာ ကျွန်မ မသိဘူး၊ ရှင်လည်း သူအဲလောက်
သုတ်မာမယ်ဆိုတာမသိလို့ ကျွန်မကို သူ့ဆီလွှတ်လိုက်တာမဟုတ်လား။
အကယ်တမ်းက ကျွန်မတို့နှစ်ယောက်လုံး သူလှည့်စားတာကိုခံလိုက်ရ
တာပါ''

ဖြစ်နိုင်ပါရဲ့နဲ့ သျှင်မင်းအိမ်ကို သူဘာကြောင့်စိတ်ဆိုးမိမှန်း
မသိပေ။ သျှင်မင်းအိမ်ကို သူများနမ်းတာမပြောနှင့် စေ့စေ့ကြည့်တာ
တောင် သူမခံစားနိုင်။

''ရှင်ဘာလို့ ငြိမ်နေတာလဲ ရှင်းရှင်းပြော၊ ရှင် ကျွန်မကိုမယုံဘူး
လား၊ မယုံရင် ရှင့်အမေပြောသလို''

''ဟင့်အင်း ... မင်းကို ငါလုံးဝမကွာရှင်းဘူး သျှင်မင်း''

''ဒါဆို ရှင်ဘာလုပ်မှာလဲ၊ ဒီကိစ္စကြီးက ကျွန်မ မှားမှားမှန်မှန်
ရှင်တို့အတွက် အခက်အခဲဖြစ်နေပြီ၊ ရှင်ကျွန်မကို ကွာရှင်းလိုက်မှ''

''မင်းဘာလို့ ဒါကိုပဲ ခဏခဏပြောနေတာလဲ၊ စံမင်းညို ဖြစ်ချင်
သလို ဖြစ်စေချင်လို့လား၊ သူက ငါတို့ကွာရှင်းဖို့ မျှော်လင့်နေတာ၊ ငါက
စွန့်လွှတ်လိုက်ရင် သူကောက်ယူလိုက်မှာ''

''ကျွန်မ အရုပ်တစ်ရုပ်မှ မဟုတ်တာ၊ ရှင်စွန့်လွှတ်လည်း ရှင်
ကွာရှင်းလည်း ကျွန်မ သူ့ကိုလက်မထပ်ဘူး မယူဘူး၊ သူ့ရဲ့အောက်တန်း
ကျတဲ့စိတ်ကို သိလိုက်ရတဲ့အတွက် ရွံမုန်းမိတယ်၊ နာကြည်းမိတယ်၊

www.burmeseclassic.com



ဖြစ်နိုင်ရင် ကျွန်မလက်နဲ့ သူ့ကိုသတ်ပစ်လိုက်ချင်တယ်''

''တကယ်လား။ မင်းစိတ်ထဲမှာ အဲလိုဖြစ်နေတာ တကယ်လာ

မျှော်လင့်ချက်အပြည့်ဖြင့် ပခုံးလေးကို ကိုင်လှုပ်မေးနေသေ

ထည်ဝါခံ့ညားကို သူမ သွက်လက်စွာပင် ခေါင်းညိတ်ပြလိုက်သည်။ သ

မျက်နှာမှာ စံမင်းညံ့ကို နာကြည်းသည့် အရိပ်အယောင်တွေရှိနေမှာ

''သူအရင်ကလည်း စိတ်ဓာတ်မပြည့်ပါဘူး။ အားလုံးကလ

အမြင်မကြည်ဘူး။ ဒါပေမဲ့ ကျွန်မအပေါ်ကို သူကောင်းတယ်၊ အဲဒီတစ်

လေးနဲ့ သူ့ကို အဖြေပြန်ပေးပြီး ကျွန်မတို့ ချစ်သူဖြစ်ခဲ့ကြတာ၊ မပြည့်

အခြေအနေတွေမှာ လက်ထပ်ဖို့ ဘာအာမခံချက်မှမရှိလို့ သူ့ကို နိုင်

ခြားမှာ အလုပ်လုပ်ခိုင်းခဲ့တယ်၊ အခုတော့ အရင်ကထက် အတတ်ကော

တွေတတ်လာပြီး အောက်တန်းပိုကျလာတာပေါ့၊ ရှင်ပြောသလို

သူနဲ့လွဲခဲ့တာ ကျွန်မအတွက် ကံကောင်းတာပဲ''

''မင်းစိတ်ထဲမှာ အဲလိုဆုံးဖြတ်ထားတယ်ဆိုရင် ကိုယ်စိတ်သ

သာပါပြီ၊ တကယ်တော့ ကိုယ်မင်းကို မယုံတာမဟုတ်ဘူး၊ သဝန်တိုတ

ချစ်လို့ သဝန်တိုမိတာသျှင်မင်း၊ ဘယ်လိုပဲဖြစ်ဖြစ် မင်းကိုကိုယ်မစွန့်လွှ

နိုင်ပါဘူး သျှင်မင်းရယ်''

သူမကို ဖက်တွယ်လာသော သူ့လက်တွေက ဝေဒနာ

တနင့်တပိုးနှင့် တဆတ်ဆတ်တုန်ခါနေသည်။ ဆုံးဖြတ်ရခက်နေတာ

စာနာမိလျက် သူမ ဘယ်လိုဖြေသိမ့်ပေးရမှန်းမသိဖြစ်နေခဲ့သည်။

''ကိုကို''

''ပြောပါ သျှင်မင်း''

''ကျွန်မကို မစွန့်လွှတ်ချင်တာတစ်ခုတည်း ရှင်တို့ကုမ္ပဏ

မိဘတွေရဲ့ ဂုဏ်သိက္ခာကို မထိခိုက်ပါစေနဲ့၊ ကျွန်မအတွက်နဲ့ ရှင့်ဆုံးဖြ

ချက်မမှားလိုက်ပါနဲ့နော်''

''ကိုယ်ယောကျ်ားပါ၊ ယောကျ်ားအချင်းချင်း သူနဲ့ထိပ်တို



င်ဆိုင်ကြည့်တာပေါ့''

''သူ့လက်ထဲမှာရှိနေတာ အားလုံးကို တစ်စစီဖြိုခွဲပစ်နိုင်တဲ့

က်နက်ကြီးတစ်ခုပဲ၊ ရှင်ဘာနဲ့မှမကလိုးပေး အလဲအထပ်လုပ်လို့ရမှာ

ဟုတ်ဘူး။ သူလိုချင်တာ ရွှေငွေပစ္စည်းမဟုတ်ဘူး ကိုကို''

''တောက်''

ဘေးကျပ်နံကျပ် အခက်အခဲတွေ့အောင်လုပ်နိုင်လွန်းသော

မင်းညံ့က သူအမှန့်သာကြိတ်ပစ်ချင်လှသည်။ ဘာလုပ်ရမလဲ။

ဒီကောင်ကို တန်ပြန်နာကျင်အောင် ဘာလုပ်ရမလဲ၊

ဒီကိစ္စ သျှင်မင်းအိမ်ကို တိုင်ပင်လို့တော့ မဖြစ်ပါ။ ယောကျ်ား

ချင်းချင်း အကြောတင်စော်ကားခံရတာလောက် မာနထိခိုက်တာမရှိ။

ဒီကောင် ဘယ်လောက်ပညာတွေတတ်နေလို့လဲ။

အောက်တန်းကျတယ်ဆိုတာ သီးသန့်သင်တန်းတက်ပြီး သင်ယူနေ

ရာမှမလိုတာ။ မင်းလောက်တော့ ငါလည်းအောက်တန်းကျတတ်ပါတယ်။

ယှဉ်ပြိုင်ရပြီဆိုရင်တော့ ငါလည်းအနိုင်ရမှ ကျေနပ်တတ်တဲ့သူပါ

မင်းညံ့။ မင်းအတွက် အရမ်းခက်ခက်ခဲခဲကြီး ကြိုးစားလိုက်ရသလားမသိ

ပေမယ့် ငါ့အတွက်တော့ အမှုန်အမွှားသေးသေးလေးပါ။

မင်းစောင့်ကြည့်လိုက်ပါဦး စံမင်းညံ့ . . . ။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၄)

"စံမင်းညို ဟဲ့လာဦး၊ နေ့ရှိသရွေ့ အပြင်ပဲထွက်နေတာပဲ၊ [illegible] လာတုန်းလေး အိမ်မှာနေပါဦးလား၊ ပြောစရာရှိတာ မပြောရဘူး"

"ဘာလဲ အမေရာ"

စိတ်မရှည်စွာ ခေါင်းကုတ်ပြီး အမေ့ရှေ့မှာ စံမင်းညိုဝင်ထိုင်လို[illegible] သည်။ မျှော်လင့်ချက်တွေပျောက်လို့ စိတ်နှင့်ကိုယ်မကပ်တာ နားထ[illegible] မပေးဘဲ ဆူပူဖို့ပဲတတ်တာကြောင့် အိမ်မှာမနေချင်တာ။

"ဒီမှာဟဲ့"

"ပြောပါ အမေရာ၊ ကျွန်တော်သိန်းဇော်နဲ့ ချိန်းထားတယ်[illegible]"

"အဲဒါကအရေးကြီးလား၊ ဒီအမေပြောတာကို နားထောင်[illegible] ပါဦး"

"ပြော"

"နင်ဘာလုပ်မှာလဲ၊ နိုင်ငံခြားမှာ အလုပ်သွားလုပ်တာ [illegible] မိသားစုကို အထောက်အပံ့မပေးဘဲနဲ့၊ သျှင်မင်းအိမ်နဲ့ လက်ထပ်[illegible] စုထားတယ်၊ အခု ဟိုကလက်ထပ်သွားတော့ ဒီမိသားစုကို ထောက်[illegible] လား၊ အိမ်ကမိသားစု အဆင်မပြေတဲ့ဟာကို"

"အမေကလည်း ခက်လိုက်တာ၊ သျှင်မင်းအိမ် ကျွန်တော်[illegible]



ပြန်ရောက်လာမှာ၊ သူ့ကိုလက်ထပ်ပြီး ဟိုခေါ်သွားမှာအမေ၊ ဟိုမှာ ကျွန်တော်အိမ်ဝယ်ထားလို့ ပိုက်ဆံများများပါမလာတာ၊ ပါလာတဲ့အထဲက အမေတို့ကိုပေးသင့်သလောက် ပေးပြီးပြီပဲ"

"နင်အရူးလား၊ ဒီမှာတော့ အိမ်ပိုင်ဆိုတာမရှိဘူး၊ ဟိုမှာ ယောက်ျားရပြီးသားသူနဲ့နေဖို့တော့ အိမ်ဝယ်ထားတယ်၊ နင်အဓိပ္ပာယ် ရှိရှိလုပ်စမ်းပါ၊ သျှင်မင်းအိမ်က သူတို့တစ်မိသားစုလုံးဘဝကို မြှင့်တင် ပြောင်းလဲပေးထားတဲ့ သူဌေးကိုကွာရှင်းပြီး နင့်လိုကောင်နောက်ကို လိုက် မတဲ့လား"

"မကွာရှင်းရင် ကွာရှင်းအောင်၊ မလိုက်ရင်လိုက်အောင် လုပ်ရ မှာပေါ့အမေ၊ ကျွန်တော်က မိသားစုအတွက် ထည့်မတွေးဘဲ သူ့အတွက် ကြိုးစားနေတာ၊ သူက ဒီလိုမျိုးလက်ထပ်သွားတာ ကျွန်တော်ဘယ်လို ခံစားရမလဲ တွေးကြည့်ပါဦး"

"အေး ... တွေးကြည့်ရင်တော့ နင့်ကိုပဲစိတ်နာတယ်၊ ငါတို့ မှာတော့ ငါ့သားလေးပညာတတ်ပါစေဆိုပြီး ပညာသင်ပေးတယ်၊ တစ်ဦး တည်းသောသားလေးဆိုပြီး ငယ်စဉ်ကတည်းကလည်း ပိုးမွေးသလိုမွေးပြီး ပြုစုစောင့်ရှောက်ခဲ့ရတယ်၊ ဒီကျေးဇူးတွေကို နင်တစ်စက်မှ မထောက် ထားဘူး၊ အသက်ကြီးလို့ ခြေကုန်လက်ပမ်းကျ ရောဂါရနေတဲ့ မိဘတွေ ကို နင်မငဲ့ညှာဘူး၊ နင်လုပ်နေတာတွေ အဓိပ္ပာယ်ရှိရဲ့လား တွေးကြည့်ပါဦး"

ရင်ဘတ်ထုကာ ရင်ထုမနာပြောနေသော အမေကို စံမင်းညို မော့မကြည့်ဘဲ ခေါင်းညိတ်ကာ

"ကျွန်တော့်အတွက်တော့ အဓိပ္ပာယ်ရှိတယ် အမေ၊ ကျွန်တော့် က အဲလိုမိဘတွေကိုတောင်ငဲ့မကြည့်ဘဲ သူ့အတွက် စွန့်စားခဲ့၊ ကြိုးစားခဲ့ တာကို သျှင်မင်းသစ္စာမရှိလို့ အသိအမှတ်မပြုလို့ ပိုပြီးရင်နာတာ၊ ကျွန်တော့်ကို ရည်ရွယ်ချက်ပျောက်၊ ပန်းတိုင်ပျောက်အောင်လုပ်လို့ ပိုပြီးစိတ်နာတာ၊ အဲဒါကြောင့် သူ့ကို ကျွန်တော်ရအောင်ပြန်ယူမှာ"

www.burmeseclassic.com

www.burmeseclassic.com



''နင်ဘယ်လိုစိတ်မျိုးနဲ့ ဒီစကားပြောနေတာလဲ၊ ဘယ်လိုလုပ်ပြီး သူ့ကိုရအောင်ယူမှာလဲ''

''ကျွန်တော့်မှာအစီအစဉ်ရှိပြီးသားပါ၊ သျှင်မင်းကို လူယုတ်မာလက်ထဲက မရရအောင်ကို ပြန်ယူပြမယ်''

''ဟဲ့ . . . ဟိုက သူယုတ်မာမဟုတ်ဘူး သူတော်ကောင်း သျှင်မင်းကိုယူလိုက်တာနဲ့ ငါတို့ရပ်ရွာကို အများကြီးကောင်းကျိုးပြုထားတယ်၊ မီးရအောင်လုပ်ပေးမယ်၊ လမ်းပြင်ပေးမယ်၊ ကျောင်းဆောက်၊ ဆေးရုံဆောက်ပေးမယ်၊ ဒီရပ်ရွာမှာ အမြဲတမ်းနေလို့ရအောင်၊ ကျေးရွာနဲ့ ညီညွတ်ပါတယ်ဆိုပြီး အထက်ကို အားလုံးတင်ပြပေးထားတယ်။ အဲဒါတွေသာ အဆင်ပြေသွားရင် ဘယ်အချိန်ဖယ်ပေးရမလဲလို့ ကျေးလန့်တစားရတဲ့ဘဝကလွတ်မှာဟဲ့ သိရဲ့လား။ နင့်လိုမျိုး ရပ်ရွာမပြောနဲ့ မိသားစု ကောင်းကျိုးတောင်လုပ်မပေးတဲ့ အညံ့စားမဟုတ်ဘူး''

နှိမ့်ချပြောခံရတာထက် ထည့်ဝါခဲ့သူ့အားနှင့် အယှဉ်ခံရတာက နာကျင်သွားကာ

''အဲဒီလူကို တစ်ရွာလုံးက သိပ်ကိုအထင်ကြီးနေကြတာပေါ့''

''ဟဲ့ . . . ကြီးအောင်လုပ်ပြမှတော့ ကြီးရမှာပေါ့၊ နင်က ဘာကောင်းကျိုးတစ်ခုပြုဖူးလို့လဲ၊ ကိုယ်ဝါသနာပါတဲ့ပညာကိုတောင် ပြန်အသုံးချတတ်တဲ့ အရည်အချင်းရှိလို့လား၊ ငါ့သားလေးကို ငါဒီလိုမပြောရက်ခဲ့ပါဘူး၊ တစ်ယောက် တည်းမွေးထားတာ၊ အဖော်မဲ့ပါတယ်လေဆိုပြီး ဘာမဆိုဖြည့်ဆည်းခဲ့တယ်၊ အလိုလိုက်ခဲ့တယ်၊ အားကစားဘက်မှာ ဝါသနာပါတော့လည်း မြေတောင်မြှောက်ပေးလိုက်ရတာ၊ အခုနင့်အဖေ ကျန်းမာရေးမကောင်းလို့ အလုပ်သိပ်မလုပ်နိုင်တော့၊ နင်တစ်လှည့် ပြန်လုပ်ကျွေးဖို့ မစဉ်းစားဘူးလား၊ ဟင် ပြောစမ်းပါစံမင်းညီရဲ့''

သူ့ကျောပြင်ကို တဗုန်းဗုန်းထုကာ အမေပြောတော့ စံမင်းညီ ခပ်တွေတွေလေးဖြစ်သွားခဲ့သည်။ တကယ်တော့ မိဘတွေကို သူပြန်ငဲ့ညှာ



ထင့်မှန်းနားလည်ပါသည်။ ဘယ်သူ့အတွက်မှ ဘာကောင်းကျိုးမှ မပြုခဲ့ဘူးတာကိုလည်းသိသည်။

ဒါပေမဲ့ ရင်ထဲက အချစ်စိတ်ကို ဘယ်လိုဖျောက်ဖျက်ပစ်ရမလဲ။ အပေအတေလို ရည်ရွယ်ချက်မရှိ၊ ရည်မှန်းချက်မရှိ ဘဝကိုပေါ့ပေါ့ပါးပါး ဖြတ်သန်းရတာကိုပျော်မွေ့ခဲ့ပြီး အားကစားဘက်မှာထူးချွန်တော့ ဒီရပ်ရွာမှာ ငါသာအတော်ဆုံးလို့ ဘဝင်မြင့်နေခဲ့သည်။ ကြော့ကြော့မော့မော့ ကြွားကြွားဝါဝါနေရင်း ကိုယ့်ကိုယ်ကိုသာ အထင်ကြီးတတ်ခဲ့၏။ သျှင်မင်းအိမ်နှင့်ချစ်သူတွေဖြစ်မှ ကိုယ့်ရဲ့စိတ်တွေကို ပြောင်းလဲခဲ့တာပါ။ သူမအတွက် ရည်ရွယ်ချက်တွေ ထားတတ်လာသည်။ လက်ထပ်ဖို့အတွက် ရည်မှန်းချက်တွေထားပြီး ကြိုးစားခဲ့၏။

ဒီစိတ်နှင့်ကိုယ့်ကိုယ်ကို နာကျင်သည်ဟုမထင်။ ပင်ပန်းသည်ဟု မထင်။ ပြန်ရတဲ့ရလဒ်ကျတော့ ကြည့်ပါဦး။

''ကျွန်တော် တောင်းပန်ပါတယ် အမေ၊ သျှင်မင်းနဲ့ လက်ထပ်ပြီးရင် အမေတို့အတွက်လည်း စဉ်းစားထားပါတယ်၊ ကျွန်တော်ဟိုကို ပြန်ရင် သျှင်မင်းကိုရော၊ အမေနဲ့ အဖေကိုရော ခေါ်သွားမယ်၊ ဟိုမှာ ငွေရှာလို့ကောင်းတယ် အမေ''

''အမယ်လေး ကျုပ်တို့ သူများနိုင်ငံမှာမနေနိုင်ပါဘူးတော်၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအုပ်ချုပ်တာပဲခံပါ့မယ်၊ သူများဆီသွားပြီး မျက်နှာငယ်ငယ်နဲ့ ကျွန်ခံပြီးတော့ မနေနိုင်ဘူး''

''အမေတို့က အဲဒါခက်တာပဲ၊ အမြင်ကျဉ်း အရိုးစွဲတဲ့အတွေးတွေနဲ့ မကြီးပွားမချမ်းသာဘဲ ဒီအတိုင်းနေသွားမလို့လား''

''ဆင်းရဲခြင်း၊ ချမ်းသာခြင်းထက် ငါတို့က စိတ်ချမ်းသာလိုက်ဖို့ပဲ အရေးကြီးတယ်''

''အဲဒါဆိုလည်း အမေတို့အတွက် ကျွန်တော်ငွေပို့ပေးမယ်''

''နင်ကတော့ သွားကိုသွားမှာပေါ့''

www.burmeseclassic.com

www.burmeseclassic.com



''ဟိုမှာကားရော၊ အိမ်ရောဝယ်ထားတယ်၊ အကြွေးတော့မကျေ
သေးဘူး။ သျှင်မင်းနဲ့လက်ထပ်ပြီးမှ တဖြည်းဖြည်းဆပ်သွားလို့ရတယ်
အမေ၊ ကျွန်တော့်အလုပ်က ငွေရှာရလွယ်ပါတယ်၊ ပထမတစ်နှစ် ဒု
ရောက်ပေမယ့် အခုတစ်နှစ်တည်းနဲ့ ကျွန်တော်အခုလိုမျိုးနေနိုင်လာတယ်

''နင်အရမ်း ရည်ရွယ်ချက်ကြီးမားတာပါလား စံမင်းညို၊ နင်အဲ
လောက်ထောင် သျှင်မင်းအိမ်အတွက် ကြိုးကြိုးစားစားရှိခဲ့တာလား''

''ဟုတ်တယ် အမေ၊ အဲဒါကြောင့် ကျွန်တော်အရမ်းခံစားရတာ
သူ အဲလိုလုပ်သွားတာ ယောကျ်ားမာနထိခိုက်တယ်၊ ကျွန်တော်က သူ
အတွက် နာကျင်နေတဲ့အချိန်မှာ သူက တခြားယောကျ်ားနဲ့ ပျော်နေမှာ
ကျွန်တော်ဘယ်လိုမှမခံစားနိုင်ဘူး။ အဲဒါကြောင့် သူ့ကိုကျွန်တော် ပိုင်ဆိုင်
အောင်ပြန်လုပ်မှာ အမေ''

''အမယ်လေး''

ဒေါ်စန်းမိုး ဘာပြောရမှန်းပင် မသိတော့။ သားခံစားရတာ
စိတ်မကောင်းလည်း ဖြစ်မိသည်။ သားက တော်ရုံတန်ရုံမိန်းကလေးမျ
နှင့် အရောလည်းမဝင် ချစ်လည်းမချစ်ဘူးပါ။

ရပ်ကွက်ထဲလည်း ဟိုလူ ဒီလူအပေါင်းအသင်းမလုပ်ဘဲ သူ
ဘာသာ တသီးတသန့်နေတတ်လို့ ဘယ်သူကမှ သိပ်အမြင်မကြည်ကြ
တာ။ သျှင်မင်းအိမ်ကိုကျမှ ဘယ်လိုလုပ်တမ်းတမ်းစွဲချစ်သွားခဲ့လဲ မသိပေ

''ဒေါ်စန်းမိုး ... ဒေါ်စန်းမိုး''

အိမ်ရှေ့က အော်ခေါ်သံတွေကြောင့် ဒေါ်စန်းမိုးခေါင်းထောင်
သွားကာ

''ဩော် ... ရပ်ရွာလူကြီးတွေပါလား၊ လာကြပါ၊ ထိုင်ကြပါရှင်
သားရေ ရေနွေးပွဲလေးလုပ်ပေးပါနော်၊ ဓာတ်ဘူးထဲမှာ အမေရေနွေး
ထည့်ထားတယ်''

''ဟုတ်ကဲ့''





''ကိုဘမောင်တို့ ဘာကိစ္စများရှိလို့ပါလဲ''

''ခင်ဗျားသားကိစ္စပဲဗျို့''

လူကြီးပြောလိုက်သည့်စကားက ရေနွေးဓာတ်ဘူးကိုင်ထားဆဲ
သက်တောင် ရပ်တန့်သွားသည်။ ဖန်ခွက်နှစ်လုံးနှင့် ဓာတ်ဘူးကို ခပ်မြန်
မြန်ပင် ယူလာလိုက်ပြီး

''ကျွန်တော့်ကိစ္စ ဟုတ်လားဦးလေး။ လွတ်လပ်ရေးနေ့အထိမ်း
အမှတ်အားကစားပွဲလုပ်ဖို့လား။ ကျွန်တော်ပါနိုင်မှာမဟုတ်ဘူး၊ ကျွန်တော်
ဗီဇာပြည့်ရင်ပြန်ရမှာ''

''အဲဒီကိစ္စမဟုတ်ပါဘူးကွာ၊ အမှုအခင်းကိစ္စရယ်လို့ မသတ်မှတ်
သေးလို့ မင်းကိုရုံးကိုခေါ်မပြောတာ၊ အခုလာတာ မင်းရဲ့မိဘတွေလည်း
သိသင့်တယ်ထင်လို့ပါ''

''ဘာများလဲ ကိုဘမောင်ရယ်၊ သားဘာတွေလုပ်ထားလို့လဲ၊ ကျွန်မ
မေးပုလိုက်တာ၊ သားဘာပြဿနာရှာထားပြန်ပြီလဲ၊ ဟိုရန်တွေ ဘာတွေဖြစ်''

''အမေကလည်းဗျား ကျွန်တော်ကလေးမှမဟုတ်တော့တာ၊
ရန်မဖြစ်ပါဘူး''

''ဟုတ်တယ်၊ အခုက ရန်ဖြစ်တဲ့ကိစ္စမဟုတ်ဘူး၊ လူမှုရေးကိစ္စ
ကို သူကြီးကြီးကျယ်ကျယ်ပြဿနာရှာထားတယ်''

''ရှင်''

ဒေါ်စန်းမိုး သားကိုလှည့်ကြည့်ကာ တအံ့တဩဖြစ်သွားရသည်။
ဘာတွေလုပ်လို့ လူကြီးတွေကိုယ်တိုင် အိမ်ကိုလိုက်လာရတာလဲ။

စံမင်းညိုက ဒေါသဖြစ်သွားသည့်ဟန်ဖြင့်

''ကျွန်တော်က ဘာတွေလုပ်လို့လဲ''

''ထည်ဝါခွဲညားနဲ့ သျှင်မင်းအိမ်ကို မင်းပြဿနာရှာထားတယ်
ဟုတ်လား။ မင်းတို့ချင်း လူမှုရေးပြဿနာ ဘယ်လိုပဲရှိရှိ ရပ်ရွာကို
ထိခိုက်လာမှာမျိုးတော့ ဦးတို့ခွင့်လွှတ်လို့မရဘူး''



www.burmeseclassic.com

www.burmeseclassic.com



''ဘာ ... ဘာတွေဖြစ်လို့လဲ ဦးဘမောင်ရယ်၊ သားကဘာ
လုပ်လို့လဲ''

''သူက ထည်ဝါခံ့ညားတဲ့ ကုမ္ပဏီနာမည်ပျက်အောင် သိက္ခ
တွေကျအောင်၊ သူနဲ့သျှင်မင်းနဲ့ကို အထင်လွဲလောက်တဲ့ဓာတ်ပုံတေ
စီဒီခွေတွေပြပြီး ခြိမ်းခြောက်တယ်တဲ့၊ သျှင်မင်းတို့ လင်မယားကို အိမ်ထော
ကွဲစေချင်တာ၊ သျှင်မင်းအိမ်ဖောက်ပြန်နေတယ်ပေါ့၊ ဟိုဘက်က သိက္ခ
တရားနဲ့ ကွာရှင်းလိုက်ရင် သျှင်မင်းအိမ်ကို သူယူမယ်၊ အဲလိုပဲ လွယ်လွယ
တွေးထားတာ''

''ဟယ် ... သားရယ် မကြံကောင်းမစည်ရာ''

''အဲဒီတော့ ဟိုဘက်မှာပြဿနာအကြီးအကျယ်တက်ရတယ
ဆိုပြီး၊ ကျွန်တော်တို့ရပ်ကွက်အတွက် လုပ်ပေးမယ့်ဟာတွေကို အကုန်လ
ရပ်တန့်ပစ်လိုက်တယ်''

''ဟင်''

''ဘာမှ လုပ်မပေးနိုင်တော့ဘူးတဲ့၊ ကသိုလ်လာလုပ်တဲ့အချိန်
တစ်ရွာလုံးက ပြဿနာရှာတာကိုတောင် သျှင်မင်းအိမ်မျက်နှာနဲ့ ဒါတွေလု
ပေးဖို့ဆုံးဖြတ်ခဲ့တယ်၊ အခုဒီကိစ္စက သူတို့တစ်မိသားစုလုံးရဲ့ ဂုဏ်သိက္ခ
နဲ့သက်ဆိုင်နေလို့ ဘယ်လိုမှ ခွင့်လွှတ်လို့မရတော့တဲ့ပုံပဲ၊ စံမင်းညို ဆ
မလုပ်အောင် ထိန်းချုပ်နိုင်ရင်တော့ စဉ်းစားပေးမယ်ဆိုတဲ့သဘောပဲ''

''ဆိုးတာက စံမင်းညိုက ဒီသတင်းကို ဖွလိုက်မယ်ဆိုရင်၊
နေရာကို သူတို့ကုမ္ပဏီက အပြတ်ဝယ်ပြီး၊ ဈေးဝယ်စင်တာတွေ
ကုန်တိုက်တွေ၊ ကွန်ဒိုတွေ ဆောက်ပစ်လိုက်မယ်လို့ပြောတယ်၊ ကိုယ
မိဘဘိုးဘွားပိုင်တဲ့မြေလည်းမဟုတ်တော့၊ ကျွန်တော်တို့က သူတ
ဖယ်နိုင်းရင် ဖယ်ပေးလိုက်ရမယ့်သဘောဖြစ်နေပြီ၊ စံမင်းညိုလုပ်ရပ်က
ထောင်ချီရှိနေတဲ့ တစ်ရပ်ကွက်လုံးနစ်နာတော့မှာ''

''အမယ်လေး ဒုက္ခပါပဲ''





ဒေါ်စန်းမိုး ရင်ဘတ်ဖိကာ၊ လူကြီးတွေမျက်နှာကို မကြည့်ရဲ
တော့လောက်အောင် အားနာမိသည်။ ကိုယ့်သားက ရပ်ရွာအကျိုး ဘာမှ
လုပ်မပေးဘူးပါပဲ၊ ဖျက်စီးမည့်သူဖြစ်နေပါရောလား။

''စံမင်းညိုရယ် နင်ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဘာ တွေလုပ်
နေတာလဲ''

''အမေရာ ဒါမင်းမဲ့တိုင်းပြည်လား၊ သူလုပ်ချင် တိုင်းလုပ်လို့ရ
လားဗျ၊ ဒီနေရာမှာ ကျွန်တော်တို့နေလာတာ ဘယ်လေ ာက်ရှိနေပြီလဲ''

''ဟဲ့ ... နေသာနေတာ၊ တို့ပိုင်တဲ့မြေမှ မဟုတ် တာ၊ ဘယ်မှာလဲ
ပိုင်တဲ့ ဂရန်မြေစာရွက်၊ နေစရာမရှိလို့ သနားငဲ့ညှာပြီး နားလည်မှုနဲ့နေ
ထားတာ၊ အခုထည်ဝါခံ့ညားတို့ကျေးဇူးကြောင့် ငါတို့စိတ်ချမ်းသာ
တော့မယ်ဆိုပြီး ဝမ်းသာနေကြတာ၊ ဘယ်ချိန်က တုန်းက ဘယ်သူက
တို့ရှေ့ကနေ မားမားမတ်မတ်ရပ်တည်ပြီး အကူအညီတွေ ပေးဖူးလို့လဲ''

''အမေတို့က အဲလိုလုပ်ပေးမယ်ဆိုလို့ သူ့ တာကောင်းထင်နေ
တာမဟုတ်လား၊ အခု သူ့ဘက်က ဒီလိုအကျ ကိုင်လာတာ ဘယ်
ာက်အောက်တန်းကျလဲ''

''ဩော် ... နင်လိုလူက ဒီစကားပြောတယ် နင့်ဘက်ကသာ
သတ်ညီရင် ဒီလိုအောက်တန်းကျမှုမျိုးဖြစ်လာပါ့မလား ဲ့ စံမင်းညိုရဲ့
ကမိသားစုအတွက်၊ ရပ်ရွာအတွက် ဘာတွေများကောင်းကျိုးလုပ်ပေး
လို့လဲ၊ နင့်ကိုယ်နင်တောင် ကောင်းအောင်နေခဲ့ဖူးလို့လား''

''မသိဘူးဗျာ၊ အမေတို့က ကိုယ့်သားသမီးနှိမ့်ချဖို့ပဲတတ်တယ်''

သားအမိချင်းအခြေအတင် အတိုက်အခံဖြစ်လာတော့ လူကြီးတွေ
နေသာ။ ပြဿနာက ဒီလိုရန်ဖြစ်နေရုံနှင့် ပြီးသွားမှာမှ မဟုတ်တာ

''ကဲ ... ဒီကိစ္စနဲ့ ပတ်သက်ပြီး ဦးတို့ကြားထဲကနေ မေတ္တာရပ်ခံ
ပါတယ် စံမင်းညို၊ မင်းတို့ချင်း လူမှုရေးပြဿနာကို ရပ်ရွာအကျိုးမထိ
ဘဲ တခြားနည်းလမ်းနဲ့ ရှင်းစေချင်တယ်၊ ထိခိုက်နစ်နာမှာက တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ဟာစ်ယောက်တည်းမဟုတ်ဘူး၊ တစ်ရွာလုံး ဘာအာမခံချက်မှမရှိဘဲ အိုး အိမ်နဲ့ ခိုကိုးရာမဲ့ဖြစ်သွားလိမ့်မယ်၊ သူတို့မှာငွေကြေးရှိတယ်၊ လုပ်ပိုင်ခွင့် တွေရှိတယ်''

''ဟုတ်တယ်၊ ဟိုတစ်ခါဖြစ်တုန်းက ကိုယ့်ရွာသားကို အနိုင်ကျင့် မခံရအောင် ငါဟုတ်၊ ဓားဆွဲထွက်ရတာကိစ္စမရှိဘူး၊ ဒါတောင်မင်းက သွား စိန်ခေါ်လို့ဖြစ်ရတဲ့ပြဿနာ၊ အခုလည်း သူတို့အညာကိုသွားကိုင်တော့ သူကလည်း ဒီဘက်က အားနည်းချက်အညာကိုကိုင်ပြီပေါ့''

''အဲဒါ 'သက်သက် ငါလုပ်နိုင်တယ်ဆိုပြီး ပါဝါပြတာ''

''နင့်မှာ အဲလိုပြနိုင်တဲ့ အရည်အချင်းရှိလို့လား။ အလကားကို တစ်ကိုယ်ရည် ခံစားမှုလေးနဲ့ သွားပြီးစိန်ခေါ်တယ်၊ ချောက်ချတတ်တဲ့ ဆိုတဲ့ စိတ်ကကောင်းတယ်ထင်နေလား၊ နင်ဒီကိစ္စ ရပ်တန်းကရပ်လိုက် စံမင်းညို၊ ကိုယ်ရေးကိုယ်တာကိစ္စနဲ့ ရပ်ရွာထိခိုက်နစ်နာအောင်လုပ် နင့်ကိုငါကိုယ်တိုင်သတ်ပစ်မယ်''

ဒေါ်စန်းမိုး ထိုသို့မကြိမ်းဝါးလို့ မဖြစ်တော့ပါ။ သားသမီး ပေမယ့် အများမျက်နှာကိုပဲ ကြည့်ရမည်။

ကိုယ့်သားက ကိုယ့်အပေါ်တောင်မှ မကောင်းတာ။ မကော မှန်းသိလျက်နဲ့တော့ ကိုယ့်သွေးသားဘက်က အတ္တကြီးပြီးအားမပေးနိုင်

စံမင်းညို့က စိတ်ရှုပ်သလို ခေါင်းတွေကိုဖွကုတ်ပစ်ပြီး ...

''ဒီလူခြိမ်းခြောက်တာကို သျှင်မင်းအိမ်ရောသိသလား''

''မသိလောက်ဘူး၊ ထည်ဝါခံ့ညားက ဦးတို့ကို သီးသန့်ခေါ် ပြီးပြောတာ၊ မင်းမှာရှိနေတဲ့ ဓာတ်ပုံတွေ စီဒီတွေကို မှုရင်းရမှ ဒီရပ် အတွက် သူဘာမဆိုလုပ်ပေးမယ်တဲ့၊ သူတို့အသိုက်အဝန်းအားလုံး ထိ မယ်ဆိုရင် သူပြောသလိုလုပ်ရမှာပဲတဲ့လေ၊ သူ့ဘက်ကလည်း အားနာ ခြိမ်းခြောက်လိုက်တဲ့သဘောပါပဲ၊ ရှေ့ဆက်တိုးရင် သူ့ရဲ့ခြိမ်းခြောက်မှု တကယ်ဖြစ်လာအောင်လုပ်နိုင်တဲ့သူတွေပဲ၊ အဲဒီတော့ စံမင်းညို့ကို



တောင်းပန်တယ်၊ ဒီကိစ္စကိုရပ်တန်းကရပ်ပါ၊ သူ့ကိုဓာတ်ပုံတွေ၊ စီဒီ တွေ အကုန်ပြန်ပေးလိုက်ပါ၊ မင်းမကျေနပ်ရင် မင်းတို့ချင်းယှော်ကျားပိုပို တ်သလိုရှင်းကြ၊ ဦးတို့ကတော့ မင်းအမေကိုအားနာပေမယ့် ရပ်ရွာကို တော့ အထိပါးမခံနိုင်ဘူး။ ရပ်ရွာဖွံ့ဖြိုးဖို့ စည်းလုံးဖို့၊ တိုးတက်ဖို့ မိသားစု တောင် ငဲ့ညှာမယ့်သူတွေမဟုတ်ဘူး''

လူကြီးတွေက အပြောသက်သက်ခြိမ်းခြောက်ရုံမဟုတ်တာ လည်လိုက်သည်။ စံမင်းညို ကြောက်ရွံ့လို့တော့ မဟုတ်ပါ။

ထည်ဝါခံ့ညားရဲ့ တန်ပြန်တိုက်စစ်ဆင်မှုကို ဘယ်လိုတုံ့ပြန်ရ ဲ စဉ်းစားနေတာ။ အမေက သူ့ကျောပြင်ကို ဗုန်းခနဲထုပြီး

''စံမင်းညို နင်ဘာအကြံတွေ ထုတ်နေပြန်ပြီလဲ၊ သွား အဲဒါတွေ ပြန်ပေးလိုက်၊ နင့်ဆီမှာတစ်ခုမှမထားနဲ့ ဘာမှလုပ်ဖို့လည်း မစဉ်းစားနဲ့ ဆိုနိုင်ငံမှာနေမှာဆို ပြန်နေလိုက်တော့ သွား''

''ကျွန်တော် ဒီအတိုင်းတော့ အညံ့မခံနိုင်ဘူး အမေ၊ အထပ် ရှုံးနေရင် ကျွန်တော် လူသတ်မိလိမ့်မယ်''

''နင်လူသတ်ချင်သလား ဟုတ်လား၊ အဲဒါဆို ငါ့ကိုသတ် စံမင်း နင့်ကို မွေးထုတ်မိတာ ငါရှက်လွန်းလို့ နင့်မှာအေါက်တန်းကျတဲ့စိတ် ာ ငါရှက်လွန်းလို့ပါဟဲ့ စံမင်းညို့ရဲ့''

အမေအော်ဟစ်ငိုလိုက်တော့ စံမင်းညို စိတ်မချမ်းသာပေ။ အမေ သည်း ကျန်းမာရေးမကောင်းဘူးဆိုတော့ သူဘာလုပ်ရမလဲ။ ကိုယ့် ကြောင့် ရပ်ရွာထဲမှာ မိဘတွေမျက်နှာငယ်ရမှာမျိုးတော့ မဖြစ်စေချင်။ မဲ့ သျှင်မင်းအိမ်နဲ့ပတ်သက်ပြီး သူလူမိုက်လုပ်နေဦးမှာပါ။

''ဦးတို့ ပြန်ကြပါ၊ ဒီကိစ္စ ကျွန်တော့်ဘာသာ ရှင်းလိုက်ပါမယ်''

''မင်း အဲလိုတော့ အလွယ်မပြောနဲ့ ဟိုဘက်က''

''မစိုးရိမ်ပါနဲ့၊ ရပ်ရွာမထိခိုက်အောင် သျှင်မင်းအိမ် တာဝန်ယူနိုင် ယ်''

www.burmeseclassic.com

www.burmeseclassic.com



"မင်း သူ့ကိုဘာတွေသွားအကျပ်ကိုင်ဦးမလို့လဲ၊ သူ့ဘဝနဲ့
ပါစေ"

"ကျွန်တော့်ဘက်က တစ်ယောက်မှအားပေးမယ့်သူ
ဝမ်းနည်းတယ်အမေ၊ သျှင်မင်းနဲ့ပတ်သက်ပြီး ကျွန်တော်ဘာတွေမှာ
ခဲ့လို့လဲ၊ ကျွန်တော် ခံစားရသလောက် ဘာတုံ့ပြန်ခွင့်မှမရှိရတော့ဘူး
ဘယ်သူ့ကိုမှ မထိခိုက်ဘဲ ကျွန်တော်နည်းလမ်းပြောင်းတိုက်မယ် အ
ဒါဆိုရင်တော့ ဖြစ်တယ်မဟုတ်လား"

"ကဲ . . . ကိုဘမောင်တို့ စိတ်အေးအေးထားပြီးပြန်ကြ
ဘယ်သူ့မှ မထိခိုက်စေရဘူးလို့ပြောတာ ကျွန်မ အာမခံပါတယ်၊ ကျ
ရပ်ရွာကိုထိရင်တော့ ရှင်တို့လိုပဲ ကျွန်မလည်း ကျွန်မသားကို ညှာတ
မဟုတ်ဘူး။ သူ့ကို ကျွန်မကိုယ်တိုင်သတ်ပစ်ပါမယ်"

"အင်း အဲဒါဆို ကျွန်တော်တို့ စိတ်ချလက်ချပြန်လိုက်တော့
သူများကို နာမည်ဖျက် အပုပ်ချတာ ကိုယ့်အတွက်လည်းဘာမှ အကျိုး
ပါဘူး၊ ရန်စရှည်ရင် မိဘတွေစိတ်ဆင်းရဲရုံပဲရှိမယ်၊ လိမ်မာပါတော့
လူကြီးတွေက စံမင်းညို ပခုံးကိုပုတ်၍ပြောကာ ပြန်သွား
သည်။ အမေ့ရဲ့သက်ပြင်းရှိုက်သံတွေကြားရတော့ စံမင်းညို လက်သီး
တင်းတင်းဆုပ်လိုက်၏။ ထည်ဝါခံ့ညားရဲ့ တန်ပြန်တိုက်စစ်ဆင်မှုက
ရောက်လွန်းနေသည်လား။

ပညာတတ်မို့ ဉာဏ်ပြေးတာကတော့ ဩချရလောက်ပေသ
လူတွေရဲ့အားနည်းချက်ကို အညာကိုင်ကျွမ်းကျင်တာကတော့ ဒီ
တန်းစားတွေရဲ့အတတ်ပညာဖြစ်မည်။

မင်းဘယ်လောက်ထိ သျှင်မင်းအိမ်ကိုချစ်နိုင်မလဲ ငါစောင့်ကြ
ဦးမယ် ထည်ဝါခံ့ညား။ ငါ့ရန်သူဖြစ်တဲ့မင်းကို ငါအနိုင်ယူပြမယ်။

✤ ✤ ✤

# အခန်း (၂၅)

"ဦးထည်ဝါ . . . ဦးထည်ဝါ၊ ရှင်ထဦး၊ ကျွန်မမေးစရာရှိတယ်
ပြန်ထ"

သျှင်မင်းအိမ်အသံက နားထဲမှာမညင်သာ။ ခပ်ဆောင့်ဆောင့်
နိုးခေါ်သံက တစ်ခုခုကိုဒေါသဖြစ်နေသလိုပင်။

"ဦးထည်ဝါ"

"ဘာလဲကွာ၊ မင်းကိုကိုလို့ခေါ်ရင် တစ်ခွန်းတည်းနဲ့ ဝေါက်ခနဲ
ထိုင်မှန်းသိရဲ့သား။ အဲဒီဦးထည်ဝါဆိုတာကြီးက နားကြားပြင်းကတ်ဖို့
ကောင်းလိုက်တာ၊ ကိုယ့်နာမည်မဟုတ်သလိုပဲ ပြန်ခေါ်ကိုကိုလို့"

"မခေါ်နိုင်ဘူး။ အခုလေးတင် အမေတို့ဖုန်းဆက်တယ်၊ ကျွန်မ
နေခဲ့တဲ့ရပ်ကွက်လေးကို ရှင်ဝယ်မလို့ဆို၊ အဲဒါဘာလဲ တကယ်လား"

"ဟင်"

သတင်းက သျှင်မင်းဆီရောက်တာမြန်လှချည်လားဟု အံ့ဩ
ပဲ လှဲအိပ်နေရင်းက ထထိုင်လိုက်သည်။

"မင်းအမေဖုန်းဆက်တာ၊ သူတို့က အဲဒီရပ်ကွက်ကို သွားပို့
း"

"သတင်းလာပေးတဲ့သူရှိလို့နေမှာပေါ့"

www.burmeseclassic.com



''အဲဒီသတင်းပေးတဲ့သူက စံမင်းညံ့မဟုတ်လား''

လှည့်ပတ်လိမ်ညာမထားချင်၍ သျှင်မင်းအိမ် ခေါင်းညိတ်လိုက်သည်။

''ဟုတ်တယ်၊ အမေတို့ကို စံမင်းညံ့လာပြောတာတဲ့၊ ... ဖောက် ကျောင်းဆောက်တွေ လုပ်မပေးတော့အဲ ရှင့်ပရိုဂရန်အတွ... ဝယ်လိုက်တော့မယ်ဆို''

''ဟုတ်တယ် အဲဒါက''

''ရှင်ဘာယ်လိုလုပ်လိုက်တာလဲ ဦးထည်ဝါ၊ သူတို့ အဲဒီနေရာ... ဖယ်ပေးလိုက်ရင် ဘယ်သွားနေကြမှာလဲ၊ ရှင့်ကို ကျွန်မတောင်းဆို... တာတွေ များလွန်းနေလို့လား၊ အဲဒါဆို ဘာမှမလုပ်ပေးပါနဲ့၊ သူတို့နေ... လေးမှာ နေမြဲအတိုင်းနေကြပါစေ၊ ဒုက္ခတော့သွားမပေးပါနဲ့''

''ဝါ အဲလိုဒုက္ခမပေးရင် ငါတို့ကိုယ်တိုင် ဒုက္ခရောက်သွား... မယ် မင်းသိလားသျှင်မင်း''

''ဘာဖြစ်လို့လဲ ဘာလို့လဲ၊ ရှင်ကျွန်မကို ဘာမှမတိုင်ပ... ဘာတွေလျှောက်လုပ်နေတာလဲ၊ ဒီသတင်းကြောင့် တစ်ရွာလုံးအ... လောက်တောင် ပူလောင်နေကြပြီလဲမသိဘူး ဦးထည်ဝါရယ်၊ ရှင်... ကျွန်မက သူတော်ကောင်းပါ လူကောင်းတစ်ယောက်ပါလို့ ထင်ထား... ရှင့်ဇာတိရုပ်ပေါ်လာပြီပဲ၊ ရှင့်ရဲ့ မင်းသားခေါင်းကြီးကျွတ်သွားပြီပဲ၊ ကျ... ကို အယုံသွင်းပြီး ကျွန်မနောက်ကျောကို ရှင်ဓားနဲ့ ထိုးလိုက်တာလ...

''သျှင်မင်း တော်ပါတော့''

စွာစွာသလဲ သူ့ကိုအပြစ်ပြောရန်တွေ့နေသော သူမရဲ့ပါး... လက်နှင့်လှမ်းပိတ်တော့ သူ့လက်ကိုဆွဲရုန်းကာတ်ဖွဲ့ကာ

''သွား ... ကျွန်မကို လာမထိနဲ့၊ ရှင့်မှာ အဲလိုစိတ်ဓာတ်... တယ်ဆိုရင် ရွံ့တယ်မုန်းတယ်''

''မင်းစွတ်ကောမနေနဲ့ ကိုယ်ရှင်းပြတာနားထောင်ဦး၊ ကိုယ်...



...လုပ်ရင် မင်းနဲ့ကိုယ်နဲ့ ကွဲရလိမ့်မယ်''

''ဘာဆိုင်လို့လဲ၊ အဲလိုလုပ်မှ ရှင့်ကိုမုန်းပြီးကွဲမှာ၊ အခုကွဲမယ်... ...င်နဲ့ မပေါင်းဘူး၊ လူဆိုးကြီး နောက်ကျောဓားနဲ့ထိုးတဲ့ လူယုတ်မာကြီး ...ချစ်ဘူး ရှင့်ကိုမချစ်ဘူး''

''သျှင်မင်း ... မင်းကွာ''

''အား ... ဖယ်နော်ရှင်လွှတ်''

သူမကို အိပ်ရာထဲဆွဲလှဲ၍ နပမ်းလုံးပစ်လိုက်သည်။ ဒေါသ... ...်နေသော သူမအားသန်သန်နှင့် တွန်းထိုးရုန်းကန်၏။

ဆွဲရုန်းရိုက်ပုတ်ထုနှက်နေသော သူမလက်တွေကို ဖမ်းချုပ်ကာ ...တ်တိုတိုနှင့် တစ်ကိုယ်လုံးသိမ်းကြုံးနမ်းပစ်လိုက်သည်။ ခဏနေတော့ ...်ယောက်လုံး မောပန်းခွေးပြန်ကာ မွေ့ယာကြီးပေါ်မှာ ပက်လက်လန် ...သွားကြသည်။

''အဟင့် ... ဟင့်''

''ဟာ ... သျှင်... သျှင်မင်း၊ မင်းငိုနေတယ် ဘာဖြစ်လို့လဲ ...ာလို့ငိုတာလဲ''

သူလှုးလဲထကာ ပွေ့ထူပြီးမေးမှ သူမ သည်းသည်းထန်ထန် ...ာ်ဟစ်ရှိုက်ငိုလေသည်။ တကယ်ကို ဝမ်းနည်းမက်လက်ငိုကြွေးခြင်း ...ပါ။

''သျှင်မင်း ဘာလို့ငိုတာလဲကွာ၊ ကိုယ့်ကိုစိတ်မကောင်းဖြစ် ...အောင်မလုပ်ပါနဲ့''

''ရှင့်ကို ကွာရှင်းချင်တယ် ဦးထည်ဝါ၊ ကျွန်မကိုကွာပေး''

''ကိုယ်က မင်းနဲ့မကွာရှင်းချင်လို့ စံမင်းညံ့ကို ခြောက်လှန့်နေ... ...၊ မင်းက ဘာလို့ကွာရှင်းချင်တယ်ပြောနေတာလဲ''

''ရှင်က စံမင်းညံ့ကို ခြောက်လှန့်နေတာမဟုတ်ဘူး၊ ရှင်အဲလို ...ုပ်လိုက်တဲ့အတွက် တစ်ရွာလုံးက ကြောက်လန့်တုန်လှုပ်နေလောက်ပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ အားလုံးလုပ်ပေးမယ်ဆိုလို့ သူတို့ပျော်နေကြတာပါ''

''အဲဒီလို မျှော်လင့်ချက်တွေရှိနေတဲ့အချိန်မှာ ကိုယ်ဒီလိုလုပ် ဆိုမှ စံမင်းညွှံ့ကိုပို့ပြီး မကောင်းမြင် ဖိအားပေးတော့မှာပေါ့ သျှင်မင်း အဲဒီစီဒီခွေတွေ မှတ်တမ်းတွေအားလုံးနဲ့ ကိုယ်အလဲအထပ်လုပ်ထား ပါ''

''ဟင်''

''ဟုတ်တယ် ... ကိုယ့်မှာ တခြားနည်းလမ်းသုံးစရာမရှိ ဘူး။ အသနားခံတောင်းလို့လည်းမရ၊ ငွေပေးဝယ်လို့လည်းမရ ညစ်ပတ်တာကို ညစ်ပတ်တဲ့နည်းနဲ့ပဲ တိုက်စစ်ဆင်ကြည့်ရတာ သျှင် လူကြီးတွေကို သူမကောင်းတာသိစေပြီး သူ့ကိုဖိအားပေးဖို့ တိုက် လိုက်ရတယ်၊ ဒီလိုမျိုး လူကြီးတွေကိုပါ စိတ်ညစ်အောင်ခြိမ်းခြောက် ရတာ ကိုယ်မကောင်းဘူးဆိုတာ သိပါတယ်၊ ဒါပေမဲ့ ကိုယ်ဘယ်လို ရမလဲ''

''တကယ်လို့ စံမင်းညွှံ့ ဘယ်သူ့ကိုမှ မငဲ့ညှာဘဲ အလဲအ အပေးအယူမလုပ်ဘူးဆိုရင် ရှင်ဘာဆက်လုပ်မှာလဲ၊ ခြိမ်းခြောက်တ ပြောထားတာကို တကယ်လုပ်မှာလား၊ စံမင်းညွှံ့ကို အရှုံးပေးလိုက် လား''

''နိုး ... စံမင်းညွှံ့ကိုတော့ ကိုယ်အရှုံးပေးမှာမဟုတ်ဘူး''

ထည်ဝါခံ့ညား ပြတ်သားနေတာကြောင့် သူမစိုးရိမ်မှုက အ အထိပ်ရောက်လာခဲ့သည်။ သူ့ဘက်ကိုတည့်တည့်လှည့်ကာ သူ့မျက် ကို မယုံမရဲစွာကြည့်၍

''ရှင်အဆုံးထိ ဘယ်လိုတွေလုပ်ဖို့ ဆုံးဖြတ်ထားတယ်ဆို ကျွန်မကို ပြောပါဦး။ ကျွန်မအတွက်နဲ့ တခြားသူတွေ ထိခိုက်မှာမျိုး ကျွန်မလက်မခံဘူး''

''မင်းလို စေတနာမျိုးနဲ့ တခြားသူတွေအတွက် စံမင်းညွှံ့



တတ်ခဲ့မယ်ဆိုရင် အခြေအနေတွေက ပြောင်းလဲသွားမှာပါ၊ ကိုယ် ကို စိတ်ဆင်းရဲအောင်မလုပ်ပါဘူးသျှင်မင်း စိတ်ချပါ''

''အမေတို့တောင် အဲဒီသတင်းကြားပြီး တော်တော်စိတ်မကောင်း နေတာ၊ ကိုယ့်ရဲ့ဥပါဒါန်နဲ့ သူများတွေ ဒုက္ခရောက်တော့မှာမို့လို့တဲ့လေ၊ မေငိုပြီး ဖုန်းဆက်တော့ စိတ်ထဲအရမ်းကို ထိခိုက်ရတယ်၊ အိမ်ခြေမဲ့ တန်းစားတွေဆိုတာ အမြဲကျိုးလန့်စာစား ထိတ်လန့်နေရတာပါ''

''အဲဒါက စံမင်းညွှံ့ ငဲ့ညှာတတ်စေချင်တယ်၊ သူ့ရဲ့စိတ်တစ်ခု ကြောင့် သူ့မိဘအပါအဝင် အားလုံးဒုက္ခရောက်မယ့်အခြေအနေကို ပဲကယ်တင်နိုင်မှာ၊ ဒါကိုတောင် ဘယ်လိုရည်ရွယ်ချက်နဲ့ သျှင်မင်းကို အသိပေးတိုက်ခိုက်လိုက်တာလည်း မသိဘူး''

''ဟင် ... ကျွန်မကို အသိပေးတာ ရှင့်ကိုတိုက်ခိုက်တာလား''

သူမ နားမလည်သလို၊ မျက်လုံးဝိုင်းလေးနှင့် ကြည့်ကာမေး တော့ သူမခေါင်းလေးကိုပုတ်၍ သူပြုံးလိုက်ပြီး

''ကိုယ်ဒီလိုလုပ်တယ်ဆိုတာ သျှင်မင်းသိရင် ပေါက်ကွဲမယ်လေ၊ ကိုယ်ကတမင်သျှင်မင်းကို အသိမပေး မတိုင်ပင်ချင်တာမျိုးမဟုတ်ပါဘူး။ သျှင်မင်းသိရင် စိုးရိမ်စိတ်တွေနဲ့ ဘယ်လိုမှခွင့်ပြုမှာမဟုတ်ဘူး။ အဲဒါဆိုရင် ကိုယ်တို့ဘက်က တိုက်ခိုက်မှုမရှိတာနဲ့ သူကရဲတင်းပြီး သူလုပ်စရာရှိတာ လုပ်သွားမှာ၊ အဲလိုလုပ်လို့ သျှင်မင်းနဲ့ သူ့ရဲ့သတင်းတွေ အင်တာနက် ပေါ်မှာနေ ပြန့်သွားရင်၊ သျှင်မင်းရဲ့ဂုဏ်သိက္ခာ ဘာမှရစရာရှိမှာမဟုတ်တော့ ဘူး။ ကိုယ်တို့မှာလည်း ဂုဏ်သိက္ခာဆိုတာတွေရှိတယ်လေ၊ ဖေဖေဆို အဲဒီစိတ်နဲ့ကျန်းမာရေးတောင် မကောင်းဘူး။ မေမေလည်း စိတ်ထိခိုက် နေရတယ်၊ အဲဒါကြောင့် ဒီနည်းလမ်းကိုသုံးပြီး ကိုယ်တန်ပြန်တိုက်စစ်ဆင် ကြည့်တာပါ သျှင်မင်း''

သူပြောတာလည်း ဟုတ်သားပဲလို့ ဖြေတွေးနေရသော်လည်း စိုးရိမ်စိတ်တို့က မပျောက်သေးပေ။ ထည်ဝါခံ့ညားကို လက်မထပ်ခဲ့လျှင်

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကိစ္စတွေ ဖြစ်လာမှာမဟုတ်။

သူမ နောင်တပင်ရချင်ချင်ပါ။

"မင်း ဘာတွေးနေတာလဲ သျှင်မင်း။ ကိုယ့်ကိုမှားတယ်လို့

"ဟင့်အင်း ... ကျွန်မကိုယ် ကျွန်မပဲ မှားတယ်လို့ထင်တာ ရှင့်ကိုသာလက်မထပ်ခဲ့ရင် ဒီလိုကိစ္စတွေရှိလာမှာ မဟုတ်ဘူး"

"စံမင်းညီနဲ့ လက်ထပ်ရင်သာ အဆင်ပြေမယ်ပေါ့လေ"

"အဲလိုဖြစ်လာမလား၊ မလာဘူးလားဆိုတာတော့ မသိဘူး ဒီလိုပဋိပက္ခမျိုးဖြစ်မလာမှာကတော့ သေချာတယ်မဟုတ်လား"

သူ ကျွတ်ခနဲအသံပြုလျက် ခုတင်ပေါ်က ခုန်ဆင်းလိုက်သည် ပန်းရောင်ဖျော့ဖျော့ ညဝတ်အင်္ကျီကို ခေါင်းကနေလှန်ချွတ်ပြီး ခုတင် ပစ်ပေါက်တင်လိုက်ကာ

"မင်းတို့ကြားမှာ ငါကပဲဝင်ရှုပ်နေတာ၊ အရှုပ်ထုတ်ကောင် ဟုတ်လားသျှင်မင်း။ ထည်ဝါခံ့ညားသာပေါ်မလာခဲ့ရင် မင်းတို့ချစ် နှစ်ယောက် အနှောက်အယှက်ကင်းကင်း၊ အန္တရာယ်ကင်းကင်းနဲ့ ကြည် ပျော်ရွှင်နိုင်မယ်၊ သာယာနွေးထွေးနိုင်မယ်"

"တော်တော့ လျှောက်ပြောမနေနဲ့"

သူမ ခုတင်ပေါ်ကဆင်းကာ သူ့ပါးစပ်ကို ခြေဖျားလေးထော ၍ လှမ်းပိတ်ရသည်။ သဝန်တိုပြီး မခံချိမခံသာပြောနေတာ သိလို့ ထည်ဝါခံ့ညားက စိတ်ကောက်သလို သူမလက်ကိုပုတ်ချပြီး မျက် ကြီးက စူချိတ်နေကာ ...

"ငါချစ်သလို မင်းမချစ်ဘူး၊ ငါချစ်သလောက် မင်းမချစ်ဘူး စံမင်းညီလောက် အရေးမပါဘူးဆိုတာ ငါသိတယ်"

"ငါ့တွေ ဘာတွေနဲ့ပြောနေတယ်နော်၊ ရှင်လူကြီးဖြစ်ပြီး စိတ် ကောက်တာလား"

"မင်းရော ဦးထည်ဝါလို့ မခေါ်ဘူးလား"



"ဒါကတော့ ရှင်တိုင်ပင်မထားတဲ့ကိစ္စသိလိုက်ရတော့ စိတ်ဆိုးသို့ပေါ့၊ လင်နဲ့မယားဆိုတာ ဘာပဲဖြစ်ဖြစ်တိုင်ပင်ရမှာ"

"လင်နဲ့မယားဆိုတဲ့ အသိရှိရင် ခုနကစကားမျိုးမပြောသင့်ဘူး။ စံမင်းညီကို စိတ်မပြတ်သလိုပြောတာ ငါဘယ်လောက်ခံစားရမယ်ထင်လဲ"

"ကဲပါ ... လူကြီးဖြစ်ပြီး စိတ်ကောက်တာကြည့်လို့လည်း မကောင်းဘူး၊ မျက်နှာကြီးပြင်လိုက်"

"မပြင်ဘူး"

ထည်ဝါခံ့ညား တကယ်ကို စိတ်ကောက်နေလေသည်။ သူမ စိတ်ကောက်လျှင် စိတ်ပြေအောင်ချော့တတ်သူမို့ သူမလည်း သူ့စိတ်ပြေအောင် ချော့ရတော့မှာပေါ့။ ဒါကြောင့်မို့ အင်္ကျီချွတ်နှင့် ကျောခိုင်းနေသော ထည်ဝါခံ့ညားကို နောက်ကနေသိုင်းဖက်လျက် သူ့ကျောပြင်ကျယ်ကို နှုတ်ခမ်းလေးဖြင့်ထိပြီး ရှိုက်နမ်းလိုက်သည်။

"ဒီကိစ္စတွေ မြန်မြန်ပြီးပြတ်သွားရင်ကောင်းမှာပဲ၊ ကျွန်မ ကိုကိုနဲ့ ဘာပဋိပက္ခတွေမှမရှိဘဲ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်နေချင်တယ်၊ နှစ်ဖက်မိဘတွေလည်း စိတ်ချမ်းသာ၊ ကျွန်မတို့လည်း စိတ်ချမ်းသာပြီးတော့ သားသားမီးမီးလေးတွေအတွက် အချိန်ပေး"

"ဟင် ... မင်း ... မင်းမှာရင် ... ရင်သွေးလေးရှိနေပြီလား"

သူမဘက်ကိုလှည့်ကာ မျှော်လင့်တကြီးမေးတော့ သူမမျက်နှာလေး အရှက်သည်းကာ ပန်းသွေးရောင်ပြေးသွားသည်။

"မရှိသေးပါဘူး၊ စိတ်ကူးထဲမှာရှိတာကို ပြောတာ"

"အဲလိုစိတ်ကူးထဲရှိတယ်ပြောလို့ ကိုယ်ကျေးဇူးတင်ပါတယ် သျှင်မင်း။ ကိုယ်ကလက်တွေ့အကောင်အထည်ဖော်အောင် ကြိုးစားပေးမယ်"

"ဘာကြိုးစားပေးမှာလဲ"

"ဩော် ... အားလုံးအဆင်ပြေအောင်လို့ပေါ့၊ စံမင်းညီကိစ္စကိုသာ

www.burmeseclassic.com

www.burmeseclassic.com



ရှင်းနိုင်ရင် ကိုယ်တို့အတွက် စိတ်ညစ်စရာဆိုတာရှိမှာ မဟုတ်ဘူးလေ"

"သူလွယ်လွယ်အလျှော့ပေးတတ်တဲ့သူ၊ သူများတွေကို ဖုံ့ညှာတတ်တဲ့သူမဟုတ်ဘူး။ ဒီကိစ္စရှေ့ဆက်တိုးလို့ အဆင်မပြေနိုင်ဘူးဆိုရင် နောက်ထပ်နည်းလမ်းတစ်ခုနဲ့ တိုက်ခိုက်ဦးမှာပဲ"

"ကိုယ်သူ့ကိုသွားတွေ့လိုက်မယ်၊ သူလည်းကိုယ့်ကိုတွေ့ချင်နေလိမ့်မယ်၊ သူ့မှာမေးစရာတွေရှိနေမှာ၊ ကိုယ်လည်း သူ့ကိုမေးစရာရှိတယ်၊ မင်းမျှော်လင့်ထားသလို သျှင်မင်းနဲ့ငါ ဘာပြဿနာမှမဖြစ်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိကြတယ်ဆိုတာ ပြောပြရမယ်"

"ရှင် ရန်သွားစသလိုဖြစ်နေဦးမယ်၊ စံမင်းညုံက ငယ်ငယ်တည်းက သည်းခံတတ်တဲ့စိတ်ရှိတာမဟုတ်ဘူး"

"မင်းက သူ့အကြောင်းတော်တော်များများ သိတယ်နော်၊ ငါအရမ်းသဝန်တိုတယ်၊ တခြားတစ်ယောက်ကို မင်းချစ်ခဲ့ပါလားလို့ တွေးမိရင် ခါးသီးလွန်းတယ်၊ ကမ္ဘာပေါ်မှာ မင်းချစ်တဲ့ယောက်ျားက ငါ တစ်ယောက်ထည်းဖြစ်ချင်တာ"

"ရှင်ကလေ တကယ်လောဘကြီးတဲ့သူ"

"ဘာ"

"အမှန်အတိုင်းပြောတာ၊ စိတ်မကောက်နဲ့နောက် ဒီတစ်ခါ မချော့ဘူး"

သူမရဲ့အပြောလေးကြောင့် သူရယ်လိုက်မိသည်။ သူမရဲ့ ပွင့်လင်းရိုးသားပုံလေးကို သူဒါကြောင့် ချစ်မိတာပါ။ တချို့မိန်းကလေးတွေလို စိတ်ကုန်လောက်အောင် ကြာရှည်လည်း စိတ်မကောက်တတ်။

ကိုယ့်ဘက်က စိတ်ဆိုးလျှင်လည်း အထီးကျန်ပျင်းရိခြင်းမရှိအောင် ချော့မော့နှစ်သိမ့်ဖို့လည်း ဝန်မလေးတတ်။ အိမ်ထောင်မှု ထိန်းသိမ်းတတ်သလို၊ သူ့အလိုဆန္ဒများကိုလည်း လိုက်လျောတတ်သည်။ ဒီလိုမိန်းကလေးမျိုးကို သူဘယ်လိုလုပ် စွန့်လွှတ်နိုင်ပါ့မလဲ။ တစ်သက်တာ





လုံးအတွက် ပိုင်ဆိုင်ဖို့ ရည်ရွယ်ရင်း၊ လှုယှူဖို့ကြိုးစားနေသော စံမင်းညုံကို သူဘယ်တော့မှ အရှုံးပေးမှာမဟုတ်ပေ။

အချစ်နဲ့ စစ်မှာ မတရားဘူးဆိုတာရှိပါ့မလား။ ရင်ဆိုင်ဖို့ အသင့်ပဲ စံမင်းညုံ။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၆)

''စံမင်းညို မင်းလာမှလာပါ့မလားလို့''

''ရင်မဆိုင်ရဲဘဲ ကြောက်လန့်ထွက်ပြေးသွားပြီ ထင်လို့လား။ စံမင်းညိုရာဇဝင်မှာ ကြောက်လို့ရှောင်ပြေးတယ်ဆိုတာ မရှိဘူး။ အား မသန်လို့ မာန်လျှော့လိုက်ရတယ်ဆိုတာမျိုးလည်း မရှိဘူး။ ကိုယ့်ကိုလာစွ ရင် ရှိသမျှအစွယ်ကို ပြန်ထုတ်ပြတတ်တယ်''

''မင်းလေကြီးတယ်လို့ သတင်းမွှေးနေတာ မမှားဘူးပဲ၊ အခုမင်း မျှော်လင့်ထားသလို ငါတို့လင်မယားမကွဲတော့ မင်းဘယ်လိုခံစားနေရလဲ''

''ရှိပြီးမေးတာ ယောကျ်ားမဆန်ဘူးဆိုပေမယ့်၊ ကျုပ်ကရင်ဖွင့် ချင်နေတာနဲ့ အံကိုက်ပဲဗျာ၊ ကျုပ်အခု အရမ်းကြေကွဲနေတယ် နာကျင်နေ တယ်၊ ဟိုအရင် သျှင်မင်းနဲ့ ချစ်သူဘဝက အချိန်တွေကိုပြန်သတိရနေ တယ်၊ သူ့ရဲ့ လက်ကလေးကိုင်၊ သူ့ပခုံးလေးကို အတူလမ်းလျှောက်ခဲ့ တာတွေ၊ လူရှင်းတိတ်ဆိတ်တဲ့နေရာမှာ ချိန်းတွေ့ပြီး၊ သူ့ပါးလေးတွေ နဖူးလေးတွေ ဆံပင်လေးတွေကို မြတ်မြတ်နိုးနိုးနမ်းရှိုက်ခဲ့တာတွေ''

''ဟိတ်ကောင်''

ဝန်တိုခြင်းတွေ အလိပ်လိုက်တက်လျက် မျက်နှာနီနီဖြင့် ဒေါသ ဖြစ်စွာအော်တော့၊ မခံချိမခံသာ အမြင်ကတ်လောက်အောင် စံမင်းညို



ဟောင်ရယ်လေသည်။

''ဒီထက်ထိတွေ့ပတ်သက်တာတွေပြောရင် ခင်ဗျားမူးမေ့လဲ သွားဦးမယ်၊ ခင်ဗျားလည်းယောကျ်ား၊ ကျုပ်လည်းယောကျ်ား၊ ဘယ် ယောကျ်ားမှ ချစ်သူမိန်းကလေးကို မထိရက် မတို့ရက် မနမ်းရက်ဘဲ အလှထိုင်ကြည့်နေတဲ့ ကောင်မျိုးမရှိဘူးနော် ဟုတ်တယ်မဟုတ်လား''

''ဟုတ်ခဲ့ရင်တောင်၊ ကိုယ့်ချစ်သူမိန်းကလေးသိက္ခာကျအောင် မင်းလိုအောက်တန်းကျပြီး အလေနတောလျှောက်ပြောကြမှာတော့ မဟုတ်ပါဘူး၊ မင်းမှာနုမချင်းစာနာတဲ့စိတ် ငဲ့ညှာတတ်တဲ့စိတ်မရှိဘူး၊ ကိုယ်အနိုင်ရဖို့ သူများကိုအပုပ်ချရမှာလည်း ဝန်မလေးဘူး''

''ခင်ဗျားကိုယ်ခင်ဗျားရော သူတော်ကောင်းလို့ ထင်နေလား၊ ကျုပ်ယုတ်မာတယ်ဆိုတာ၊ ကျုပ်ချစ်သူ့ကိုပြန်ရယူဖို့ပဲ ရည်ရွယ်တာ၊ ခင်ဗျားက ငွေအားကိုးနဲ့ အရင်းရှင်ဆန်ဆန် အပြစ်မရှိတဲလူတွေကို ဖိနှိပ် ချုပ်ကိုင်တာ''

''အချစ်နဲ့စစ်မှာ မတရားဘူးဆိုတာရှိလို့လား။ မင်းတောင်မလုပ် သင့်တာကို လုပ်ဖို့ဆုံးဖြတ်ရသေးတာပဲ၊ ငါကလည်း သျှင်မင်းကို မစွန့် လွှတ်ရဖို့အတွက် ကျန်တာတွေကို စတေးပစ်ဖို့ ဝန်မလေးဘူး စံမင်းညို၊ မင်းက မလောက်လေး မလောက်စား မတောက်တခေါက်ဉာဏ်လေးနဲ့ ငါ့ကိုထောင်ချောက်ဆင်ဖို့ ကြိုးစားသေးတဲ့လား။ ဖှားတုပြီး ခရုခုန်ရင် အိုင်ပျက် ရုံပဲရှိမယ်ဆိုတဲ့စကား မင်းမကြားဖူးဘူးလား၊ ငါမင်းကို သနားတယ်ကွာ''

''တောက်''

စံမင်းညို ခံရခက်စွာ တက်ခေါက်တော့ ထည်ဝါခံ့ညား မခံချိ မခံသာဖြစ်သွားအောင် ပြန်ပြီးလှောင်ရယ်၏။ ထည်ဝါခံ့ညားက လက်သီး နှင့်လက်မပွတ်ပြီး ...

''မင်းလိုကောင်လေးမျိုးကို ဒီလိုပွတ်ချေပစ်လိုက်လို့ရတယ် နားလည်လား၊ သျှင်မင်းကြောင့် ငါအကုသိုလ်တွေ မလုပ်ချင်လို့ မင်း

www.burmeseclassic.com

www.burmeseclassic.com



သက်သာနေတယ်မှတ်ပါ၊ မဟုတ်လို့ကတော့"

"ခင်ဗျားကြိမ်းဝါးတိုင်း ကျုပ်ကကြောက်ရွံ့မယ်သူမဟုတ်ဘူး ဦးထည်ဝါ၊ ကျုပ်ကို သွေးပျက်တုန်လှုပ်သွားအောင် ခြောက်လှန့်နိုင်တဲ့သူ မရှိသေးဘူး၊ မယုံဉ်ပြိုင်ရသေးဘဲ ကျုပ်ကိုရှုံးနိမ့်သွားပြီထင်ပြီး ဂုဏ်ယူ နေတာလား"

"မင်းငါ့ကိုပေးဖို့ စီဒီနဲ့ ဓာတ်ပုံမှုရင်းတွေပါလာတယ် မဟုတ်လား၊ မင်းမိဘနဲ့ ရပ်ရွာကလူတွေ ဒုက္ခမရောက်အောင် မင်းလာတောင်းပန် တယ်ထင်တာ"

"ပေးဖို့တော့ပါတယ်၊ ဒါပေမဲ့ တောင်းပန်ဖို့မဟုတ်ဘူး၊ အလဲ အထစ်လုပ်ဖို့၊ နောက်ထပ်ယှဉ်ပြိုင်မှုက နောက်ဆုံးစိန်ခေါ်ခြင်းပဲ"

"ဘာ"

"ရပ်ရွာလူကြီးတွေဆီက သတင်းကြောင့် ခင်ဗျားအရမ်းကို ပျော်နေတယ်ထင်တယ်၊ ဒါကိုအလျှော့ပေးဖို့ စဉ်းစားတာက အရှုံးပေး လိုက်တာမဟုတ်ဘူး ဦးထည်ဝါ၊ ခင်ဗျားနဲ့ ကျုပ် ဘယ်သူ့ကိုမှ မထိခိုက် စေဘဲ တရားမျှမျှတတယှဉ်ပြိုင်ကြတာပေါ့"

"ဓားချင်းယှဉ်ခုတ်မလို့လား၊ သေနတ်ချင်းယှဉ်ပစ်မလို့လား"

"အဲဒါက ဥပဒေမဲ့လုပ်ရပ်တွေပါ၊ ကျုပ်နဲ့ခင်ဗျား တင်းနစ်ရိုက်မယ်"

"ဘာ ... တင်းနစ်ရိုက်မယ် ဟား"

တင်းနစ်မရိုက်တတ်တဲ့သူကို ဆရာတစ်ဆူလို ကျွမ်းကျင်နေ သည့် သူကစိန်ခေါ်တာ သက်သက်မဲ့ညစ်ပတ်တာပေါ့။ စံမင်းညံ့က ခနိုးခနဲ့ပြုံးပြီး

"ဘာလဲ ခင်ဗျားကြောက်လို့လား"

"ငါမရိုက်တတ်တာကို စိန်ခေါ်တော့ မင်းကလူလည်လုပ်တတ် ကြီးလုပ်သလိုဖြစ်မနေဘူးလား၊ ငါက မင်းလိုကြေးစားတင်းနစ်ရိုက်စား နေတဲ့ကောင်မဟုတ်ဘူး၊ မင်းက ဘာကိုတရားမျှတတဲ့နည်းလမ်းလို့ ပြော



နေတာလဲ၊ ယောကျ်ားပီသတဲ့ နည်းလမ်းကိုရွေးချယ်စမ်းပါ"

"ကျုပ်က ဒီတစ်ခုပဲတတ်တော့ ဒါကိုပဲရွေးချယ်ဖို့ ဆုံးဖြတ်ထား တယ်၊ ခင်ဗျားကြောက်တယ်ဆိုရင် အရှုံးပေးတယ်လို့ သတ်မှတ်လိုက်ပြီ နော် ရပြီလား"

"ကျွတ် ... မင်းအောက်တန်းကျတာပဲ"

အဓိပ္ပာယ်မရှိသော စိန်ခေါ်မှုကြောင့် ယောကျ်ားမပီသဘူးလို့ ပြောမိလည်း စံမင်းညံ့ နာကျင်မှာမဟုတ်ပေ။ အနိုင်ရလိုမှုတစ်ခုတည်းကိုပဲ အပိုင်သေချာလိုချင်နေခဲ့တာဖြစ်မည်။

ဒီကောင်ရဲ့စိတ်က တကယ်ကို အခြေအမြစ်အလေးအနက်မရှိ။ သူ့ကိုနိုင်ချင်စိတ်နှင့် သျှင်မင်းအိမ်ကို ပိုင်ဆိုင်ချင်စိတ် ဒါပဲသိသည်။ လက်ထဲမှာ ကိုင်ထားသောအိတ်လေးကို တဆဆလုပ်နေကာ

"သျှင်မင်းအတွက် ဓားချင်းတောင်ယှဉ်ခုတ်ရဲမှုတော့ ဒါကိုမယှဉ် ပြိုင်ရဲစရာဘာရှိလဲ၊ ကျုပ်လည်း သျှင်မင်းနဲ့လက်ထပ်လို့ရအောင် ငွေစုနိုင်ဖို့ အတွက် သူများနိုင်ငံမှာ အသေအလဲကြိုးစားခဲ့ရတယ်၊ ကြေးစားအဆင့် ထိရောက်အောင် ဘယ်လောက်တောင် ပင်ပန်းခဲ့တယ်ထင်လဲ၊ အဲဒီအပင် ပန်းခံ ကြိုးစားခဲ့ရတာတွေအတွက် ရလဒ်ကောင်းတစ်ခုတော့ ထိုက်ထိုက် တန်တန် ရသင့်တာပေါ့ဗျာ၊ အခုတော့ ခင်ဗျားက ကျုပ်ရဲ့မျှော်လင့်ချက် တွေကို ခင်ဗျား သာသာလေးငွေနဲ့ဝယ်ပြီး ကောက်ထားတယ်၊ ခင်ဗျားကို ခင်ဗျားတရားတယ်လို့ ထင်နေလား"

"ကံတရားလို့ မဖြေသိမ့်ဘဲ၊ လောဘနဲ့လိုက်ပြီးတိုက်နေတော့ သျှင်မင်းရဲ့အမုန်းတွေပဲရမှာပေါ့၊ မင်းအဲဒါကို ခံစားနိုင်လို့လား"

"သွေးရှူးသွေးတမ်းနဲ့ ကြောက်လန့်ပြီး ကျုပ်ကိုဖြေသိမ့်မနေနဲ့ ဦးထည်ဝါ၊ ကျုပ်ပေးဆပ်ခဲ့တဲ့ အားကစားနည်းနဲ့ယှဉ်ပြိုင်ဖို့ စိန်ခေါ်တာ တရားမျှတတယ်လို့ ကျုပ်ထင်တယ်၊ ခင်ဗျားအရှုံးပေးပြီး လက်လွှတ်လိုက် မယ်ဆိုရင် ကျုပ်ဒါတွေပေးမယ်၊ အရာအားလုံး သူ့နေရာနဲ့သူ ပြန်ရောက်

www.burmeseclassic.com

www.burmeseclassic.com



သွားတာ၊ ခင်ဗျားတို့ ဂုဏ်သိက္ခာတွေလည်း မပွန်းပဲ့တော့ဘူးပေါ့''

''သျှင်မင်းကို တစ်ခုလတ်ဖြစ်ဖို့ မင်းမျှော်လင့်ထားတယ်ထင်တယ်''

''တစ်ခုလတ်၊ မုဆိုးမ ဘာလိုပဲဖြစ်ဖြစ် ကျုပ်ကတန်ဖိုးထားနိုင်တယ်၊ စိတ်ချမ်းသာတယ်''

''မင်းစိတ်ချမ်းသာမှာစိုးလို့ ငါသျှင်မင်းကို ဘယ်တော့မှ စွန့်လွှတ်မှာမဟုတ်ဘူး''

''ဘာ''

''ကိုယ့်ရဲ့ပြိုင်ဘက်ကို စိတ်ချမ်းသာပါစေလို့ မေတ္တာပို့ရအောင် ငါအရူးမှမဟုတ်တာ၊ မင်းရဲ့စိန်ခေါ်မှုက တရားမမျှတပေမယ့် ငါလက်ခံတယ် စံမင်းညို၊ မင်းလိုအရှုံးကို ငါအနိုင်ယူပြမယ်''

''ဟား . . . သူရဲကောင်းကြီးပဲ၊ ခင်ဗျားကို လေ့ကျင့်ချိန်နှစ်ပတ်ပေးမယ်၊ ခင်ဗျားရှုံးရင် သျှင်မင်းကို ကျုပ်လက်ထဲကြည်ကြည်ဖြူဖြူထည့်ပေးနိုင်ရမယ်၊ ခင်ဗျားနိုင်ရင် ခင်ဗျားတို့ဂုဏ်သိက္ခာတွေအားလုံး ပြန်ပေးမယ်၊ ကျုပ်မြတ်နိုးတဲ့ သျှင်မင်းကိုလည်း တစ်သက်လုံးပြန်မတောင်းတော့ဘူး၊ ယှဉ်ပြိုင်ပြီးတဲ့အချိန်မှာ ကျုပ်ဇီဇာလည်းပြည့်ပြီဆိုတော့ တာ့တာပြနှုတ်ဆက်ပြီး ပြန်ရုံပါပဲ၊ ဘယ်လိုလဲ စည်းကမ်းတွေကို ကြိုက်တယ်မဟုတ်လား''

ရင်ထဲအောက်သီးအောင့်သက်နိုင်သော်လည်း ထည်ဂျီခံ့ညားခေါင်းညိတ်ပြရသည်။ မဖြစ်နိုင်မှန်းသိလျက်နဲ့ စိန်ခေါ်မှုကို လက်ခံလိုက်တာ သျှင်မင်းကို မစွန့်လွှတ်နိုင်တာနှင့် ယောကျ်ားပီသချင်သည့် စိတ်ကြောင့်ပါ။

''ငါ့ကိုစိန်ခေါ်လာရင် ငါလည်းကြောက်လန့်ပြီး အရှုံးမပေးတတ်ဘူး စံမင်းညို၊ မင်းက မင်းကျွမ်းကျင်ပိုင်နိုင်ပြီး အသက်မွေးဝမ်းကျောင်းလုပ်စားနေတဲ့ ဒီနည်းနဲ့ စိန်ခေါ်တယ်၊ ငါက ဘယ်လိုဟာလဲဆိုတာတောင် မသိတဲ့ကောင်၊ တရားမမျှတမှန်းသိပေမယ့် သျှင်မင်းအတွက် ငါ့ဂုဏ်





သိက္ခာအတွက် ငါ့လုပ်ငန်း ငါ့အသိုက်အဝန်းဂုဏ်သိက္ခာအားလုံးအတွက် ကြိုးစားမယ်၊ ရှုံးမယ်လို့တွေးရင် ငါဘယ်တော့မှ အနိုင် ရမှာမဟုတ်ဘူး။ ဒီတော့ ငါနိုင်ကို နိုင်စေရမယ်''

စံမင်းညိုရဲ့ လှောင်သလိုအပြုံးကခံရခက်စေသည်။ မပြိုင်ခင်က ရှုံးပြီးသားဟု တွေးနေဟန်တူ၏။

နိုင်မှာသေချာနေသော ပြိုင်ပွဲတစ်ခုအတွက် ကြိုးပြီးဝမ်းသာဟန်ရှိသည်။ သူဘာကြောင့် သွေးဖျက်ကြောက်ရွံ့ရမှာလဲ။ သျှင်မင်းကို စွန့်လွှတ်နိုင်လျှင် သူနိုင်အောင်ကြိုးစားရုံပဲပေါ့။

မလွယ်ကူမှန်းသိပေမယ့် သျှင်မင်းကိုချစ်သော ချစ်ခြင်းတရားဖြင့်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၈)

"ဟင်"

သူမ အသိစိတ်များနိုးထလာသည့်အချိန်တွင် အိပ်ရာဘေး
မှာ ထည်ဝါခံ့ညားမရှိ။ ဘယ်သွားတာလဲ။ ရေအိမ်ဝင်လို့လား။
အချိန်မျိုး သူတစ်ခါမှအိပ်ရာမထဘူးပါ။ သူမပဲ စောစီးစွာ အိပ်ရာထ
သူ့ကိုစောင်ခြုံပေး အနမ်းပေးပြီး လုပ်စရာရှိတာတွေလုပ်ခဲ့တာ။

အိပ်ရာထပျင်းပြီး အိပ်ပုပ်ကြီးတဲ့သူက ဘာတွေလုပ်ဖို့ ငိုး
ကောင်းစွာ အိပ်ရာထသွားတာလဲ။

သူမ ရေမိုးချိုး အဝတ်အစားလဲပြီးသည့်အချိန်ထိလည်း ထည်
ခံ့ညား အခန်းထဲပြန်ဝင်မလာသေးပါ။

"အေးနွဲ့ . . . နင်တို့အစ်ကိုလေး အောက်ထပ်ဆင်းလာလ

"ရှင် . . . အစ်ကိုလေးက မနက်ငါးနာရီထိုးလောက်တည်
အပြင်သွားတယ်လေ၊ ကိုဘဇံ ကားမောင်းလိုက်ပို့တယ်၊ မမလေ
ပြောမသွားဘူးလား"

"ဟင့်အင်း . . . ပြောမသွားဘူး။ ဘာအကြောင်းကိစ္စအရေး
လို့ အစောကြီးတောင် သွားရတာလဲ၊ ဟိုအိမ်မှာနေတုန်းကရော ဒီလို
အရေးအကြောင်းကိစ္စရှိလို့ စောစောအိပ်ရာထသွားရတာမျိုးရှိလား"



"မရှိဖူးဘူး မမလေးရဲ့၊ အစ်ကိုလေးက နေ့ဘက်နဲ့ ညဘက်ပဲ
အလုပ်လုပ်တာ၊ မနက်ပိုင်းကတော့ ဆယ်နာရီထက် စောနိုးရင် တစ်အိမ်
လုံးကို သောင်းကြမ်းတော့တာပဲ၊ မေမေကြီးကနှိုးခိုင်းလို့ နှိုးပေးတဲ့အလုပ်
သမားတစ်ယောက်ကိုတောင် အလုပ်ထုတ်ပစ်ဖူးတယ်၊ အဲလောက်ထိ
အစ်ကိုလေးက အိပ်ရေးမက်တယ်"

အေးနွဲ့ပြောပြနေမှ သျှင်မင်းအိမ် ပိုပြီးအံ့သြရသည်။ ဒီလောက်
မိကောင်းကောင်းနှင့် အိပ်ရေးမက်တဲ့သူက သူမကို အသိမပေး မပြော
ဆို ဘယ်ကိုထသွားပြန်တာလဲ။

စံမင်းညီနှင့် ပြဿနာဖြစ်ပြန်ပြီလား။ စိတ်ရှုပ်ရှုပ်နှင့် ဖုန်းခေါ်
ကြည့်တော့ စက်ကပိတ်ထားသည်။

"မမလေး ဘာစားမလဲဟင်၊ ကျွန်မ ဘာလုပ်ပေးရမလဲ"

"မလုပ်ပါနဲ့ဦး အေးနွဲ့ရယ်၊ ဘာမှလည်းစားချင်စိတ်မရှိဘူး၊
သူဘယ်သွားပြီး ဘာတွေဖြစ်နေလဲ စိတ်ပူနေတယ်၊ ကုမ္ပဏီကိစ္စပြဿနာ
တွေ ဘာတွေမဖြစ်လောက်ပါဘူးနော်"

"ဖြစ်လည်း အစ်ကိုလေး ကိုယ်တိုင်ရှင်းလိုက်ရတာမျိုးမရှိပါဘူး၊
တာဝန်ခံတွေက သူတို့ဘာသာပြေလည်အောင် ရှင်းလိုက်ရတာချည်းပါပဲ"

"သူ . . . သူ့အဖေများ ကျန်းမာရေးအခြေအနေတော်တော်ဆိုး
လို့လား"

"သူတို့မှာ ဆေးကောင်းဝါးကောင်း သမားတော်ကောင်းကောင်း
တွေ ရှိပါတယ်၊ ဘာမှမစိုးရိမ်ပါနဲ့ မမလေးရဲ့၊ အစ်ကိုလေး ပြန်လာမှာပါ"

အေးနွဲ့က စိတ်သက်သာရန် ဖြေသိမ့်နေသော်လည်း သူမ
ရင်ထဲမှာ ပူပန်နေဆဲပဲဖြစ်သည်။ စံမင်းညီနှင့် တွေ့ဦးမယ်ပြောထား၍
ပြဿနာတွေ ထပ်ဖြစ်နေဦးမှာစိုးလို့ပါ။

သူမ တစ်မနက်လုံး နေမထိထိုင်မသာဖြင့် ခြံအဝင်ဝဘက်ကို
လည်ပင်းတရှည်ရှည် တမျှော်မျှော်နှင့် ဖြစ်နေခဲ့သည်။ ဆယ်နာရီကျော်လို့

www.burmeseclassic.com



ကုမ္ပဏီကို ဖုန်းဆက်ကြည့်တော့လည်း ကုမ္ပဏီကို မရောက်သေး။

"မမလေး နေ့လယ်စာ စားတော့မလား"

"ဟင် . . . ဘယ်နှစ်နာရီထိုးသွားလို့လဲ"

"နေ့လယ်ဆယ့်နှစ်နာရီကျော်ပြီ မမလေး၊ မနက်လည်း ဘာ မှစားဘူး၊ အစ်ကိုလေးကို မစောင့်တော့ဘဲ စားလိုက်ပါလားဟင်"

"မစားသေးပါဘူးကွယ်၊ သူ့ကိုစောင့်လိုက်ပါဦးမယ်"

သူ ဘာဖြစ်နေမှန်းမသိဘဲ၊ သူမစိတ်ဖြောင့်ဖြောင့် စားဝင်နိုင်မှ မဟုတ်ပေ။ ရင်ထဲမှာ စိုးရိမ်ပူပန်စိတ်တွေများနေတာ၊ သူ့ကိုရင်ထဲ တကယ်နှစ်နှစ်ကာကာ ချစ်မိလားလို့ပဲလား။

သူမအပေါ်ဂရုစိုက်တာ၊ တန်ဖိုးထားတာ၊ နွေးထွေးလိုက်လျော ရှိတာလေးကို သူမအလေးအနက် ခံစားမိလာတာတော့ အမှန်ပဲဖြစ်သည်

ရန်ဖြစ်လိုက် ချော့လိုက် သဝန်တွေတိုလိုက်ဖြင့် သူနဲ့နေရတာ ပျော်စရာလည်းကောင်းလာပါသည်။ သူမက သူတို့အသိုက်အဝန်း လိုက်လျောညီထွေနေပေးရတာကနည်းပါးပြီး သူကသာ သူမနှင့် သ ဖာတဖြစ်အောင်နေပေးတတ်တာကများ၏။

ဒါတွေကြောင့်လည်း တဖြည်းဖြည်းနှင့် သူ့အပေါ်ယုံကြည် အားကိုးလာခဲ့မိတာ။

"တီ . . . တီ"

"ဟင်"

ခြံဝင်းထဲဝင်လာသော ကားဟွန်းသံကြောင့် သူမအတွေးတွေ သွားကာ၊ ကဗျာကသီ သူ့ကားအနီးအပြေးသွားမိသည်။

"ကို . . . ကိုကို ဘာဖြစ်လာတာလဲ၊ ဟင် နေမကောင်းတာ လား"

မျက်နှာတစ်ခုလုံးက နီရဲပြီး၊ အားမရှိသလို ခွေခေါက်နေသည် ပုံစံမို့ ကားထဲကထွက်လာသော သူ့လက်မောင်းကို တွဲကိုင်မိသည်။



"အား"

"ဟင် . . . လက် . . . လက်က ဘာဖြစ်လို့လဲ၊ ကျွန်မကိုင်တာ နာလို့လား"

နာကျင်စွာရှုံ့မဲ့နေတာမို့ သူမခြေမကိုင်မိ လက်မကိုင်မိ စိုးရိမ် သွားရသည်။

"ကိုဘဖ အဲဒါတွေ သိမ်းထားလိုက်ဦး"

ကိုဘဖကို သိမ်းထားခိုင်းတာတွေက စံမင်းညီတင်းနစ်ရိုက် တုန်းက မြင်ဖူးထားတာတွေပါ။

"အား . . . ကျွတ်ကျွတ်"

ခြေထောက်တွေကလည်း မလှမ်းနိုင်တော့သလို စုံရပ်ပြီး ညည်း ညူသည်။

"ကိုကို ဘာဖြစ်လာတာလဲ၊ ကားအက်ဆီးဒင့်ဖြစ်လာတာလား ဘယ်နေရာမှာ ထိခိုက်လာတာလဲ၊ ဘယ်နေရာမှာဖြစ်တာလဲ၊ ကိုကိုက အစောကြီး ဘာကိစ္စရှိလို့ ထသွားတာလဲ၊ ဆေးခန်းရော ဝင်မပြခဲ့ဘူးလား၊ ဟိုဘက်ကရော ဘာဖြစ်သွားသေးလဲ"

သူမ စိတ်ထဲထင်သလို စိုးရိမ်တကြီး မနားတမ်းမေးနေတာမို့ သူရယ်ချင်သွားသည်။ ဒါပေမဲ့ မရယ်နိုင်ပါ။

ဒီနေ့ တင်းနစ်ရိုက်ဖို့ ဆရာငှားပြီး သင်ခဲ့သည်။ အလေ့အကျင့် အတွေ့အကြုံမရှိသူမို့ သေမတတ် ခက်ခဲပင်ပန်းတာ မပြောပါနှင့်တော့။ ပြေးရလွှားရတာတစ်မျိုး၊ အားထည့်ရိုက်ရတာတစ်မျိုးနှင့် ခြေရော လက်ရော မလှုပ်မရှားနိုင်လောက်အောင် နာကျင်နေသည်။

"ကိုကို . . . ကျွန်မမေးတာဖြေဦးလေ၊ ပြုံးမလိုလိုနဲ့ မျက်နှာကြီး က ရှုံ့မဲ့နေတာပဲ၊ မပြောမဆိုနဲ့ ထွက်သွားလိုက်တာ ကျွန်မဘယ်လောက် စိတ်ပူနေရတယ်မှတ်လဲ၊ ကျွန်မကို ရှင့်မိန်းမလို့ရော သဘောတားသေးရဲ့ လား၊ ဘာကိစ္စမဆို အရင်ဆုံး အသိပေးတိုင်ပင်လိုက်တာ မရှိဘူး၊ ပြီးမှ

www.burmeseclassic.com



ဘာဖြစ်ပါတယ်လို့ ညာဖြစ်ပါတယ်နဲ့၊ ရှင်သာတစ်ခုခုဖြစ်ရင် ရှင့်မိဘတွေ ကျွန်မကိုအပြစ်တင်ဦးမယ်၊ သူတို့သားနဲ့ မပေါင်းနဲ့ဆိုပြီး ကွာရှင်းခိုင်း မယ်၊ ရှင်က ကျွန်မကိုအဲလိုဖြစ်စေချင်နေတာလား ပြောပါဦး ဦးထည်ဝါ

"သျှင်မင်းရယ်. . . တော်ပါတော့ကွာ၊ မင်းစိုးရိမ်တာကလည ဗလစ်ဆန်နေတာပဲ၊ မေးတာတွေရော ပြောတာတွေရော အပြစ်တင်တ တွေရော၊ တစ်ချိန်တည်းလုပ်နေတော့ ကိုယ်က ဘယ်ကနေစဖြေရမှာလ ကိုယ်ဒီမှာ တစ်ကိုယ်လုံး မလှုပ်နိုင်အောင် နာကျင်နေလို့ အိမ်ထဲ အရင်တွဲခေါ်ပါဦးတော့လား"

"ဟင် . . . တစ်ကိုယ်လုံးနာနေတာ၊ ခြေထောက်တွေရောလား လာလေ ကျွန်မကိုအားပြုပြီးတွဲနော်၊ ဆရာဝန်ခေါ်လိုက်ရမလား"

"နေပါစေ၊ ပြီးမှ ကိုဘဖံ ဒဏ်ကြေလိမ်းဆေးလာလိမ်းပေးလိ မယ်၊ အား . . . ကျွတ်ကျွတ်"

တကယ်ကို ထည်ဝါနဲ့ညား နာကျင်နေဟန်တူပါသည်။ ယောက် တန်မှု တော်ရုံတန်ရုံဆို ရှုံ့မဲ့ကာ ညည်းညူမှာမဟုတ်။

"ကိုကိုထိုင်နော်၊ အခုလိုဖြစ်တာ ဘာဖြစ်လာတာလဲ ပြောပါဦး"

"ကိုယ်တင်းနစ်ရိုက်လေ့ကျင့်နေတာ"

"ဘာ"

ဆိုဖာခုံရှည်မှာအတူ ဝင်ထိုင်ရင်း သူမ လန့်ဖျပ်သွားရသည်

"ဘာအတွက် လေ့ကျင့်နေတာလဲ၊ ကိုကို့အသက်အရွယ်က အရိုးအဆစ်တွေက မာနေပြီဥစ္စာ၊ အခုမှ ဝါသနာပါလို့ လေ့ကျင့်နေတ လား၊ ကိုကို ဘယ်လိုလုပ်ခံနိုင်ရည်ရှိမှာလဲ"

"ကိုယ် စံမင်းညံ့နဲ့ ပြိုင်ရမှာ"

"ဟင် . . . စံ . . . စံမင်းညံ့နဲ့"

"ဟုတ်တယ်၊ သူစိန်ခေါ်တာ၊ သူ့ကိုမနိုင်ရင် ကိုယ်မင်းကို စွန့်လွှတ်ရမှာ သျှင်မင်း"





"အိုး . . အဓိပ္ပာယ်မရှိတာ၊ သူက ငယ်ငယ်ကတည်းက ဝါသနာ လို့ အဲဒီဘက်မှာထူးချွန်ပြီး ပြိုင်ပွဲတိုင်းမှာ အနိုင်ရတယ်၊ အခုနိုင်ငံခြားမှာ ကြီးစားအဆင့်တောင် အောင်မြင်နေတာ၊ ဘာလို့ သူ့စိန်ခေါ်မှုကို ဒ်မိုက်မဲမဲ လက်ခံလိုက်ရတာလဲ၊ မလုပ်ရဘူးကိုကို၊ ဟင့်အင်း မဖြစ်ဘူး"

"သူစိန်ခေါ်တာကို လက်မခံရင် ကိုယ်ကရှုံးပြီးသားပဲ သျှင်မင်း အထိ စီဒီနဲ့ ဓာတ်ပုံတွေ မပေးသေးဘူး၊ မင်းတို့ရပ်ရွာကို ပထိခိုက်အောင် ရှောင်လိုက်ပေမယ့်၊ သူနိုင်မှာသေချာနေတဲ့ ဒီနည်းနဲ့ ကိုယ့်ကိုစိန်ခေါ်ခဲ့ ာ"

"အဲဒါ သူမတရားတာပေါ့၊ အောက်တန်းကျတာ တရားလွန်နေ ကိုကို၊ ဒီကိစ္စကို ဘာလို့သျှင်မင်းကို မတိုင်ပင်တာလဲ၊ အသိမပေးတာ

"အသိပေးတိုင်ပင်ချိန်မရဘူး၊ ကိုယ်တွေဝေနေတာကိုတောင် ရှုံးလို့ သတ်မှတ်ချင်သေးတာ၊ မာနတော့ ဘယ်အထိခိုက်ခံမှာလဲကွာ၊ ယ်သူ့ကို နိုင်အောင်ကြိုးစားရမှာပေါ့"

"ကိုကို"

ရှုံ့မဲ့ရင်းပြောနေတာက စိတ်မချမ်းသာစရာပါ။ ဘယ်လောက်ပဲ ကြိုးစားကြိုးစား၊ ဒီနည်းနှင့်တော့ စံမင်းညံ့ကို မနိုင်နိုင်ဘူးဆိုတာသိဖို့ ကာင်းသည်။

ဒါဟာတကယ်ကို မတရားမှုမျှတာသည့် ယှဉ်ပြိုင်မှုပါ။ ထည်ဝါ ညား၊ တကျွတ်ကျွတ် ညည်းညူနေတာကို သနားလွန်းလို့ ဘယ်လိုလုပ် မလဲ။

သူမမျက်ရည်တွေဝဲလျက်၊ သူ့လက်မောင်းတွေ ခြေထောက် တွေကို ဖွဖွလေးကိုင်တွယ် ပွတ်သတ်မိသည်။

"သျှင်မင်း"

သူမ မော့ကြည့်တော့ သူမမျက်ရည်တွေကို သူတွေ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သျှင်မင်း ဘာလို့မျက်ရည်ကျတာလဲ"

"ကိုကို့ကိုသနားလို့၊ ကိုကို အပင်ပန်းလည်းခံနိုင်တာမဟု
ဘဲနဲ့"

"ယောကျ်ားပဲကွာ၊ လုပ်မယ်ဆိုရင် ဖြစ်အောင်လုပ်ရမှာပေ

"ကိုကို မနိုင်နိုင်ဘူးလေ၊ ဘာလို့ အပင်ပန်းခံယှဉ်ပြိုင်နေမှာ

"ဒါဆို ကိုယ်အရှုံးပေးရမှာလား၊ မယှဉ်ပြိုင်ဘဲ အရှုံးပေ
အားလုံးရဲ့ ဂုဏ်သိက္ခာကို ပြန်ရနိုင်ပေမယ့်၊ မင်းကိုတော့ ကိုယ်စွန့်လွှ
လိုက်ရမှာ သျှင်မင်း၊ သူလိုချင်နေတာမင်း၊ မင်းကို ပိုင်ဆိုင်ရဖို့အတွ
နည်းလမ်းပေါင်းစုံနဲ့ သူအောက်တန်းကျနေမှာပဲ"

"အောက်တန်းကျတဲ့သူနဲ့ပြိုင်ပြီး မမိုက်မဲသင့်ဘူး ကိုကို"

"ယှဉ်ပြိုင်ပြီးမှရှုံးရင် မာနတော့ပြန်ရပါသေးတယ်"

"ကျွန်မကို စွန့်လွှတ်လိုက်ရတာထက် ရှင့်မာနက ပိုအရေး
နေလား ကိုကို"

"မင်းကိုမစွန့်လွှတ်ရဖို့အတွက် ကိုယ်နိုင်အောင်ကြိုးစား
သေချင်သေသွားပါစေ၊ ဒီနှစ်ပတ်အတွင်းမှာ နေ့ရောညရော ကြိုးစား

မခံချင်စိတ်များနှင့် ပြောနေသော်လည်း နာကျင်မှုများ
ပင်ပန်းနွမ်းနယ်နေပါသည်။ သူမရင်ထဲဘယ်လိုမှပင် မကောင်းနိုင်

သူ့ရဲ့ချစ်ခြင်းတရားတွေကိုလည်း ပို၍ပင်လေးစားမိကာ၊
လည်ပင်းကို ဖက်တွယ်ထားလိုက်သည်။

"ကိုကို နာကျင်ခံစားနေတာ မကြည့်ရက်ဘူး၊ ကျွန်မ
လက်ထပ်မိတာမှားပြီလို့ နောင်တမရဘူးလားဟင်"

"ဘုရားပေးတဲ့ဆုလဒ်တစ်ခုလို့ပဲ ကိုယ်အောက်မေ့ပါတ
လှပြီးသအောင် ချစ်တတ်အောင် သင်ပေးလို့ မင်းကိုကျေးဇူးတင်တ
ဒီလိုပင်ပန်းမှုတွေနဲ့ မင်းကိုကိုယ်ဘယ်လောက်ချစ်တယ်ဆိုတာ သက်
ပြခွင့်ရလို့ ကိုယ်ဝမ်းသာနေတာပါ သျှင်မင်း။ တကယ်လို့ ကိုယ်ရှုံးခဲ့



တောင် မင်းကိုကိုယ်ချစ်တယ်ဆိုတာ မင်းသိသွားမှာပဲလေ"

"ကျွန်မ သိအောင်အပင်ပန်းခံကြိုးစားစရာမလိုပါဘူး။ ကျွန်မ
သိပါတယ် ကိုကို၊ အဲလိုသိလာလို့လည်း ကိုကို ပိုပိုပြီးချစ်လာမိပါတယ်"

"အဲဒီစကားအမြဲတမ်း ကြားခွင့်ရမယ်ဆိုရင် ကိုယ်အသက်စွန့်
သွားမယ် သျှင်မင်း"

"ကိုကို"

ရင်ထဲမှာ လှိုက်တက်လျက်နှင့်နေအောင် ခံစားလိုက်ရသည်။
ထိုအချိန်မှာ ဧည့်ခန်းထဲကို ဆေးပုလင်းလေးကိုင်လျက် ကိုဘဖုံဝင်
လာသည်။

"ကိုဘဖုံ ဆေးပုလင်းပေး၊ ကျွန်မလိမ်းပေးလိုက်မယ်"

"ဟုတ်ကဲ့"

"ကိုဘဖုံ ခြံထဲမှာတင်းနစ်ကွင်းလုပ်ဖို့ ပြင်ဆင်ထားပါ၊ သင်တန်း
ဆရာမလာခင် အမြန်ပြီးအောင်လုပ်ရမယ်နော်၊ ဟိုသွားရိုက်ရတာ
ကားမောင်းသွားရတဲ့အချိန်ပုပ်တယ်"

"ဟုတ်ကဲ့. . အလုပ်သမားတွေ ခဏနေရောက်လာရင် အမြန်
လုပ်ကြမှာပါ၊ ကြိုပြီးရှင်းသင့်တာတွေလည်း ရှင်းနေပါတယ်"

"ဒီနေ့အပြီးနော်"

"ပြီးမှာပါ သခင်လေး"

"ရပြီ သွားတော့"

ကိုဘဖုံ ထွက်သွားသည်နှင့် သူ့လက်နှင့်ခြေထောက်တွေကို
သူဆေးလိမ်းနှိပ်နယ်ပေးလိုက်သည်။

"ဘာလို့ အလောတကြီးဖြစ်နေတာလဲ ကိုကို၊ ဒီကနာကျင်တာ
တွေတောင် မပျောက်သေးဘူး။ ကိုကိုမခံနိုင်ဘဲ လဲသွားလိမ့်မယ်"

"မင်းအတွက်ဆို အသက်တောင်ပေးဝံ့သေးတာ၊ ဒီလောက်ကိုမှ
စရာလား၊ မင်းသာအရမ်းစိုးရိမ်ပြီး ပျာယာခတ်မနေနဲ့"

www.burmeseclassic.com



''စိတ်ပူတာ ဘယ်လိုလုပ်ရမလဲ၊ ကျွန်မ ထမင်းတောင်မစားနိုင်ဘူး''

''ဟင် ... မင်းအခုချိန်ထိ ထမင်းမစားရသေးဘူး''

''အင်း ... ရှင့်ကိုမိုးလင်းတည်းက မတွေ့ရလို့ မနက်စာလည်း မစားမိဘူး၊ ရှင်ရော''

''ကိုယ်ဒီလောက် ပင်ပန်းနေတာ ဘာစားလို့ဝင်မှာလဲ''

''ဒါဆို အေးနွေ့တို့ကို ထမင်းပွဲပြင်ခိုင်းလိုက်မယ်''

''ကိုယ့်လက်က အရမ်းနာပြီးအောင့်နေတာ၊ ဇွန်းခရင်းကိုင်နိုင်မှာ မဟုတ်ဘူး''

''အဲဒီတော့''

''မင်းခွံ့ကျွေး''

''ရှင်ကလေ တစ်ခါတလေကျရင် လူကြီးလူကောင်းပုံစံနဲ့ တစ်ခါတလေကျတော့လည်း ကလေးလေးအတိုင်းပဲ''

''မင်းရှေ့မှာ ကိုယ်ကလေးလေးပဲဖြစ်ချင်တယ် သျှင်မင်း၊ မင်းရဲ့ ပြောဆိုဆုံးမမှုတွေ ပြုစုယုယမှုတွေကိုခံချင်တယ်၊ မင်းဂရုစိုက်ရင် ရင်တွေ တလှိုက်လှိုက်တုန်အောင် ကြည်နူးမိတယ်၊ ကိုယ်မင်းကို ဘယ်တော့မှ မစွန့်လွှတ်ပါရစေနဲ့လို့ ဘုရားမှာဆုတောင်းတတ်နေပြီ သျှင်မင်း၊ ကိုယ်တကယ်ပြောတာ''

ရှင့်ရဲ့အဲဒီအပြောတွေကို ကျွန်မလည်း စွဲလမ်းနေရတာပါလို့ မပြောဖြစ်တော့။ သူ့ကိုသာ ညင်ညင်သာသာလေး ဆေးလိမ်းပေးနေလိုက်သည်။ ပြီးမှ သူ့ကိုကလေးလေးတစ်ယောက်လို ထမင်းခွံ့ကျွေးရ၏။ ဒီလိုဘဝလေးကို သူမလည်း ပျောက်ဆုံးမသွားစေချင်ပါ။ ဒီယုဉ်ပြိုင်မှုရဲ့ အဆုံးသတ်က ဘာတွေဖြစ်လာမှာပါလဲ။

✤ ✤ ✤



# အခန်း (၂၀)

ချွေးဒီးဒီးကျကာ ပင်ပန်းနေသည့် ထည်ဝါခံ့ညားပုံစံက ဘယ်လိုမှ မဟန်နိုင်တော့သည့်ပုံစံပါ။ သင်တန်းဆရာက ထရိန်နင်ပေးနေသည့်မှန်သော်လည်း ထည်ဝါခံ့ညားကို ငဲ့ညှာစိတ်နှင့် နားချင်နားပါလားဟု ပြောသော်လည်း ထည်ဝါခံ့ညား စိတ်မလျော့။

အအေးဗန်းလေးနားမှာ ထိုင်နေသော သျှင်မင်းအိမ်ကို လှမ်းကြည့်ကာ အားတင်းပြုံးပြပြီး ဆက်ကစားသည်။

''ကိုကို ခဏနားပါဦးလား''

''ရသေးတယ်၊ ဆက်ကစားလိုက်ဦးမယ်၊ စံမင်းညံ့ကို နိုင်မှဖြစ်မှာ သျှင်မင်းရဲ့''

သူမကိုကြည့်ကြည့်ပြီး အားတင်းကစားနေတာဲ သူမဘယ်လိုမှ မကြည့်ရက်ပါ။ ချွေးတွေ သံတွေရွဲနစ်နေလျက်က အပြေးအလွှားရိုက်နေရတာ ဘယ်လောက်များ ပင်ပန်းရှာမလဲ။

လူချမ်းသာသားသမီး၊ လူ့ဘောင်ကြော့။ ပင်ပန်းတာဆိုရင်တောင် ရှုန်ဖူးမှာမဟုတ်။ ရွှေလင်ဗန်းနှင့်အချင်းဆေး ပြည့်စုံစွာနေခဲ့ရတာ ဒီလိုချမ်းသာကြွယ်ဝဖို့အတွက် ငွေကိုတောင် ကိုယ်တိုင်ရှာခဲ့ကြတာမဟုတ်။ နတ်ဖျားက အမိန့်အာဏာစီမံမှုတွေပေးရုံပေးခဲ့ကြတာ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ နာကျင်ကိုက်ခဲ ရွှေးသံတရွဲရွဲဖြင့် အသက်တောင်ဆ… နိုင်ပါရဲ့လားမသိ။ စံမင်းညံကိုနိုင်မှဖြစ်မှာမို့ အသေအလဲကိုကြိုးစားနေတာ…

''မမလေး ထမင်းပွဲပြင်ပြီးပါပြီ''

''ဪ . . . အေးနွဲ့ ခဏလေး လာခဲ့မယ်နော်''

အေးနွဲ့ကိုပြောပြီး ထည်ဝါခံ့ညားတင်းနစ်ရိုက်နေသည့် ကွင်းထဲ… ဝင်လာခဲ့သည်။

''ကိုကို ထမင်းစားနားရအောင်၊ ထမင်းပွဲပြင်ပြီးပြီ''

''နာရီဝက်လောက် ထပ်ရိုက်လိုက်ဦးမယ်၊ ထမင်းစားပြီးလို့ ဗိုက်တင်းရင် ရိုက်လို့မရဘူး သျှင်မင်းရဲ့ ခဏနော်''

''သင်တန်းဆရာကို အားနာဖို့ကောင်းပါတယ်၊ ကိုကိုနဲ့အပြိုင် လိုက်ရိုက်နေရတော့ သူလည်းဗိုက်ဆာမှာပေါ့''

''ရပါတယ်၊ သူတို့ကအမောလည်းခံနိုင်၊ အဆာလည်းခံနိုင်ပါတယ်''

''သူခံနိုင်ပေမယ့် ကိုကို မခံနိုင်တော့ဘူး မဟုတ်လား၊ အရှိ… ပင်ပန်းနေတာ ကျွန်မ မကြည့်နိုင်တော့ဘူး''

''ကိုယ့်အတွက် အချိန်မရှိတော့ဘူး သျှင်မင်း၊ ကိုယ်က စံမင်းညံ… လို ငယ်ငယ်တည်းက လေ့ကျင့်မှုအရ ဝါသနာအရ ပရော်ဖက်ရှင်နယ်ဖြ… နေတဲ့ကောင်မဟုတ်ဘူး၊ ဒီအချိန်လေးမှာ ဝီရိယမစိုက်နိုင်ရင် အားလုံးကို… လက်လွှတ်ဆုံးရှုံးရလိမ့်မယ်''

''ပင်ပန်းလွန်းလို့ အစားအသောက်ပျက်ပြီး ပိန်တောင်ပိန်ကျ… နေပြီ ကိုကိုရယ်၊ ဆေးလိမ်းပြီးမှဖြစ်ဖြစ် ထပ်ရိုက်ပါနော်''

''ကဲ . . . သျှင်မင်းရယ်၊ မင်းနဲ့တော့ခက်တာပဲ၊ ကိုယ့်ကိုရှုံးစေ… ချင်နေတာလား သျှင်မင်း''

''ဘာလို့အဲလိုပြောတာလဲ၊ ရှင်ပင်ပန်းတာကို မကြည့်ရက်တော့… လို့ပါ''

''အခုပင်ပန်းတာက ဘာမှမဖြစ်ဘူး၊ မင်းကိုဆုံးရှုံးရလိမ့်မယ်''



''ကျွန်မ သူ့ကိုလက်ထပ်မှာမှမဟုတ်တာ၊ သူ့နောက်လိုက်သွားမှာမှမဟုတ်တာ၊ သူအဲလိုလုပ်တိုင်းလိုက်လုပ်ရအောင် ကျွန်မက အရူးလား''

''ဒါဆို ကိုယ့်မာနကရော''

''ဟင်''

ထည်ဝါခံ့ညားမေးလိုက်တာကို နားမလည်။ သူမနဲ့မာနက သူ့အတွက် ဘယ်ဟာက အရေးကြီးတာလဲ။

ထည်ဝါခံ့ညားက မျက်နှာနီနီဖြင့်ပင်

''ယောက်ျားဆိုတာ မာနရှိရတယ်၊ စိန်ခေါ်ရင် ရှုံးရှုံးနိုင်နိုင် တုံ့ပြန်ရဲတဲ့သတ္တိရှိရတယ်၊ ရှုံးမယ်ဆိုတာသိရဲ့နဲ့ မာနကြောင့် ဒီပွဲကိုလက်ခံလိုက်တယ်၊ မင်းကို အဆုံးရှုံးမခံနိုင်လို့ နိုင်အောင်ကြိုးစားနေတယ်၊ မာနရော မင်းရော ကိုယ့်အတွက် အရေးကြီးတာချည်းပဲ နားလည်လားသျှင်မင်း''

''ဟုတ်ကဲ့''

''မျက်နှာငြိုငြိုနဲ့ ကိုယ်စိတ်မကောင်းအောင် မနေစမ်းပါနဲ့ သျှင်မင်းရယ်၊ ကိုယ်လုပ်နိုင်လို့လုပ်နေတာပါ၊ သျှင်မင်းကို မြင်နေရရင် ကိုယ် အားရှိတယ်၊ ပြုံးပြုံးလေးနေနော်၊ ကိုယ်ဒါမှအမောပြေတာ''

ပြောသာပြောသော်လည်း ညကျတော့ ပင်ပန်းသည့်ဒဏ်ကြောင့် ထည်ဝါခံ့ညား အသည်းအသန်အဖျားဝင်လေသည်။ ရွှေးထွက်လွန်နေချိန်မှာ ရေချိုးလိုက်၍ ရေချိုးမှားသွားတာလည်း ဖြစ်နိုင်သည်။

ဆရာဝန်ခေါ် ဆေးထိုးတာတောင် မသိလိုက်ဘဲ ထည်ဝါခံ့ညား ကယောင်ကတမ်းဖြစ်နေသည်။

''ကို . . . ကိုကို သက်သာလားဟင်''

နဖူးမှာ ရေခဲဝတ်အုပ်ပေးရင်း မေးသော်လည်း ထည်ဝါခံ့ညား အင်းအဲဟုသာ ညည်းညူပြီး ပြန်မဖြေနိုင်။

''ကိုကို . . . ကိုကို''

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"သက်သာတယ်မဟုတ်လားဟင်၊ ဆရာဝန်ထပ်ခေါ်ရဦးမလား"

"ရပါတယ်၊ ရပါတယ် သျှင်မင်း၊ ကိုကိုသက်သာပါတယ် မနက်ကျလေ့ကျင့်ရဦးမယ်"

"ကိုကိုရယ်. . . နေကောင်းမှလုပ်ပါ၊ သင်တန်းဆရာကို မနက်ဖြန် မလာဖို့ ကျွန်မပြောလိုက်တယ်"

"ဘာလို့ပြောတာလဲ၊ အခုဖုန်းပြန်ဆက်လိုက်၊ မနက်ကျ စောစောလာလို့၊ ရက်ကသိပ်မကျန်တော့ဘူး၊ နေမကောင်းလို့ဆိုပြီး အိပ်ရာထဲလှဲနေလို့မဖြစ်ဘူး၊ စံမင်းညီကို နိုင်အောင်တို့ုးစားရမှာ"

"ကိုကိုရယ်"

သူမရင်ထဲမချိတော့ပါ။ ဒီလောက်နေမကောင်းဖြစ်နေတာတော စိတ်ဓာတ်က ပြင်းထန်နေဆဲပင်။ ဒီလောက်တောင်ဒုက္ခတွေပေးလှသော စံမင်းညီကို သူမ မကျေနုပ်။

ဒီလောက်ထိ စိတ်ဓာတ်အောက်တန်းကျသည့်လူမှန်းသိခဲ့လျှင် သူမ ချစ်ခဲ့မိမည်မဟုတ်ပေ။ အခုတော့ နင့်ကို အရှုံးကိုမှန်းသွားခဲ့ စံမင်းညီ။

✤ ✤ ✤

## အခန်း (၂၉)

ကိုကိုနိုးလျှင် ဆေးတိုက်ဖို့ အေးနွေ့တို့ကိုမှာခဲ့ပြီး သူမတဏှာစိတ်များ က အပြင်ထွက်လာခဲ့သည်။ လမ်းကိုရောက်မှ စံမင်းညီကို ဖုန်းဆက်တော ချိန်းလိုက်၏။

ဒီတစ်ခါတော့ လူမမြင်ကွယ်ရာ တိတ်ဆိတ်သောနေရာမဟုတ် ဘဲ လူအနည်းငယ်ရှင်းသော ကော်ဖီဆိုင်ကိုလာခဲ့ဖို့သာ မှာလိုက်သည်။ စံမင်းညီ နောက်ထပ်အောက်တန်းကျသည့် အစီအစဉ်တွေရှိမနေဘူးလို့ မပြောနိုင်လို့ပါ။ သူမရောက်ပြီး သိပ်မကြာခင်မှာပဲ စံမင်းညီရောက်လာသည်။

မျက်နှာက သကာရည်လောင်းထားသလို ပြုံးဖြီလို့ပါ။ ရောတ် မဆိုက် သူမအနားကခုံမှာ ကပ်ထိုင်တော့၊ သူမ ချက်ချင်းလိုပင် သူနှင့် ခပ်လှမ်းလှမ်း မျက်နှာချင်းဆိုင်ခုံမှာ ရွှေ့ထိုင်လိုက်သည်။

"ဘယ်လိုဖြစ်တာလဲ၊ ငါ့ကိုတကူးတကချိန်းလို့ ဝမ်းသာပြီး ရောက်လာတာ၊ လေစိမ်းတွေတိုက်လို့ပါလား သျှင်မင်း"

"နင်နဲ့ငါနဲ့ ချစ်သူမပြောနဲ့၊ မိတ်ဆွေအပေါင်းအသင်းတောင် မဟုတ်တော့ဘူး စံမင်းညီ၊ နင့်ရဲ့အောက်တန်းကျမှုတွေကို ငါသိတယ်"

"အသုံးအနှုန်းတွေက မနူးညံ့လိုက်တာ၊ ဘာလဲ ကညာဝိနည်းများ တို့ အသိုက်အဝန်းက သင်ပေးထားတာလား"

www.burmeseclassic.com

www.burmeseclassic.com



"နင်ပုတ်ခတ်တိုက်ခိုက်နေတဲ့ အသိုက်အဝန်းက ငါ့အပေါ်နင့်ကို မယုတ်ညံ့ဘူး၊ လူကိုလူလို တန်ဖိုးထားရမှန်းသိတယ်"

"နင့်ကို ငွေနဲ့ဝယ်ထားတဲ့သူကို နင့်မှီခိုးမွှမ်းနေသေးတယ်၊ ဘာလဲဈေးကောင်းပေးလို့ ကျေးဇူးတင်နေတာလား။ ငါလည်း သူပေးတဲ့ဈေးနဲ့ဝယ်နိုင်ပါတယ်"

"နင်မမိုက်ရိုင်းနဲ့ စံမင်းညို၊ နင်အဲလိုတန်ဖိုးမဲ့တဲ့သူမှန်းသိရင် အဲစတည်းက ငါချစ်မိမှာမဟုတ်ဘူး၊ ဟိုနိုင်ငံရောက်မှ နင်အရမ်းကို အောက်တန်းကျတဲ့ နည်းလမ်းတွေတတ်လာတယ်"

"အဲဒီနိုင်ငံခြားဆိုတာကို နင်လွှတ်လိုက်တာလေ၊ ငါတို့လက်ထပ်ဖို့အတွက် ငွေရှိမှဖြစ်မှာဆို၊ အရမ်းမချမ်းသာရင်တောင် တင့်တောင်းတင့်တယ်နေနိုင်ရုံလေးဆိုလည်း ရပါတယ်ဆိုလို့၊ အဲဒီထက်မကတောင် ငါရည်မှန်းထားခဲ့တယ်၊ အခု ငါ့အတွက် အဲဒီကြိုးစားမှုတွေကို ဘယ်သူ အသိအမှတ်ပြုပေးလဲ"

"ကံကြမ္မာအတိုင်းဖြစ်လာတာကို နင်ဘာလို့ လက်မခံနိုင်ဖြစ်နေတာလဲ စံမင်းညို၊ နင်သာအလေးအနက်ရှိခဲ့မယ်ဆိုရင် နင်ဒီလိုလုပ်နေပါတယ်ဆိုတာ ငါ့ကိုအသိပေးသင့်တာပေါ့။ နင်အဲလို လုပ်ခဲ့ပါရဲ့နဲ့ ငါ့ဘက်က သစ္စာဖောက်ခဲ့ရင်တော့၊ ငါ့မှာအပြစ်ရှိတယ်ဆိုတာ ငါဝန်ခံနိုင်တယ်၊ အခုက နင့်ဘက်ကသေသလား ရှင်သလား ဘာဖြစ်နေသလဲဆိုတာ ဘာအဆက်အသွယ်မှမရလို့ ငါ့မိသားစုအတွက် ငါဆုံးဖြတ်ချက်ချလိုက်ရတာ၊ အဲဒီအပေါ်မှာ နင်ကျေနပ် လက်ခံပေးရုံကလွဲပြီး မနှောက်ယှက်သင့်ဘူး"

"ဟား"

စံမင်းညို မကျေမချမ်း စားပွဲခုံကိုလက်သီးနှင့်ထိုး၏။ သျှင်မင်းအိမ်ကို ခပ်စူးစူးပင်ကြည့်ကာ

"နင့်အပြောတွေက သိပ်လွယ်လွန်းတယ် သျှင်မင်းအိမ်၊ နင့်ဘဝက သာသာယာယာဖြစ်နေပြီး၊ ငါက ပန်းတိုင်ပျောက်နေတဲ့ဘဝမျိုးနဲ့



အခြေအနေကို ငါကျေနပ်ပေးရမှာလား။ ငါ့ဘဝထဲကို နင်ရောက်လာဖို့ ...စားခဲ့ရတာ အလာဟာသအဖြစ်မခံနိုင်ဘူး။ အခု နင့်လူကိုစိန်ခေါ်ထား ...ယ်၊ အဲဒါနိုင်ရင် နင့်ကိုငါပိုင်သွားပြီ"

"အေး၊ အဲဒီကိစ္စနင့်ကိုပြောချင်လို့ ငါလာခဲ့တာပဲ၊ နင်က နင်နိုင်မှာ ...သချာတာကိုရွေးပြီး စိန်ခေါ်တယ်၊ အဲဒါနင့်ရဲ့ယောကျ်ားပီသတဲ့လုပ်ရပ်လား"

"နင့်ယောကျ်ားဘက်က နာနေတာလား သျှင်မင်း၊ နင်ကအဲဒီ ...ဘက်က လုံးလုံးပါသွားပြီလား"

"ငါ့ယောကျ်ားဖို့ဆိုတာထက် ငါ့အပေါ်ကောင်းလို့ ငါပြန်ကောင်းရ ...သဘောပဲ စံမင်းညို၊ နင့်လိုမျိုး ငါ့ကိုထိခိုက်နစ်နာအောင် ငါ့ဂုဏ်သိက္ခာ ...အောင် သူမလုပ်ဘူး။ ပုံပိုးမှုတွေနဲ့နေရတယ်ဆိုပြီးလည်း နှိမ်ချမှုမရှိဘူး ...ဒီအတွက် သူ့အပေါ် ငါသစ္စာရှိမှာ၊ အားကိုးလေးစားပြီး ချစ်သွားမှာ"

"မပြောနဲ့၊ အဲဒီစကားမပြောနဲ့၊ သူနဲ့ငါရဲ့ပြိုင်ပွဲ ငါနိုင်သွားရင် ...ကို သူစွန့်ကိုစွန့်လွှတ်ရမှာ၊ မစွန့်လွှတ်ရင် ငါ့လက်ထဲမှာဆုပ်ကိုင်ထားတဲ့ ...င်အပါအဝင် သူတို့တစ်မိသားစုလုံးရဲ့ဂုဏ်သိက္ခာကို ငါလွှတ်ချလိုက်ရုံပဲ၊ ...တော့ အဲဒီသတင်းကို ထည့်ဝါခံ့ညားမိဘတွေဆီရောက်အောင် ...ထားတယ်"

"ဘာ"

သျှင်မင်းအိမ် လန့်ဖျပ်တုန်တက်သွားရသည်။ စံမင်းညိုအကြောက် ...ရွံ့မရှိကို အောက်တန်းကျနေတော့တာပါလား။

"နင့်ကို ငါသတ်ပစ်ချင်တယ် စံမင်းညို၊ နင့်လုပ်ရပ်တွေအရမ်း ...လွန်နေပြီ၊ အခု နင်နဲ့ပြိုင်ဖို့ဆိုပြီး ကိုကိုဘယ်လောက် ပင်ပန်းနေလဲ ...သိလား။ နေ့ရော ညရော မနားမနေလေ့ကျင့်နေလို့ ကျန်းမာရေးတောင် ...ထိခိုက်နေပြီ၊ သူအဲလိုတွေဖြစ်လေ နင့်ကိုသတ်ချင်လေပဲ သိလား"

"ငါနင့်အတွက်ကြိုးစားခဲ့တာ အဲဒီထက်ပင်ပန်းခဲ့တယ် သျှင်မင်း၊ ...ထည့်ဝါခံ့ညားက ပြည့်စုံမှုရှိသေးတယ်၊ ပြုစုယုယမယ့်သူရှိသေးတယ်၊ ငါ

www.burmeseclassic.com

www.burmeseclassic.com



က အငတ်ငတ် အပြတ်ပြတ်ဒုက္ခတွေခံလာခဲ့ရတာ၊ နင်ဘာလို့ ငါ့ကိုမသ...
တာလဲ၊ ငါ့အတွက်မတွေးပေးတာလဲ၊ အေး . . ထည်ဝါခံ့ညားကို နင်...
ထားပြလေ၊ ငါဒီထက်ပိုပြီး အောက်တန်းကျလေပဲလို့ အောက်မေ့လို...

"စံမင်းညို၊ ငါဘယ်လိုလုပ်မှ နင်ကျေနပ်မှာလဲ၊ နင့်ကို... ဘယ်လိုတောင်းပန်ရမလဲ၊ သူ့ကိုလွှတ်ပေးလိုက်ပါ၊ အဲဒီပြိုင်ပွဲမလုပ်... သူ . . . သူ အရမ်းကိုပင်ပန်းပြီး နေမကောင်းဖြစ်နေပါပြီ"

"မပြောနဲ့၊ သူ့အတွက် နင်အဲလိုတွေ ပြောမပေးနဲ့၊ ငါ့... ချစ်ခဲ့ရတာတွေ အမုန်းဖြစ်သွားလိမ့်မယ် သျှင်မင်း"

"အဲဒီအမုန်းတွေနဲ့ အဆုံးသတ်ပေးပါလား စံမင်းညို... နင်ငါ့ကို မုန်းပါနာကြည်းပါ မေ့ပစ်ပေးပါ"

တက်တစ်ချက်ခပ်ပြင်းပြင်းခေါက်၍ စံမင်းညို ထရပ်သ... သျှင်မင်းအိမ်ကို နာကြည်းစွာ ခပ်စိမ်းစိမ်းကြည့်လျက်

"ငါ့ဘဝကို အမှတ်တရတွေပေးခဲ့တဲ့နင့်ကို ငါအမှတ်တရ... ပြန်ပေးမယ် သျှင်မင်း၊ ထည်ဝါခံ့ညားနဲ့နင် တသက်လုံမပေါင်းစေရ... ငါမပိုင်ဆိုင်ရရင်တောင် နင်တို့အိမ်ထောင်ရေး မခိုင်မြဲစေရဘူး"

"နင်သူ့ကို ဒုက္ခမပေးဘူးဆိုရင် ငါတစ်ခုလပ်ဘဝနဲ့လည်း... တယ် စံမင်းညို၊ ငါတို့ဘဝက နိမ့်ပါးပြီးသားပါ၊ အဲဒီဘဝထဲကို ပြန်... ရလည်း ငါမကြောက်ဘူး၊ ဒါပေမဲ့ ရွှေပေါ်မြတင် အေးအေးချမ်း... သက်သက်သာသာနေလာခဲ့တဲ့သူက ငါနဲ့ပတ်သက်ပြီးမှ ဒီလိုတွေ အပင်... ခံနေရတာကို မကြည့်ရက်ဘူး၊ ငါစိတ်မချမ်းသာနိုင်ဘူး"

"ဒီပြိုင်ပွဲကိုရပ်လိုက်စေချင်ရင် နင်ငါ့နောက်ကို လိုက်နိုင်မလာ..."

"ဘာ"

"နင် သူ့ကိုချစ်တယ်မဟုတ်လား၊ သူပင်ပန်းတာကို မကြ... ရက်ဘူး မဟုတ်လား၊ သူ့မာန သူ့ဂုဏ်သိက္ခာမထိခိုက်စေချင်ဘူး မဟု... လား၊ နင်နဲ့မပတ်သက်ရင် သူဒီလိုတွေ စိတ်ရော လူရော ပင်ပန်း...



...ဟုတ်ဘူးလို့ စာနာငဲ့ညှာနေတယ်မဟုတ်လား၊ အဲဒါဆိုရင် သူနဲ့မပတ်သက်... ...င်ကအတိတ်ကို ပြန်သွားလို့ရနေတာပဲ၊ အဲဒီအတိတ်မှာ နင်နဲ့ငါပဲရှိတယ်၊ ...ည်ဝါခံ့ညားမပါသေးဘူး၊ သိပ်ပျော်စရာကောင်းခဲ့တယ်လေ"

"နင်အရူးလား၊ ရူးနေလား၊ မဖြစ်နိုင်တော့တာတွေ ဘာလို့ပြန် ...ပြောနေလဲ၊ အခု နင့်ကိုငါလာတွေ့တာ အရူးထနေတာတွေ ရပ်တန်းက ...ပ်တော့လို့လာပြောတာ၊ သူ့ကိုဆက်ဒုက္ခပေးရင် နင့်ကိုခွင့်မလွှတ်ဘူး ...သိလား စံမင်းညို"

သူမပြောချင်တာတွေ ပြောခဲ့ပြီး အရင်ဆုံးထွက်လာခဲ့သည်။ ...ပါက်ကွဲခွင့်ရခဲ့သော်လည်း ရင်ထဲမှာမရှင်းသေးပါ။

စံမင်းညိုဆုပ်ကိုင်ထားသော လက်နက်ကြီးက ကြီးမားလွန်းသည်။ ...တိုကိုနှင့်သူမ ကွဲကွာဖို့အတွက် အချိန်မရွေးလွှတ်ချဖို့ ဝန်လေးမှုမဟုတ်။

ရှုံးမှာသေချာသော ယှဉ်ပြိုင်မှုကို လက်ခံလိုက်တာ၊ အင်အား ...ကုန်ရုံပဲ အဖတ်တင်လိမ့်မည်။ သူမ ဘာဆက်လုပ်ရမလဲ။

ဒီအတိုင်းရှေ့ဆက်ဖို့ဆိုတာ . . . ။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၀)

"သျှင်မင်း ... သျှင်မင်းရေ"

အိပ်ရာထက်ကနေ သျှင်မင်းကိုရှာသော်လည်းမတွေ့။ နေမကောင်းဖြစ်နေချိန်၊ သူ့အနားမှာ သျှင်မင်းရှိနေသင့်တာ။

မီးဖိုခန်းထဲဝင်ပြီး အိမ်မှုကိစ္စတွေ စီမံနေပြန်ပြီလား။

သူ့အနားမှာပဲ ရှိစေချင်တာပါ။

"တီ ... တီ"

သူအချက်ပေးဘဲလ်လေးကို နှိပ်လိုက်တော့ အခန်းထဲကို အေး... ဝင်လာသည်။

"နင့်မမလေးရော အေးနွဲ့"

"အပြင်သွားပါတယ်၊ အစ်ကိုလေးကို အစာကျွေးပြီး ဆေးတိုက်ဖို့ မှာခဲ့ပါတယ်"

"ဘာ ... သူက ဘယ်သွားတာလဲ၊ သူ့အမေအိမ်ကိုလား"

"အဲဒါတော့ မပြောခဲ့ပါဘူး အစ်ကိုလေး"

"ဟိုမှာ ဖုန်းပေးစမ်း"

ချက်ချင်း သျှင်မင်းအိမ်ဆီ ဖုန်းခေါ်လိုက်၏။ ဘာအကြောင်းကို... ရှိလို့ သူ့ကိုမပြောမဆိုဘဲ ထွက်သွားရတာလဲ။ ရင်ထဲမှလောင်လောင်ကြ...



... သူမကိုအသိမပေးဘဲ သူထွက်သွားစဉ်ကလည်း သူ့လိုပင် သူမအဲလို ...ခဲ့သည်ဆိုတာ အမှန်ပဲဖြစ်မည်။

"ဟယ်လို သျှင်မင်း။ မင်းဘယ်မှာလဲ ဘယ်သွားတာလဲ"

"ကျွန်မ လမ်းမှာပြန်လာနေပြီ၊ ရှင်ဘာစားပြီးပြီလဲ၊ ဆေးရော သောက်ပြီးပြီလား"

"ဘာမှမစားရသေးဘူး၊ ဆေးလည်းမသောက်ရသေးဘူး။ ...င်းကိုယ့်ကိုမပြောဘဲ ဘယ်သွားတာလဲ၊ ယောကျ်ားကိုအလေးအနက် ...ထားတာလား။ ကိုယ်နေမကောင်းနေတာကို မင်းအဲလိုပဲ သွားချင်ရာ သွားရသလား"

"ရှင်နေမကောင်းနေတာကို ဘာလို့ဒေါသတွေဖြစ်နေတာလဲ၊ ကျွန်မပြန်လာနေပြီ ဒါပဲနော်၊ တက္ကစီပေါ်မှာ စကားပြောလို့မကောင်းဘူး"

ဖုန်းအရင် ပိတ်သွားတာကို မကျေနပ်။ စိတ်ထဲမှာစနိုးစနောင့်နှင့်...။ အနားမှာ အမြဲတမ်းပဲ သူမကိုရှိစေချင်သည်။ ဒီလိုမပြောမဆို ထွက် သွားတတ်တာ တစ်ခဏလေးတောင် သူမခံစားနိုင်လျှင် တစ်သက်စာဆို သူဘယ်လိုနေရပါ့မလဲ။

"အစ်ကိုလေး"

"ဟင် ... ဘာလဲ အေးနွဲ့"

"ညက မမလေးတစ်ညလုံး မအိပ်ဘူး။ အစ်ကိုလေးကို စိတ်မချ လို့တဲ့၊ ပြီးတော့ ငိုလည်းငိုတယ်"

"ငိုတယ် ဘာဖြစ်လို့လဲ"

"အေးနွဲ့လည်း မမလေးငိုနေတာကို စိတ်မကောင်းလို့မေးကြည့် တာပါ။ အစ်ကိုလေး ပင်ပန်းတာရော နေမကောင်းတာရော သနားလို့ ဘာမှလည်း မစားနိုင်ဘူး၊ တစ်ခုခုကိုလည်း ဒေါသဖြစ်နေသလိုပဲ"

"ဟင် ... ဒေါသဖြစ်တယ်"

"မကျေနပ်ရှိလို့နေမှာပေါ့ အစ်ကိုလေးရယ်၊ မနက်မိုးလင်းတော့

www.burmeseclassic.com



အပြင်သွားဦးမယ်ဆိုပြီး ထွက်သွားတာပဲ''

''ဟင်''

ဒါဆို စံမင်းညည်နှင့် သွားတွေ့တာများလား။ ဘာတွေသွား… ဖြေရှင်းတာလဲ။ နောက်တစ်ခါ ပြဿနာတက်လျှင် ဘယ်လိုလုပ်မ… အေးနွဲ့ကိုထွက်သွားခိုင်းပြီး အိပ်ရာထက်က ထလိုက်သည်။

သူ့စိတ်တွေ ဂနာမငြိမ်တော့ပါ။

ဘာကြောင့် သွားတွေ့တာလဲဆိုတာပဲ သိချင်နေသည်။

''ကိုကို''

''မင်းမြန်မြန်လာ''

အခန်းပေါက်မှာ ရပ်နေသော သူမလက်ကို အခန်းတွင်းရောက် အောင် ဆွဲခေါ်လိုက်သည်။

''မင်း စံမင်းညည်ကို သွားတွေ့တာမဟုတ်လား''

''ဟင့်''

''ဘာလို့ သွားတွေ့တာလဲ၊ ဘာအတွက်လဲ''

''ဒီပြိုင်ပွဲကို ရပ်ပေးဖို့''

''သွားတောင်းပန်တာလား။ ဒါယောကျ်ားချင်းကိစ္စ၊ ငါဘာသာ… ရှင်းမယ်၊ မင်းဘာကိစ္စသွားရတာလဲ''

''တရားမှမတရားတာ ကိုကို၊ အခုကိုကို အသေအလဲလေ့ကျ… နေလည်း သူ့ကိုနိုင်မှာလား၊ သိက္ခာတရားအတွက်ဖြစ်ဖြစ် မာနအတွက် ဖြစ်ဖြစ်၊ ရှုံးမှာကို သိသိကြီးနဲ့ ဘာလို့ယှဉ်ပြိုင်မှာလဲ၊ အခုအဲဒီ ပင်ပန်း… ဒဏ်မခံနိုင်လို့ ကိုကို ကျန်းမာရေးထိခိုက်ရပြီ၊ ကျွန်မဘယ်လိုလုပ် စိတ်ချမ်းသာနိုင်မှာလဲ''

''ကိုယ့်ဘာသာ ဘာဖြစ်ဖြစ် မင်းအဲဒီကောင်ကို ဘာလို့သွား… တွေ့ရတာလဲ၊ အရင်တစ်ခါလည်း သူ့မျက်ရည်တွေကိုသုတ်ပေးတယ်၊ သူ့ဒဏ်ရာတွေကို စာနာသနားပြီး ကိုင်ကြည့်တယ်၊ သူ့ကိုကရုဏာတွေ…



…ခဲ့တယ်''

''အခု အဲလိုတွေသွားလုပ်တာမဟုတ်ဘူး။ သူ့ကိုမုန်းတဲ့ ရှုံ့တဲ့ …အကြောင်းတွေပြောခဲ့တာ''

''အဲလိုပြောတော့ သူကနာကျင်သွားသလား။ အရှုံးပေးပါပြီလို့ …ဆုတ်သွားရောလား။ သူက မင်းဆီက အမုန်းတွေရရ၊ နာကြည်းမှု …တွေရရ၊ ဂရုစိုက်တော့တာမဟုတ်ဘူး။ သူ့ရဲ့အရှုံးတွေအတွက် အနိုင်ပြန်ရ …ချင်တဲ့ ဆန္ဒပဲရှိတယ်၊ မင်းကိုထိခိုက်နစ်နာမှာတွေ သူမတွေးဘူး၊ သူနဲ့ …သွားတွေ့တာ နောက်ထပ်သတင်းတစ်ပုဒ်ဖြစ်သွားမှာ မင်းမသိဘူးလား''

ဒေါသဖြင့် မေးနေတာကို သျှင်မင်းအိမ် မတုန်မလှုပ်။ သူ့ကို …စိုက်ကြည့်နေသည်။ သူ့ရဲ့စိုးရိမ်မှုတွေ ဒေါသတွေအတွက် တုန်လှုပ် …သွားတာမရှိပေ။

''သျှင်မင်း ကိုယ်ပြောနေတာတွေ ကြားလား''

''ကျွန်မ ကိုကို့ကိုချစ်တယ်''

သူမရဲ့တုံ့ပြန်မှုက ကိုယ်ပြောနေတာနှင့် တခြားစီဆိုသော်လည်း …ငြိမ်ထဲလိုက်ခနဲ့နေအောင် ခံစားရပါသည်။ သူမကို သူထွေးဖက်လိုက်ကာ

''ကိုယ်စိုးရိမ်တာကို သိတယ်လို့ပြောပါ၊ နောက်သူ့ကိုသွား တွေ့တော့ဘူးလို့ပြောပါ၊ သူနဲ့တွေ့ရင် သူက သူနာကျင်ခဲ့ရတာတွေကို ပြောရင် မင်းစိတ်ယိုင်သွားမှာစိုးတယ်၊ မင်းသူ့ကို သနားမှာ စာနာမှာ''

''ဟင့်အင်း . . . ကျွန်မ သူ့ကိုဘယ်တော့မှ စိတ်ယိုင်တော့မှာ မဟုတ်ပါဘူး ကိုကို၊ ကိုကိုနဲ့ ကွာရှင်းလိုက်ရရင်တောင် သူ့ဆီကို ကျွန်မ ဘယ်တော့မှ ပြန်သွားမှာမဟုတ်ဘူး''

''ဘာ . . . ကွာရှင်းမယ် အဲဒီစကားဘာလို့ပြောတာလဲ''

''ကိုကို ရှုံးခဲ့ရင်''

''ဟင့်အင်း . . . ကိုယ်မရှုံးစေရဘူး။ မရှုံးဘူး နိုင်အောင်ကစားမှာ …ပါ၊ ကိုယ်မင်းကို မစွန့်လွှတ်ဘူး သျှင်မင်း၊ ရှုံးခဲ့ရင်လည်း မစွန့်လွှတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒီကမ္ဘာပေါ်မှာ သူမရှိမှ အေးမယ်ဆိုရင် သူ့ကိုကိုယ်သတ်ပစ်လိုက်
ကိုယ်တို့အတွက် အနှောင့်အယှက်ဖြစ်လာနိုင်သမျှကို ကိုယ်ရှင်းနိုင်ပါ

လူမိုက်စကားတွေ ပြောထွက်နေသော ကိုကိုအတွက်
ဘာမှပြန်လုပ်မပေးနိုင်တာကို ရင်နာမိသည်။ လေ့ကျင့်မှုတွေ ကျန်
မကောင်းတာတွေကြောင့် ပိန်သွယ်ကျသွားသော ကိုကို့မျက်နှာပေ
သူမလက်ချောင်း လေးများဖြင့် ပွတ်သပ်ကိုင်တွယ်ကြည့်ရင်း ...

''ကိုကို မျက်နှာလေးချောင်ကျသွားတယ်၊ ကိုကို့အတွ
ကျွန်မဘာမှပြန်လုပ်မပေးနိုင်လို့ စိတ်မကောင်းဘူး''

''မင်းချစ်ပေးနေရင်ရပြီ၊ စံမင်းညဲကို သွားမတွေ့ရင်ရပြီ၊ သူ
မသနားမိရင် မစာနာမိရင်ရပြီ သျှင်မင်း။ ကိုယ့်အတွက်အရေးကြီး
မင်းပါပဲ''

''ကိုကိုရယ်''

ရင်ခွင်ကျယ်မှာ မျက်နှာအပ်ကာ ငိုမိသည်။ နွေးမြသောရင်
ကျယ်ကို သူမဘယ်လိုလုပ်ခွဲနိုင်မှာလဲ။

သည်းထန်စွာငိုလို့အားရမှ

''ကိုကို တစ်ခုခုစားပြီး ဆေးသောက်ရအောင်နော်။ ဒီနေ့
လေ့ကျင့်မှုမှလည်းမလုပ်နဲ့ နားလိုက်တော့''

''အင်း ... နားလို့တော့ မဖြစ်သေးဘူး၊ မေမေတို့က စက်ရုံ
ဘက်မသွား၊ ကုမ္ပဏီလည်း မရောက်လို့ တစ်မျိုးထင်နေတယ်၊ ခဏ
သွားလိုက်ဦးမယ်၊ ကိုယ်နေလည်းကောင်းနေပါပြီ''

''သက်သာရုံလေးရှိသေးတာ ကိုကိုရယ်''

''ရပါတယ်၊ ကိုယ့်ဘက်က ဒီလိုတွေဖြစ်နေတာသိရင် မေ
တို့က သျှင်မင်းကို ငြိုငြင်မှာစိုးလို့ပါ၊ သျှင်မင်းကို မေမေတို့နဲ့ အရင်ကလို
အဆင်ပြေစေချင်တယ်၊ အခုငြိမ်နေတာ စံမင်းညဲနဲ့ဖြစ်တဲ့ နောက်ဆက်
ပြဿနာတွေကို မသိသေးလို့ပဲ၊ ဒီတစ်ခါသိရင်လည်း မလွယ်ဘူး''



စံမင်းညဲ သတင်းပေးမှုကြောင့် သိပြီးနေလောက်ပြီလို့ ကိုကို့ကို
မပြောရက်။ ဘာတွေဖြစ်လာဦးမလဲဆိုတာ သူမတွေးပင် မတွေးရဲပါ။

ဟိုတစ်ခါ ပြဿနာက ကိုကို့ကြောင့်ပါလို့ အာမခံကာကွယ်ပေး
ခဲ့လို့ မဟုတ်ပါလား။ ဒါတောင်ကွာရှင်းဖို့တွေအထိ တင်းမာခဲ့သေးတာ။
ခရီးရှည်ကြီးမရောက်သေးဘဲ လမ်းပျောက်ရတော့မည့်အဖြစ်က အဓိက
တရားခံ စံမင်းညဲကြောင့်ပင်။

ဒီလိုလူမျိုးနှင့် ပတ်သက်ခဲ့မိတာ နောင်တရလို့မဆုံး။

နောင်ဘဝတွေများတော့ တာ့တာပဲ စံမင်းညဲရေ။ ဒီဘဝမှာ
တောင် နင်က ငါ့ရဲ့အမုန်းဆုံးလူဖြစ်သွားပြီ စံမင်းညဲ။

ဘယ်တော့မှ နင်နဲ့ ပြန်မဆုံရပါစေနဲ့လို့ ဆုတောင်းတယ်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ကိုကိုထွက်သွားပြီး မကြာမီမှာပင် သူမဖုန်းလေးမြည်လာသည်။

ကိုကိုဘယ်ရောက်နေပြီဆိုတာ လှမ်းဆက်သည်အထင်နှင့် ကောက်ကိုင်လိုက်တော့ ကိုကို့အမေဖြစ်နေ၏။

"ဟုတ်ကဲ့ ပြောပါမေမေ"

"သားဆီဖုန်းဆက်ကြည့်တာ စက်ရုံဘက်သွားတယ်ပြောတယ်"

"ဟုတ်ကဲ့ ဟုတ်ပါတယ်မေမေ"

"အဲဒါဆို ညည်းအခုအိမ်လာခဲ့ပါ"

"ရှင်"

"ဒီအိမ်ကိုလာတာ သားကိုအသိမပေးနဲ့၊ ဘဖံမရှိရင် တက္ကစီငှားပြီး အခုအမြန်လာခဲ့"

"ရှင် . . . ဟုတ် . . . ဟုတ်ကဲ့"

လေသံကမာနေတာမို့ စံမင်းညံ့သတင်းပေးထားသည့်ကိစ္စကြောင့်ပဲနေမှာဟု စိတ်ထဲထင်လိုက်၏။ ကိုကို့ကို မသိစေချင်သည့်သဘောမို့ စိုးရိမ်စိတ်ဝင်ရင်း ရင်ထဲလည်း တထိတ်ထိတ်ဖြစ်နေသည်။

"အေးနွဲ့ရေ . . . ငါအပြင်ခဏသွားဦးမယ်နော်"

"အစ်ကိုလေးက မမလေးအပြင်သွားတာ ကြိုက်ပုံမပေါ်ဘူး။





ဘာကိစ္စအရေးကြီးလို့သွားမှာလဲ မမလေးရယ်၊ အစ်ကိုလေး ပြန်လာရင် အေးနွဲ့တို့ကိုပါ ဒေါသဖြစ်နေပါဦးမယ်"

"ခဏလေးပါ၊ ကိုကိုပြန်မလာခင် ရောက်အောင်ပြန်ခဲ့မယ်၊ ဟုတ်ပြီလား"

အေးနွဲ့ကိုပြောပြီး သူမခပ်မြန်မြန်ပင်ထွက်လာခဲ့သည်။ ဘာကိစ္စဖြစ်ဖြစ် ရင်ဆိုင်လိုက်တာ အကောင်းဆုံးမဟုတ်လား။ လမ်းမှာတွေ့သော တက္ကစီကိုဈေးမဆစ်ဘဲ ငှားလာခဲ့ပြီး ကိုကို့အမေအိမ်ကိုရောက်လာခဲ့သည်။ အိမ်ထဲကို ဝင်လိုက်သည်နှင့် အရင်လိုချိုသာနွေးထွေးသောအပြုံးကို မတွေ့ရ၍ သူမသိမ်ငယ်နေမိသည်။

"ကျွန်မရောက်ပါပြီ မေမေ"

"ထိုင်"

ကျောခိုင်းအနေအထားကနေ သူမဝင်ထိုင်ပြီးမှ မျက်နှာထား တင်းတင်းနှင့် ဒေါ်ထိပ်တင်လတ် ဝင်ထိုင်၏။

"အဲဒီမှာ လက်မှတ်ထိုးပါ"

"ရှင်"

သူမရှေ့ ပြန့်ခနဲရောက်လာတာက ကွာရှင်းစာချုပ်ဖြစ်နေသည်။ ယောကျ်ားနေရာက လက်မှတ်ထိုးထားသည်က ကိုကို့လက်မှတ်။

"ဒါ . . . ဒါက"

"ထည့်ဝါခံ့ညားက ကွာရှင်းစာချုပ်မှာ လုံးဝလက်မှတ်ထိုးမှာ မဟုတ်ဘူးလို့ ညည်းထင်နေတယ်မဟုတ်လား။ ညည်းအထင်မမှားပါဘူး။ ငါသားထိုးတာ ဟုတ်မှမဟုတ်တာ"

"ဒါ . . . ဒါဆို"

"သားက ငယ်ငယ်ကတည်းက သူ့အဖေလက်မှတ်ထိုးတဲ့ပုံကို ကြိုက်ခဲ့တယ်၊ အဲဒါကိုလေ့ကျင့်ပြီး သူ့အဖေပုံစံပဲထိုးခဲ့တယ်၊ သူ့အဖေကို အတုခိုးတာပေါ့လေ၊ အခုတော့ သူ့အဖေနဲ့သူနဲ့ ဘယ်သူက ဘယ်သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



အတုနိုးမှန်းတောင် မသိတော့ဘူး၊ အဲဒါသူ့ကိုယ်စား သူ့အဖေထိုးပေးထားတာ''

သူမ အခုချိန်ထိနားမလည်နိုင်သေးပါ။ သူတို့သားနှင့် တကယ်ကို ကွာရှင်းစေချင်နေတာလား။

''ကျ ... ကျွန်မက ဒီလက်မှတ်ကိုထိုးပြီး''

''ဟိုကောင်လေးက ငါ့သားနဲ့ညည်းကို ကွာရှင်းစေချင်တာမဟုတ်လား။ ဒီစာချုပ်ကိုယူသွားပြီး သူ့ဆီမှာရှိတဲ့ ညည်းတို့နှစ်ယောက်ရဲ့ ဖောက်ပြန်မှတ်တမ်းတွေ အကုန်ယူလာခဲ့ပါ''

''ဘာ... ဘာဖြစ်လို့ အဲလိုလုပ်ရမှာလဲ မေမေ၊ ကိုကိုနဲ့ တကယ်ကွာရှင်းရမှာလား''

သူမငိုသံစွက်ကာ အသံတုန်တုန်နှင့်မေးတော့ ဒေါ်ထိပ်တင်လတ် စိတ်ပါလက်ပါပင် ခေါင်းညိတ်ပြ၏။

''ညည်းရဲ့ရည်းစားဟောင်းက ငါ့သားနဲ့ကွာရှင်းတာကိုဆန္ဒရှိလို့ လျှောက်လုပ်နေရင်၊ ငါတို့ပဲ သိက္ခာကျရလိမ့်မယ်၊ ငါတို့လုပ်ငန်းတွေ ဂုဏ်သိက္ခာထိခိုက်ရမှာ ငါမလိုလားဘူး။ ညည်းကိုလက်ထပ်ခိုင်းခဲ့တာ အောင်မြင်မှုတွေ ဂုဏ်သိက္ခာတွေရချင်လို့ပဲ၊ လက်ထပ်ပြီးတဲ့အချိန်မှာ မျှော်လင့်သလိုဖြစ်ခဲ့တဲ့အတွက် ညည်းကိုကြည်ဖြူပေးနိုင်ခဲ့တယ်၊ သားက ချစ်ခင်မြတ်နိုးတာကိုသိရတော့ စိတ်ချမ်းသာမှုတွေလည်းရခဲ့တယ်၊ ဒါပေမဲ့ အခုကျတော့ ညည်းအတွက်နဲ့ သားရော၊ ငါတို့ရော အားလုံးထိခိုက်ရတယ်၊ အဲဒီအတွက်''

''ကျ ... ကျွန်မပြောပါရစေဦး။ ကျွန်မကိုကို့ကိုချစ်တယ်၊ သူနဲ့မကွာရှင်းချင်ပါဘူး၊ ကိုကိုလည်း ကျွန်မကိုခွဲနိုင်မှာ မဟုတ်ပါဘူးမေမေ''

''ရှင်ကွဲမကွဲရင် သေကွဲကွဲရတော့မှာလေ၊ အခုငါ့သား ဘာကြောင့်ကျန်းမာရေးမကောင်းဖြစ်သွားတာလဲ''

''ရှင်''



သိနေပြီးသားဖြစ်နေတာ အံ့ဩစရာတော့မရှိတော့ပါ။ စံပင်ညွှန့်က ဒီလိုသိအောင်ကို လုပ်နေတာမဟုတ်ပါလား။

ဒေါ်ထိပ်တင်လတ် မျက်နှာကကို၍ခက်ထန်နေကာ

''အခု ငါ့ယောကျ်ားလည်း ကျန်းမာရေးမကောင်းဘူး။ ငါ့သားလည်း ကျန်းမာရေးမကောင်းဘူး။ ဒီထက်အခြေအနေတွေဆိုးလာရင် သေဖို့ပဲရှိတော့တယ်၊ အဲဒီတော့ ညည်းကိုမစွန့်လွှတ်ရင်၊ ငါတို့စီးပွားရေးတွေရော၊ ဂုဏ်သိက္ခာတွေရော၊ ငါ့ယောကျ်ားနဲ့ ငါ့သားကိုရော လက်လွှတ်ရတော့မယ်၊ မြင့်မိုရ်ဦးကုမ္ပဏီကြီးကို တည်ထောင်လာခဲ့တဲ့ငါ၊ ဇနီးမယားဖြစ်တဲ့ငါ၊ မိခင်တစ်ယောက်ဖြစ်တဲ့ငါ၊ ဘာလုပ်ရမလဲ၊ ဘာလုပ်သင့်လဲ ညည်းပြော၊ ပြောကြည့်စမ်း''

''မေမေရယ်''

''ဘာမဟုတ်တဲ့သူတွေရဲ့ မြှိမ်းခြောက်တိုက်ခိုက်ခံရတာ ပိုပြီးရင်နာဖို့ကောင်းတယ်၊ ငါ့သားက ညည်းကိုချစ်လို့ ဒီကိစ္စကိုလက်ခံမှာမဟုတ်ဘူး။ ညည်းအတွက်နဲ့ ဟိုကောင်လေးကို လက်တုံ့ပြန်ဖို့ ညည်းနေခဲ့တဲ့ရပ်ကွက်ကို စီမံကိန်းတစ်ခုအတွက် အကောင်အထည်ဖော်မယ်ဆိုပြီး ကြံစည်နေတယ်၊ အဲလိုလုပ်လိုက်ရင် လူတွေရဲ့ယုံကြည်မှုတွေမရဘဲ တို့တွေကိုလူတွေ ပိုမုန်းသွားမယ်၊ တို့ကပရဟိတစိတ်နဲ့ ကောင်းကျိုးကိုပဲလုပ်ချင်တာ၊ အဲဒီတော့ ဟိုကောင်လေးဆီက အဲဒီမှတ်တမ်းတွေရရင် သားအဲလိုလုပ်လို့မရတော့ဘူး။ ငါအဲဒါလိုချင်တယ်၊ ပြီးတော့''

ဒေါ်ထိပ်တင်လတ်စကားကိုခဏဖြတ်ကာ လေးလေးပင်ပင်သက်ပြင်းရှိုက်ပြီးမှ ...

''ဒီကွာရှင်းစာချုပ်ကို ဟိုကောင်လေးဆီယူသွားပြီး ညည်းနိုင်ငံခြားကိုလိုက်သွားပါ''

''ဟင် ... မေမေ''

''အခု ညည်းမိဘတွေနေနေတဲ့အိမ်၊ ပေးထားတဲ့လုပ်ငန်းအပြင်

www.burmeseclassic.com



ညည်းကိုနစ်နာကြေးအဖြစ် သိန်းနှစ်ထောင်ပေးမယ်၊ ညည်းမရှိတော့ရင် ငါတို့ရော သားရော ဘယ်သူ့အတိုက်အခိုက်မှ မခံရတော့ဘူး။ သားစိ ထိခိုက်နိုင်ပေမယ့် အပြင်ပန်းဂုဏ်သိက္ခာတော့ မထိခိုက်တော့ဘူးပေ

"မေမေရယ် ...ဟို"

"ငါတို့ဆီက ဒီထက်မက မျှော်လင့်ထားတာတွေရှိလို့ ထွက်သွ ဖို့ခက်နေတာလား သျှင်မင်းအိမ်၊ ညည်းအစက ငါ့သားကိုလက်ထပ်ခဲ့တ ညည်းတို့မိသားစု အဆင်ပြေဖို့တစ်ခုတည်းမဟုတ်လား၊ အချစ်ရေ သံယောဇဉ်တွေမပါပါဘူး။ အခုညည်းကို ထိုက်ထိုက်တန်တန်ပေးထားတ ပဲ ကျေးဇူးတရားကို သိတတ်ရင်"

"ဘျ ...ကျွန်မ"

ရင်ထဲမှာဆို့နင့်နေ၍ ပြောမထွက်နိုင်။ ဒေါ်ထိပ်တင်လတ်က ကွာရှင်းစာချုပ်နှင့် ဘောလ်ပင်ကို သူမရှေ့ထိုးပေးပြီး

"လက်မှတ်ထိုးပြီး ဟိုကောင်လေးဆီအမြန်သွားပေးပါ၊ သား ညည်းကြောင့်မလုပ်ဘူးတာတွေလုပ်ပြီး သေလုမြောပါး ပင်ပန်းနေပြ ရုံးမှာ သေချာနေတာကို အသက်အသေခံပြီး ယုဉ်ပြိုင်နေတော့ ဘ ထူးမှာလဲ၊ တစ်ဖက်က ပညာမဲ့နည်းနဲ့စိန်ခေါ်တာကို အသိတရားမ မိုက်မိုက်မဲမဲလက်ခံတာ ညည်းကိုချစ်လို့ အမှောင်ဖုံးသွားတာ၊ ငါလည် ညည်းကိုသမီးချွေးမလေးအဖြစ်နဲ့ ချစ်ပါတယ်၊ ဒါပေမဲ့ ငါ့လုပ်ငန်း၊ ယောကျ်ား၊ ငါ့သားနဲ့ယှဉ်ရင်တော့ ညည်းကိုစွန့်လွှတ်ရမှာပဲ သျှင်မင်းအိ ငါ့ကိုနားလည်ပေးပါလို့ ငါမတောင်းဆိုတော့ဘူး"

"နားလည်ပါတယ်၊ မေမေရဲ့ဆုံးဖြတ်ချက်တွေကို ကျွန် နားလည်ပါတယ်၊ ကျွန်မကိုကိုအတွက် ဘာပြန်လုပ်ပေးရမှန်းမသိ တွေ နေခဲ့တာ၊ ကိုကို့ကို အချစ်တစ်ခုတည်းနဲ့ တွယ်ကပ်နေချင်ခဲ့တာကြောင့် အခုမေမေပြောတော့ ကျွန်မသဘောပေါက်သွားပါပြီ၊ ကိုကို့ကို ကျွန်မချ ရင် စွန့်လွှတ်ရုံအပြင်မရှိတော့ဘူး၊ ကျွန်မကြောင့် အားလုံးထိခိုက်ရတာ



စိတ်မကောင်းပါဘူး၊ တောင်းပန်ပါတယ်မေမေ၊ ကျွန်မထွက်သွားရင် နဂိုအတိုင်း အရာအားလုံးအဆင်ပြေအေးချမ်းပါစေလို့ ဆုတောင်းပါတယ်၊ ကျွန်မမှားခဲ့တာတွေရှိရင် ခွင့်လွှတ်ပါမေမေ၊ ကျွန်မကန်တော့ခဲ့ပါတယ်"

သျှင်မင်းအိမ် ကန်တော့ပြီး ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုး၍ စာချုပ်လေးယူကာ ထွက်သွားတာကို ဒေါ်ထိပ်တင်လတ် မကြည့်ရက်စွာ ကျောခိုင်းလျက်နှင့် မျက်ရည်ဝဲနေ၏။

ဒီမိန်းကလေးကြောင့် မိမိတို့လုပ်ငန်းတွေ အောင်မြင်ပြီး ဂုဏ်သတင်း တွေတက်ခဲ့၏။ ကျိုးနွံကိုင်းရှိုင်းသိတတ်မှုများကြောင့် အချစ်လည်းပိုခဲ့ရ၏။

အခုတော့ ဒီမိန်းကလေးကြောင့် အားလုံးထိခိုက်နစ်နာရတော့ မှာမို့ မစွန့်လွှတ်ရက်ဘဲ စွန့်လွှတ်ရတော့မည်။

အကြောင်းကံရေစက်က ဒီလောက်ပဲပါခဲ့လေသလား။

နောင်ဘဝဆိုတာများရှိခဲ့ရင်တော့ ...။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ဒါဘာလဲ"

လက်ထဲကို ထိုးပေးလာသော စာချုပ်တွေကို မကြည့်သေးဘဲ သျှင်မင်းအိမ်ကို မေးလိုက်၏။ သျှင်မင်း မျက်လုံးများက အစိမ်းရောင် တောက်နေကာ

"နင်လိုချင်နေတာ ငါနဲ့ ထည်ဝါခုံညားရဲ့ ကွာရှင်းစာချုပ်မဟုတ်လား။ အဲဒါကွာရှင်းစာချုပ်ပဲလေ၊ နင်သေချာကြည့်ဦး"

"ဟင်"

ဒီလောက်မြန်မြန်ဆန်ဆန် ရှောရှောရှူရှူဖြစ်လိမ့်မည်ဟု မထင်မိ၊ သျှင်မင်းအိမ် ဖုန်းဆက်ချိန်းတော့ ဒီကိစ္စဖြစ်နေလိမ့်မည်ဟုလည်း မတွေးမိ။

"ဒါက"

"ငါမှာလိုက်တာပါတယ် မဟုတ်လား၊ နင်ဖြစ်စေချင်သလိုဖြစ်သွားပြီဆိုတော့ အဲဒီမှတ်တမ်းတွေအကုန်လုံး ငါ့ကိုပေးပါ"

"ထည်ဝါခုံညား အဲလောက်လွယ်လွယ်အရှုံးပေးတာ အံ့သြစရာပဲ၊ ငါက သူနင့်ကိုတကယ်ချစ်လို့ လွယ်လွယ်စွန့်လွှတ်မယ်မထင်ခဲ့ဘူး။ ငါ့ကိုတစ်နည်းနည်းနဲ့ အနိုင်ရအောင်တုံ့ပြန်ဖို့ ပြင်ဆင်နေမလားလို့၊ ဒါမှ





ာတ် သူတို့မွေးထားတဲ့ လူယုံ လူမိုက် သက်တော်စောင့်တွေနဲ့ ငါ့ကို ချုပ်ထုတ်ကောင်ဆိုပြီး အပြတ်ရှင်းနိုင်းတာမျိုးဖြစ်ဖြစ်"

"လူတိုင်းက နင့်လိုကောက်ကျစ်တဲ့ အကြံအစည်တွေနဲ့ပဲ ာက်တန်းကျဖို့ စဉ်းစားနေကြတာမဟုတ်ဘူး၊ သူက မာနနဲ့ တုံ့ပြန်ချင် ာင် သူ့ကို ငါက နင်လိုမျိုးလူမိုက်အဖြစ်မခံဘူး စံမင်းညီ၊ ငါ့ကြောင့် ူကို ထိခိုက်နစ်နာမှုမျိုး မဖြစ်စေရဘူး၊ အဲဒါကြောင့် ဒီလမ်းကို ငါ ချယ်လိုက်တာ၊ နင်ကျေနပ်တယ်မဟုတ်လား"

စံမင်းညီ ပြုံးရမလို ရယ်ရမလိုနှင့် စာချုပ်ကိုအပြန်ပြန်အလှန် န်ကြည့်ရင်း။

"အပေးအယူက အဲဒါပဲလား၊ ကွာရှင်းလိုက်ရုံနဲ့ ကျေနပ်ရမယ် ိုင် ငါဒီလောက်ထိ စိတ်ပင်ပန်းခံခဲ့မှာမဟုတ်ဘူး သျှင်မင်း၊ ငါမပိုင်ဆိုင် ိုင် ထည်ဝါခုံညားလည်း မပိုင်ဆိုင်စေရဘူးဆိုတဲ့ စိတ်ကလေးတစ်ခု ည်းရှိခဲ့တာ မဟုတ်ဘူးလို့ပြောတာ၊ နင့်ကို ထည်ဝါခုံညားက သိပ်ချစ် တယ်လေ၊ ဒီအပေးအယူတွေပြီးသွားလို့ ငါက စိတ်ချလက်ချ နိုင်ငံခြား ပြန်သွားနိုင်ပါမလား၊ နင်တို့နှစ်ယောက်ရဲ့ဇာတ်လမ်း အသစ်ကပြန်စရင်"

"နင့်ဦးနှောက်က တော်တော်ဖွံ့ဖြိုးလာတာပဲ၊ ဒီလောက်နဲ့ နင်ရဲ့ ာက်ကျစ်စဉ်းလဲမှုတွေ ရပ်တန်းက မရပ်ဘူးဆိုတာ ငါသိနေပါတယ်၊ ာက်က နင့်ကိုတောင်းဆိုစရာတွေရှိတယ်၊ သူ့ကိုနှိပ်စက်နေတဲ့ ပြင်ပွဲကို ရပ်လိုက်မယ်၊ ဒီမှတ်တမ်းတွေ ပြန်ပေးမယ်၊ သူတို့မိသားစုရဲ့ ာ်သိက္ခာကိုထိခိုက်အောင် မလုပ်တော့ဘူးလို့ နင်သေချာကတိပေးနိုင် ် ငါဒီမြန်မာပြည်မှာမနေတော့ဘူး"

"ဘာ"

"နင့်နောက်ကိုတော့ နင့်စိတ်ဓာတ်တွေကိုရွံ့လွန်းလို့ မလိုက်နိုင်မှာ သေချာတယ်၊ ဒါပေမဲ့ နင့်စိတ်မချမှာကြောက်လို့ သူနဲ့ဝေးရာကို ငါထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



ပေးမယ် စံမင်းညို၊ သူ့အနားမှာ ငါရှိနေရင် နင်ဆက်ပြီးခုက္ခပေးမှာစိုးလို့

ကိုယ့်အပေါ် မုန်းနေတာကို ရင်နာမိပေမယ့်၊ ထည်ဝါခိုင်

အပေါ် ချစ်နိုင်လွန်းတာကို လေးစားပေးရတော့မည်လား။

အသည်းတွေက ဆတ်ဆတ်ခါကာ မချိပြုံးပြုံးမိလျက် ..

"စွန့်လွှတ်အနစ်နာခံတဲ့အချစ်ဆိုတာ ဒါမျိုးလား၊ နင့်ကို ငါချ

လျက်နဲ့ ငါ့အချစ်က ဘယ်လိုမျိုးလဲဆိုတာတောင် မခွဲခြားတတ်တော့

နင့်အချစ်တွေကို ထည်ဝါခိုင်ညား ရသွားတာပါ မနာလိုလိုက်တာသျှင်မင်း

"ပေးတတ်မှရတာ အဲဒါအချစ်ပဲ စံမင်းညို၊ ပေးသလောက် အ

အဝပြန်ရနိုင်တာ အချစ်ပဲရှိတယ်၊ နင်က ငါ့ကိုချစ်ခဲ့တာမဟုတ်ဘူး

ပိုင်ဆိုင်ချင်စိတ်နဲ့ကြိုးစားခဲ့တာ၊ ငါ့ကိုမရမှာသေချာတဲ့အခါကျတော့ သူ

ရသွားမှာလည်းစိုးရိမ်ပြီး ချောက်ကမ်းပါးကနေတွန်းကန်ချဖို့ ဝန်မလေး

ငါ့ဘဝနစ်မွန်းသွားမှာ ထိခိုက်နစ်နာပျက်စီးသွားမှာ နင်မစိုးရိမ်မှုတတ်ခဲ့

အဲဒါကို အချစ်လို့ခေါ်စဉ်မတပ်ပါနဲ့ စံမင်းညို၊ နင့်ကြောင့် အချစ်သိ

ကျပါတယ်"

ကိုယ့်ရဲ့အချစ်ကို ပြက်ရယ်ပြုခံရလေခြင်းလို့ ရင်နာမိသ

လက်သီးကို တင်းတင်းဆုပ်၍ အံတစ်ချက်ကြိတ်မိလျက်

"မှတ်တမ်းတွေ နင့်ကိုပေးရမယ်အတွက် ဒီစာချုပ်ကို မိတ္တူကူ

ငါယူထားမယ်၊ နင်နိုင်ငံခြားကို ထွက်မှာသေချာရင် ဒီပြိုင်ပွဲကို ငါရပ်လိုက်

လို့ ထည်ဝါခိုင်ညားကို ပြောလိုက်ပါ၊ သူ့ဘက်က အရင်နုတ်ထွက်ရင် သူ

အလိုလိုရှုံးပြီးသားပဲ၊ အခုက နင့်ဆုံးဖြတ်ချက်တွေ ငါကျေနပ်တဲ့အတွ

ငါက ပြိုင်ပွဲကိုရပ်ပေးလိုက်တာ၊ သူလည်းမရှုံး ငါလည်းမရှုံးတော့ဘူးပေ

"နင်နိုင်လည်း မနိုင်ဘူးနော်၊ နင်သူ့ကို အနိုင်ရလိုက်တာမဟုတ်

ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ကိုငါကွာရှင်းလိုက်တာဟာ သူ့ကိုငါမုန်း

မဟုတ်သလို၊ နင့်ကိုငါချစ်မှာမဟုတ်လို့ပဲ၊ သူ့ဆီကထွက်ပြေးလာပြီး

နောက်ကိုလိုက်မှာမဟုတ်လို့ဘဲ၊ ငါနဲ့နီးနေရင် သူအန္တရာယ်ဖြစ်မှာစိုး



တ်မဲ့တဲ့ စိတ်တွေဝင်မှာစိုးလို့၊ သူပင်ပန်းထိခိုက်နစ်နာရမှာစိုးလို့ သူ

ကျင်ရမှာစိုးလို့"

"တော်ပါတော့၊ သူ့ကိုနင်ချစ်ပြနေတာ ငါ့ရင်တွေ အရမ်းနာကျင်

နေပြီ သျှင်မင်း၊ ငါဒီထက်မပေါက်ကွဲခင် နင်သွားပါတော့ဟာ"

"သွားမှာပါ ငါလည်း နင်နဲ့ဒီလို မျက်နှာချင်းဆိုင် စကားပြော

နေရတာ စိတ်တွေကုန်လွန်းလို့"

သျှမ ဒါပဲပြောပြီး သူ့ဆီကအိတ်နှင့် ထည့်ထားသော ဓာတ်ပုံ၊

ဒီမှတ်တမ်းတွေယူကာ၊ ကွာရှင်းစာချုပ်ကို မိတ္တူကူးပေးလိုက်သည်။

ဒီအချိန်မှာ သူမဆုံးဖြတ်ချက်တွေ မှန်လား မှားလား မတွေးတော့ပါ။

ဒေါ်ထိဝ်တင်လတ်ကို ကတိပေးခဲ့သည့်အတိုင်း သူမရှေ့ဆက်

လုပ်သင့်တာလုပ်ရမည်။ ဒေါ်ထိဝ်တင်လတ်လည်း သူ့အတွက် အကောင်း

ဆုံးစဉ်းစားပေးခဲ့တာပဲ။

မိသားစုအရေးမို့ အတ္တကြီးသင့်လို့ကြီးတာ သူမအပြစ်မမြင်ပါ။

အမိကက ကိုကိုကို သူမဘာယ်လိုပြောရမလဲ။ ကိုကို့ကို သူမခွဲ

နိုင်ပါ့မလား။ အချစ်တွေက ဝေးကွာနေရရင်တောင် ပျက်သုဉ်းမသွားမှာ

သေချာပါသည်။ ကျွန်မ ကိုကို့ကိုသိပ်ချစ်တယ် ကိုကို။

ဒီချစ်ခြင်းဗျာများတွေ မှန်ကန်ခဲ့ရင် ကိုကို့ကို ကျွန်မ ခွဲနိုင်ပါရစေ။

ဝေးလေဝေးလေ ပိုချစ်နိုင်တဲ့သူဖြစ်ပါရစေ။ ဒီအချစ်တွေနဲ့ပဲ ကျွန်မ

သေဆုံးပါရစေကိုကို။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၃)

"ထရိန်နင်ဆင်းဖို့ အဆင်သင့်လုပ်ထားလိုက် ကိုဘဖ၊ သင်တန်းဆရာရောက်နေပြီမဟုတ်လား၊ ကျွန်တော် အဝတ်အစားလဲပြီး ဆင်းလာခဲ့မယ်"

ကားပေါ်ကအဆင်းမှာ ကိုဘဖကို မှာနေသော ထည့်ဝါခဲ့ညား အနား သျှင်မင်းအိမ် လျှောက်လာခဲ့သည်။

ထည့်ဝါခဲ့ညားက သျှင်မင်းအိမ် ပခုံးလေးကိုဖက်ပြီး အိပ်ခန်းထဲ ထိခေါ်လာကာ

"ကိုယ့်အားကစားဝတ်စုံလေး ထုတ်ပေးပါဦး၊ သံပရာရည် တစ်ခွက်လောက်သောက်ပြီးရင် လေ့ကျင့်တော့မယ်၊ ဒီနေ့ကမှ ထိ စက်ရုံကိုလျှောက်သွားနေတာနဲ့ လေ့ကျင့်ချိန် အရမ်းလျော့သွားပြီ၊ သင်တန်းဆရာလည်း စောင့်နေရတာ အားနာစရာကောင်းတယ်"

"ဒီနေ့ သင်တန်းဆရာမလာပါဘူး"

"ဟင် ဘာလို့မလာတာလဲ၊ ကိုယ်သူ့ကို ခွင့်ယူမခိုင်းထားပါဘူး၊ ပိုက်ဆံအပြည့်အဝပေးထားတာ၊ ကိုယ်တခြားကိစ္စရှိလို့ သူစောင့်နေရမှာပေါ့"

"ကျွန်မ မလာခိုင်းတာပါ"

"ဟင်"

"သင်စရာ လေ့ကျင့်စရာမှ မလိုတော့တာ၊ သူ့ကိုဘာလို့ခေါ်နေ တော့မှာလဲ"





"သျှင်မင်း . . . မင်းဘာတွေပြောနေတာလဲ၊ ကိုယ်က ဘာလို့ သင်ရ မလေ့ကျင့်ရမှာလဲ၊ ကိုယ့်အတွက် အချိန်မရှိတော့ဘူး၊ စံမင်းညံ့ကို နိုင်ဖို့ သေချင်သေပါစေ လေ့ကျင့်ရမှာ"

"စံမင်းညံ့က ဒီပြိုင်ပွဲကို ရပ်လိုက်ပါပြီ"

"ဘာ"

သျှင်မင်းအိမ် ဘာတွေပြောနေတာလဲဆိုတာ နားမလည်နိုင်။ အခုမှ သျှင်မင်းအိမ် မျက်နှာလေးညှိုးနွမ်းနေတာ သတိထားမိပြီး သူမ မျက်နှာလေးကို ဖွဖွလေးပွတ်သပ်ကိုင်တွယ်လိုက်ကာ

"ဘာဖြစ်နေတာလဲ၊ ဘာတွေ ပြောနေတာလဲ၊ မင်းမျက်နှာ လေးနွမ်းနေတယ်၊ ကိုယ်နေမကောင်းတာ ဂရုစိုက်လိုက်ရလို့ ပင်ပန်းသွား တာဖြစ်မယ်ဟုတ်လား သျှင်မင်း"

"ကျွန်မ နေကောင်းပါတယ်၊ ဘာမှမဖြစ်ပါဘူး"

"ဒါဆို စံမင်းညံ့ ပြိုင်ပွဲရပ်လိုက်တာတွေဘာတွေ ဘာလို့ ကယောင်ကတမ်း လျှောက်ပြောနေတာလဲ"

"လျှောက်ပြောနေတာမဟုတ်ပါဘူး တကယ်ပါ၊ သူ့ဘက်က ပြိုင်ပွဲရပ်လိုက်ပြီဖြစ်လို့၊ ကိုကို အရှုံးပေးရာမရောက်တဲ့အတွက် သိက္ခာ ကျစရာ မာနထိခိုက်စရာ မလိုတော့ဘူးလေ"

"အဲဒါ အဓိပ္ပာယ်မရှိဘူး၊ သူကိုယ့်ကို စိန်ခေါ်ထားတဲ့ကိစ္စ၊ မင်းသူ့ကို ဘာတွေအပေးအယူသွားလုပ်လိုက်တာလဲ၊ သူနဲ့ ထပ်ပြီးသွား တွေ့တာလား၊ မင်းဘာတွေသွားပြောလို့ ဘာအခွင့်အရေးတွေပေးခဲ့လို့"

"ကိုကို"

ထည့်ဝါခဲ့ညားရှေ့ကို စံမင်းညံ့ဆီက ယူလာခဲ့သည့် မှတ်တမ်းခွေ အိတ်လေးချပေးလိုက်၏။ ထည့်ဝါခဲ့ညားက အိတ်ကိုကိုင်ကြည့်ပြီး

"ဒါက ဘာတွေလဲ"

"ဖွင့်ကြည့်လိုက်ပါ ကိုကို"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သေချာကြည့်ပြီး ထည်ဝါခံ့ညားအံ့သြသွားလျက် အထုတ်လိုက် မွေ့ယာကြီးပေါ် ပစ်တင်လိုက်သည်။ ပြီးမှ သျှင်မင်းအိမ်ပခုံးလေးနှစ်ဖက် ဆုပ်ကိုင်ကာ

"မင်းဘာတွေလျှောက်လုပ်လာတာလဲ သျှင်မင်း၊ ဒါကို ဘယ်လို ပုံစံမျိုးနဲ့ သူ့ဆီကရအောင်ယူလာခဲ့တာလဲ၊ မင်းဘာတွေပေးခဲ့ရလဲ ပြော စမ်းပါ၊ ငါ့ကိုပြောစမ်းပါ"

"ကွာရှင်းစာချုပ်နဲ့လဲလာခဲ့တာ ကိုကို"

"ဘာ ... ဘာပြောတယ် သျှင်မင်း"

"ကိုကိုနဲ့ ကျွန်မရဲ့ ကွာရှင်းစာချုပ်နဲ့ ကျွန်မလဲခဲ့တာပါ၊ ကျွန်မ အတူရှိနေပြီး စိတ်ဆင်းရဲစရာတွေပဲ ဖြစ်လာမှာ၊ ဘာလို့အတူတူနေနေပြီး မှာလဲ"

"သျှင်မင်း"

"ကျွန်မလို မိန်းကလေးအတွက်နဲ့ ကိုကိုတို့တစ်မိသားစုလုံး ဂုဏ် သိက္ခာကျရမှာမတန်ပါဘူး။ ကျွန်မတို့တစ်မိသားစုလုံးရဲ့ဘဝကိုတော့ ကယ်တင် ပေးပြီး၊ ကိုကိုတို့ကို ကျေးဇူးတုံ့ပြန်ဖို့ဆိုတာ ဒီတစ်နည်းပဲရှိတော့တယ်"

"တော် ... မင်းလျှောက်မပြောနဲ့၊ ကွာရှင်းစာချုပ်ဆိုတာ ဘာလဲ၊ မင်းကို ငါဘယ်ချိန်တုန်းက ကွာရှင်းလို့လဲ၊ လက်မှတ်ထိုးလို့လဲ အလကားအဓိပ္ပာယ်မရှိတာ လျှောက်ပြောမနေနဲ့"

"ကိုကို့အဖေက ထိုးပေးလိုက်တာပါ"

"ဘာ"

ထည်ဝါခံ့ညား မယုံလို့မရတော့။ ဖေဖေ့လက်မှတ်နှင့် သူ့ လက်မှတ်က အတူတူပဲဖြစ်သည်။

ငယ်ငယ်တည်းက ဖေဖေလက်မှတ်ထိုးသည့်ပုံစံကို သဘောကျ လို့ အတုခိုးခဲ့တာပါ။ အခုနောက်ပိုင်း လုပ်ငန်းကိစ္စတွေမှာ ဖေဖေမအား



ချင် သူပဲ ဖေဖေ့ကိုယ်စားထိုးပေးခဲ့သည်။

"မင်း ... မင်းကို"

"မေမေကခေါ်တွေ့တယ်၊ စံမင်းညီရဲ့ အတင့်ရဲမှုတွေကို မိသားစု အတွက် ကာကွယ်ချင်တာ မေမေ့အလွန်မဟုတ်ပါဘူး၊ မိဘတွေရဲ့ မေတ္တာကို ရှင်လည်းအပြစ်မမြင်ရဘူး"

"မင်းအဲဒါတွေ ပြောမနေနဲ့ ကိုယ့်ကိုဖြေသိမ့်မနေနဲ့၊ ငါ ကိုယ်တိုင် လက်မှတ်ထိုးတာမဟုတ်တဲ့အတွက် တရားမဝင်ဘူး၊ အဓိပ္ပာယ်မရှိ လျှောက်လုပ်နေတာတွေ ကိုယ်လက်မခံဘူး။ မင်းကို ကိုယ်ဘယ်တော့မှ ကွာရှင်းမှာမဟုတ်ဘူးလို့ ပြောပြီးသားသျှင်မင်း"

"ရှင့်အမေကိုယ်တိုင်ဖြစ်စေချင်တာ ကျွန်မဘယ်လိုငြင်းရမှာလဲ၊ ပြီးတော့ ကျွန်မကိုယ်တိုင်ဆုံးဖြတ်သင့်တဲ့ကိစ္စလို့ထင်တယ်"

"ဘာပြောတယ်"

"ကျွန်မအစက ကျွန်မကိုငွေနဲ့ ဝယ်တယ်ဆိုပြီး ရှင့်ကိုဒုက္ခရာ တွေပေးဖို့ စဉ်းစားမိသေးတယ်၊ ဒါပေမဲ့ ရှင်နဲ့အတူတူနေရင်း ရှင့်အချစ် ရှင့်အကြင်နာ နွေးထွေးမှုတွေရလာခဲ့တော့ ရှင့်ကိုတဖြည်းဖြည်းချစ်လာခဲ့ တယ်၊ အဲဒါကြောင့် ကိုကို့ကို ဒုက္ခရာတွေမပေးချင်တော့ဘူး၊ ကျွန်မ ကြောင့် ဒုက္ခရာတွေမရစေချင်တော့ဘူး ကိုကို၊ ကိုကို့အနားကနေ ကျွန်မ ထွက်သွားရင် အရာရာအဆင်ပြေသွားပါလိမ့်မယ်"

"တော်တော့မပြောနဲ့၊ မင်းအဲလိုတွေ မပြောနဲ့"

ပခုံးစွန်းလေးကို ဆုပ်ကိုင်ထားရင်းက ဆောင့်တွန်းခံလိုက်ရ၍ သူမ မွေ့ယာအစွန်းမှာ ဖင်ထိုင်ကြသွားသည်။ ကိုကိုယောက်ယက်ခတ် တာ ဂနာမငြိမ်ဖြစ်နေ၏။

ကြိတ်မနိုင်ခဲ့မရဒေါသတွေဖြင့် မျက်နှာတစ်ခုလုံးလည်း နီခဲ့ခဲနေ တာ

"မင်းဘာသာ ဘာမှဆုံးဖြတ်လို့မရဘူး၊ ဘယ်သူ့ကိုက်တွန်းတာ

www.burmeseclassic.com

www.burmeseclassic.com



မှလည်း နားမယောင်ရဘူး။ ခြိမ်းခြောက်တာလည်း ကြောက်စရာမလို မင်းယောကျ်ားဖြစ်တဲ့ငါ ထည်ဝါခံ့ညားတစ်ယောက်လုံးရှိသေးတယ်၊ ဆုံးဖြတ်တာပဲ နာခံရမယ်နားလည်လား''

''ကိုကို့မှာမိဘရှိတယ်၊ အသိုက်အဝန်းရှိတဲ့ အများအယွင်း လုပ်ငန်းတွေရှိတယ်၊ ကျွန်မတစ်ယောက်အတွက်နဲ့ ဘာကိုမှအတိုက် မလုပ်ပါနဲ့''

''ဒါတွေက စံမင်းညံ့ကို ငါနိုင်လိုက်ရင်ပြီးပြီလေ၊ သူနဲ့ ကတိရှိပြီးသား၊ သူရှုံးရင် အားလုံးကို ဒီအတိုင်းထားရစ်ခဲ့ပြီး သူပြန် မှာ၊ မင်းဘာကို စိတ်ပူတာလဲ၊ ငါတို့ယောကျ်ားချင်းပဲရှင်းရမယ့်ကိ

''ကိုကိုနိုင်မှာမို့လို့လား။ မပြိုင်ခင်က ရှုံးနေပြီးသား။ လေ့ကျ လေးနဲ့တောင် ကိုကိုခံနိုင်ရည်မရှိတော့ဘူး။ လဲသွားလို့ မပြိုင်နိုင်ရင်လ ရှုံးပြီးသားပဲ၊ ကျွန်မကိုကို့မာနကို မထိခိုက်တဲ့နည်းလမ်းကို ရွေးထားတ ကိုကို့ကို ဘာမှမထိခိုက် မနစ်နာစေချင်လို့ပဲ''

''မင်းထားခဲ့တဲ့ဘဝမှာ ငါအသက်ရှင်မယ်လို့ရော မင်းထင် လား သျှင်မင်း''

''ဟင်''

တက်ခေါက်သံနှင့်အတူ ကိုကိုလေသံများက မာကျောပြင်းထ နေခဲ့သည်။ ဒီကိစ္စကို အလျှော့မပေးတော့ဖို့ ဆုံးဖြတ်ချက်ချလိုက်ပုံဖြ စံမင်းညံ့ ပေးလိုက်သည့်အိတ်ကိုကောက်ယူ၍

''မင်းကို ငါဘာနဲ့မှအလဲအထပ်မလုပ်ဘူး သျှင်မင်း''

''ကိုကို အဲဒါ ဘာလုပ်တာလဲ မေမေ့ကိုသွားပေးရမှာ''

''ငါ့ကိစ္စငါလုပ်မယ်၊ ဘယ်မှာလဲ ကွာရှင်းစာချုပ်''

''စံ ... စံမင်းညံ့ဆီမှာ''

''ဘာ ... ဘာလို့ သူ့ကိုပေးခဲ့တာလဲ''

''သူပြိုင်ပွဲကို မရပ်မှာစိုးလို့ သေချာအောင်လို့ပါ''



''တောက် ... သျှင်မင်းရာ''

''သူ့ကိုပေးခဲ့တာ မိတ္တူပါ။ ကျွန်မဆီမှာ အစစ်ရှိတယ်၊ ကျွန်မ ကွာရှင်းလက်မှတ်ထိုးပြီးပြီ ကိုကို၊ ကျွန်မ တရားဝင်လို့သတ်မှတ်ထားတယ်''

''ငါမသတ်မှတ်ဘူး။ ငါ့လက်မှတ်မထိုးထားဘူး။ ဒီပြိုင်ပွဲမှာ ရှုံးလို့ မင်းကိုစွန့်လွှတ်ရရင် ငါ့မာနတော့ကျန်သေးတယ်။ ဒီအတိုင်းစွန့်လွှတ်ရရင် မာနရော ငါ့အသက်ရော သေမှာ သျှင်မင်းအိမ်၊ နှစ်ခုလုံးတော့ ငါစွန့် လွှတ်နိုင်ဘူး''

''ကိုကို ... ကိုကို''

ခြေလှမ်းကျဲနှင့် လှမ်းထွက်သွားတာ ဘယ်သူ့ဆီကိုလဲ။ စံမင်းညံ့ ဆီကိုလား။ သူ့မိဘတွေဆီကိုလား။

သေချာတာက သူမဆီက ထွက်မသွားဘူးဆိုတာပင်။ ဘာ ကြောင့်ခွဲခွာဖို့ ဒီလောက်ခက်ခဲနေတာလဲ။ အချစ်တွေကို သံသရာချည် အောင်ဆွဲဆန့်နေရင် ဘယ်လိုလုပ် အမျှင်ပြတ်တော့မှာလဲ ကိုကိုရယ်။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၄)

"ကျုပ်ကို သျှင်မင်းအိမ်က ခေါ်တွေ့လိုက်၊ ခင့်ဗျားက လာတွေ့လိုက်နဲ့ ကစားစရာများအောက်မေ့နေလား"

အိမ်အထိလိုက်လာခဲ့သောသူ့ကို အိမ်ပေါ်အထိတက်ခွင့်မပေးဘဲ စံမင်းညို ငေါ့တော့တော့ဖြင့် ရှိသည်။ သူက စံမင်းညိုလက်ထဲကို မှတ်တမ်းအိတ်လေးပစ်ထည့်လိုက်ပြီး

"ရော့ ... မင်းရဲ့လက်နက်ပုံးတွေ၊ ကြိုက်တဲ့အချိန်မှာ ကြိုက်တဲ့ပုံစံနဲ့ မင်းဖောက်ခွဲပစ်လို့ရတယ်၊ သျှင်မင်းပေးခဲ့တဲ့ ငါတို့ကွာရှင်းစာချုပ်ဆိုတဲ့ဟာကိုသာ ငါ့ကိုပြန်ပေး"

"ဘာ"

"ငါနဲ့ သျှင်မင်း ဘယ်တော့မှ ကွာရှင်းမှာမဟုတ်ဘူး၊ အဲဒီမှာ လက်မှတ်ထိုးထားတာ ငါ့လက်မှတ်မဟုတ်ဘူး"

"ဟား ... ရယ်စရာတွေ လာပြောနေတယ်၊ သျှင်မင်းက မဟုတ်ဘဲနဲ့ ကျုပ်ဆီယူလာရဲ့မှာ မဟုတ်ဘူးလေ၊ ခင်ဗျားအခုမှ ရှုကြောင်ကြောင်လာ လုပ်မနေနဲ့"

"ငါရှုနေရင် မင်းရဲ့အောက်တန်းကျတဲ့နည်းနဲ့ ယူထားတဲ့ လက်နက်ပုံးတွေကို ငါပြန်လာပေးနေပါ့မလား၊ သျှင်မင်းကို ငါဘာနဲ့မှ





အလဲအထပ်မလုပ်ဘူး စံမင်းညို၊ ပြိုင်ပွဲကိုလည်း မင်းရစ်စရာမလိုဘူး၊ ငါရပ်ခွင့်မပေးဘူး၊ မင်းနဲ့ငါပြိုင်မယ်"

"ဟား ... ကျုပ်ကိုတော်ကြာတစ်မျိုး ခုတစ်မျိုးလာမလှည့်နဲ့ဗျာ၊ သျှင်မင်း တောင်းတောင်းပန်ပန်လာပြောလို့ ကျုပ်ကသနားပြီး လက်ခံလိုက်ရတာ"

"မင်းသနားစရာမလိုပါဘူး၊ သျှင်မင်းကိုရော ငါ့ကိုရော သနားစရာမလိုဘူး၊ ကျားသနားမှ နွားချမ်းသာရမယ့် သိမ်ငယ်မှုမျိုးထဲမှာ ငါ မပါဘူး စံမင်းညို၊ အထူးသဖြင့် မင်းလိုကောင်မျိုးရဲ့ အသနားခံရမယ့်ဘဝမျိုးနဲ့ ငါမနေဘူး"

"ဟား ... မာနကလည်းကြီးလိုက်တာ"

မှဲ့ပြုံးဖြင့်ပြောရင်း အိတ်ထဲကဟာတွေ ပြန်စစ်၏။ အပြည့်အစုံပါလာသောအခါ အနည်းငယ်တော့ အံ့အားသင့်မိသည်။

ထည့်ဝါခိုညားက သတ္တိကောင်းစွာ ကျားရှေ့မှောက်လျက်လာလှဲပေးနေတာပဲ။ ဒါသျှင်မင်းအတွက် စတေးပေးခြင်းပဲပေါ့။ ထည့်ဝါခိုညားက တက်တစ်ချက်ခေါက်ပြီး

"ကွာရှင်းစာချုပ်မှာက ငါကိုယ်တိုင်မထိုးပေမယ့် ငါ့လက်မှတ်ပါနေတဲ့အတွက် ငါနဲ့သျှင်မင်း ကွာရှင်းတာမဟုတ်ပါဘူးဆိုတာ ဖြေရှင်းရခက်တယ်၊ ဒီမှတ်တမ်းတွေကတော့ ငါ့မိန်းမဖောက်ပြန်တာမဟုတ်ပါဘူးဆိုတာ ငါအား မဖြေရှင်းလိုက်ရင်ရတယ်၊ အဲဒီအတွက် သျှင်မင်းဘက်ကကွယ်လို့ရသရွေ့ ငါကာကွယ်သွားမှာ၊ မင်းက သတင်းမဖြန့်သေးလို့ မင်းရပ်ရွာကိစ္စ ငါလည်းရပ်တန့်ထားတယ်၊ တကယ်လို့ မင်းလုပ်ချင်တယ်ဆိုရင်လည်း လုပ်လိုက်တော့"

"ဟင်"

"သျှင်မင်းက ငါ့ကိုယုတ်ညံ့တဲ့စိတ်မွေးမှာမကြိုက်ဘူး၊ လူမိုက်နဲ့ပြိုင်ပြီး လူယုတ်မာမဖြစ်စေချင်ဘူး၊ ငါ့မိန်းမဆန္ဒကို နာခံလိုက်ပြီ၊



www.burmeseclassic.com

www.burmeseclassic.com



အေး … ဒီပြိုင်ပွဲအတွက်တော့ သူငါ့ကိုထိခိုက်နစ်နာမှာစိုးရိမ်နေပေမယ့် မနာခံနိုင်တာ သူ့အတွက်ပဲ၊ သူက ငါပင်ပန်းတာ ထိခိုက်နာကျင်ရမှာစိုးလို့ စိတ်ပူတာ၊ ငါ သူ့အချစ်ကို ပိုပြီးတန်ဖိုးထားလေးစားသွားတယ်၊ ငါ့ကို အဲလိုဖြစ်မှာစိုးလို့ သူအနစ်နာခံထွက်ပြေးသွားမှာ ငါလက်မခံနိုင်ဘူး"

"နားထောင်လို့ကောင်းတယ် ဆက်ပြော"

"အေး ပြောမှာ၊ သူက ငါ့အတွက် စွန့်လွှတ်အနစ်နာခံသလို ငါလည်း သူ့အတွက် အသက်သေချင်သေပါစေ၊ ကျန်တဲ့အရာအားလုံးကို စွန့်လွှတ်ချင် စွန့်လွှတ်ရပါစေ၊ သူ့ကိုအလွမ်းတွေ နာကျင်မှုတွေ ပေးခံနာ တွေမပေးဘူး၊ မင်းကို ငါနိုင်အောင်ကစားမယ်၊ မစွန့်လွှတ်ရအောင် ကြိုးစားမယ်"

"မနိုင်ခဲ့ရင်"

"အဲဒီနေရာမှာတင် ငါ့ကိုယ်ငါ စတေးပစ်လိုက်မယ် စံမင်းညို"

"ဟား"

ထည်ဝါခံ့ညားလို လူမျိုးဆီက ဒီလိုစကားထွက်လာတာ အရမ်းကို အံ့သြသွားခဲ့ရပါသည်။ မိန်းကလေးတွေကို ငွေပေးဆော့ကစားတတ်သည့် လူမျိုးပဲထင်ခဲ့တာ။

"မင်းနဲ့ ငါရဲ့ပြိုင်ပွဲက သုံးရက်ပဲလိုတော့တာ၊ တရားမျှတဖို့ အတွက် မင်းဘက်ရော ငါ့ဘက်ရော ဒိုင်လူကြီးတွေခေါ်မယ်၊ စည်းမျဉ်း စည်းကမ်းအတိုင်းဖြစ်အောင် အားလုံးစီစဉ်ထားမယ်၊ အားပေးမယ့်သူ တွေကို မင်းဘက်က ရပ်ကွက်လူကြီးတွေ မိဘဆွေမျိုး အသိုင်းအဝန်း တွေအားလုံး ခေါ်လာခဲ့၊ ငါ့ဘက်ကတော့ ငါ့မိဘနဲ့ ငါ့မိန်းမရဲ့မိဘနဲ့ အသိုက်အဝန်းနည်းနည်းပေါ့၊ ငါနိုင်ခဲ့ရင် သျှင်မင်းကို ငါ့ရင်ခွင်ထဲမှာ တစ်သက်လုံးထားမယ်၊ ရှုံးခဲ့ရင် သေကွဲပဲအကွဲခံမယ်၊ ငါ့ကြောင့် သျှင်မင်း နာကျင်ရမှာကိုမကြည့်ရက်လို့"

"ဩော်"



သျှင်မင်းအိမ်နှင့် ထည်ဝါခံ့ညားရဲ့ ချစ်ခြင်းတရားတွေက ကိုယ့်ကို အနည်းငယ်မှင်တက်တွေဝေသွားစေသည်။ ဒီပြိုင်ပွဲက ကိုယ်အနိုင်ရမည်ဆို တာသေချာနေပြီမို့ ထည်ဝါခံ့ညားကို သျှင်မင်းပေးခဲ့သည့် ကွာရှင်းစာချုပ်လေး ပြန်ပေးလိုက်၏။

ထည်ဝါခံ့ညားပြန်သွားသည့်အချိန်မှာ ကိုယ့်လက်ထဲကျန်ခဲ့သည်က ထည်ဝါခံ့ညားပြောသလို ဘယ်အချိန်ဖောက်ခွဲခွဲ၊ သူတို့ဘဝတွေ ပျက်စီးသွားနိုင်သည့် လက်နက်ပုံးတွေ။

"စံမင်းညို နင်သိပ်ပျော်နေသလား"

"ဟင် … အမေ"

"ငါအားလုံးကြားပါတယ်၊ နင်က ဆန်ကုန်မြေလေး လူပိုလူလျှံ တစ်ယောက်ပဲ၊ တိုင်းပြည်အတွက်၊ ရပ်ရွာအတွက်၊ မိသားစုအတွက်၊ ချစ်သူရည်းစားအတွက် ဘာကောင်းကျိုးမှမပြု၊ ဘာအနစ်နာခံမှုမှမရှိဘဲ နင့်ကိုယ်နင်လည်း ကောင်းကျိုးမပြုတဲ့ အမှိုက်ကောင်"

"အမေ"

"လူဆိုတာ ကိုယ့်ကိုယ်ကို မြှင့်တင်တတ်မှ၊ သူများတွေကို မြင့်တင်ပေးရမှန်းသိကြတာမျိုးပဲ၊ နင့်မှာအောက်ခြေစိတ်ဓာတ်ပဲရှိတယ်၊ သူများတွေကို အကောင်းမြင်မပေးတတ်ဘူး။ နင့်ဘဝ ဘယ်တော့မှအောင်မြင်မှာ အမြင့်ရောက်မှာမဟုတ်ဘူး"

"အမေ ကျွန်တော့်ကို ကျိန်စာတိုက်နေတာလား၊ အမေ့မျက်ရည်ကျလို့၊ ရပ်ရွာကလူတွေ ထိခိုက်နစ်နာမှာစိုးလို့၊ ဒီမှတ်တမ်းတွေနဲ့ မတိုက်ခိုက်ဘဲ ဒီပြိုင်ပွဲကိုပြောင်းလိုက်တာအမေ"

"နင်နိုင်မှာ သေချာတာကိုပဲ ရွေးလိုက်တာမဟုတ်လား၊ နင်သိပ်တော်ပါတယ် စံမင်းညို၊ ငါ့သား ဒီလောက်တော်နေတော့ အမေ ဘယ်လို

www.burmeseclassic.com



ချီးကျူး ရမှန်းကို မသိတော့ဘူး အရမ်းကိုအရည်အချင်းရှိ သတ္တိရှိတဲ့သူပဲ ဘာမှအခြေခံလောကီတောင် မတတ်ကျွမ်းတဲ့သူကို စိန်ခေါ်ရဲတယ် တကယ်တော့ မင်းကအရမ်းသနားစရာကောင်းတဲ့လူပဲ''

''ဗျာ အမေ''

''အရှုံးကို ရင်မဆိုင်ရဲတာ သတ္တိနည်းတာပဲ၊ မနိုင်မှာစိုးလို့ ကောက်ကျစ်တဲ့နည်းလမ်းကိုသုံးတာ အရည်အချင်းမရှိတာပဲ၊ ယောကျ်ား တစ်ယောက်အတွက် အရမ်းကိုရှက်စရာကောင်းတဲ့ အပြုအမူမျိုးပဲသား။ သားမရှက်တတ်ရင်တော့ ဒီပြိုင်ပွဲကိုဆက်ပြိုင်ပါ''

အမေက ခေါင်းတညိတ်ညိတ် သက်ပြင်းတွေရှိုက်လျက် အိမ်ထဲ ပြန်ဝင်သွားသည်။ အမေ့စကားလုံးတွေက ကိုယ့်ရင်ထဲကို အရှိန်ပြင်းပြင်း ရိုက်ထည့်သွားသလိုပါ။

တကယ်ပဲ ကိုယ့်လုပ်ရပ်တွေက ရှက်စရာကောင်းနေခဲ့သည် လား။

ဘယ်သူမဆို ကိုယ့်ကိုထိခိုက်လာလျှင် တုံ့ပြန်တိုက်ခိုက်ကြမှာပဲ မဟုတ်ပါလား။

✤ ✤ ✤

## အခန်း (၃၅)

''ငို ...ငိုပါသမီး၊ အမေ့သမီး ရင်တွေပွင့်ထွက်သွားအောင် အားရပါးရငိုလိုက်ပါ သမီးရယ်၊ သမီးရင်ထဲ ဘယ်လိုခံစားနေရမယ်ဆိုတာ အမေသိပါတယ်''

အကြောင်းစုံပြောပြပြီး အမေ့ကိုဖက်တွယ်ကာ ငိုမိချိန်မှာ အမေ က သူမရင်ထဲပေါ့သွားအောင် ထပ်ပြီးငိုခိုင်း၏။ သူမ အားရပါးရ ရှိုက်ကြီး တငင် အော်ဟစ်ငိုပစ်လိုက်သည်။

ငိုလို့အားရမှ မျက်ရည်တွေ မခမ်းခြောက်သေးစွာဖြင့်

''သူ့ရှုံးမှာကို သမီးမကြောက်ပါဘူး၊ သူပင်ပန်းတာမခံနိုင်ဘဲ လဲကျသွားမှာပဲ စိုးရိမ်တာပါ၊ အခုရက်ပိုင်း အပြင်းအထန် နေ့မအိပ် ညမအိပ်လေ့ကျင့်နေတာ၊ လူလည်းယုံ့ယုံ့ပဲ ကျန်တော့တယ်အမေ''

''အနီးကပ် ကျန်းမာရေးစောင့်ရှောက်ခံနေတယ် မဟုတ်လား၊ အရမ်းလည်း မစိုးရိမ်ပါနဲ့သမီးရယ်၊ သမီးက သူ့အတွက်စိုးရိမ်ပြီး စိတ် ပင်ပန်းလို့ လူကလဲတော့မယ်၊ သမီးအဲလိုဖြစ်လေ၊ သူ့ရဲ့စိတ်တွေက

www.burmeseclassic.com



ပြင်းထန်လေပေါ့သမီး၊ သမီးကို ထည်ဝါခံ့ညားး ဒီလောက်ထိတန်ဖိုးထားမယ်လို့တောင် မထင်ဘူး''

''အဲဒါကြောင့် သမီးအရမ်းခံစားရတာပေါ့ အမေ၊ သူ့အတွက် သမီး ဘာမှလုပ်ပေးခွင့်မရသေးဘူး၊ သမီးကြောင့်ပဲ သူတို့တစ်မိသားစုလုံး စိတ်ဆင်းရဲနေရတာ''

''ဒါက သမီးလုပ်တာမှမဟုတ်ဘဲကွယ်၊ စံမင်းညံ့ရဲ့ ကောက်ကျစ်မှုတွေပါ၊ ဒါကိုထည်ဝါခံ့ညားး နားလည်နေလို့ သမီးကို သူအပြစ်မမြင်တာပေါ့''

''အဲဒါကြောင့် ခက်နေတာအမေ၊ သူသာအပြစ်မြင်လိုက်ရင် ခွဲခွာရတာလွယ်ဦးမှာ၊ အခုသူက သူ့မိဘတွေကိုတောင် အတိုက်အခံလုပ်ထားတယ်၊ သျှင်မင်းနဲ့ ကွဲစေချင်ရင် သူ့ကိုသားအဖြစ်က စွန့်လွှတ်ပြီး အမွေဖြတ်လိုက်ပါတဲ့၊ သမီးကို ဘယ်လောက်ချစ်တယ်ဆိုတာ သိအောင်လို့ ပြိုင်ပွဲကိုလည်း လာကြည့်နိုင်းထားတယ်''

''မိဘတွေ ရင်နာအောင်လို့ကွယ်''

''အဲဒါကြောင့် ပြောတာပေါ့ အမေရယ်''

သူမ နောက်တစ်ကြိမ်ချုံးပွဲချကာ ငိုမိပြန်သည်။ ထည်ဝါခံ့ညားက အပြင်းအထန်ကို လေ့ကျင့်နေခဲ့တာပါ။

ညအိပ်ရာဝင်တိုင်း ဆေးလိမ်းပေးသော်လည်း တညည်းညည်း တငြူငြူဖြင့်။

မနက်ကျ မိုးမလင်းခင် လေ့ကျင့်ခန်းပြန်ဆင်းကာ စိတ်ဆောင်နေလို့ဖြစ်သည်။ အာဟာရ အားဖြစ်စေသော အစားအသောက်တွေ





သူမ သေချာဂရုစိုက်ကျွေးသော်လည်း သိပ်မစားနိုင်ပါ။

စိတ်ရော လူရောပမ်းကာ လူကအတော်လေးကို ပိန်ကျသွားသည်။

အမေက သူမခေါင်းလေးကို ပွတ်သတ်ကာနှစ်သိမ့်ပြီး ...

''ပြိုင်ပွဲနေ့ကျရင် အမေတို့လာပြီး အားပေးမယ်သမီး၊ ပြိုင်ပွဲတစ်ခုက အားပေးမှုကြောင့် စိတ်ဓာတ်တက်ကြွပြီး နိုင်သွားတာမျိုးလည်းရှိတတ်တယ်မဟုတ်လား၊ သူ့မိဘတွေလည်း လာလောက်မယ်ထင်ပါတယ်''

''စိတ်တော့မဆိုးကြပါဘူး၊ စိတ်မကောင်းတော့ဖြစ်နေကြမှာပေါ့အမေ၊ သူတို့သားကို ရွှေပေါ်မြတင်ထားခဲ့ကြတာ၊ ခြင်မနား၊ ယင်မနား အခြေအရံအပြည့် စည်းစိမ်အပြည့်နဲ့ထားခဲ့ကြတာ၊ သူသာတစ်ခုခုဖြစ်လို့ကတော့ စံမင်းညံ့ကို သတ်ပစ်မိမှာ အမေ''

''အာဃာတမထားပါနဲ့ကွယ်၊ အာဃာတဆိုတာ ဘယ်တော့မှ အဆုံးမသတ်တော့ဘူး၊ သံသရာရှည်သလောက် ပင်ပန်းရတယ်သမီး၊ သံသရာမကြောက်တဲ့လူက လူမိုက်ပဲ၊ လူမိုက်လုပ်ရင် လူယုံကြည်မှုမခံရဘူး၊ လေးစားမှုမခံရဘူး၊ အတွဲအလှည့်ဆိုတာရှိလို့ သူ့အပြစ်သူခံပါစေ၊ ကိုယ်က သူ့အကုသိုလ် ကို ခွဲဝေမယူမိပါစေနဲ့နော် သမီး''

အမေရဲ့ ဆုံးမဩဝါဒစကားများကြောင့် သူမရင်ထဲအနည်းငယ်တော့ အေးချမ်းသွားသယောင်ရှိခဲ့ပါသည်၊ အရင်ကလိုမဟုတ်ဘဲ အိမ်ထဲမှာ အသုံးအဆောင်ပစ္စည်းတွေ တောက်ပြောင်ပြည့်စုံနေတာမို့ ထည်ဝါခံ့ညားတို့ မိသားစုကို မျက်နှာပူအားနာနေမိတာပါ။

www.burmeseclassic.com

www.burmeseclassic.com



''အဖေရော အမေ၊ ကျန်းမာရေးကောင်းရဲ့လား''

''စိတ်ချမ်းသာတော့ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်လို့ အခုထည်ဝါခံ့ညားတို့ ပေးထားတဲ့စက်ရုံက အလုပ်ကလည်း အောင်မြင် တယ်လေ၊ ဝန်ထမ်းတွေ ထပ်ခေါ်ရတယ်၊ သမီးမောင်လေးနဲ့ ညီမလေး လည်း ပညာကောင်းကောင်းသင်ရတော့ စိတ်ချမ်းသာရပါတယ်''

''အဲဒါတွေကြောင့်ပဲ သူတို့ကို မျက်နှာပိုပူမိတာ အမေ၊ သူတို့ ကတော့ ဒီလိုတွေကောင်းပေးပြီး၊ သမီးတို့က ဘာမှပြန်လုပ်မပေးနိုင်ဘူး''

''ကောင်းတဲ့စိတ်ထားပြီး ဆုပဲတောင်းပါ သမီး၊ စံမင်းညီ့ကို လည်း ကောင်းတဲ့စိတ်လေးဝင်လာအောင် မေတ္တာပဲပို့ပါ၊ မေတ္တာက အရာရာအောင်နိုင်တာ သမီး''

''ဟုတ်ကဲ့ပါ အမေ''

အမေ့ဆီက ပြန်လာပြီး၊ သူမ ဘုရားပန်းလဲ၊ သောက်တော် ရေကပ်၊ သစ်သီးဆွမ်းကပ်ဖြင့် မေတ္တာပို့လျက် ဆုတောင်းလိုက်လုပ်နေ သည်။ ထည်ဝါခံ့ညား ချွေးသံတရွှဲရွှဲ လေ့ကျင့်နေတာကိုလည်း စိတ် မကောင်းစွာပဲ ကြည့်နေရ၏။

သူ့ရဲ့ သူမအပေါ်ထားသည့် ချစ်ခြင်းမေတ္တာကြောင့် ကြိုးစား နေတာတွေကို တားဆီးလို့မရနိုင်တော့ဘဲ။

အချစ်က ဒီလောက်ထိလေးနက်တန်ဖိုးရှိမှန်း အစက မသိခဲ့ဘဲ ယေ်ယယ်က သူ့ငိုအောင်စနောက်ခဲ့သော မိန်းကလေးအပေါ်၊ သူပြန်ပြီးပေး ဆပ်နိုင်တာ၊ အတိုင်းထက်အလွန်ပင်။ မှတ်မှတ်ထင်ထင်ရှိခဲ့သော အတိတ်က ငိုကြွေးခြင်းတွေ အဆုံးသတ်ခဲ့ပြီဖြစ်သော်လည်း၊ အခုတော့



...ခြင်းတရားတွေကြောင့် သူမပြန်ပြီး ငိုကြွေးတတ်လာခဲ့သည်။ ဒီလို ...။

✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

''ခုံညား . . . ခုံညား . . . ခုံညား''

''သားလေး . . . သားကြိုးစားထား''

''မောင်ခုံညား . . . သားနိုင်မှဖြစ်မှာနော်''

''အစ်ကိုလေး၊ နိုင်အောင်လုပ်၊ ချ . . . ချ''

''သခင်လေး . . . ရိုက်ထား၊ ရိုက်ထား''

''ကိုကို . . . ကိုကိုရေ၊ အားတင်းထားနော်၊ ကျွန်မတို့အားလုံး ကိုကို့ကို အားပေးနေတယ်''

ကြည့်နေသည့် ပရိသတ်အားလုံး ကိုယ့်ကိုအားပေးမည့်သူ တစ်ယောက်မှမရှိ။ ကိုယ့်ရပ်ရွာက လူကြီးတွေ သူငယ်ချင်းတွေနှင့် ကိုယ့် မိဘကအစ ထည်ဝါခုံညားကိုသာ အားပေးနေသည်။

ထည်ဝါခုံညားကို ကိုယ့်ဘက်ကရော သူ့ဘက်ကရော အားပေး နေတာ၊ ဘယ်လောက်တောင် သိမ်ငယ်အားငယ်စရာကောင်းလိုက်ပါ သလဲ။ ဒါဟာ ငွေကြေးချို့တဲ့ ဆင်းရဲခြင်း၊ ချမ်းသာပြည့်စုံခြင်းနှင့် မဆိုင် ဘူးထင်သည်။



အမေပြောသလို ကိုယ့်ရဲ့စိတ်ဓာတ်တွေ အောက်တန်းကျတာ သိနေကြလို့ဖြစ်မည်။ အားပေးသံတစ်သံတောင် ကိုယ့်ဘက်မှာ မကြားရ တော့၊ ပေါ့ပေါ့ပါးပါးရိုက်ပြီး အမှတ်အများကြီးကွာဟချက်နှင့် နိုင်မှာ သေချာနေတာတောင် ကိုယ့်မှာမပျော်ရွှင်နိုင်။

''ကိုကို . . . ကိုကို၊ အမယ်လေး သွားပါပြီ''

ကိုယ့်ရဲ့ရိုက်ချက်ပျော့ပျော့လေးကို ထည်ဝါခုံညား အသည်း အသန်လိုက်ရိုက်ရင်းနှင့် ချော်လဲသွားတော့ သျှင်မင်းအိမ် မကြည့်ရက် သလို မျက်နှာကိုလက်ဝါးနှင့်အုပ်၍ ငယ်သံပါအောင်အော်သည်။

ရှုံးမှာသေချာနေသော်လည်း ထည်ဝါခုံညား ဖွဲ့မလျော့။ အား ပေးသံ စိုးရိမ်ပူပန်သံတွေကို အားပြု၍ ချွေးသံတရွှဲရွှဲဖြင့် ပြန်ထရပ်သည်။ အမြဲအဆင်သင့်ဖြစ်အောင် အံကြိတ်၍ အဆင်သင့်ပြင်ထား၏။

နောက်တစ်ခါလည်း ထည်ဝါခုံညား လဲပြန်သည်။ ဒီတစ်ခါတော့ ခေါင်းတစ်ခုလုံး ပွန်းပဲ့ကာ သွေးချင်းချင်းရဲသွားသည်။

ကွင်းထဲကို သျှင်မင်းအိမ် ငိုသံပါနှင့်အော်ရင်း ပြေးဆင်းလာ၏။

''ကိုကို . . . ကိုကို ဆက်မရိုက်နဲ့တော့၊ အရမ်းမောနေပြီ၊ နာနေပြီ မဟုတ်လား၊ မရိုက်ပါနဲ့တော့ ကိုကို့ချယ်နော်''

''ဟင့်အင်း . . . ဖယ်စမ်း သျှင်မင်း၊ ကိုယ်နိုင်မှဖြစ်မှာ နိုင်အောင် တစားမယ် သျှင်မင်း''

''အမှတ်ဒီလောက်ကွာနေတာ ကိုကိုရယ်၊ ကိုကိုအရမ်းမောနေ ပြီ အသက်တောင်မှန်အောင် မရှူနိုင်တော့ဘူး မဟုတ်လား၊ ဒဏ်ရာပြီး သွေးတွေလည်း ထွက်နေပါပြီ''

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အသက်နဲ့ လောင်းကြေးထပ်ထားတယ် သျှင်မင်း။ ကို မနိုင်ရင်လည်း သေမှာ၊ မင်းကိုစွန့်လွှတ်ရရင်လည်း ကိုယ်သေမှာ။ ကို သိကြွာရှိရှိ သေပါရစေ၊ ယောကျ်ားပဲ ဒီလောက်တော့ ခံနိုင်ရည်ရှိပါတ သွားပါ သျှင်မင်းရယ်၊ ကြည့်ရင်းနဲ့ ကိုကိုလို့ခေါ်ပြီးပဲ အားပေးပါ။ အသံကြ ားရင် ကိုယ်ရိုက်နိုင်ပါတယ်"

"ကိုကို"

"ဟိတ်ကောင်တွေ"

ထည်ဝါခံ့ညားက သက်တော်စောင့်တွေကို အချက်ပြ၍ မင်းအိမ်ကို လာခေါ်ခိုင်းသည်။ သျှင်မင်းအိမ်က ထည်ဝါခံ့ညားလက် မမီမကမ်းနှင့် ပြန်ဆွဲနေ၏။

"ဟိတ်ကောင်တွေ မြန်မြန်ခေါ်သွား။ သျှင်မင်းကို ကွင်းထဲ မလာစေနဲ့"

မိဘတွေရော ကျန်တဲ့သူတွေရော သူတို့နှစ်ယောက်ကိုကြ ကာ မြင်နေရတာ စိတ်မချမ်းသာ။

အားလုံးမျက်ရည်ဝဲလျက် စံမင်းညံ့ကို ပို၍မုန်းတီးသွားကြ ထည်ဝါခံ့ညားကိုသာ အော်ဟစ်အားပေးကြသည်။ ဒါပေမဲ့ စံမင်းညံ ရိုက်ချက်တွေကို ထည်ဝါခံ့ညား အပြည့်အဝမတုံ့ပြန်နိုင်။

အချိန်တိုလေ့ကျင့်မှုတွေက ကျွမ်းကျင်ပညာရှင်ကို ဘယ်လို တန်ပြန်အနိုင်ရအောင်လုပ်နိုင်ပါ့မလဲ။ ထည်ဝါခံ့ညားဘက်က အမှတ် လျှင် အားလုံးရဲ့အားပေးသံတွေ ဆူညံပွက်လောရိုက်နေသလို၊ စံမင်း အမှတ်ရလျှင်တော့ အားလုံးက တက်ခေါက်ကြ၊ မကျေမချမ်းပြော





ကြနှင့် စံမင်းညံ့ ရှုံးတတ်လျှင် လဲသေသွားဖို့ကောင်းပါသည်။

စံမင်းညံ့က ခပ်ယဲ့ယဲ့အပြုံးများနှင့် ဆက်မရိုက်သေးဘဲ ထည်ဝါခံ့ညား အနားလျှောက်လာကာ

"ခင်ဗျား အရှုံးပေးတော့မလား ဦးထည်ဝါ"

"မင်းလိုကောင်ကို ငါဘာလို့အရှုံးပေးရမှာလဲ၊ ပထမတစ်ပွဲရှုံး ထား တယ်ဆိုပြီး မင်းအားတက်မနေနဲ့၊ ဒီတစ်ပွဲငါနိုင်အောင်ကစားမှာ"

"ခင်ဗျား အခုထိအပြောကြီးတုန်းပဲ၊ အမှတ်ကိုလည်းကြည့် လိုက်ဦး"

"ငါဒီကွင်းထဲမှာ လဲသေသွားမှ မင်းနိုင်ပြီလို့အောက်မေ့ စံမင်း ညံ့၊ သျှင်မင်းရဲ့အားပေးသံကို ငါ့ရဲ့နောက်ဆုံးအချိန်တွေထိ နားထောင် သွားမယ်၊ မင်းလို အားပေးမယ့်သူမရှိဘဲ၊ အရှက်မရှိနိုင်ချင်နေတဲ့ကောင် မျိုးမဟုတ်ဘူး"

"ဘာ"

"အားလုံးရဲ့ အချစ်တွေကို ငါရနေတာ မင်းမြင်လား၊ လူတွေရဲ့ မေတ္တာကိုရနေတာ မင်းတွေ့လား၊ ပြိုင်ပွဲမှာ ရှုံးချင်ရှုံးသွားမယ်၊ ဒါပေမဲ့ အဲဒီမေတ္တာတွေ အချစ်တွေကြောင့် ငါသေပန်းတော့လှမှာ သေချာတယ်"

ထည်ဝါခံ့ညား စကားလုံးတွေက အရိုက်တည့်တည့်ကိုထိ၏။ ကိုယ်ကတော့နိုင်ရင်တောင် မျက်နှာပန်းမလှမည့်အနေအထားမျိုးပါ။

ဒီအချိန်ခဏလေးမှာ အထီးကျန်သည့်ခံစားမှုမျိုးဖြင့် အော်ဟစ် ငိုချင်စိတ်တွေ လှိုက်လှိုက်တက်လာခဲ့သည်။ သူဘာတစ်ခုမှမရဘဲ ဘာကို အနိုင်ရမှာလဲ။ အနိုင်သေချာမှာကို ရွေးပြီးပြိုင်ခဲ့တာတောင်၊ အရှုံးတွေ



www.burmeseclassic.com

www.burmeseclassic.com



အမုန်းတွေ ပွေ့ပိုက်ပြီးပြန်ရတော့မည် ဆင်သည်။

"ဟေး ... ထည်ဝါခံ့ညားကွ"

"ငါ့သားကွ"

"မောင်ခံ့ညား ကြိုးစားထား"

"ကိုကို ... ကိုကို တော်တယ်"

စိတ်နဲ့ ကိုယ်မကာပ်သည့်အချိန်မှာ ထည်ဝါခံ့ညား တစ်မှတ်ရှုံး သွားသည်။ ဒီပုံစံမျိုးနှင့်တော့ အရှုံးမပေးလိုက်ချင်။ ရှုံးမယ်ဆိုတာ သိသိကြီးနှင့် ထည်ဝါခံ့ညားက မာနနှင့် သိက္ခာအတွက် ယှဉ်ပြိုင်ခဲ့တာတွေ။

ပြီးတော့ အချစ်။ သျှင်မင်းအိမ်ကို မစွန့်လွှတ်နိုင်သည့်အချစ်တွေ ကြောင့် ဒီပြိုင်ပွဲကို ...။

"ဟာ ... သွားပြီ ကိုကို မပြိုင်နဲ့တော့ မရိုက်နဲ့တော့"

"သားတော်ပြီ၊ သား အရမ်းနာနေပြီ"

"မောင်ခံ့ညား နားလိုက်တော့"

ကိုယ့်ရဲ့ရိုက်ချက်တွေကြောင့် ထည်ဝါခံ့ညား အလူးအလဲဖြစ် သွားသည့်အခါမှာ အားလုံးရဲ့စိုးရိမ်သံတွေ ပွက်လောရိုက်သွားသည်။ ကိုယ်ဒီတစ်မှတ်သာရလိုက်လျှင် ဆယ်မှတ်အကွာဖြင့် ပြတ်ပြတ်သားသား အနိုင်ရသွားပြီ။ ဒါပေမဲ့ ...

"စံ ... စံမင်းညို၊ မင်းဒါဘာလုပ်တာလဲ"

ရိုက်တံကိုပစ်ချပြီး ဒူးထောက်ထိုင်ချလိုက်သည့်အချိန်မှာ ထည်ဝါခံ့ညား အံ့အားသင့်စွာနှင့် အော်သည်။ ကျန်သည့်လူတွေလည်း ကွင်းထဲကို ရောက်လာကြ၏။ ကိုယ့်မျက်ဝန်းက မျက်ရည်တွေကို မြင်သွား





မှာစိုး၍ ဘယ်သူ့ကိုမှ မော့မကြည့်ရဲ။

"ကျုပ်အရှုံးပေးလိုက်ပြီ ဦးထည်ဝါ၊ ခင်ဗျားနိုင်သွားပါပြီ၊ အချစ်နဲ့မေတ္တာက ငွေပေးဝယ်လို့လည်းမရဘူး၊ ယှဉ်ပြိုင်ခြင်းနဲ့လည်း မရနိုင်ဘူးဆိုတာ ကျုပ်သိသွားပြီ၊ ဒီပွဲကို အနိုင်ယူလိုက်ရင် အမုန်းတွေပဲ ထပ်ရပြီး အထီးကျန်တစ်ယောက်တည်းဖြစ်ရတော့မယ်"

"စံမင်းညို"

"ကျုပ်မိဘ၊ ကျုပ်ရပ်ရွာကလူတွေ သူငယ်ချင်းတွေအားလုံး ခင်ဗျားကိုပဲ အားပေးနေကြတယ်၊ ဒါငွေကြောင့် ခင်ဗျားချမ်းသာတာ ကြောင့် ဖားပြီး မျက်နှာလိုမျက်နှာရ တမင်လုပ်နေကြတာ မဟုတ်ဘူးဆို တာ ကျုပ်နားလည်တယ်၊ သျှင်မင်းအိမ်ရဲ့ အချစ်ဆိုတာတော့ ဒီဘဝ မပြောနဲ့ နောင်ဘဝအတွက်တောင် မျှော်မှန်းလို့မရတော့ပါဘူး၊ အဲဒီတော့ ခင်ဗျားကို အနိုင်ရတော့ရော ကျုပ်ဘာလုပ်ရမှာလဲ၊ ကျုပ် ... ကျုပ် ရှက်တတ်သွားပါပြီ"

"စံမင်းညို"

"သား"

စံမင်းညိုအမေနှင့် ရပ်ရွာကလူကြီးတွေ သူငယ်ချင်းတွေ အားလုံး စံမင်းညို နောက်ကပြေးလိုက်သွားကြသည်။ ထည်ဝါခံ့ညား မိဘတွေက ထည်ဝါခံ့ညား ပခုံးကိုဖက်ပြီး

"သား ... သားအဆင်ပြေလား၊ ဖေဖေ ဆရာဝန်ခေါ်ထား တယ်"

"ရပါတယ် ဖေဖေ၊ သားခံနိုင်ရည်ရှိပါတယ်"

www.burmeseclassic.com



"အရမ်းကို သတ္တိရှိတဲ့သားပဲ၊ တစ်ဖက်လူကို အရှုံးပေးထွက်ပြေးသွားအောင်၊ သျှင်မင်းအိမ်အပေါ်ထားတဲ့ သားရဲ့မေတ္တာတွေက ကြီးမားခဲ့တာပဲကွ"

"အင်း . . . သားဒီလောက်တန်ဖိုးထားနေရင် သျှင်မင်းအိမ်ရှိုးသားဖြူစင်လို့ဆိုတာ မေမေတို့ ယုံကြည့်လိုက်ပါပြီ၊ သျှင်မင်းအိမ် သားကို ဂရုစိုက်လိုက်ဦး၊ သားတော်တော် ပင်ပန်းသွားတာ"

"ဟုတ်ကဲ့ပါ မေမေ၊ စိတ်ချပါ"

"ဒါဆို မေမေတို့ သွားမယ်၊ ကိုကျော်မောင်တို့ရော လိုက်တော့မလား"

"အားလုံးစိတ်ချသွားရပြီဆိုတော့ သမီးတို့ အေးအေးဆေးဆေးနားရအောင် ပြန်လိုက်တာကောင်းမယ်ထင်ပါတယ်၊ သမီး မေမေတို့နောက်မှလာခဲ့မယ်"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ပါ မေမေ"

လူကြီးတွေက စိတ်အေးချမ်းသာ စိတ်ချသွားပြီမို့ အလိုက်တသိနှင့် ပြန်သွားကြသည်။ သျှင်မင်းအိမ်က ထည်ဝါခံ့ညားကို အိမ်ထဲထိတွဲခေါ်လာခဲ့သည်။ ထည်ဝါခံ့ညားက နာကျင်ပင်ပန်းမှုတွေကို ညည်းညူဖို့တောင်မေ့လျော့ကာ . . .

"စံမင်းညို ဘာလို့ဒီလိုလုပ်သွားတာလဲ သျှင်မင်း"

"သူပြောသွားခဲ့တာ ပြည့်စုံနေတာပဲ ကိုကိုရယ်၊ အားလုံးရဲ့ဥပေက္ခာတွေကြောင့် သူအထီးကျန်သွားတာ၊ ရူးသွားတာပေါ့၊ လူတွေရဲ့မေတ္တာကိုမရတာ သူအရမ်းကြောက်သွားမှာ၊ ပြီးတော့ ကိုကို့ရဲ့အချစ်၊



သျှင်မင်းရဲ့အချစ်ကို သူဘယ်လိုမှ ပြိုင်လို့မနိုင်ဘူးဆိုတာ သဘောပေါက်သွားလို့၊ သူအရှုံးပေးခဲ့တာဖြစ်မှာပေါ့ ကိုကို"

"အဲလိုဆိုတော့လည်း စိတ်မကောင်းဘူး၊ အခုချိန်မှာ သူအရှုံးပေးသွားတာ သေချာရဲ့လား၊ ကိုယ်နိုင်လိုက်တာ သေချာရဲ့လားဆိုတာ"

"ကျွန်မကို ဖက်ထားပါ ကိုကို၊ ကျွန်မတို့ ထိတေလွှဲမှုတွေရပြီး မခွဲရဘူးဆိုရင် အဲဒါ စံမင်းညို့သေချာအရှုံးပေးသွားပြီဆိုတာ ယုံလိုက်ပါ"

"သျှင်မင်းရယ်၊ တကယ် . . . တကယ်ကို ကိုယ်တို့မခွဲရတော့ပါဘူးနော်"

"အဲဒါ ကိုကို့အချစ်တွေကြောင့်ပါ"

"သျှင်မင်း အချစ်တွေကြောင့်လည်း ပါမှာပါ၊ မေမေတို့တောင် ယုံကြည်သွားတယ်လေ"

"ဘာပဲဖြစ်ဖြစ်၊ အချစ်တွေကို အဆုံးသတ်ခွင့်မပေးတဲ့ ကံကြမ္မာကို ကျေးဇူးတင်တယ်"

"စံမင်းညို့ကို နောင်ဘဝကျရင် ချစ်တဲ့သူနဲ့ညားပါစေလို့ ဆုတောင်း ပေးရအောင်"

"ကိုကိုကလည်း စေတနာကောင်းနေလိုက်တာ"

"သူအရှုံးပေးသွားလို့ သျှင်မင်းနဲ့မခွဲရတာလေ၊ သူ့ကိုကျေးဇူးတင်ရမှာ၊ ကိုယ်တို့ရဲ့ချစ်ခြင်းတရားတွေကို သူ့ဘယ်လိုမှမခွဲနိုင်တော့လို့ အရှုံးပေးသွားတာ သနားစရာတော့ ကောင်းပါတယ်"

"ကျွန်မကလည်း ကိုကို့ရင်ခွင်ရိပ်မှာပဲ နေခွင့်ပေးလို့ သူ့ကို ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ အချစ်ရူးသမားကြီး စံမင်းညို့ကို ကျေးရှူတွေတင်ရင်း ချစ်ခြင်းတွေကို အန္တရာယ်ကင်းစွာ ဖွဲ့သိမ်းနေဖြစ်ကြသည်။

နောက်တစ်ရက် မိုးလင်းသည့်အခါမှာတော့ လေယာဉ်သံသဲ့သဲ့ ကြားလိုက်ရသည့်အတွက် ထိုလေယာဉ်ကြီးပေါ်မှာ အချစ်ရူးသမားလေး စံမင်းညိုပါသွားသလားဆိုတာ ...။

✤ ✤ ✤

ဆက်လက်၍ ...

# လုံမ

အလွမ်းမျက်ခြေ

ရွှေလ ထွက်ပါမည်။

www.burmeseclassic.com